

ရှိတ်
တေးချစ်တဲ့လူ
လူချစ်တဲ့တေး

# ရိပ်

# တေးချစ်တဲ့လူ လူချစ်တဲ့တေး



# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို၊ ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# ရိုတ်

# တေးချစ်တဲ့လူ
# လူချစ်တဲ့တေး

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၃၇၃၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၈၆၂၀၈၁၀

အကြိမ် - ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ရိုတ်

တေးချစ်တဲ့ လူ၊ လူချစ်တဲ့ တေး/ ရိုတ်၊ - ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၀။
၂၄၄ - စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) တေးချစ်တဲ့ လူ၊ လူချစ်တဲ့ တေး




အဝေးပြေးကားဟောင်းကြီး မောင်းထွက်သွားသည်နှင့် ဖုန်လုံးကြီးတွေ လုံးလိပ်ကျန်ရစ်ခဲ့၏။ တာခုံလေးထိပ်မှာ ခရီးသည် သုံးယောက် ကျန်ရစ်ခဲ့၏။ အသက်ငါးဆယ်ခန့်ရှိသော အမျိုးသမီးကြီးတစ်ဦးနှင့် အသက်နှစ်ဆယ်ဝန်းကျင်ခန့် အမျိုးသမီးငယ်နှစ်ဦးတို့ဖြစ်ကြ၏။

"ဒီလမ်းကို လာရတာ ဖုန်တွေမွှန်ထူမွှန်းကျပ်လွန်းလို့ သေချင်စော်ကိုနံရောပဲဟယ်"

ငါးဆယ်ကျော် မဟာနဖူးထင်းထင်း၊ ရွှေမျက်မှန်တဝင်းဝင်းနှင့် အမျိုးသမီးကြီးက တစ်ကိုယ်လုံး ပေကျံနေသည့် ဖုန်တွေကိုခါရင်း ပြောလာ၏။

အနည်းငယ်ဝဖိုင့်ပြီး အတန့်သင့်ကြည့်ကောင်းကာ ခေတ်မီမီ ဝတ်ဆားထားသော နှစ်ဆယ်ဝန်းကျင်ခန့်မိန်းကလေးက အဝတ်အိတ်ကို တာလမ်းဘေးပစ်ချရင်း …

"သိပ်ညည်းမနေပါနဲ့ အန့်တီရယ်၊ ညနေ သုံးနာရီခွဲနေပြီ၊ ဆောင်းဝင်ခါစမို့ နေ့တာတိုတော့မှာ၊ ရွာရောက်အောင် နောက်တစ်ဆင့်သွားရဦးမယ်၊ ဟော့ဟိုမှာ ဇရပ်လေး၊ အဲဒီမှာ ဆိုင်ကယ်ကယ်ရီသမားတွေ ရှိတယ်၊ သွားမေးရအောင်"

မျက်နှာသွယ်ကျလှပပြီး ရှုမငြီးစဖွယ်ကောင်းသော နှစ်ဆယ်ကျော်မလေးက ခရီးဆောင်အိတ်ထဲက ခေါက်ဦးထုပ်ကို ထုတ်ဆောင်းလိုက်၏။ ဆေးနီပြေပြေဆိုးထားသော ကျောလယ်ထိရှည်သည့်ဆံပင်တွေကို ကျစ်ဆံမြီးထိုးထား၏။

"သီရိ ပြောတာ ဟုတ်တယ် အန့်တီမြ၊ ကယ်ရီနဲ့ ခရီးဆက်ရဦးမှာ၊ လေ့ဆိပ်ကို မမှောင်ခင်ရောက်ဖို့ အရေးကြီးတယ်၊ မိုးချုပ်ရင် လှေသမားမရှိတော့ဘူးတဲ့၊ ရန်ကုန်က ရွှေတိဂုံဘုရားရင်ပြင်တော်မှာ တွေ့ခဲ့တဲ့ ဦးသူတော်ကြီးက ပြောပြထားတယ်လေ"

"ကဲ .. ဒါဆိုလဲ သွားကြတာပေါ့၊ သီရိရော ကိုယ့်အိတ်ကိုယ် နိုင်ရဲ့လား"

"အေးဆေးပါ အန့်တီမြ ရဲ့"

"သံသာတေး ရော ကိုယ့်အိတ်ကိုယ်သယ်နိုင်သေးလား"

"အတွင်းအားတွေ ကျန်ပါသေးတယ် အန့်တီရဲ့"





"ကောင်းပြီ..၊ လက်စ်ဂိုး"

အမျိုးသမီးသုံးယောက် ကိုယ့်ဟာကိုယ်မ,ပြီး ဆိုင်ကယ်ကယ်ရီထိုးသော ဇရပ်လေးဆီ ပြိုင်တူလျှောက်လာလိုက်ကြလေသည်။

ဆိုင်ကယ်သုံးစီး ရပ်ထား၏။ လော်ဂျာဝ့ာစ်စီး၊ ကမ်ဘို နှစ်စီး၊ ဆိုင်ကယ်ကယ်ရီသမားနှစ်ယောက်က စစ်တုရင်ထိုးနေရာမှ ခေါင်းထောင်ကြည့်ကြ၏။ ကျန်တစ်ယောက်က မျက်နှာပေါ် လျှာထိုးဦးထုပ် ငိုက်စောင်းပြီး အမေရိကန်ကောင်းဘွိုင်တွေလို ဇရပ်ခါးပန်းကို ခြေနှစ်ဖက်ဆန့်ကာ ယှက်တင်နှပ်နေ၏။

"ဘယ်ရွာကိုသွားချင်လို့ပါလဲဗျာ၊ ကျွန်တော်တို့က ဆိုင်ကယ်ကယ်ရီလိုက်ပို့ပေးတဲ့သူတွေပါ"

ပိန်ကပ်ကပ်၊ အရပ်ရှည်ရှည်နှင့် ဟဲ(လ်)မက်ကို ဘေးတိုက်စောင်းထားသည့်လူက လှမ်းပြောလာ၏။ ဒေါ်မြသွေးခင် က …

"ဝါးနက်ချောင်းရွာကိုသွားမယ်၊ တစ်ယောက် ဘယ်လောက်လဲဟေ့"





"တစ်ယောက် သုံးထောင့်ငါးရာပါ"

"အလို!‥ များလိုက်တာ၊ သွားနေကျ နှစ်ထောင့်ငါးရာပါ"

"(၇)မိုင်ဝေးတယ်၊ လမ်းက ကျောက်ခဲစားသွားရင်တောင် ချက်ချင်းအစာကြေတဲ့လမ်း၊ သွားနေကျသူတွေ သိပါတယ်၊ သုံးထောင့်ငါးရာက ပုံမှန်ဈေးပါ၊ ပိုမယူပါဘူး"

ဒေါ်မြသွေးက သံသာတေးနှင့် သီရိကို ဘယ်လိုလဲဆိုတာမျိုးနှင့် လှမ်းကြည့်လိုက်၏။ မြို့သူတွေမှန်းသိလို့ ဒီတောသားတွေ လူလည်ကျပြီး အချဉ်ဖမ်းလေသလားပေါ့။ နောက်ထပ် ပုပုဖိုင့်ဖိုင့် ကယ်ရီသမားကလည်း ဝါးခမောက်ကြီးကောက်ဆောင်းလိုက်ပြီး…

"ရန်ကုန်ကလာတဲ့ဧည့်သည်တွေလား၊ ဝါးနက်ချောင်းက ဘယ်သူ့ဆီသွားကြမှာလဲ"

ဒေါ်မြသွေး က …

"ဝါးနက်ချောင်းရဲ့တောင်ကျောင်းက ဦးသူတော်ကြီးဆီ သွားမလို့ပါ၊ အဲဒီမှာ ကထိန်ရှိသေးလား၊ ဒါမှမဟုတ် ပြီးသွားပြီလား"

"ကျောင်းထိုင်ဘုန်းကြီးမရှိလို့ တောင်ကျောင်းက ကထိန်မခင်းဖြစ်ဘူး၊ မြောက်ကျောင်းပဲ ခင်းဖြစ်တယ်၊ ဦးသူတော်ကြီးနဲ့ ဘယ်လိုပတ်သက်ကြလို့လဲ"

ဒီမှာတင် သီရိ က ကြားဝင်ပြီး …

"အဲဒီလောက်အထိတော့ မသိချင်နဲ့၊ ရှင်တို့ မောင်းပို့ပေးစရာရှိတာ မောင်းပို့ပါ၊ သုံးထောင်ရရင် သွားမယ်"

"ညီမလေးဝတာစ်တို့ရယ် သုံးထောင်ကတော့ မကိုက်လို့ မလိုက်နိုင်ဘူး"

"ဘာရှင့်… လူကိုများ ဝတ္တာစ်တိုလေး ဘာလေးနဲ့ ရှင်ကမှလော်ရှည်ကြီး…"

"ဟောဗျာ…"

ဝါးနက်ချောင်းကိုသွားဖို့ ဈေးညှိရတာနှင့် အချိန်ပုပ်ကုန်၏။ အိပ်ငိုက်နေသော ဂျင်းဘောင်းဘီအစုတ်အပြဲ၊ တီရှပ်က TRI အဟောင်းနှင့် ငနဲက မူလအတိုင်း မလှုပ်မရှားဘဲရှိနေရာကနေ ရုတ်တရက် အသံထွက်ပေါ်ပြောလာ၏။

"သုံးထောင်နှစ်ရာ့ငါးဆယ်ရရင် လိုက်မယ်၊ ထပ်ပြီး ဈေးမဆစ်နဲ့၊ အဲဒါ နောက်ဆုံးဈေး၊ ဒီဆိုင်ကယ်သုံးစီးကလဲ နောက်ဆုံးလက်ကျန်ဆိုင်ကယ်‥ သဘောပေါက်၊ သဘောမပေါက်ရင် အမှောင်ဖောက်တဲ့အထိ စောလမ်းအတိုင်း ဝါးနက်ချောင်းကို အောင်ဖေညောင်းကြပေတော့"

မြို့သူ အမျိုးသမီးသုံးယောက်က စတိုင်(လ်)တင်းပြီး အရေးမထားသလိုပြောလာသော ဆိုင်ကယ်ကယ်ရီသမားကို နှာခေါင်းရှုံ့ကာ မဲ့ရွဲ့ကြည့်ကုန်ကြ၏။

"ကဲပါ‥ လိုက်မယ် လိုက်မယ် ‥ သွားကြမယ်"

သံသာတေး က သဘောတူလိုက်သည်နှင့် လျှာထိုးဦးထုပ်နှင့် ငိုက်နေသော ကယ်ရီသမားက …





"အရှည်ကြီးက ဖိုအဒေါ်ကြီးကိုတင်ခေါ်သွား၊ ဂျပုကတော့ ဝဝနဲ့ကောင်လေးကိုတင်ခေါ်၊ ဒီကောင်မလေးကိုတော့ ငါ့ဆိုင်ကယ်နဲ့ တင်ခေါ်သွားမယ်"

လျှာထိုးဦးထုပ်ကို ပင့်မပြီး လှဲနေရာက ထ၊ ရပ်လိုက်တော့ ကျေးလက်တောရွာတွေမှာ တွေ့ရခဲသော နိုင်ငံခြားဆန်သည့်မျက်နှာပေါက်နှင့် ကိုလူချောတစ်ဦးဖြစ်နေတာ တွေ့လိုက်ရ၏။ ဆံပင်ကို နှဖူး ပေါ်လွှင်အောင်လှန်ဖြီးထား၏။ နှာတံသွယ်ပြီး နှုတ်ခမ်းတွေက ပိရိ သေသပ်၏။ မျက်လုံးတွေကတော့ စူးရှဲတောက်ပနေ၏။ အသားက ခပ်လတ်လတ်အမျိုးအစား။ နေထိကြမ်းထား၍ အညိုဘက်ကို အတော်အတန်လုနေ၏။

"ကျွန်မနာမည် ကောင်မလေး မဟုတ်ဘူး၊ သံသာတေး လို့ခေါ်တယ်"

"သံသာတေး‥ အသံချဲ့စက်တွေမှာပေးတတ်တဲ့ နာမည်ကြီးပဲ၊ သံသာတေး ဆိုတော့ တေးသံသာပေါ့‥ ဟုတ်လား"

"မဟုတ်ဘူး၊ ဘာအသံချဲ့စက်လဲ‥ ဟွန့်…"

"ကျွန်တော့်နာမည်လဲ မှတ်ထား၊ မောင်လူလှ တဲ့"

"ဟင်း ‥ သူ့နာမည်ကျတော့ ပုံပြင်ထဲကနာမည်ကြီး"

"ဒါတွေက ပညတ်ချက်တွေပါ၊ အရေးမကြီးပါဘူး၊ အရေးကြီးတာက မမှောင်ခင် လေ့ဆိပ်ကိုရောက်ဖို့ပဲ၊ ကျုပ်တို့သုံးယောက်လုံးက ဝါးနက်ချောင်းရွာသားတွေပါ"

"ရှင် လျှာရှည်နေတာနဲ့တင် မိုးချုပ်တော့မယ်"

သံသာတေး, က ပိတ်ပြောလိုက်မှပဲ ကိုရွှေတောသား လူလှ လည်း ပခုံးနှစ်ဖက်တွန့်သွားရတော့၏။ သီရိ က …

"တို့ ဒီဂျပုနဲ့ မစီးရဲဘူး၊ လူလှဆိုင်ကယ်နောက်ကပဲ လိုက်တော့မယ်"

"ဘာဗျ‥ ကျုပ် ဘာဖြစ်နေလို့လဲ"

"ရှင်က တိုတယ်လေ၊ ခြေတံလက်တံတိုတော့ တောလမ်း မညီမညာမှာ ခြေထောက်ရင် မမီဘဲ မှောက်နေမှာစိုးလို့ပေါ့"

"ဒီမှာ မိန်းကလေး‥ ဒီလမ်းကို ခေါက်တုံ့ခေါက်ပြန် သွား နေကြဗျ‥ ကျွမ်းပြီးသား၊ မျက်လုံးမှိတ်ပြီးတော့တောင် မောင်းလို့ ရတယ်၊ စပါး ငါးအိတ်လောက်ကတော့ အသာပဲ၊ ဆန် ဘယ်နှစ် တင်း တင်မလဲ၊ တစ်အိတ်မှ ပြုတ်မကျအောင်မောင်းတတ်တယ်"

ဂျပုက ဒေါသီးပြန်ကောနေ၏။ လူလှ က …

"စိတ်ချပါ၊ ဂျပုက ခင်ဗျားအလေးချိန်ကို နိုင်တယ်၊ ဒါကြောင့် မို့ သူနဲ့တင်ပေးတာ၊ အရှည်ကြီးက လက်ကိုင်ငြိမ်တယ်၊ လမ်းကောင်း ရွေးမောင်းတတ်တယ်၊ အဲဒါကြောင့် အသက်ကြီးတဲ့လူ လိုက်လို့သင့် တော်တယ်၊ သိပ်မဆောင့် သိပ်မခုန်ဘူးလေ၊ ကျွန်တော်က ဂိတ်မှူး ပါ၊ ဒီမိန်းကလေးကိုတင်တာက ဂဂျီဂကျောင်များတတ်တဲ့ မိန်းကလေး တွေက သူတို့အလိုမကျရင် အမျိုးသမီးအဖွဲ့တွေတိုင်ပြီးမှပြဿနာ ရှာတတ်လို့ အဲဒီလိုတွေမဖြစ်အောင် ကျွန်တော် ခေါင်းဆောင်က





ဂရုစိုက်ပြီး တင်မောင်းတာပါ"

လူလှ ဆိုသောအမည်နှင့်လိုက်အောင် ချောမောလှပသောလူက သူ့ဆိုင်ကယ်နောက်မှာ သံသာတေး ကို တင်လိုက်၏။ ခရီးဆောင် အိတ်ကို ဆိုင်ကယ်ရှေ့ကြားမှာညှပ်တင်လိုက်၏။

"သေချာကိုင်ထားနော်၊ လိုအပ်ရင် ခါးသာနာနာဖက်ထား၊ ဘာမှအားမနာနဲ့"

"အံမယ်‥ အရေးထဲ အသားယူနေသေးတယ်၊ တောသားနော် မြို့သူတွေကို လူလည်ပန်ကာလာမကျနဲ့"

"ဟောဗျာ‥ စေတနာနဲ့ပြောတာပါ"

"မလိုပါဘူး"

"ဒါဆိုရင်လဲ ပြီးရော…"

အရှည်ကြီးနှင့်ဂျပုတို့ ဆိုင်ကယ်ပေါ်တွေပါ တက်ထိုင်ကြပြီးမို့ အားလုံးထွက်ဖို့ အဆင်သင့်ဖြစ်ကုန်ကြ၏။

"ဟဲ့‥ ကျေးလက်နေဆိုင်ကယ်သူရဲကောင်းညီအစ်ကိုတို့ အခု အချိန်က စပြီး ရှေ့ဆုံးကနံပါတ်တစ်ဖြစ်အောင် အပြိုင်လုမောင်းကြ ပေတော့ ….."

လူလှ က အားလုံးကြားအောင် အော်ပြောလိုက်သည်နှင့် လီဗာ ဆွဲညှစ်သံတွေ ပြိုင်တူလိုလို ပေါ်ထွက်လာကုန်ကြ၏။

"ဒီမှာ ‥ ဒီလမ်းကြမ်းမှာ လုမောင်းရင် သေကုန်မှာပေါ့၊ ရှင်တို့ကိုယ်ရှင်တို့ ဘာတွေထင်နေသလဲ၊ ဘာဆိုင်ကယ်သူရဲကောင်း

လဲ·· ဟွန့်···"

"ဩော်··· အမိကလဲ ဒီလမ်းအကြောင်း အဖောမသိသေးလို့ပါ၊ အားလုံး ရှေ့ဆုံးက မောင်းချင်ကြတာချည်းပဲ၊ နောက်ကလိုက်ရင် ဖုန်တွေမွန်လွန်းလို့ ဘယ်သူမှ မလိုက်ချင်ကြဘူး၊ အဲဒီနေရာမှာ အထာထားလို့မရဘူး၊ ဦးသူ မိုလ်ပဲဗျ"

"ဟင်း··· ဘယ်လိုအရပ်က ဘယ်လိုလူတွေနဲ့ လာတွေ့နေရပါလိမ့်နော်"

"ကိုယ်လာတဲ့လမ်းတောင် မေ့နေပြီလား၊ ဧရာဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ်အပိုင်ထဲက ဝါးနက်ချောင်းကျေးရွာအရပ်က ဝါးနက်ချောင်းရွာသားတွေနဲ့ လာဆုံနေတာပါဗျာ၊ ရှင်းပြီလား"

သံသာတေး ခမျာ 'တော်တိတ်' လို့ပင် မအော်လိုက်နိုင်၊ ဆိုင်ကယ်က ဝူးခနဲဆောင့်ထွက်သွား၍ဖြစ်၏။ ဆိုင်ကယ်သုံးစီး တောလမ်းကျဉ်းကျဉ်းလေးပေါ်မှာ ဟိုလူးဒီလူးနှင့် အပြိုင်လုမောင်းကုန်ကြတော့၏။

နယ်နှင့်ကျေးလက်ဒေသတွေမှာ ဈေးပေါပေါနှင့်ရသော တရုတ်ဆိုင်ကယ်တွေပေးစီးလိုက်ခြင်းမှာ တစ်မျိုးကောင်းသလို တစ်မျိုးလည်း မကောင်းပြန်။

ပြောင်းပြန်တွေလည်း ဖြစ်ကုန်၏။ ဘာမဆို ရန်ကုန်က ခေတ်မီမီသုံးပြီးမှ နယ်ရောက်တတ်ကြ၏။ ဆိုင်ကယ်ဂွန်ဒေါင်းတွေခေတ်မှာတော့ ဒီလိုမဟုတ်တော့။





ရန်ကုန်သူ ရန်ကုန်သားတွေ မြို့ပေါ်မှာ ဆိုင်ကယ်စီးခွင့်မရ၍ ဆိုင်ကယ်စီးမကျွမ်းကျင်ကြ။ တချို့ဆို မစီးတတ်ကြ။ နယ်သားတွေနှင့် ကျေးလက်ကလူတွေကတော့ ဆိုင်ကယ်စီးတာ ကျွမ်းကျင်ကုန်ကြ၏။ ထမင်းစားရေသောက်ကိစ္စပမာ လွယ်ကူကုန်ကြ၏။ ယခုလည်း ကြည့်···၊ တောလမ်းကျဉ်းကျဉ်းပေါ်မှာ ပြိုင်ကားတွေလုမောင်းသလို စက်ကုန်ဖွင့်ပြီး အသားကုန်လုတက်နေကြတော့၏။

"ဖြည်းဖြည်းမောင်းပါရှင့်၊ ဒီမှာ ဆောင့်လို့သေတော့မယ်"

"မြဲမြဲကိုင်ထား၊ ပြုတ်ကျမကျန့်ချင်ရင် ဖက်ထား"

သုံးစီး ပြိုင်မောင်းနေ၍ နောက်မှလိပ်တက်ကျန်ခဲ့သော ဖုန်လုံးလိပ်ဒဏ်ကို သိပ်မခံရ။ တောလမ်းက ရှေ့ဆက်သွားလေ ပိုကျဉ်းလာလေမို့ အရှည်ကြီးရဲ့ဆိုင်ကယ်က ရှေ့ဆုံးရောက်အောင် ထိုးတက်သွား၏။ နောက်ကလိုက်နေသောဂျပုက လက်ဟန်ခြေဟန်တွေပြပြီး သီရိ ကို တစ်စုံတစ်ရာ အော်ဟစ်ပြောဆိုနေ၏။

သံသာတေးလည်း စက်သံကျော်အောင် လိပ်ခေါင်းထွက်မတတ် အော်ပြောရတော့၏။

"ရှေ့ဆိုင်ကယ်မှာ တို့သူငယ်ချင်း သီရိနဲ့ ဂျပု ဆိုတဲ့လူရှုပ်တွေ ဖြစ်ကုန်ကြပြီနဲ့တူတယ်၊ စွတ်မောင်းတော့ နောက်ကလူမှာ အူတွေ,အသည်းတွေ ပြုတ်ကျကုန်သလို ခံစားနေရပြီပေါ့ရှင့်"

"ဘာမှ ပြဿနာမဖြစ်ပါဘူး၊ ရှေ့က အရှည်ကြီးဆိုင်ကယ်ရဲ့ ဖုန်လုံးလိပ်တွေ လွင့်တဲ့ဒဏ်ကို ခံနိုင်အောင်လို့ ဂျပုက မင်းသူငယ်

ချင်းကို စေတနာထားပြီး စီစဉ်ပေးနေတာပါ၊ နှာခေါင်းနဲ့ပါးစပ်ကို ကာတဲ့ ပိတ်ပါးပဝါလေး ထုတ်တပ်ခိုင်းနေတာပါ၊ ကျွန်တော်ကတော့ ကံဆိုးပြီဗျို့၊ ခင်ဗျားအဒေါ်ကြီးကိုညာပြီး လျှော့မောင်းလိုက်တာ မှားပြီနဲ့တူတယ်၊ နှာခေါင်းနဲ့ပါးစပ်ကိုကာတဲ့ အဲဒီပိတ်ပါးလေး မပါဘူး၊ ဒါပေမယ့် ပုဆိုးတော့ပါတယ်၊ နင်ဂျာတွေလို မျက်စိပေါက်လေးဖော်ပြီး မျက်နှာကို အုပ်စီးထားလိုက်ပါလား''

လူလှ ပြန်အော်သည့်စကားက နားကွဲလုမတတ်ကြားနေ၏။ သံသာတေး ဖုန်လုံးလိပ်ကြီးမွှန်သည့်ဒဏ်ကို အလူးအလဲခံစားရတော့၏။ အသက်ပင်ရှူလို့မရ။

''အမယ်လေး… အု… ဖူး…''

လူလှ က ဆိုင်ကယ်ကို ရိုးပြတ်တောတွင်းထဲ လှည့်ချပြီး ဖုန်လုံးလိပ်ကြီးထဲမှ ရှောင်ထွက်လိုက်ရ၏။ ဒီတော့မှ လူလှရော သံသာတေး ပါ အသက်ရှူလို့ရတော့၏။ ဆိုင်ကယ်နှစ်စီးကတော့ တာလမ်းကျဉ်းလေးအတိုင်း ရှေ့နောက်မောင်းဝင်သွား၏။ နောက်မှာ တော့ ဖုန်လုံးလိပ်ကြီးတွေ ဟီးထ ခိုးဝေကျန်ရစ်ခဲ့လေသည်။

''ကဲ.. ဘယ်လိုလဲ တေးသံသာ… အဲလေ.. သံသာတေး.. ရွာကိုသွားရင် အရွကလေး သွားလို့မရဘူး၊ ဘဝပေးသမားတွေနေတဲ့ နေရာဆိုတော့ ဘာမဆို ကြမ်းတမ်းတယ်ဗျ၊ ငွန်ဒေါင်းချိန်ဆိုရင်တော့ နည်းနည်းသက်သာတာပေါ့၊ ခုဟာက ဆိုင်ကယ်ချိန်ကြီးဖြစ်နေပြီ၊ ငွန်ဒေါင်းမ နှစ်စီးပဲထွက်တော့ မနက်(၆)နာရီ မနေ့ဖြူကို ဈေးတက်





ဝယ်တယ်၊ ဆယ့်တစ်နာရီခွဲ ဆယ့်နှစ်နာရီဆို ပြန်တယ်၊ အဲဒီအချိန်ပဲ ရှိတာ၊ စကားပြောလျှာရှည်တာမဟုတ်ဘူးနော်၊ ခင်ဗျားတို့က ဒီနယ်ခံ မဟုတ်တော့ ဒီကအကြောင်းတွေ ရှင်းပြနေတာ''

ဖုန်တွေခါထုတ်ရင်း သေချင်စိတ်ပေါက်သွားမိသော သံသာ တေး က…

''သူတို့နောက်က ခွာလိုက်မယ်၊ ဒီအတိုင်းလိုက်ရင် သေရချည်ရဲ့၊ အသက်တောင် ဘယ်နားရှူရမလဲမသိဘူး''

ရွှေမင်းသမီးလေးလို နှုအုပြီး လှပချစ်စဖွယ်ကောင်းသော သံသာတေးကိုကြည့်ကာ လူလှ အားနာသွားမိ၏။ သို့ငြား မတတ်နိုင်။ ဒီလမ်း ဒီခရီးကလည်း မြားတစ်ပစ်သာသာခရီးမဟုတ်။ နေလုံးကြီးကို လှမ်းကြည့်လိုက်ပြီး…

''နောက်ကခွာလိုက်လို့တော့ရတယ်၊ ဒါပေမယ့် မိုးမချုပ်အောင် အမြန်နှုန်းတင်ပြီး လိုက်ရလိမ့်မယ်''

''ဘယ်လိုပဲလိုက်ရလိုက်ရ လိုက်မယ်''

''အဲဒါဆိုရင်တော့ ကျွန်တော့်ခါးကို အသေဖက်ချင်ဖက်၊ အဲဒီလို မဖက်ချင်ရင်လဲ ဆီပုံးတွေ ဆန်အိတ်တွေ တင်သလို ပြုတ်မကျအောင် သံသာတေး ကို ကြိုးနဲ့တုပ်တင်ရလိမ့်မယ်''

''ဘာရှင့်…''

သံသာတေး မျက်လုံးပြူးပြီး ပိတ်အော်လိုက်မိ၏။ လူလှ က လန့်ပြီး နောက်တွန့်သွား၏။

"တောသားနော်... လူကို တိရစ္ဆာန်အောက်မေ့နေသလား၊ ဘာလို့ ကြိုးတုပ်ခံရမှာလဲ၊ နင့်ကိုလဲ မဖက်နိုင်ပါဘူး၊ မြို့သူဟော့... မြို့သူ... ဆိုင်ကယ်စီးတာ ကျွမ်းပြီးသား၊ မနေ့တစ်နေ့ကမှ ဆိုင်ကယ်တွေ ဖုံးပေါ်လအောပေါ်လို့ တဝီဝီကောက်မောင်းပြီး ကျွမ်းပြချင်ယောင်ဆောင်နေတာ မဟုတ်ဘူး"

လူလုလည်း ကျစ်စုပ်သတ်ပြီး ခေါင်းရော်လက်ပါ တွင်တွင်ခါသွား တော့၏။

"မင်းကလဲ မြို့သူဆိုပြီး ကြွဖန်ကျယ်နေသေးတယ်၊ ဒီမှာ မြို့သားလဲ မြို့ပြအလှ၊ ကျေးလက်သားလဲ ကျေးလက်ရဲ့အလှပါပဲ၊ ဘာမှ ကြွဖန်ဘဝင်မြင့်မနေနဲ့၊ တို့တောသားတွေ လုပ်ကျွေးနေလို့ မင်းတို့ ထမင်းစားနေရတာ၊ မင်းကတော့ သံသာတေး ဆိုတဲ့နာမည်နဲ့မလိုက်ဘူး၊ မစွာတေး ဆိုတဲ့နာမည်နဲ့ပဲ လိုက်တယ်၊ ဘယ့်နှယ်တွေ့ကတည်းက စွာနေတော့တာပဲ... ရှီး..."

"နင်ပြောတဲ့စကားကို နင်ပြန်စဉ်းစားကြည့်ပါလား၊ တောလမ်းကိုဗန်းပြပြီး နင့်ကိုချည်း အတင်းဖက်ခိုင်းနေတယ်၊ အဲဒါ တမင် အသားယူတာ၊ တမင် အခွင့်အရေးယူတာ၊ ဆိုင်ကယ်စီးတဲ့ ကောင်မလေးတွေတိုင်း နင် ဒီလိုညာတာပါတေးလုပ်လာလို့ ရရင်ရမယ်၊ တို့လိုမြို့သူကိုတော့ လုံးဝ လာမလှည့်ပတ်နဲ့... မရဘူး"

သံသာတေး က ခါးထောက်ပြီး မာန်ဟောက်ကာ ပြောနေ၏။

လူလု က လျှာထိုးဦးထုပ်ကို ဖုန်ခါပြီး 'ပြန်ဆောင်းကာ...





"ကောင်းပါပြီဗျာ၊ ခင်ဗျား ကြိုက်သလိုသာ လိုက်ပါတော့၊ အမြန်နှုန်းတင်တဲ့အခါမှ လမ်းဆောင့်တာခုန်တာကို မြောက်တက်လွင့်ကျမတတ် ကြမ်းပါတယ်၊ ကြိုအသိပေးထားတာပါ၊ နောက်မှ ကျုပ်ကို အဆိုးမဆိုနဲ့"

"ဆောင့်ချင်သလောက်ဆောင့်၊ မြောက်ချင်သလောက်မြောက် ရန်ကုန်သူတို့ကတော့လေ... လုံးဝ... လုံးဝ... မကြောက်..."

သံသာတေး က စွာစွာတေးတေးလေးပြန်ပြောပစ်လိုက်၏။

လူလု လည်း ဆိုင်ကယ်ပေါ်ပြန်ခွပြီး ...

"ကဲ... ဒါဆိုလဲ သွားမယ် မစွာတေးရေ"

"နာမည်မဖျက်နဲ့နော်"

"ကြက်ခေါင်းဆိတ်ကိုမခံပါလား"

"လာပြန်ပြီ၊ လူကို ကြက်နဲ့နှိုင်းတယ်၊ ရှင် တော်တော်မိုက်ရိုင်းပါလား၊ ရွာရောက်မှ ဦးသူတော်ကြီးနဲ့တိုင်မယ်၊ ရွာမှာ ဦးသူတော်ကြီးက ဟိတ်ဆို တိတ်ပဲတဲ့"

"ဟိုက်... ဦးသူတော်ကြီးနဲ့တော့ မတိုင်ပါနဲ့ဗျာ၊ အဲဒါ ဆရာ သမားအရင်းခေါက်ခေါက်ကြီး၊ ဥပမာလေး ပြောလိုက်တာနဲ့ ရန်ကုန်သူကြီးကို ကြက်နဲ့ ယောင်လို့တောင်မနှိုင်းရဲပါဘူး"

"မတိုင်စေချင်ရင် ပါးစပ်ပိတ် ဆက်မောင်း၊ ကိုယ်တစ်စီးတည်းဆိုတော့ ဘာမှ မျက်နှာကို ဖုံးကွယ်စရာမလိုတော့ဘူး"

"ကြားထဲကရွာတွေက ထွက်လာတတ်တဲ့ဆိုင်ကယ်တွေ ရှိ

သေးတယ်နော်"

"ရှိရှိ၊ မရှိရှိ မောင်းသာမောင်း"

လူလှလည်း ဝူးခနဲမောင်းထွက်လိုက်ရတော့၏။ နံပါတ်ဝမ်းဂီယာကို ဆောင့်ထွက်လိုက်၍ နောက်ကလိုက်ရသော သံသာတေးခများလည်း မသက်သာ။ လူလှရဲ့ကျောပြင်ကို သူမရင်နှင့် ဆောင့်တိုက်မိသလို ဖြစ်သွားရလေသည်။

"ကဲ·· အသေကျုံးပြီဟေ့"

"အဟား ··· တောသားကြီးရယ် ဒီလောက်ကတော့ မမ ရန်ကုန်သူက ပျင်းသနားသေးတယ်·· ဟွန့်···"

ကန်သင်းရိုးလမ်းက ကျဉ်းသထက်ကျဉ်းလာ၏။ တချို့ ရိုးချောင်းလေးတွေကူးသော သစ်သားတံတားလေးတွေဆိုလျှင် ဆိုင်ကယ် သွားသာရုံ တစ်ပြားတည်းခင်းထား၏။ ကျွမ်းကျွမ်းကျင်ကျင်မောင်း တတ်တာကိုဖြင့် သံသာတေး အသိအမှတ်ပြုလိုက်မိ၏။

"ဝူး·· ဝေါ···"

"အမေ့··"

"ဟေ့·· ဟေ့·· ဘာလို့ အခုမှ ခါးကိုဖက်တာလဲ"

"လိမ့်ကျမှာစိုးလို့ပေါ့"

"ဒါ မိုင်နာပဲရှိသေးတယ်"

"ရှင့်ဟာက လူသွားလမ်းနဲ့ မှားနေပြီ"

"ဟုတ်တယ်လေ လူသွားလမ်းကိုပြန်ဖော်ထားတာ၊ ပွန်ဒေါင်း





လမ်းက ပဲခင်း၊ နှမ်းခင်းတွေကို ကွေ့ပတ်မောင်းနေတာ၊ ဒါ ဖြတ်လမ်း၊ ဒါမှ ရှေ့အဖွဲ့တွေကို လိုက်မီမှာပေါ့"

"ရှင်နော်·· လိမ်ညာပြီးခေါ်လာလို့ကတော့ ရန်ကုန်သူ မှတ်ထား၊ အသက်နဲ့ အရှက်ကို လဲပစ်လိုက်မယ်"

"စိတ်တောင်ယောင်လို့မကူးမိပါဘူး၊ ခင့်ဗျားကို လှည့်ဖြေရှင်းရတာနဲ့တင် အာရုံများပြီး ဆိုင်ကယ်မှောက်တော့မယ်"

"ဟော·· ဟို·· ဟိုရှေ့မှာ ကွေ့ကြီး"

"ဒီလောက်တော့ ရိုးနေပြီ"

အရှိန်မလျှော့ဘဲ ကွေ့ထွက်လိုက်၏။ တစ်ဖက်ကလမ်းကျဉ်းပေါ်မှာ နွားနှစ်ကောင် ရှေ့နောက်ဆွဲလာသော တောသား တစ်ယောက်···

"ဟေ့·· ဟေ့·· ဟာ·· ဟာ·· ရပ်ဦးဟေ့"

"တောက်··၊ ဒီလူကွာ မရ·· ရ···"

"ဝုန်း"

"ဝမ်းဘဲ"

"အမယ်လေး·· သေပါပြီတော်"

"အား··"

ဆိုင်ကယ်က ရှေ့နွားကို ဘေးကပ်ပေး၍ ကျော်လိုက်နိုင်သော်လည်း နောက်နွားက တစ်ဖက်ကိုကပ်လိုက်၍ တောသားက ဆွဲထားသောကြိုးတန်းလန်းက လူလှကိုပတ်ဆွဲလိုက်သလိုဖြစ်ပြီး

ဆိုင်ကယ်ရော လူနှစ်ယောက်ပါ ကန့်သင်းရိုးဘေးဘက် သုံးပေခန့် အနက်ထဲကို ပြုတ်ကျသွား၏။ နွားချည်ကြိုးကိုပါ ရစ်လိမ်သလိုဖြစ်သွား၍ နွားကြီးကပါ ရှေ့ကိုဟပ်ထိုးပါလာပြီး ဆိုင်ကယ်ရောလူတွေကိုပါ တက်နင်းမိမလို ဖြစ်သွားကုန်၏။

"ဟေ့လူတွေ မျက်လုံးမပါဘူးလား၊ ဒီလောက်ရပ်ဦးလို့ ပြောနေတာ"

တောသားက သူ့နွားကို အတင်းပြန်ဆွဲပြီး သူကချည်း ပိတ်ဟောက်နေ၏။

လူအပေါ်ကို ဆိုင်ကယ်ပိနေ၍ နာကျင်သည့်ဒဏ်ဖြင့် တုံ့ပြန်မပြောနိုင်။ လူလှ က အတင်းကုန်းရုန်းထပြီး ဆိုင်ကယ်ကိုထူမ,ကာ သံသာတေးကို အတင်းဆွဲထုတ်ရှာ၏။

"ဘယ်နား နာသွားသေးလဲ၊ ဘာဖြစ်သွားသေးလဲဟင်"

"အား… ကျွတ်.. ကျွတ်.. နာတယ်၊ ခေါင်းရော တင်ပါးရော"

"ကျွန်တော် ပွတ်ပေးမယ်နော်"

"အင်း.. အား…"

လူလှ က အတင်းဆွဲထူပြီး သံသာတေး ရဲ့တင်ပါးလုံးလုံးလေးကိုရော ခေါင်းကိုရော ပွတ်တိုက်ကာ နာကျင်မှုကို ဖြေဖျောက်ပေးနေ၏။

"ကျုပ်နွားသာ တစ်ခုခုဖြစ်ကြည့် သေပြီသာမှတ်"





"ဟေ့ကောင်.. ဒီမှာ လူ့အသက်တွေတောင် သေမလိုဖြစ်နေဟာ၊ ငါ ဟွန်းတီးသေးတယ်… မင်း မဖယ်တာ၊ တကယ်ဆို လမ်းပေါ်ကဆင်းပြီး လမ်းဘေးအတိုင်း မင်းတို့သွားရမှာကွ"

လူလှ က နွားဆွဲလာပြီး အပြစ်ချည်းပိတ်ပြောနေသည့် တောသားကို ပြန်ဟောက်ပစ်လိုက်၏။ တောသားကလည်း မခေ။ ပုဆိုးတိုတို ပြင်ဝတ်လိုက်ပြီး …

"ဟေ့ကောင် .. ငါ့ရွာသွားတဲ့လမ်း ငါ သွားချင်သလိုသွားမယ်၊ ဘာဖြစ်လဲ"

"မင်း မိုက်ရိုင်းလှချည်လား၊ ဓမ်တော်ပီကယ်မရှိလို့ လေကျယ်တာပေါ့လေ၊ အေး.. ဒီနေရာမှာ လက်သီးပီကယ်နဲ့ဆုံးဖြတ်ပေးတယ်ကွ.. ရော…"

"ခွပ်"

"အောင်မယ်လေး တကယ်ဆော်တယ်"

"ကဲကွာ"

"ခွပ်"

"ဖြောင်း"

"ဘုတ်"

"မွေးမေလေး ကျိုးပါပြီဟ"

တောသားကို လူလှ က ပယ်ပယ်နယ်နယ်ဆက်တိုက်တွယ်ပစ်လိုက်၏။ တောသား ကန့်သင်းရိုးဘေး လွင့်ကျလဲသွား၏။ သူ့နွား

တွေက လန့်ဖျပ်ပြီး ထွက်ပြေးသောအခါ ကြိုးတွေနှင့်ရစ်ချည်ခံရသလိုဖြစ်ပြီး တရွတ်တိုက်လိုက်ပါသွားတော့၏။

"မှတ်ထား၊ တေးသားအချင်းချင်း သက်သီးပြင်းကြောင်းပြလိုက်တာ"

ဆိုင်ကယ်ကလည်း အကြမ်းပတမ်းခံသည့် တရုတ်ဆိုင်ကယ်။ ပြန်ထောင်ပြီး ပြန်မောင်းတော့လည်း အိုကေနေ၏။ သံသာတေးခမျာ ကြောက်စိတ်ဝင်ပြီး ဒူးတွေပင်တုန်ချင်လာ၏။

"ခြေကျင်ပဲ ဆင်းလျှောက်တော့မယ်"

"မောင်သွားရင် ဒီထက်ကြောက်စရာကောင်းတာတွေနဲ့ ရင်ဆိုင်ရမယ်။ ကွင်းပိုင်တွေ၊ သရဲ၊ တစ္ဆေ၊ ကျွတ်တွေ ခြောက်ခံရမှာမကြောက်ဘူးလား"

လူလှ စကားကြောင့် ဆိုင်ကယ်ပေါ် ကုပ်ခွတက်ပြီး လူလှခါးကို မလွှတ်တမ်းဖက်ထားရတော့၏။ လှေဆိပ်ရောက်အောင် ဘုရားတပြီး စီးလိုက်လာရ၏။

လှေဆိပ်ရောက်သောအခါ မျောက်ဖြူကြီးတွေပမာ ဖုန်တွေအလူးသားနှင့် အန်တီမြ၊ သီရိနှင့်ဆိုင်ကယ်ကယ်ရီသမားနှစ်ယောက်ကို တွေ့လိုက်ရ၏။ လှေဆိပ်သာဆိုတယ် ဘာမှ ထည်ဝါတာမရှိ။ ကုန်းပေါင်ထိုးထားသောဘေးမှာ လှေတစ်စင်းကပ်ထားပြီး လှေသမားတစ်ယောက် ဆေးပေါ့လိပ်ကို ထိုင်ဖွာနေ၏။ ကမ်းစပ်မှာ တဲတစ်လုံး ရှိ၏။ ထိုတဲထဲကို ဆိုင်ကယ်တွေသွင်းနေကြ၏။





"သွားကြမယ် ညှိသည်တွေ၊ ဟိုကယ်ရီသမားနှစ်ယောက်က ဆိုင်ကယ်စောင့်ရင်းနဲ့ ဒီတဲမှာ အိပ်ကျန်ခဲ့မှာ၊ သူတို့အိမ်ကို မှာချင်တာ မှာလိုက်တယ်၊ မနက်ကျရင် ကျုပ်က ယူလာပေးရမှာပေါ့၊ ကျုပ်တို့သုံးယောက်ထဲက တစ်ယောက်တစ်လှည့်ဆီ ရွာကိုပြန်ပေးနေကျပဲလေ"

လူလှ က ရှင်းပြပြီး လှေပေါ်တက်၏။ အန်တီမြတို့ လှေပေါ်တက်စဉ် လှေနှင့်ကုန်းပေါင်ကြား ပေါင်ကားယားကြီးဖြစ်သွား၍ လှေကို မနည်းပြန်စီလိုက်ရ၏။

"ခင်ဗျားတို့ မြို့သူတွေ လှေလဲမစီးဖူးဘူး၊ ဆိုင်ကယ်လဲမစီးတတ်ဘူး၊ တော်တော်နုံတယ်ဗျ"

သီရိရော အန်တီမြပါ လူလှကို မျက်စောင်းထိုးကုန်၏။ လှေကလေးကိုလှော်ပြီး ညနေဆည်းဆာချိန်မှာ စီးမျောသွားရသည်မှာ ရင်တွင်း အေးချမ်းဖွယ်ရာ။ သို့ပြား သံသာတေးရဲ့ရင်ထဲမှာတော့ မအေးချမ်းနိုင်သေး။ စကတည်းက ယဉ်သကိုဆိုသလို ဒုက္ခတွေတွေ့လာရပြီးပြီ။ ပေါင်ရယ်၊ ကျောရယ်၊ တင်ပါးတွေရယ် အောင့်နေ၏။ ဟန်နှင့်သာ ထိန်းထိုင်နေရသော်လည်း ခံစားရသည့်ဝေဒနာမှာ မသက်သာ။

"ရွာရောက်ရင် ဆေးရှာလူးပေးမယ်ဗျာ"

လူလှ ကတော့ ပြောရှာပါသည်။ လှေသမားကတော့ အရုပ်ကြီးလို ဘာမှဝင်မပြော။ သူ့လှေကိုသာ အာရုံစိုက်ပြီး လှော်နေ၏။

တစ်နာရီခန့်အကြာမှာ ရွာရဲ့တောင်ကျောင်းဘေးရှိ ကမ်းစပ်မှာ လှေကိုရပ်၏။

လူလှ ဦးဆောင်ပြီး သံသာတေး တို့ကို ကျောင်းဝင်းထဲခေါ်သွား၏။ မှောင်လှမှောင်ခင်ဖြစ်ချိန်မို့ လူလှက သတိထားပြီး ခေါ်လာ၏။ ရွာကျောင်းကြီးမှာ တံခါးတွေဖွင့်ထားသော်လည်း သီတင်းသုံးနေသည့် သံဃာတော်တစ်ပါးမျှ မတွေ့ရ။ ကိုရင်၊ ကျောင်းသားတွေလည်း မမြင်ရ။ သန့်ရှင်းအောင် အမြဲကမ်း တံမြက်စည်း လှဲကျင်းပေးထား၏။ ကျောင်းဆောင်အောက်ရှိ ထရံအခန်းလေးတစ်ခုရှေ့မှာ ဦးသူတော်ကြီး ထိုင်ပြီး ပုတီးစိပ်နေ၏။

"ဟော.. ဟိုမှာ.. ဦးသူတော်မောင်"

"ဟယ်.. ဟုတ်တယ်၊ ကျွဲတွေ့ချင်နေတဲ့ ဦးသူတော်ကြီးနော်"

ညီသည်သုံးယောက် ဦးသူတော်ရှေ့ရောက်ပြီး အမြန်ထိုင်ကာ လက်အုပ်ချီမိုး ကန်တော့ကြဖို့အပြင်မှာ ...

"ခဏနေကြဦး၊ ခင်ဗျားတို့ဟာက မှားနေပြီ၊ ဒီကျောင်းမှာရော လောကသုံးပါးမှာပါ ဘုရားက အကြီးဆုံးဗျ၊ ဒါကြောင့် ဟောဒီဘုရားခန်းဘက်ကိုရည်မှန်းပြီး အရင်ဦးချပါ၊ ပြီးတော့မှ တရား၊ နောက်ပြီးတော့ သံဃာ၊ အပြီးသတ်မှ ဦးသူတော်ကြီးကို ဦးချရတယ်"

လူလှ ဝင်ပြောမှ သုံးယောက်သား လိုက်ကန်တော့ကြ၏။





ဦးသူတော်ကြီးက ပုတီးစိပ်တာရပ်ပြီး မာတုကာမတွေကို မျက်လုံးဖွင့်ကြည့်၏။ ဦးသူတော်ကြီးကို မာတုကာမတွေ ကန်တော့အပြီးမှာ...

"တပည့်တော်မတို့ကို မှတ်မိပါသလား ဦးသူတော်"

"အိန်း အိန် .. မှတ်မိတာပေါ့ကွယ်"

အန့်တီမြ က ရှေ့ဆောင်ပြောနေ၏။ သီရိ က ...

"ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်မှာ လွန်ခဲ့တဲ့သုံးပတ်ကျော်လောက်ကတွေ့ခဲ့ကြတာလေ"

"အေး .. ဦးသူတော် သိသားပဲ"

သံသာတေး က လက်အုပ်လေးချီပြီး ပြောလာပြန်၏။

"တပည့်တော်တို့သုံးယောက်သား စီးပွားရေးမကောင်းလို့ စိတ်ညစ်နေတာနဲ့ ဘုရားမှာ ကောင်းမှုကုသိုလ်လာပြုကြတဲ့အခါ ဦးသူတော်ကြီးက ဟဲ့.. ကလေးမတွေ ဘာမှစိတ်မညစ်နဲ့.. နင်တို့ပြေလည်အောင် ငါ လုပ်ပေးမယ်.. ဟောဒီထီဂဏန်းသာ တစ်ကွက်တည်း သွားထိုးလိုက်၊ တစ်အစ ငါးအဆုံး ကကြီး၊ ယပက်လက်စလုံး ဆလိမ် ရှေ့က တစ်လုံးလုံးသာခံထိုး၊ ထီဆုပေါက်လိမ့်မယ် ရော ... ဆိုပြီး ပေးလို့ တပည့်တော်မတို့ ယုံယုံကြည်ကြည် ထိုးလိုက်တာ သိန်း ၃၀၀ ဆုပေါက်တယ်ဘုရား"

"သြော် .. သြော် .. အေး အေး"

"အဲဒါလေ .. ဦးသူတော်ကြီးက ထီမထိုးခင် နင်တို့ပေါက်တဲ့

အခါ ငါ့ရွာကျောင်းမှာ ဘုရားလာတည်ကြ၊ ငါ လိပ်စာပေးခဲ့မယ်၊ ပဋ္ဌာန်းဆက်ရှိလို့ပေးခဲ့တာပေါ့ ဆိုပြီး လိပ်စာပေးခဲ့တာ၊ အခု တပည့်တော်မတို့ ကတိအတိုင်း ဘုရားလာတည်ကြတာပါဘုရား"

"ကောင်းသကွာ၊ သာဓု .. သာဓု"

ဦးသူတော်ကြီးက ပုတီးစိပ်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေ၏။ သူမတို့သုံးယောက်က ဝမ်းသာရွှင်ပျမျက်နှာတွေနှင့် တွတ်ထိုးတိုင်ပင်နေကြ၏။

ဘုရားစေတီလေးတည်ဖို့ ငွေကို အကြမ်းဖျင်း သိန်းတစ်ရာခန့် ကုန်မည်ဟု သတ်မှတ်ကြ၏။

"ကဲကွယ် .. ဒီတစ်ညတော့ နားကြပါဦး၊ ကျောင်းမှာက မသင့်တော်ဘူး၊ ဟဲ့.. လှလှ..."

"မိန့်ပါ ဦးသူတော်"

"ယဉ်ကျေး တို့သားအမိအိမ်ကို ဧည့်သည်တွေခေါ်သွားပြီး တည်းပါစေ၊ စားဖို့နေဖို့ အစစအရာရာ မင်းသာစီစဉ်ပေးလိုက်၊ စိတ်ချ လို့ ငါ အပ်လိုက်တယ်၊ တလွဲတွေတော့ဖြစ်မလာစေနဲ့ .. ကြားလား"

"ဟုတ်ကဲ့ပါ ဦးသူတော်"

ဧည့်သည်တွေကို လှလှ က ဦးဆောင်ခေါ်သွားပြီး မယဉ်ကျေး တို့အိမ်မှာ အပ်နှံရ၏။ မယဉ်ကျေး တို့က မုဆိုးမသားအမိတွေ။ သစ် အိမ်ကြီးနှင့်နေထိုင်၏။ စီးပွားရေး အတန်သင့်ပြေလည်ကြသူ





တွေပါ။ မယဉ်ကျေး က တောသူပီပီ တစ်ပတ်လျှိုဆံထုံးလေးနှင့် အလွန်ကြည့်ကောင်းသူလေးဖြစ်၏။ မယဉ်ကျေး ရဲ့မိခင် ဒေါ်လပုံ ကတော့ မယဉ်ကျေးနှင့် ဆန့်ကျင်ဘက်။ အလွန်တရာ ရုပ်ဆိုးလှ၏။ မသိလျှင် စုန်းမကြီးပမာ။ ဧည့်သည်တွေ လက်သိပ်ထိုးပြီး လန့်နေကြ၏။ အပေါက်ကလည်း ဆိုးသေးတာကိုး။ မယဉ်ကျေး လေး ရှိနေလို့သာပေါ့။ မယဉ်ကျေး ရဲ့ဖခင်က အရက်သောက်လွန်ပြီး ဆုံးပါးသွားတာ တစ်နှစ်ကျော် လောက်ရှိလေပြီ။

"ကျွန်မတို့အိမ်မှာ လွတ်လွတ်လပ်လပ်သာ တည်းခိုပါရှင်"

"ဟုတ်ကဲ့ရှင့်"

"ဟဲ့ သမီး ဘယ်ကဟာတွေ အိမ်မှာ လက်ခံနေတာလဲ၊ ရှုပ်ရှုပ် ယှက်ယှက်ဟယ်"

"အမေ အသာနေပါ"

"မနေနိုင်ဘူးအေ၊ ငါ နေရထိုင်ရတာ မလွတ်လပ်ဘူး၊ ကြည့်လုပ်နော်၊ ငါ စိတ်တိုလာရင် ညည်းဧည့်သည်တွေကို ဗိုက်ဖောက်စားပစ်မှာ"

"အမယ်လေး"

"အီး.. လုပ်ပါဦး"

လှလှ က ဒေါ်လပုံကို အပြင်ခေါ်ထုတ်သွားရ၏။ မယဉ်ကျေး က...

"အမေက လေရောဂါရှိလို့ တင်[illegible]က လေဖြတ်သွားပြီး

ခေါင်း ထိသွားသေးတယ်၊ ဦးသူတော်ကြီးက ဆေးကုပြီး ပြန်ကာယ်ထားလို့ပေါ့၊ ပြန်ကောင်းလာတော့ ခေါင်းသိပ်မကောင်းချင်ဘူး၊ ရွာထဲကလူတွေကတော့ လေရူးရူးနေတယ် ပြောကြတာပဲ၊ တစ်ခါတလေ သားအမိချင်းတောင် မမှတ်မိချင်ဘူး၊ ဟဲ့.. ညည်း ဘယ်သူလဲ ငါ့အိမ်ထဲ ဘာလာလုပ်နေတာလဲနဲ့ ပေါက်ကရတွေပြောပြီး အတည်ပေါက် အကြောင်ရိုက်တတ်တယ်၊ အမေ့ကို ရောဂါသည်မို့ ခွင့်လွှတ်ပေးကြပါနော်”

ဒီတော့မှ ဧည့်သည်တွေလည်း အောင့်သက်သက်နှင့် မချိုပြုံးပြုံးကြပြီ။ မယဉ်ကျေး အိမ်မှာ ရင်တထိတ်ထိတ်နှင့် တည်းခိုရတော့၏။ ငြင်းဖို့ရာလည်း တခြားတည်းခိုခန်းတွေမှ မရှိတဲ့နေရာကိုး..။

ည(၈)နာရီကျော်နေပြီမို့ ဖုတ်ပူမီးတိုက်ရောက်လာသော ဧည့်သည်တွေကို ရွာက ကုန်စုံဆိုင်လေးမှာရှိတဲ့ထဲက ကောင်းတာလေးတွေ ဝယ်ယူချက်ပြုတ်ကျွေးရတော့၏။ လူလု က အစအဆုံးတာဝန်ယူပေးနေရ၏။ လူလုနှင့်မယဉ်ကျေးတို့မှာ တစ်ရွာတည်းသားတွေမို့ ပြောမနာ ဆိုမနာ။ လူလု တစ်ကောင်ကြွက်၊ မိဘတွေမှာ လူလု ဆယ် နှစ်သားလောက်ကတည်းက ဆုံးပါးသွား၍ တောင်ပိုင်းကျောင်းကျောင်း ထိုင်ဘုန်းကြီးဆီမှာပင် ဘုန်းကြီးကျောင်းသားလုပ်ပြီး နေထိုင်ခဲ့ရ၏။ ဘုန်းတော်ကြီးသင်ပညာရေးဖြင့် ဆယ်တန်းအရောက်မှာ ကျောင်းဆက်မတက်နိုင်၍ ဆုံးခန်းတိုင်နေရရှာသူ။ ဘုန်းတော်ကြီး ကွယ်လွန်သွား၍ တောင်ပိုင်းကျောင်းကို ဦးသူတော်နှင့် စောင့်





ရှောက်ပေးနေရသူလည်း ဖြစ်၏။

“ယဉ်ကျေးရေ ဧည့်သည်တွေအတွက် ဘဲဥခေါက်ဆွဲကြော်နဲ့ ငံပြာရည်ချက်၊ ကြက်အူချောင်းပဲရတယ်၊ ဒီလောက်ဆို အဆင်ပြေလောက်ပါပြီ”

ဆံတောက်ဖားကြီးနှင့် ယဉ်ယဉ်လေးလှနေသော မယဉ်ကျေးက ထမင်းပွဲပူပူကို ခူးခပ်ပြင်ဆင်ပြီး ...

“ဧည့်သည်မမတွေက ချောမှချောတွေပဲနော်၊ နာမည်လေးတွေကလဲ အလှသားတော်၊ ငါနဲ့နှင့်နာမည် လူလုနဲ့ မယဉ်ကျေးဆိုတာကိုတောင် ပုံပြင်စာအုပ်ထဲက နာမည်တွေကျနေတာပဲတဲ့၊ ခစ်..ခစ်..ခစ်..”

“သူတို့က ထီးပေါက်လာကြတာတွေဟ၊ တို့တောင်ပိုင်းကျောင်းမှာ ဘုရားတည်ကြမှာဆိုတော့ ဒီမှာ အနေကြာကြမယ့်ပုံပဲ၊ တို့အကိကာ ဂရုစိုက်ကြတာပေါ့ဟာ၊ ရန်ကုန်သူတွေဆိုပဲ၊ အပေါက်တော့ နည်းနည်းဆိုးချင်တယ်၊ သတိထားပြီးဆက်ဆံပေါ့”

ဒေါ်လပုံ ကို ဧည့်သည်တွေ ထမင်းစားချိန်မှာ တစ်နေရာသို့ ခေါ်ထုတ်သွားရ၏။ ဧည့်သည်တွေ ထမင်းစားပြီး ထန်းလျက်နှင့် အချိုပွဲတည်းနေချိန်မှာ သီရိနှင့် သံသာတေး တို့ တီးတိုးတိုင်ပင်ပြီး အရေးဆိုလာ၏။

ဒေါ်လပုံ ကို အိမ်ပေါ်ထပ်ဆီ အားအတက်သိပ်ပြီး ယဉ်ကျေး ဝိုင်းထဲ ပြန်ဝင်ချိန်မှာဖြစ်၏။

"ဘုန်းကြီးကျောင်းပေါ်မှာ နေရာလွတ်နေတာလဲ ဘယ်သူမှ လည်းမရှိဘူး၊ ကျွန်မတို့သုံးယောက် တည်းခိုပါရစေရှင်"

သံသာတေး အပြောကြောင့် လူလု ခေါင်းတွင်တွင်ခါသွား၏။

"မလုပ်နဲ့ .. မလုပ်နဲ့၊ ဒီမှာ ဘာမှအားနာစရာမလိုပါဘူး၊ ဒီမှာ ဒေါ်လပုံကြောင့် နေရခက်မှန်း ကျွန်တော် နားလည်ပါတယ်။ ခက်တာက ကျောင်းမှာက ဘယ်သူမှမရှိပေမယ့် ဒေါ်လပုံထက်ဆိုး တဲ့ဟာတွေ တော့ရှိတယ်ဗျ"

သီရိ က မျက်လုံးလေးမှေးပြီး သံသာဘေးရဲ့ပခုံးအပေါ်ခေါင်း လေးမှီကာ...

"ဘယ်လိုဆိုးတာတွေလဲဟင်..."

"သာမန်လူမမြင်နိုင်တဲ့ ပရလောကသားတွေရှိတယ်"

သီရိ ခေါင်းထောင်ထလာ၏။ သံသာတေး က မျက်မှောင် လေး ဆွဲတင်းလာ၏။ အန်တီမြ က သဘောပေါက်ဟန်ဖြင့် မျက်လုံးလေး အသာပြူးကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေ၏။ သံသာတေး က...

"ဘယ်လိုပရလောကသားတွေလဲ"

"ကျောင်းထိုင်ဆရာတော်ကြီး သူ့ကျောင်းကိုစွဲသွားပြီး မကျွတ် မလွတ်ဘူးလို့ ပြောနေကြတယ်၊ ပြီးတော့ ဆရာတော် ပျံလွန်တော် မမူမီက ကျောင်းတောင်ဘက်မှာ စေတီတည်သွားချင်တာ ဆန္ဒ မပြည့်သွားရှာဘူး၊ အဲဒါ စေတီတည်ပြီးမှပဲ ကျွတ်မယ်လို့ ဦးသူတော်





ကို အိပ်မက်ပေးထားတယ်"

ဒီတော့မှ သီရိ ရော သံသာတေး ပါ ကျောချမ်းကုန်၏။

မယဉ်ကျေး က...

"အဲဒီကျောင်းပေါ်တက်အိပ်ရဲတာ လူလု တစ်ယောက်ပဲရှိ တယ်လေ"

"အို.. ဟုတ်လား"

"သရဲဂေါင်းကြီးပေါ့"

"ဘာဗျ...၊ ကျွန်တော် ဘာမှမဟုတ်ဘူး၊ နေတာကြာလို့ အချင်းချင်းဖြစ်နေလို့ ဆရာတော်က ကျုပ်ကို နေခွင့်ပေးထားတာ၊ အရင်ကတည်းကနေလာတာကို"

ဟိုအကြောင်း ဒီအကြောင်းတွေ ပြောဆိုကြရင်း ည(၁၀)နာရီ ထိုးမှာ အိပ်ရာဝင်ဖြစ်ကြကုန်၏။ ညီသည်တွေက အောက်ထပ် ခေါင်းရင်းခန်းမှာ စုအိပ်ကြရ၏။ မယဉ်ကျေး ကတော့ သူ့အမေနှင့် အပေါ်ထပ် တက်အိပ်၏။ လူလု ကတော့ တဝါးဝါးသမ်းပြီး ကျောင်း ပြန်အိပ်လိုက်ရတော့၏။

ရွာမှာက ည(၁၀)နာရီအထိပေးသောမီးသာရှိ၏။ ဖျော်ဖြေရေး T.V တွေ၊ VIDEO တွေ၊ CD ၊ VCD တွေ မီးလာတုန်းမှာသာ ကြည့်ကြရ၏။ ကျန်တဲ့အချိန်တိတ် အကုန်အိပ်ကြပေရော။ မနက်ကျ အရုဏ်ဦးကြက်တွန်သံ၊ တုံးခေါက်သံကြားတာနှင့် ထပြီး အလုပ်ခွင် ဝင်ဖို့ ပြင်ဆင်၊ ဝေလီဝေလင်း မနက်ခင်းမှာ ရွာထဲဆင်းကြရသူတွေ

ရယ်လေ…။

ကျေးရွာဆိုသော်လည်း ယခင်ခေတ်ဟောင်းကာလက ရွာတွေနှင့် တစ်မူထူးခြား တိုးတက်ပြောင်းလဲလာခဲ့ပါပြီ။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ပြောင်းကုန်၏။ တစ်ရွာလုံး စက်သံတထိန်းထိန်းနှင့် ဆိုင်ကယ်တွေကလဲ ငါးအိမ်မှာ တစ်စီးလောက်ရှိကြ၏။ ငွန်ခေါင်းတွေကတော့ ရွာရဲ့ပါကျဲဒိုး ပရာဒိုတွေလိုပေါ့။ ဘောက်(စ)စက်တွေပေါ်နေသော်ငြား အော်လန်ကြီးနှင့်ဟာစ်လိုက်မှ ပိုကြိုက်နေကြသေး၏။ ကာလအကူး ပြောင်းမှာ ဝါးနှက်ချောင်းရွာလည်း ဒလိမ့်ခေါက်ကွေး မျောပါနေရှိန့်ဖြစ်လေသည်။





နောက်တစ်နေ့မှာ ဦးသူတော်ကြီးကို တိုင်တည်ပြီး ရွာလူကြီးတွေဖိတ်ခေါ်ကာ ဘုရားတည်ဖို့အရေးတွေ ညှိသည်နှင့်အညူ ဆွေးနွေးဖြစ်ကြ၏။ လူလု က ဆိုင်ကယ်ကယ်ရီမထွက်။ သံသာတေးတို့ လိုအပ်တာတွေ ကူညီပေးဖို့ဟု အကြောင်းပြ၏။

ဦးသူတော် ပြောထားပေး၍ ရွာသူဌေးမ ဒေါ်ခင်လှတို့သားအမိတွေ ကယ်ရီအငှားပေးထားသော လူလု ရက်လွှန်၍ ပူညံပွက်ညံဖြစ်ကုန်တော့၏။ ဘုန်းကြီးကျောင်းဝင်းထဲဝင်လာပြီး လူလု ကို ပြဿနာရှာတော့၏။

"တစ်နေ့ရက်ခပျက်ရင် တစ်နေ့ပေးရမှာနော်၊ နင် တော်တော်ချမ်းသာနေလား လူလု၊ ဦးသူတော် အားနာနေလို့ ငါတယ်လေ မပြောလိုက်ချင်ဘူး"

"ခွေးလေးလှကလဲ ဒီနေ့တစ်ရက်တည်းပါ၊ မြို့ကဧည့်သည်တွေ ရောက်နေလို့ ကူပေးနေရလို့ပါဗျာ"

"ဧည့်သည်ချောချောလေးတွေ ဆိုတော့ နှာဘူးကျပြီး နင်ကပ်နေတာ ငါသိတယ်၊ ဟင်း·· နင်ကလေ ဒီရွာမှာ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် ငါ့သမီး အချောအလှပဂေး ရွှေစန္ဒာနဲ့ ငွေစန္ဒာကို ပိုးမရတိုင်း မြို့သူတွေ ရွာလာရင် လိုက်ဂေါ်နေတော့တာပဲ·· ဟင့်···"

"ခွေးလှကလဲ တိုးတိုးပြောပ၊၊ သတင်းပြန့်တာကလဲ မြန်လိုက်တာ၊ ခုမှ မနက်ဆယ်နာရီပဲရှိသေးတယ်၊ ညက ဧည့်သည်ရောက်တာ တစ်ရွာလုံးသိနေပြီ"

"မောင်းထုစရာမလိုဘူး၊ သိတဲ့အပြင် မြို့သူတွေအနားတောက်တဲ့လိုလိုက်ကပ်နေတဲ့ နင့်ဘူးသတင်းက ပိုပြီးတော့တောင်ဟိုးဟိုးကျော်နေသေးတယ်"

ခွေးလှကို ဘယ်လိုမှ တောင်းပန်၍မရ။ ဒေါ်ခင်လှက ဆိုင်ကယ်သော့ကို ပြန်ယူသွား၏။ သူ့တူ ရွာရဲ့လူမိုက် အလုပ်မရှိ အကိုင်မရှိ ပြဿနာတွေသာ လိမ့်ရှာနေတတ်သည့် တောဂေါ်လို့လိုလို၊ တောလောက်စာလုံးလိုလိုကောင် ဒေါင်ကြီးကို သော့ပေးပြီး မောင်းခိုင်းမည်တဲ့။ ဒေါင်ကြီး က လှလှ ကို ဆိုင်ကယ်အငှားအပ်ထားကတည်းက မကျေနပ်။ တူသားနောင်မယ်ကို မပေး၍ စိတ်ဆိုးနေ၏။

"ဒေါင်ကြီး လက်ထဲရောက်တဲ့ ဆိုင်ကယ်ကို ကျွန်တော် ဆက်





မမောင်းတော့ဘူး ခွေးလှ"

"မမောင်းနဲ့၊ တစ်သက်လုံးမမောင်းနဲ့၊ ငါ့တူပဲ ဆက်မောင်းလိမ့်မယ်၊ ဆိုင်ကယ်တစ်စီးလုံး မီးပုံရှို့ရတဲ့အဆင့်ရောက်လဲ ဂရုမစိုက်ဘူး၊ နောက်တစ်စီးဝယ်ထောင်နိုင်တယ်၊ ခင်လှ တဲ့ဟေ့၊ ဒီဝါးနက်ချောင်းရွာမှာတော့ သူဌေးမဘွဲ့ခံပြီးသားပဲ"

ကျောင်းပေါ်က ဦးသူတော် ချောင်းဟန့်သံပေးလိုက်မှ ဒေါ်ခင်လှ လည်း သုတ်ခနဲလစ်တော့၏။ ကျောင်းအောက်မှာ ပူပူနွေးနွေး အလုပ်ပြုတ်သွားသော လူလှခမျာ ကျောင်းပေါ်ကို ကုပ်ကုပ်လေး ပြန်တက်ပြီး လူကြီးဝိုင်းစကားကို ဆက်နားထောင်ရတော့၏။

နေ့ကောင်းရက်မြတ် သတ်မှတ်ပြီး ပန္နက်တင်မင်္ဂလာတွေ၊ ဝင်းခင်းမှ အစုံအညီတင်ပြပြောဆိုကြ၏။ နောက်ဆုံးမှာ စည်းဝေးပွဲကို အောင်မြင်စွာ အဆုံးသတ်နိုင်လေပြီ။

"မသံသာတေး တို့ နေ့လယ်စာစားသောက်ဖို့ မယဉ်ကျေးတို့အိမ်မှာ စီစဉ်ထားပါတယ်၊ ရေချိုးကြဦးမလား"

"အင်း·· ရေချိုးပြီးမှ စားကြမယ်၊ ကိုလူလှ ရှင့်နာမည် ခေါ်ရတာလဲ တောဆန်လိုက်တာနော်၊ ဒီမှာ ကိုလူလို့ပဲ နောက်ဆိုခေါ်တော့မယ်၊ ကိုလှဆိုတာကြီးကလဲ တောဆန်တာပဲ"

"ကြိုက်သလိုခေါ်ပါ မသံသာတေး"

"ကျွန်မကိုလဲ နာမည်အပြည့်အစုံ မခေါ်နဲ့"

"ဗျာ·· ဒါဆို မသံလို့ခေါ်ရမှာလား"

"အဲ-ါကြီး မကောင်းဘူး"

"ဒါဆို မသာ လို့ခေါ်မယ်"

"အသုဘကြီးခေါ်သလိုဖြစ်သွားမှာပေါ့"

"ဒါဆို မတေး လို့ခေါ်ရမှာပေါ့"

"အင်း.. အဲဒါ မဆိုးဘူး"

"ဆိုးတယ်၊ မတေး ဆိုတဲ့ အရူးမကြီး ဟိုဘက်ရွာမှာရှိတယ်၊ သူ့ကိုခေါ်သလိုဖြစ်သွားမှာပေါ့"

"အဲတော်.. အဟုတ်..."

"အဟုတ်၊ အမှန် တကယ် မလွဲအောင်ပြောနေတာ"

"ဒါဆို ဒီလိုခေါ်..၊ တေး လို့ပဲခေါ်"

"သေး.. အဲလေ.. တေး"

"ဟုတ်ပြီနော်၊ ပီသအောင်လဲခေါ်ဦး"

"ဟုတ်ကဲ့"

သူတို့ချင်း ဒီလိုပြောနေသောအခါ အနားမှာရှိနေသော သီရိက...

"တို့ကိုလဲ နာမည်ပြင်ခေါ်ရမယ်နော် ကိုလူ"

"ဟုတ်ကဲ့၊ မှတ်သားလွယ်အောင် သီရိဒုံလို့ပဲခေါ်မယ်"

"ဟောတော့်"

သုံးယောက်သား ရယ်မောအဖွဲ့ကျနေကြစဉ် အန်တီမြ အနားရောက်လာပြီး ...





"ဒီကလေးတွေ တည်းမယ့်အိမ် ပြန်ကြမယ်လေ၊ ဘာရပ်ပြီး ငါးရစ်တက်နေတာလဲ၊ သွားကြ.. သွားကြ"

ကျောင်းပေါ်ကဆင်းဖြစ်ကြတော့ တေး က လူ ကို ...

"အန်တီမြမှာလဲ နာမည်ပြောင်ရှိတယ်၊ အမြဲတမ်း ဆူပူတတ်လို့ ဘွိုင်လာကြီးလို့ ခေါ်တယ်"

"ဟုတ်လား၊ အန်တီမြက ဘွိုင်လာကြီး ဆို..."

"ဟယ် ငနာလေး.. ငါလုပ်ထည့်လိုက်ရ..."

"ဒေါက်"

"အား.. လုပ်ပြီးသွားပြီ၊ နာလိုက်တာ၊ ခေါင်းခေါက်တာ လက်သံပြောင်တယ်ဗျာ"

အန်တီမြရဲ့မျက်စောင်းကြောင့် လူ လည်း ပတ်တောဝိတ်သွားရတော့၏။ မယဉ်ကျေး တို့အိမ်ကိုရောက်သောအခါ အိမ်ပေါက်ဝမှာ ဆောင့်ကြောင့်ကြီးထိုင်နေသည့် ဒေါ်လပုံက စုန်းမကြီးလို မြူးပြဲ ကြည့်ရင်း ...

"လာပြန်ပြီလား ဒီဟာမတွေ၊ ငါ့အိမ်ကို သာလာယံဇရပ်များ မှတ်နေသလား၊ ငါလုပ်ထည့်လိုက်ရ အငတ်မကျန်ဖြစ်တော့မှာပဲ"

"ဟိုက်.. ဒေါ်လပုံကြီး ဒါ နပ်(စ်)မတွေဗျ၊ ခင်ဗျား သေးထိုးခံချင်လို့လား"

ဒီလိုပြောလိုက်မှ ဒေါ်လပုံကြီး သူ့တင်ပါးနှစ်ဖက်-သူအုပ်ကာ အိမ်ထဲဝင်ပြေးပုန်းတော့၏။ လူ က ...

"ဒေါ်လပုံကြီးက ဆေးထိုးခံရမှာ သိပ်ကြောက်တာ။ ဟို တစ်ခါ ဒေါက်တာနဲ့နပ်(စ်)မလေးတွေ ကွင်းဆင်းလာတာနဲ့ ဒေါ်လပုံ ဖျားတာ တိုးရော၊ ခုနစ်ရက်လောက် ဆေးပိတ်ထိုးခံရကတည်းက နပ်(စ်)မဆို အသေကြောက်သွားတာ၊ သူက နပ်(စ်)မနဲ့ခြောက်လှန့်မှ ပဲ ကြောက်တော့တယ်၊ နောက်ဆို အဲလိုခြောက်လိုက်"

"အေးဟယ်.. တို့မလဲ ဆေးထိုးအပ် တစ်ယောက်တစ်ချောင်း စီဆောင်ထားရမလိုဖြစ်နေပြီ"

တေး ကို လူ ယခုမှ သတိပြုမိတော့၏။ တေး လမ်းလျှောက် လျှင် မသိမသာ ထော့နဲ့ချင်နေ၏။ တင်ပါးကိုလည်း မကြာခဏ ပြောင်းထိုင်နေ၏။ ဆိုင်ကယ်မှောက်တုန်းက ဒဏ်ဖြစ်သွားပုံရ၏။

မိန်းကလေးမို့ နာကျင်မှုကို မျိုသိပ်ပြီး ဘာမှမဖြစ်ချင်ဟန် ဆောင်နေပုံရ၏။

မယဉ်ကျေး က ထမင်းတွေခူးခပ်ကျွေးနေစဉ် လူ က ဦးသူတော် ထံပြန်သွားပြီး လူးဆေး၊ လိမ်းဆေးတွေယူလာလိုက်၏။ လူ ပြန် ရောက်ချိန်၌ ထမင်းစားပြီးသွားကြလေပြီ။

"ရန်ကုန်သူတွေ စားတော့လဲ တို့ကနန်းဆိတ်ကနန်းနဲ့ ကြောင် စာသာသာရယ်ပါလား"

"စားပါတယ် လူ ရဲ့၊ ဟင်းမကောင်းလို့လဲ မဟုတ်ပါဘူး၊ ဟင်းကောင်းပါတယ်၊ သီးရွက်စုံတောချက်ကလေးရယ်၊ ငါးကြော် ကလေးရယ်၊ ပဲငါးပိချက်လေးရယ်၊ ကြက်သားကြော်လေးရယ်





အရမ်းပဲ လိုက်ဖက်ပါတယ်"

"ဟုတ်တယ်နော်၊ မယဉ်ကျေး က ဟင်းချက်တော်တယ်၊ လျှာကိုလည်သွားတာပဲ"

မယဉ်ကျေးမျက်နှာ မထားတတ်တော့။ တေး နှင့် သီရိဒွံတို့က ချီးမွမ်းနေကြတာကိုး။ အန်တီမြကတော့ ဗိုက်ကားအောင်စားပြီး ခုနစ်ရက်သားသမီးတွေကို မေတ္တာပို့ကာ အစာကြေအောင် အစာခြေ ထန်းလျက်ကလေးမြုံ့ပြီး ရင်ချောင်အောင် တရားမှတ်နေရှာ၏။

"မယဉ်ကျေး က ဒီရွာမှာတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် လေးပါ၊ ပြောစရာမရှိအောင် တော်ပါတယ်၊ စနိုးပွိုက်မင်းသမီး လေးလိုပေါ့"

"လူ တင်စားတာ မိုက်တယ်"

"Good တယ်ကွာ"

တေး နှင့် သီရိဒွံတို့ ထပ်မြှောက်ပေးနေပြန်၏။ ထိုစဉ်မှာပင် အိမ်ဝင်းထဲကို ရွှေစန္ဒာနှင့် ငွေစန္ဒာတို့ ညီအစ်မနှစ်ယောက် ထဘီကို ဒေါင်းတင်မောင်းတင်မ,ပြီး ဝင်လာကြကုန်၏။

"ယဉ်ကျေး..၊ ဟေ့.. မိယဉ်ကျေး..."

"ဘယ်သွားသေနေတာလဲ၊ ဒီမှာလဲ လူတွေ တရှုန်းရှုန်းနဲ့၊ အမယ်မယ် ပွဲတော်ခင်းနေကြတာကိုး၊ တို့ဆီပေါင်ထားတဲ့ သူ့ လယ်ငါးဧကကိုကျတော့ ပြန်ရွေးဖို့ စိတ်မကူးဘူး၊ လယ်တွေက မနက်ဖြန်ဆို ဆုံးပြီ"

ရွှေစန္ဒာက မဲ့ကာရွဲ့ကာနှင့်ပြောပြီး ညှိုသည်တွေကို အပေါ်က စီးမိုးကာ ခါးထောက်ကြည့်၏။ ငွေစန္ဒာ က နွှတ်ခမ်းတလန် ပန်းတလန်နှင့် အိမ်နောက်ဘက်ကို ပန်းကန်တွေသွားဆေးသိမ်းပြီး ပြန်ထွက်လာသော မယဉ်ကျေး ကို…

“ဟဲ့…ယဉ်ကျေး… ဒါတွေက ဘာတွေလဲ၊ တို့က လိုရင်း တိုရှင်း ပြောရအောင်လာတာ၊ ညည်းတို့ လယ်ငါးဧက မနက်ဖြန် အတိုးရော အရင်းပါပေးပြီး မရွေးနိုင်ရင် ဆုံးပြီ၊ အဲဒါ လာကြိုပြော တာ၊ နင်ကတော့ ရွာထဲမှာ ငှက်ပျောတောမင်းသားလောက်တောင် လူကြိုက်မများတဲ့ လူလှ နဲ့တွဲနေတုန်းပဲ၊ ပြောမရဆိုမရ ချိုးမရဖွဲ့မရ ပွဲပြင်ဆုံးမလို့မရတဲ့ အမဲရွက်လို ပြုတ်မနူးမ ပဲ၊ ကြည့်စမ်း… ရောင်စုံကာလာတွေနဲ့ ဘယ်ကဟာတွေ အိမ်ပေါ်ခေါ်တင်ထားသလဲ မသိဘူး… ဟွန့်…”

ဒီမှာတင် လူလည်း ဂုန်းခနဲ ခုန်ထပြီး…

“နင်တို့ သိပ်များနေပြီ၊ ငါနဲ့ ယဉ်ကျေးကို တစ်ရွာတည်းသား တွေမို့ ပြောချင်သလိုပြော၊ ညှိုသည်တွေကိုတော့ မစော်ကားနဲ့”

“ဘုန်းကြီးကျောင်းမှာ ကပ်မြောင်စားနေတဲ့ လူလှ က လူပါးဝ လို့ အငှားကျွဲခတ်ပေးနေတယ်ပေါ့လေ”

ရွှေစန္ဒာ စကားကြောင့် မယဉ်ကျေး က …

“နင်တို့ကလဲဟယ် အဲဒီလောက်ကြီး မပြောသင့်ပါဘူး”

ဒီမှာတင် ငွေစန္ဒာ က ကြားဝင်ပြီး …





“ပျော့ပျော့လေးနဲ့နံတဲ့ ကြောင်ချီးမကလဲ သူ့လူကို ကာကွယ် ပေးနေပြန်ပြီ၊ နင့်လယ်တွေ ပြန်ရွေးမလား၊ မရွေးဘူးလား ဒါပဲ ပြော..”

မယဉ်ကျေး မရွေးနိုင်သေး၍ ခေါင်းငုံ့သွား၏။ တော က အနေအထားကို ရိပ်စားမိလိုက်၍ ကြားဝင်လိုက်ရတော့၏။

“ဒီမှာ ရှင်တို့ကို မယဉ်ကျေး က ဘယ်လောက်ပေးစရာရှိလို့ လဲ၊ အမြန်ပြော…”

“အံမယ်.. ပိုးဟပ်ဖြူမက လာသေးတယ်၊ ဆယ်သိန်းပေး ရမှာပေါ့..၊ ဆယ်သိန်း…”

“ပေးမယ်.. အခုယူသွား၊ အန်တီမြ အိတ်ထဲက ငွေထုတ်ပေး လိုက်”

ရွှေစန္ဒာ တို့ညီအစ်မ မျက်လုံးပြူးကုန်ကြ၏။ အန်တီမြကတော့ မိန်းမသားပီပီ နှမြောဟန်ဖြင့် တွန့်ဆုတ်တွန့်ဆုတ်လုပ်နေ၏။ သီရိဒုံ က စိတ်မရှည်သဖြင့် ငွေအိတ်ထဲက ငွေဆယ်ထုပ်ကိုနှိုက်ယူပြီး ရှေ့မှာ ပုံချပေးလိုက်၏။ ငွေထုပ်ကိုမြင်တော့ ရွှေစန္ဒာ တို့ညီအစ်မ ဖြုံသွားကုန်ကြ၏။ တော က …

“တို့က မိကောင်းဖခင်သားသမီး မြို့ကြီးသူတွေ၊ တို့တွေ ဒီမှာ ဘုရားလာတည်တာ၊ ကောင်းမှုကုသိုလ်လုပ်နေတဲ့အချိန်မှာ အကုသိုလ်မဖြစ်ချင်လို့ တမင်ငြိမ်နေတာ၊ နောက်နောင် ဘာအကြောင်း နဲ့မှ မစော်ကားပါနဲ့၊ ငွေယူပြီး အမြန်ပြန်တော့”

တော အပြောကြောင့် ရွှေစန္ဒာတို့ညီအစ်မ နှာခေါင်းရှုံ့ကုန်ကြ၏။ မယဉ်ကျေး က အားတုံ့အားနာဟန်ဖြင့် ...

"အို.. မဟုတ်တာ၊ မမတို့ စိုက်ပေးစရာမလိုပါဘူး၊ ကျေးကိစ္စ ကျေး ရှင်းပေးပါ့မယ်"

"မလိုပါဘူး မယဉ်ကျေး ရယ်၊ သိပ်အားနာနေရင်လဲ အဆင်ပြေမှ ပြန်ပေး၊ ဘာသဘောမှမပါဘဲ ကိုယ့်ညီအစ်မတွေစိတ်ထားနဲ့ ကြားဝင် ကူညီပေးလိုက်တာပါ"

"ဟုတ်တယ် မယဉ်ကျေး၊ တို့တွေကို အားနာမနေနဲ့၊ ငွေဆယ်သိန်းလောက်နဲ့ အသက်ဖြောင့်အောင့်မရှုနိုင်ဘဲ မမြင်ဖူး မစားဖူး မကိုင်ဖူး မနေဖူးတဲ့သူတွေကို အဖက်လုပ်ပြီး တုပြောမနေနဲ့"

သီရိဒုံကပါ ထပ်တင်ပြီး ပြောလိုက်၍ ရွှေစန္ဒာ တို့ညီအစ်မ ဆွေ့ဆွေ့ထခုန်မတတ်ဖြစ်ကုန်၏။ အနာပေါ်တုတ်ကျသွားတာကိုး။

"ဟဲ့.. မြို့သူမ... နင်တို့ကများ တို့ညီအစ်မကို ပြောရသေးတယ်၊ ဒီမှာ ဒီနယ်တစ်ခွင်မှာ ငါတို့ ရွှေနဲ့ငွေညီအစ်မကို ဘယ်သူမှ မယှဉ်ရဲဘူး၊ တို့က ဟိတ်ဆို တိတ်ပဲ၊ ညည်းတို့ကများ ရာရာစစ အာခံရဲသေးတယ်၊ နာချင်ပြီလားဟင်..."

ရွှေစန္ဒာ က ဒေါနှင့်မောနှင့်ပြောလိုက်သည့်အပေါ် ငွေစန္ဒာက လက်ခုပ်လက်ဝါးတီးပြီး ထောက်ခံနေ၏။ သီရိဒုံက တုံ့ပြန်ပြောမည်အပြင် တော က အသာတားလိုက်ပြီး ...

"ဒီနယ်တစ်ကြောဆိုတာ မြန်မာပြည်မြေပုံထဲမှာ ဘယ်လောက်





ကျယ်တဲ့နေရာလေးလဲ၊ ပြောပြစမ်းပါဦး တောသူမရဲ့၊ ချွေးရှုးနဲ့ ချွေးကောင်း ယှဉ်ကိုက်ရင် ချွေးကောင်းပဲ နာသွားမှာပေါ့။ ကျွဲခြေရာခွက်ထဲကနေ ငါ ဘုရင်မပဲထင်ပြီး မာန်တက်နေတဲ့ မဖားဖင်တွေရေ.. သိပ်ကျယ်ပြောတဲ့ လောကကြီးထဲ ခုန်ထွက်ပြီးကြည့်လိုက်ပါဦး၊ ရှင်တို့ကိုယ်ရှင်တို့ ပဒေသရာဇ်ခေတ်က အာဏာရှင်တွေ ထင်မနေနဲ့၊ ကိုယ်ပေါ်တာ လူတိုင်းသိကုန်မယ်။ အင်း ... ရှင်တို့ကြည့်ရတာ ကြဲဖန်ပြီး ဘဝင်မြင့်ရူးနေတာနဲ့တူတယ်၊ စိတ်ကျန်းမာရေးဆေးရုံလေးဘာလေး သွားပြလိုက်ပါဦး"

"ဘာ..၊ ဟင်.. ညည်း..."

ရွှေစန္ဒာ က ထဘီတိုတိုပြင်ဝတ်ပြီး နပန်းလုံးမည့်အသွင်ကို ဆောင်တော့ တော က မထီမဲ့မြင် ပြုံးနေလိုက်၏။ လူ က ကြားဝင်ရပ်ပြီး ...

"တော်ကြတော့၊ နင်တို့ လွန်နေတာနော်"

"ဘာလွန်တာလဲ ကောင်စုတ် လူလူ၊ နင့်ကို ငါ့အမေနဲ့သွားတိုင်မယ်၊ နင် သေပြီသာမှတ်"

"တိုင်လေ.. နင့်အမေကိုနိုင်တာ ငါတို့ကျောင်းက ဦးသူတော်ပဲရှိတယ်၊ ဦးသူတော် ကြိမ်ဒဏ်ကို နင့်အမေ ကျောကော့အောင်ခံဖူးတယ်၊ လွှတ်လိုက်.. ငါတို့ ကျောင်းဝိုင်းထဲက စောင့်နေမယ် ရွှေစန္ဒာမဲ့နဲ့ ငွေစန္ဒာမဲ့ ရေ ..."

နှစ်ယောက်စလုံး ခြေဆောင့်ပြီး နှုတ်ပွားသလို တုန်ခါကာ အိမ်ခြံထဲက ပြန်ထွက်သွားကုန်ကြ၏။

ငတေး က ...

"ဘယ်လိုလုပ်ပြီး သူတို့နာမည်နောက်က မှဲ့တွေပါနေရတာလဲ"

"ဖအေနာမည်တွေ နောက်ကတပ်မှည့်တဲ့ခေတ်တုန်းက သူတို့ ညီအစ်မလဲ လိုက်ရှူးတာပေါ့။ သူ့အဖေနာမည်က ဦးမှဲ့ လေ၊ အဲဒါနဲ့ ရွှေစန္ဒာမှဲ့၊ ငွေစန္ဒာမှဲ့ တွေ ဖြစ်ကုန်ကြတာပဲ"

တေး တို့တစ်တွေ လွတ်လပ်စွာ ရယ်မောဟားတိုက်မိကုန်ကြတော့၏။





ဝါးနက်ချောင်းရွာမှာ ဘုန်းကြီးကျောင်းနှစ်ကျောင်း ရှိသော်လည်း မြောက်ပိုင်းက မြောက်ပိုင်းကျောင်းသာ ကိုးကွယ်ကြသလို တောင်ပိုင်းက တောင်ပိုင်းကျောင်းသာ ကိုးကွယ်ကြ၏။ တောင်ပိုင်းကျောင်းဆရာတော် ပျံလွန်တော်မူသွားမှ တစ်ရွာလုံး မြောက်ပိုင်းကျောင်းကို ကိုးကွယ်ကြကုန်၏။

မြောက်ပိုင်းကျောင်းဆရာတော်ကြီး ပြီးလျှင် ဒီရွာမှာ ဩဇာတိက္ကမရှိသူမှာ ဦးသူတော် ဖြစ်၏။ ဦးသူတော်က တရားလည်း ကျင့်ကြံ၏။ ဆေးလည်း ကု၏။ ပယောဂလည်း နိုင်၏။ အဂ္ဂိရတ်လည်း ထိုး၏။ တောင်ပိုင်းကျောင်းကို ကျောင်းထိုင်ဆရာတော်တွေ မကြွလာခင် စောင့်ရှောက်ပေးထား၏။ တောင်ပိုင်းကျောင်း၏ ငယ်မွေးခြံပေါက် ငယ်ဖြူဦးသူတော် ဖြစ်၏။ မြို့နယ်သံဃနာယက

အဖွဲ့မှာ ကျောင်းထိုင်ကိုယ်တော်တွေ မရောက်ခင်စပ်ကြား ဦးသူတော်ကြီး အုပ်ချုပ်ထား၍ တောင်ပိုင်းတစ်ခြမ်းလုံး အေးချမ်းနေ၏။

မအေးချမ်းသည်မှာ ဒေါ်ခင်လှတို့ ဆွေမျိုးတစ်သိုက်ရယ်သာ။ စပါးဈေး၊ ပဲဈေးတွေကောင်းပြီး လယ်ကေ များများပိုင်သူတွေမို့ စီးပွားရေးသောင်သာကာ တစ်ရွာလုံး ဘယ်သူမှ လူမထင်ဟန်နှင့် ဗိုလ်လုပ် စားမာန်ခုပ်ချင်နေကြသူတွေ‥။

ကောက်စိုက်ချိန်ဆိုလည်း ကောက်စိုက်သမအုပ်စုတွေကို အတင်းလိုက်သိမ်း …။

စပါးရိတ်ချိန်ဆိုလည်း စပါးရိတ်သမားတွေ အတင်းလိုက်ခေါ် …။

ပဲနုတ်ချိန်ဆိုလည်း သူတို့သာ အလုပ်သမားတွေ ဖိခေါ်ထား၏။ ကျန်လယ်လုပ်သားတွေကို လက်ကြားရေယိုမျှလောက်ပင် မငဲ့ကွက်၊ မညှာမတွက်။

တောင်ပိုင်းက ရွာသူရွာသားတွေက ခင်လှ ဆိုတာနှင့် တင်ချချင်နေကုန်ကြပြီ။ အပဟုတ်။

မတရားစားပြီး မတရားအန်ထွက်မယ့် မိန်းမကြီးဆိုတာ ကလေးတွေကတောင် သီချင်းစပ်ဆိုကုဏ်ပြုခံခဲ့ရတဲ့ ဒေါ်ခင်လှပေါ့။

အတိုးနှင့်ချေးစားပြီး မပေးနိုင်လျှင် နွားသိမ်း၊ အိမ်သိမ်းနှင့် ချစ်တီးသေလို့ ဝင့်စားသလား အောက်မေ့ရ၏။ မုဆိုးမ ခင်လှ ဖြစ်သော်လည်း ရှစ်ဆပ်က ဂျင်ခြေလည်နေသည့်မိန်းမကြီးပေါ့၊





ခင်လှ အရှိန်အဝါနှင့် သမီးတွေကလည်း မောက်မာမာန်ထောင်နေ၏။ ဒီအပြင် ဆွေမျိုးနွယ်ပွား တူသားတွေကလည်း အဒေါ်အရှိန်နှင့် လမ်းဘေးအိပ်နေတဲ့ ခွေးတောင် သူလာတာမဖယ်ပေးရကောင်းလားဆိုပြီး ခေါက်ပစ်လိုက်တာမှ ဂိန်ဂိန်အော်ခံသွားရတဲ့အထိ။

ဒီကောင်တွေ လုပ်ချင်တာလုပ် ခင်လှ က ငွေထုပ်ပိုက်ပြီး လိုက်ရှင်းတတ်၏။ ဒီမောင်တွေ ခွေးကို ချိုတပ်ပေးထားသလိုဖြစ်ကုန်ပြီပေါ့။

ဒါတွေကို ဦးသူတော်က တတ်နိုင်သမျှ မသိကျိုးကျွန်ပြုထားရ၏။ လာတိုင်မှ ဖြေရှင်းရ၏။ ဖြေရှင်းရဖန်များတော့ ခင်လှတို့အမျိုးတွေ အမျက်သိုတာခံရ၏။ ထို့ကြောင့် ဦးသူတော် ကျောင်း သိပ်မကပ်။ မြန်မာပြည်ပတ်ပြီး တန်ခိုးကြီးဘုရားတွေ လိုက်ဖူးနေတတ်၏။ ကျောင်းကို လူလှနှင့်လွှဲထားခဲ့၏။ လူလှ ခမျာလည်း ဒေါ်ခင်လှနှင့် တည့်အောင်ပေါင်းပြီး ရေလိုက်ငါးလိုက်နေရတော့၏။ နေတတ်စားတတ် ဖားတတ်လွန်း၍ ဒေါ်ခင်လှက ဆိုင်ကယ်ပင်ဝယ်ပေးပြီး ကယ်ရီဆွဲစေတဲ့အထိ ဆက်ဆံရေးကောင်းနေခဲ့၏။

ဒေါ်ခင်လှ ရဲ့တူတွေထဲမှာ ဒေါင်ကြီးက အဆိုးဆုံး၊ အကဲဆုံး၊ ပြဿနာအရှာဆုံးကောင်။ မူးလာပြီဆို တစ်ရွာလုံး ပတ်ဆဲအော်တုပ်တတ်တဲ့ကောင်။ လူလှရဲ့ဆိုင်ကယ်ကို မောင်းခွင့်ရတော့ မိုးမမြင်လေမမြင်ကို ဖြစ်ရော။ ဒေါင်ကြီး ဆိုင်ကယ်စီးတတ်တယ်ဆိုတာကလည်း ရွာထဲက သူနိုင်တဲ့လူတွေရဲ့ဘီးပေါ် တက်ခွရင်းနဲ့ တတ်လာ

တာ။ စီးတတ်ပေမယ့် မကျွမ်းကျင်သေးဘူး။ ကယ်ရီဆွဲတော့ ဟို မှောက် ဒီလဲတွေဖြစ်ပြီး ဆေးခန်းရောက်ရပါလေရော…။

ဒေါ်ခင်လှ ငွေထုပ်ပိုက်ပြီး လိုက်ကုပေး၏။ ဆိုင်ကယ်ကို လည်း ပြင်ပေး၏။ ဒီလိုဖြစ်ရတာတွေအားလုံး လူလှ ကြောင့်ဟုသာ အငြိုးအတေးထားတော့၏။ လူလှ ကို ကြည့်မရ။ သမီးနှစ်ယောက် ကိုလည်း ပြောဆိုလိုက်၍ ဒေါ်ခင်လှ မခံချင်။ လူလှ ကို သွားထိ လျှင် ဦးသူတော် နှင့်ငြိမည်။

ဒေါ်ခင်လှ ဆင်ကြံကြံတော့၏။

"ဒေါ်ကြီး လူလှ ကို နင် ဆုံးမပေးစမ်း"

"ဘယ်လိုလုပ်ရမှာလဲ၊ နံချီးပေးရမှာလား၊ ခေါင်းကွဲအောင် ရိုက်ပေးရမှာလား"

"ကြိုက်သလိုလုပ်၊ နောင် မှတ်သွားရင် ပြီးရော၊ ဒီကောင် ရန်ကုန်က ညည်းသည်တွေနဲ့ပေါင်းပြီး ရန်ထောင်နေတယ်၊ မိယဉ်ကျေး လဲ အတူတူပဲ"

ဒေါ်ခင်လှ က မင်းကတော်အိုက်တင်နှင့် မေးငေါ့ပြီး ပြော၏။ ဒေါ်ကြီးက ရှမ်းဘောင်းဘီနှင့် ငှက်ပျောပင်တွေကိုကန်ကာ သိုင်း ကျင့်နေ၏။

ဒေါ်ခင်လှ တို့ခြံဝိုင်းထဲက ဝါးကွပ်ပျစ်မှာ ဒေါ်ခင်လှနှင့် သူ့သမီးတွေထိုင်ပြီး လက်ဖက်စားပြီး ရေနွေးသောက်နေကြ၏။ ရွှေစန္ဒာ က ငွေတိုးစာရင်းမှတ်သောစာအုပ်ကို ပိတ်လိုက်ပြီး …





"ဟဲ့ ဒေါ်ကြီး…၊ လူလှ ကို သိပ်အနာကြီးတော့ မလုပ်နဲ့၊ ဟိုမြို့သူမကို နင်သာ ရအောင်လိုက်စမ်း၊ မြို့သူမကိုရရင် နင့် အတွက် ဂွန်ဒေါင်းတစ်စီး ငါ ဝယ်ပေးမယ်"

ဒေါ်ကြီး မျက်လုံးတွေ အရောင်လက်သွားကုန်၏။ ငှက်ပျော ပင်ကို ခြေသလုံးနှင့်ဖြတ်ကန်လိုက်ပြီး…

"နင် တကယ်ပြောတာနော် မိရွှေ"

"တကယ်ပေါ့ဟဲ့"

"ငါ ရအောင်လိုက်ပြမယ်၊ ကြည့်နေ…"

ငွေစန္ဒာ က …

"ဟုတ်မှလဲ လုပ်ပါဟယ်၊ ငါ့အထင်တော့ အဲဒီမြို့သူက လူလှ ကို မျက်စိကျနေပုံပဲ"

"ဘာလို့မဟုတ်ရမှာလဲ မိငွေရဲ့၊ ခရမှာလဲ အဆန်နဲ့၊ လူမှာလဲ အကြံနဲ့ပါဟ၊ ငါ့သူငယ်ချင်း ပြူးကြီးနဲ့ မဲလုံးကိုခေါ်ပြီး လူလှ ကိုဖြို ပြီးရင် မြို့သူအချောလေး တေးသံသာ ဆိုလား သံသာတေး ဆိုလား အဲဒီမဒီလေးကို အတင်းချုပ်ပြီး ခိုးပြေး၊ တစ်ညအိပ်ပြီးသွားရင် ဘာတတ်နိုင်ဦးမှာလဲ"

ဒေါ်ခင်လှ က မိန့်မိန့်ကြီးပြုံးနေ၏။ ရွှေစန္ဒာ က …

"နင့်အကြံကောင်းတယ်၊ ငါတို့ကို နှုတ်လှန်ထိုးထားတဲ့ မြို့သူ တော့ နှုတ်စီးကုန်ပြီသာမှတ်"

"အဲဒီအတိုင်း အကုန်ဖြစ်ရင်တော့ ကောင်းတာပေါ့၊ တော်ကြာ

ချော်တောင်ပေါ်ကုန်ရင် အကုန် အမှုပတ်ကုန်မှာနော်"

"မိငွေ.. နင့်ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းနဲ့၊ ဒေါင်ကြီးက မပိုင်ရင် ခြင်တောင်မရိုက်ဘူး"

မိငွေ က လှောင်ရယ်ပဟားဏ်။ ဒေါ်ခင်လှ က ...

"ဟဲ့ ကောင်မလေး.. နင် က ဘာထ,ရယ်တာလဲ"

"မဟုတ်ပါဘူး အမေရယ်၊ မပိုင်ရင် ခြင်တောင်မရိုက်တဲ့ ဒေါင်ကြီး မှာ ငှက်ဖျားရောဂါရှိနေလို့ ရယ်မိတာပါ"

ဒေါင်ကြီး ရှက်မျက်နှာကြီးနီရဲပြီး ငှက်ပျောပင်ကို ကန်ချိုးပစ်လိုက်၏။





စေတီတော်တည်ပွဲမှာ လုပ်အားဒါနပြုကြသူတွေကို မြန်မာ့ရိုးရာ မုန့်ပဲသရေစာတွေ ကျွေးမွေးသည့်အလှူရှင်မလေးမှာ သံသာတေး ဖြစ်၏။ မယဉ်ကျေး ကပါ ဝိုင်းဝန်းကူညီပေး၏။ လှူလှ က ဟိုပြေးဒီလွှား လှူစုံစေအောင် လိုက်ကျွေးနေလေသည်။ ကုသိုလ်ရေးမို့ ပျော်မဆုံး မော်မဆုံး။

အုတ်နီခဲတွေ လက်ဆင့်ကမ်းသယ်ရာမှာလည်း လှူ နှင့် တေး က တတွဲတည်းပင်။

"မောနေပြီလား တေး"

"မောပါဘူး၊ လှူ ရော မောနေပြီလား"

"ကျွန်တော်က တောသားပဲ၊ ဒီလောက်လေးကတော့ ပျင်းတောင်ပျင်းသေးတယ်"

"ဒီရွာလေးက သာယာတယ်နော်၊ ချောင်းရိုးလေးက ရွာကို ကွေ့ဝိုက်စီးဆင်းနေတာ လှတယ်"

"ဒီထက်လှတဲ့နေရာတွေကို လှည်းယာဉ်လေးကောက်ပြီး လိုက်ပြဦးမယ်"

"ရှင့်မှာ လှည်းယာဉ်ရှိလို့လား"

"ကာလသားခေါင်း ကိုကျော်တင့် ဆီက ခဏငှားမှာပေါ့၊ သူ့အလုပ်ရှိတိုင်း ကူညီထားတော့ ကျိန်းသေငှားပါတယ်"

သီရိဒွံကို ရွာထဲက ကာလသားခေါင်းတွေက လိုက်ဝေါ်နေကြ၏။ သီရိဒွံကလည်း အတော်ပဲများနေ၏။ အန်တီမြကိုတော့ ရွာက လူပျိုကြီး ကိုစံထွား က ချိတ်တိတ်တိတ်လုပ်နေ၏။

ဦးသူတော်နှင့် ရွာလူကြီးတွေကတော့ ဝေယျာဝစ္စလေးတွေ လိုက်လုပ်နေကြ၏။ ရွာရဲ့အိုးသူကြီး ဒေါ်စိန်မြ တို့အဖွဲ့တွေက လုပ်အားပေးတွေ နေ့လယ်စာထမင်းကျွေးဖို့ ပဲဟင်းချိုအိုးကြီးချက်ပြီး ငါးချဉ်တွေ သုပ်နယ်နေကြ၏။

နောက်တစ်နေ့မှာ လှည်းယာဉ်လေးကောက်ပြီး လူ ရောက်လာ၏။ သံသာတေးကို လှည်းယာဉ်ပေါ် ခေါ်တင်လိုက်၏။ မယဉ်ကျေးက အန်တီမြနှင့် သီရိဒွံ ကို ပ,ထုတ်ထား၏။ ကွမ်းခြံတွေကို လိုက်ပြပေးနေ၏။ သံသာတေး က ဘုရားဝတ်ပြုရင်း ကျန်နေခဲ့၍ အိမ်မှာဟုပဲ ထင်နေကြ၏။ လူနှင့်အတူ လှည်းယာဉ်စီးလိုက်သွားသည်ကို မသိကြ။





ခြူသံလွင်လွင်နှင့် နွားချေနှစ်ကောင် အသော့နှင် ပြေးရာလမ်းဘေးတစ်လျှောက်မှာ စိမ်းမြမြပဲစိုက်ခင်းတွေက မိုးကုပ်စက်ဝိုင်းတစ်ဆုံးအထိ ပြန့်ပြူးလှပနေ၏။ လတ်ဆတ်သန့်ရှင်းသောလေကို တစ်ဝကြီးရှူရှိုက်လိုက်ရ၍ ခန္ဓာကိုယ်တစ်ခုလုံး လန်းဆန်းကြည်လင်သွားရပြန်သည်။

"စပါးတွေရိတ်ပြီးရင် ဘာတွေဆက်စိုက်ကြတာလဲဟင်"

"ပဲစိုက်တယ်၊ တချို့က ဂုန်လျှော်တို့၊ ကြံတို့ စိုက်ခင်းတွေ စိုက်ကြတယ်လေ။ ဆန်ဆိုတာ စပါးကရတယ်ဆိုတာတော့ တေး သိပါတယ်နော်"

"မြို့သူဆိုပြီး အဲဒီလောက်ဘဝင်မြင့်နေတယ်လို့များ တေးကို ထင်နေသလား၊ အဲလောက်တော့ သိပါတယ်နော်"

"တော်တယ်ဗျာ၊ ဟိုးတုန်းက မြို့သူတွေက မသိကြဘူး"

"ဟုတ်လိမ့်မယ်နော်၊ သူတို့တွေက ဖွက်တွေ၊ နွားချေးတွေ ပေမှာ သိပ်ကြောက်ကြတာ"

"တေး ကရော မကြောက်ဘူးလား"

"ဖွက်ကတော့ အကြောင်းမဟုတ်ပါဘူး၊ နွားချေးနဲ့ ကျွဲချေး ပေမှာတော့ ရွံတယ်"

"အခုတော့ ဖုန်တွေပေဖို့ပဲရှိတယ်၊ နွားချေးနဲ့ ကျွဲချေးဆိုတာ သဘာဝမြေဩဇာတွေပါ၊ နွားနဲ့ကျွဲက မြက်တွေ၊ အရွက်တွေပဲ စားတာပါ၊ ရွံစရာမကောင်းပါဘူး၊ နှာခေါင်းသွေးယုံတဲ့သူတွေ

တောင် နွားချေးခြောက်ကို ရှူရသေးတယ်''

''အို·· မရှူချင်ပါဘူး''

လှည်းယာဉ်လေး ချိုင့်ထဲတစ်ချက်ဆောင့်လိုက်၍ မှုန့်ဲ့နှင့် ပြောလာသော တေး ခမျာ ···

''အမေ့··''

လူ့ရဲ့ဘက်ကို ယိမ်းပြိုလာစဉ် လူက လျှပ်တစ်ပြက် ဖက်မိလိုက်၏။ လှည်းယာဉ်လေးက လမ်းကြမ်းပေါ်မှာ ဆက်သွားနေ၍ လှည်းယာဉ်ပေါ်မှာ နှစ်ယောက်သား ဆန်ကောထဲထည့်လှိမ့်ခံရသည့် ဆီးဖြူသီးနှစ်လုံးပမာဖြစ်ကာ ခေါင်းချင်းဆောင့်၊ ပခုံးချင်းတိုက်၊ ရင်ချင်းအပ်တွေ ဖြစ်ကုန်ကြတော့၏။

''ဘာမှမကြောက်နဲ့၊ လိုအပ်ရင် ကျွန်တော့်ကိုဖက်ထား၊ သိပ်နာသွားသလားဟင်''

''နေပါ၊ ရှင့်လှည်းယာဉ်စီးရတာလဲ မသားသာပါဘူး၊ တင်ပါးတွေ ရင်တွေ အောင့်ကုန်ပြီ''

လှည်းယာဉ်လေး လမ်းကောင်းပေါ်ရောက်သွားသော်လည်း လူ က တေး ကို ဖေးကိုင်ထားဆဲ။ ဖက်ပွေ့ထားသလိုဖြစ်နေစဉ်···

လှည်းယာဉ်လေး ရုတ်တရက် ရပ်တန့်သွား၏။ လှည်းယာဉ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ဒေါင်ကြီး နှင့်အပေါင်းအပါ နှစ်ယောက်က ထမ်းပိုးတုံးကို လက်နှင့်တွန်းပြီး မို့တ်ရပ်ထား၏။ ကျန်နှစ်ယောက်က နွားနှစ်ကောင်ရဲ့နဖားကြိုးကို ဖမ်းဆွဲထား၏။





''ဟော့ကောင် လူလှ ကောင်မလေးကို လွှတ်လိုက်စမ်း''

ဒေါင်ကြီး က ဘီလူးစီးနေသည့်မျက်နှာနှင့် လှမ်းအော်ပြောလာ၏။ လူလှ ယောင်ပြီး တေး ကိုလွှတ်ပေးလိုက်၏။ တေး လည်း လန့်လန့် ရှက်ရှက်လေးဖြစ်သွားရှာ၏။

''ရာရာစစ အနူလက်နဲ့ ရွှေခွက်ကိုတက်နှိုက်ရတယ်လို့ လူလှရာ၊ မင်း အခု လှည်းပေါ်ကဆင်း·· ငါ ဆက်မောင်းမယ်၊ အဲဒီမြို့သူလေးက ငါ့အတွက်ကွ''

ဒေါင်ကြီး က လှည်းပေါ်တက်ဖို့အပြင်မှာ လူလှ က ကြိမ်လုံးနှင့် ရိုက်ဖို့ရွယ်လိုက်၏။

''မင်း တက်ရဲတက်ကြည့်၊ ဘာလဲကွ·· မင်းနဲ့ ဘာဆိုင်လို့လဲ၊ ငါ့လှည်းရှေ့က ဖယ်စမ်း''

ဒေါင်ကြီး၊ မဲလုံး၊ ကျွဲပေါက်တို့က ဟိုဘက်ဒီဘက် လှည်းပေါ်အတင်းတက်ကုန်ကြ၏။ လူလှ က ကြိမ်လုံးဖြင့် လှည့်ပတ်ရိုက်တော့ လန်ကျကုန်၏။ ဒေါင်ကြီး က လှည်းလမ်းဘေးက မြေကျစ်စာခဲကို ကောက်ကိုင်ပြီး ခဲနှင့်ထုဖို့ပြင်တော့ တေး ကိုထိမှန်မှာစိုး၍ လူလှ လှည်းပေါ်က ခုန်ဆင်းလိုက်ရ၏။

''အဲဒီလို ရင်ဆိုင်စမ်းပါ လူလှရာ၊ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ပြီပေါ့ကွာ''

ဒေါင်ကြီး က ခဲနှင့်ပိတ်ထု၏။ လူလှ ငုံ့ရှောင်ပြီး ဒေါင်ကြီးရဲ့ ခါးကို ကြိမ်လုံးနှင့်ဖြတ်ရိုက်၏။

"ရွှမ်း"

"အား"

မဲလုံး က လူလှ ရဲ့နောက်ကနေ အတင်းဝင်ချုပ်၏။ လူလှ က မဲလုံး ရဲ့ခါးကို တံတောင်နှင့်ပိတ်တွက်လိုက်ရာ မဲလုံး …

"အွပ်"ခနဲမြည်ပြီး နောက်ဆုတ်သွားစဉ် လူလှ က ခြေထောက်ဖြင့် ပိတ်ကန်ပစ်လိုက်၏။

မဲလုံး နောက်လန်ကျသွားစဉ် ကျွဲပေါက် က ရှေ့တည့်တည့်ကနေ ပြေးဝင်ပြီး လူလှကို လက်သီးဖြင့်ထိုး၏။

"ခွပ်"

"အင့်"

လူလှ မျက်နှာ ဒိုင်းခနဲဖြစ်သွားပြီး မျက်လုံးတွေပြာဝေသွား၏။ ကျွဲပေါက် ဆင့်ကဲဆင့်ကဲလိုက်ထိုးသောလက်သီးချက်တွေကို လူလှ လူးလဲပြီးတိမ်းရှောင်နေစဉ် လှည်းပေါ်က တေး ရဲ့အော်ဟစ်သံကို ကြားလိုက်ရ၏။

"ဟော့ဒီမှာ ကယ်ကြပါဦးရှင်… ကယ်ကြပါဦး၊ လူရမ်းကားတွေ ကိုလူလှ ကို ဝိုင်းထိုးကြိတ်နေပါတယ်"

ခပ်လှမ်းလှမ်းမှာ လှည်းတစ်စီးလာနေသောကြောင့် တေး က ဟစ်အော်အကူအညီတောင်းလိုက်ခြင်းဖြစ်၏။ လှည်းမှာ စပါးအိတ်တွေတင်လာသောလှည်းဖြစ်ပြီး လှည်းပေါ်မှာ ခမောက်ဆောင်းထားသည့် ဦးကြီးနှစ်ယောက်နှင့် အကျီဗလာကျင်းသည့် လူနှစ်ယောက်





ပါလာ၏။ အကူအညီတောင်းသံကြောင့် လှည်းပေါ်ကလူတွေ ခုန်ဆင်းလာကုန်ကြ၏။ လူလှ ကို ဒေါင်ကြီးတို့အဖွဲ့က ဝိုင်းချုပ်ထိုးကြိတ်နေကြစဉ် ခမောက်ဆောင်းသည့် ဦးကြီးနှင့် လူနှစ်ယောက်အပြေးရောက်လာပြီး …

"ဟေ့ကောင်တွေ တော်ကြစမ်း၊ ရပ်စမ်း"

အတင်းဝင်ကာ လူစုခွဲပစ်ကြ၏။ ဦးကြီးမှာ ဘုရားတည်ရာ၌ပါဝင်သော ဂေါပကလူကြီး ဦးသာခင်ဖြစ်နေ၏။

"ဟင်.. ဒေါင်ကြီး.. မဲလုံး.. ကျွဲပေါက်..၊ မင်းတို့ လူလှကို ဝိုင်းထိုးကြိတ်နေပါလားကွ၊ ကိုယ့်တစ်ရွာတည်းသားအချင်းချင်းတွေ ဘယ့်နှယ်ကြောင့် ဒီလိုလုပ်ရတာလဲ"

ဦးကြီးသာခင်ရဲ့ လူနှစ်ယောက်ကလည်း အားကောင်းမောင်းသန်တွေမို့ ကျွဲပေါက်နှင့် မဲလုံးကို ဝင်ချုပ်ထားကြ၏။ ဒေါင်ကြီး က…

"ဦးသာခင် အသာနေစမ်းပါဗျာ၊ ခင်ဗျားအကြောင်း မဟုတ်ဘူး၊ ကိုယ့်လမ်းကိုယ်သွား၊ ကျုပ် ဒီကောင်ကို ဆုံးမနေတာ၊ မဆိုင်ရင် မပါနဲ့"

"ငါ လူကြီးကွ၊ မတော်တာမြင်ရင် တားရမှာပဲ၊ မင်းတို့ပြန်တော့၊ ငါ့စကားနားမထောင်ဘူးလား"

"မထောင်နိုင်ဘူးဗျာ၊ ခင်ဗျားကြီး ဝင်ရှုပ်ရင် ကျုပ်နဲ့တွေ့မယ်"

"ဘာကွ"

ဦးသာခင်ကြီးက လွယ်အိတ်ထဲမှ လေးခွကိုထုတ်ပြီး ဒေါင်ကြီးရဲ့ရင်ဘတ်ကို ပိတ်ပစ်လိုက်၏။

"ဘုတ်"

"အောင်မယ်လေးဗျ"

နောက်တစ်ချက် ပေါင်ကိုပစ်လိုက်၏။

"ဒုတ်"

"အား"

နောက်တစ်ချက် ထပ်ပစ်ဖို့အပြင်မှာ ဒေါင်ကြီး လက်ကာတားပြီး…

"မပစ်ပါနဲ့…၊ မပစ်ပါနဲ့တော့"

"အေး မပစ်စေချင်ရင် ပြန်တော့…၊ မြန်မြန်ပြန်ပြေးကွာ"

ဒေါင်ကြီး ပြေးတော့ မဲလုံးနှင့်ကျွဲပေါက်ပါ နောက်ကလိုက်ပြေးကုန်ကြတော့၏။ လူလှ ကို ဦးသာခင်နှင့် သူ့တူနှစ်ယောက်က လှည်းပေါ်ပြန်တင်ပေးကြ၏။

တေး က ကျေးဇူးတင်စကားပြော၏။ ဦးသာခင် တို့က နောက်နောင် ဒေါင်ကြီးတို့ရန်ကို တတ်နိုင်သလောက်ရှောင်ရန် ပြောပြီး သူတို့လိုရာခရီးကို ဆက်သွားကုန်ကြ၏။

အထိုးခံထားရသော လူလှ မျက်နှာကို တေး က လက်ကိုင်ပဝါ အာငွေ့ပေးပြီး ကြပ်ထုပ်ထိုးပေး၏။

"အား… ကောင်းလိုက်တာ၊ ဒီလိုမှန်းသိရင် နောက်တစ်ခါ





တောင် ထပ်အထိုးခံလိုက်ချင်သေးတယ်"

"ဘာရယ်…၊ ရှင် ဘာလို့ အဲဒီလိုအထိုးခံချင်သေးရတာလဲ"

"တေးရဲ့အာငွေ့မွှေးမွှေးလေးကို နောက်တစ်ကြိမ် ခံစားချင်လို့ပေါ့"

လှည်းနောက်မြီးမှာထိုင်ပြီး ကြပ်ထုပ်ထိုးပေးတာ ဇိမ်ခံနေသော လူလှ ကို တေး က စိတ်ပေါက်ပေါက်နှင့် ပိတ်တွန်းချလိုက်၏။

"ဘုတ်"

"အောင်မယ်လေးဗျ"

"မှတ်ပြီလား"

"အား… ခါးနဲ့တင်ပါးရိုးတွေ ကျိုးကုန်ပြီနဲ့တူတယ်"

"လာလေ… ကြပ်ထုပ်တင်မကဘူး တက်နင်းပေးမယ်"

လှည်းလမ်းပေါ် ပစ်ကျရာက ရှုံ့မဲ့မဲ့နှင့်ပြန်ထလာသော လူလှ ကို တေး က မျက်စောင်းလှလှလေးထိုးရင်း ပြောပစ်လိုက်၏။ လူလှ က လှည်းပေါ်ပြန်တက်လာရင်း တေး အနားကို ဝင်ထိုင်လိုက်စဉ်…

"ဖူး… ဖရှူး… ဝမ်းဘဲ"

နွားနှစ်ကောင် လန့်ပြီး ပတတ်ခုန်လိုက်သောကြောင့် လှည်းနောက်မြီးလန်ပြီး တေးရော လူပါ နောက်ပြန်ပြုတ်ကျမလို ဖြစ်သွား၏။

"အမေ့…"

"ဟာ..."

တေး က လူ့ရဲ့အင်္ကျီရင်ဘတ်ကို ဆုပ်ဆွဲထား၏။ လူ က တေး ကို လက်တစ်ဖက်ဖြင့်ဖက်ထွေးပြီး ကျန်လက်တစ်ဖက်ဖြင့် လှည်းရုံတိုင်ကို ဆုပ်ကိုင်ဆွဲထားလိုက်သောကြောင့်သာ ပြုတ်ကျမသွားခြင်း ဖြစ်၏။

နွားနှစ်ကောင်က ကဆုန်ပေါက်ပြီး လှည်းလမ်းအတိုင်း စွတ်ပြေးကုန်ကြ၏။

"ဟာ.. မြွေ.. မြွေပွေးကြီး..."

နွားတွေက မြွေပွေးကြီး သူတို့ခြေထောက်အောက်က ဖြတ်သွားတာမြင်၍ လန့်ခုန်ထွက်ပြေးကြခြင်းဖြစ်၏။

"တေး လှည်းရုံတိုင်ကိုကိုင်ထား၊ ကိုယ် ကြိုးပြေးဆွဲပြီး ထိန်းလိုက်ဦးမယ်"

တေး က ကြောက်လန့်တုန်ပြီး လူ ခိုင်းတဲ့အတိုင်း လိုက်လုပ်၏။ ဘာဖြစ်လို့ဖြစ်မှန်းမသိ။ နွားနှစ်ကောင်က အလေ့ကျပင်တွေ ထူထပ်စွာပေါက်နေသော ချုံတောကြီးထဲကို ဝင်ပြေးကုန်၏။ ချုံတောထဲမှာ ဝါးနက်ချောင်းရှာနှင့် တစ်မိုင်ခန့်သာဝေးသော ရှေးဟောင်းစေတီပျက်နှင့် အုပ်လိုက်ဂူဟောင်းကြီးတစ်လုံးရှိ၏။ ထိုနေရာမှာ သိုက်နန်းလိုလို၊ ဘာလိုလိုတွေရှိပြီး နတ်ကြီးတာလိုလို၊ အစောင့်ကြီးတာလိုလိုတွေ ရှိနေ၍ လူတွေ အနားမကပ်ဝံ့ကြ။ ဝါးခုတ်၊ ထင်းခွေပင် မလုပ်ဝံ့ကြ။ အနီးဝန်းကျင်ရွာဆက်နှင့်ဝေးပြီး





ဝါးနက်ချောင်းနှင့်သာ အနီးဆုံးဖြစ်၏။ နေ့ဘက်မှာပင် လူသူအရောက်အပေါက်နည်းပြီး မသွားဝံ့ကြ။ မြွေဆိုးတွေ အလွန်ပေါ၏။

လူတွေ ဝေးဝေးရှောင်သော၊ အမှုးအခေါ် မြောင်ဝက်ပါသိုက်ထဲကိုမှ နွားတွေပြေးဝင်ကုန်၍ လူ ကိုယ်တိုင်ပင် မျက်လုံးတွေပြာဝေ၊ ရင်တွေထိတ်တုန်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့။ နွားတွေကို ကြိုးနှင့်တင်းတင်းဆောင့်ဆွဲထိန်းတာလည်း မရ။ ကြိုးပိုတင်းလေ ပိုပြေးလေနှင့် မြင်းကိုထိန်းရသလို ဖြစ်နေပြန်၏။

"လူ.. အား.. ကယ်ပါဦး၊ လူရေ.. တေး ပြုတ်ကျတော့မယ်"

"ကိုင်ထား တေး.. သတိထား၊ ရှေ့မှာ ဆီးပင်ပုပိုင်းတွေနဲ့ ခြစ်မိကုန်မယ်၊ လှည်းကြမ်းပြင်ပေါ် ဝပ်နေ.. ထ,မကြည့်နဲ့"

နွားတွေက တစ်စုံတစ်ရာ ဝင်ပူးသလို ဆီးပင်ပုတောထဲအတင်းဝင်ပြေး၍ လူ လည်း လှည်းကြမ်းခင်းပေါ် အမြန်မှောက်လှဲလိုက်ရတော့၏။

"ဝုန်း.. ဒုန်း.. ဂလုန်း.. ဌမ်း"

ကျင်း၊ ချိုင့်ခွက်၊ ကမူ၊ကထစ်တွေပေါ်ကို တင်းကျမ်းပြေးသွား၍ လှည်းတစ်ခုလုံး ပြုတ်ထွက်ကုန်မတတ် ခုန်ခါကုန်တော့၏။

"ဝုန်း.. ဖြောင်း.."

"ဖူး.. ဖရူး.. ဝမ်းဘဲ..."

နွားတွေ ဝက်ပါလိုဏ်ဂူရဲ့နံရံနှင့် ဝင်တိုက်မိပြီး ရပ်တန့်သွား

၏။ နွားတွေက အတင်းရုန်းကန်အော်ဟစ်နေ၏။ နွားနှစ်ကောင်ရဲ့ အသားကုန် ရုန်းကန်မှုကြောင့် လှည်းစည်းခုံတွေပြုတ်ထွက်ပြီး ထမ်းပိုးတုံးမှ သီတံတွေပါ ကျိုးပဲ့ကုန်ပြီး လှည်းထမ်းပိုးကျိုးကာ နွားတွေ ထွက်ပြေးကုန်၏။ နွားနှာနုကိုချည်ထားသောကြိုးတွေကို ပြုတ်ထွက်အောင်ရုန်းနိုင်သောနွားတွေမှာ သာမန်နွားတွေမှ ဟုတ်ပါလေစ၊ အပမှီထားသော နွားတွေဖြစ်လိမ့်မည်။ နွားနှစ်ကောင် ချုံထဲ ပြေးဝင် ပျောက်ကွယ်သွား၏။

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှျမကြုံဖူးတာတွေ ဆက်တိုက်မြင်လိုက်ရ၍ လူ လည်း ကြက်သေသေနေမိ၏။ လှည်းကျိုးကြီးအပေါ်ထောင်ကာ လှည်းနောက်မြီးလန်နေသည့်အပေါ်မှ အမြန်ထပြီး နောက်လှည့်ကြည့်လိုက်စဉ် မြေကြီးပေါ်ပြုတ်ကျပြီး ခွေခွေလေး လဲကျနေသော တေး ကို တွေ့လိုက်ရ၏။ လူလှ လည်း လှည်းပေါ်က အမြန်ခုန်ဆင်းပြီး တေး ကိုပြေးပွေ့လိုက်၏။

"တေး.. တေး.. တေး..."

ပါးပုတ်ပြီး လှုပ်နှိုးကြည့်၏။ သတိလစ်နေ၏။ နှိုးလို့မရ။ ဘယ့်လို ဖြစ်ရတာလဲ..၊ ဘာတွေဖြစ်ကုန်ပြီလဲ...။ ဒီလိုအန္တရာယ်များတဲ့နေရာကို ညနေခင်းကြီးရောက်လာရခြင်းမှာ သွေးရိုးသားရိုးတော့ ဘယ်လိုမှ မဖြစ်နိုင်။

လူ ကိုယ်တိုင် နားလည်လို့မရနိုင်။ ကြောက်စိတ်တွေကြီးစိုးပြီး ခေါင်းနပန်းတွေကြီးကာ ကြက်သီးဖြန်းဖြန်းထနေမိတော့၏။ ဒီတော





ချုံထဲမှာ ကြာကြာနေဖို့မသင့်။ မကြာခင် နေဝင်ရီတရော ဖြစ်လာတော့မည်။ အဲဒီလိုအချိန်မှာ မကောင်းဆိုးဝါးတွေ ထကြွသောင်းကျန်းချိန်ဟု ရှေးလူကြီးသူမတွေ ပြောဆိုတာ လူ ကြားဖူးထား၏။

ဒီနေရာမျိုးမှာမှ တေး ရောက်လာပြီး သတိလစ်နေခြင်းမှာလည်း အတိတ်နိမိတ်မကောင်းလှ။ တေး ကို နှာနှပ်ယူလိုက်မှ တေး သတိ ပြန်လည်ရလာ၏။

"အင်း..ဟင်း..ဟင်း..၊ အား..ကျွတ်..ကျွတ်..."

"တေး.. တေး သတိရလာပြီ၊ လူ လေ.. တေး အနားမှာ လူ ရှိတယ်၊ ဘာမှမကြောက်နဲ့..၊ ဘာမှအားမငယ်နဲ့နော်"

တေး က မျက်လုံးလေးမှေးစင်းရာမှ အသာဖွင့်လာပြီး လူ့ကို သေချာကြည့်နေ၏။ ပြီးနောက် ဘေးဘီကိုလိုက်ကြည့်၏။

လူရဲ့ရင်ခွင်ထဲရောက်နေတာကို ရှုန်းမထွက်။ သတိမထားမိသေး၍လား မသိ။

တေး က ဘေးဘီဝဲယာကြည့်နေရာက လူ့ကို ပြန်လည်ကြည့်ပြီး မျက်လုံးလေး ပေကလပ်ပေကလပ်လုပ်နေ၏။ ပြီးမှ...

"မောင်.. မောင်တော်"

လူ အံ့သြသွား၏။ တေး မှ ဟုတ်ပါလေစ၊ အပမှီသွား၍များလား...။

"တေး.. တေး သတိထားလေ၊ ကိုယ်က မောင်တော် မဟုတ်ပါဘူး၊ လူ လေ လူ ပါ တေးရဲ့"

တေး က လူ ကို ကြောင်တောင်တောင်လေးကြည့်နေရင်း…

“နှမတော်တို့ နေခဲ့ဖူးတဲ့ သိုက်နန်းဟောင်းကို မောင်တော်ရော နှမတော်ပါ လူ့ဝတ်ကြောင်ဘဝနဲ့ ပြန်ရောက်ခဲ့ပြီလေ မောင်တော် ရဲ့… မောင်တော် မမှတ်မိဘူးလား”

“ဘာတွေလဲ တေးရယ်… သတိထားပါဦး၊ မင်းခေါင်းကို ထိခိုက်မိလို့များ အတိတ်မေ့သွားတာလားဟင်…”

“မောင်တော်သာ အတိတ်မေ့နေတာပါ၊ နှမတော်က မမေ့ဘူး၊ အခွင့်အခါသင့်လို့ နှမတော် အတိတ်ကို ပြန်သတိရနေပြီ၊ လာပါ… နှမတော်တို့ အတူနေခဲ့တဲ့သိုက်နန်းဆိုတာ ဝက်ပါထဲမှာရှိပါတယ်၊ နှမတော် လိုက်ပြမယ်”

တေး က လူရဲ့ရင်ခွင်ထဲက အသာထ,ထိုင်ပြီး ညင်သာစွာ မတ်တတ်ရပ်လိုက်၏။ ကျောလယ်ထိရှည်သည့် စုစည်းထားသော ဆံပင်ရှည်တွေကို ဖားလျားဖြန့်ချလိုက်၏။ အလွန်လှပပြီး ဝင်းမွတ် ဝါရွှေသည့် နတ်သမီးပုံအသွင် အဟုန်အလျင်ဆောင်သွားတော့၏။

ရုတ်တရက် သံသာတေးအသွင် ပျောက်ပြီး နတ်သက်ကြွေလာ သည့် နတ်သမီးလေးအသွင် ပေါက်သွားသော တေး ကို ကြည့်ကာ လူလည်း ကြက်သေ တွေတွေငေးမောနေမိတော့၏။

“ထလေ မောင်တော် လူရဲ့…၊ ဝက်ပါထဲမှာ ရွှေနန်းဆောင် ကြီး ရှိတယ်၊ အဲဒီမှာ သိုက်နန်းဖော်တွေ အများကြီးလဲရှိတယ်၊ လာပါ… မောင်တော်ရဲ့အတိတ်ဟောင်းကို ပြန်သတိရအောင် လိုက်





ပြပေးမယ်”

တေး က လက်ဆွဲခေါ်ပြီး ချုံနွယ်တွေ ပိတ်ဆို့နေသော အုတ် လိုဏ်ဂူဝင်ပေါက်ကို လျှောက်သွားနေ၏။ အပေါက်ဝရှေ့ ရောက်မှ လူ သတိဝင်လာပြီး …

“မသွားနဲ့ တေး… မဝင်နဲ့၊ အန္တရာယ် အရမ်းများတယ်၊ လာပါ… ဒီတောအုပ်ထဲက အမြန်ပြန်ကြရအောင်”

“ဟင့်အင်း… ဝင်ကြည့်ရအောင်ပါ မောင်တော်ရယ်”

“မကြည့်ရဘူး…၊ လာ…”

လူ က တေး ရဲ့လက်ကို အတင်းဆွဲခေါ်၏။ တေး က …

“အတင်းအကျပ်မလုပ်နဲ့… နှမတော် မကြိုက်ဘူး၊ သိုက်ချုပ် ဘိုးဘိုးကြီးနဲ့ အစောင့်တွေက နှမတော်နဲ့မောင်တော်ကို ဘာမှ အန္တရာယ်မပေးပါဘူး၊ မကြောက်ပါနဲ့”

လူ ကြက်သီးဖြန်းဖြန်းထ,လာ၍ တေး ကို အတင်းပွေ့ချီပြီး ချုံတောတွေထဲက အတင်းတိုးထွက်လိုက်၏။ တေး က ရုန်းကန် အော်ဟစ်ရင်း လိုက်ပါလာရရှာ၏။ လှည်းကျိုးကြီးကို ပစ်ထားလိုက် ရ၏။

“မောင်တော်… မောင်တော်… ခဏနေပါဦး၊ နှမတော် ရှင်းပြ ပါရစေ၊ နှမတော် ရှင်းပြတာကို မောင်တော် နားထောင်ပေးရင် မောင်တော် ခေါ်ရာကို နှမတော်လေး ကြည်ဖြူစွာလိုက်ခဲ့ပါ့မယ်”

လူ ရပ်တန့်လိုက်၏။ တေး ကို အသာချပေးလိုက်၏။ ထိုင်ခုံ

သဖွယ်ဖြစ်နေသော သစ်မြစ်ဆုံပေါ်မှာ တေး ကိုချပေးလိုက်၏။ တေး က မထိုင်။ အနီးအနားရှိ ညောင်မုတ်ဆိတ်ပင်ကြီးကို လက်ညှိုးညွှန်ပြရင်း…

"အဲဒီအပင်ပေါ်တက်ပြီး နွယ်ကြိုးပုခက်ကို ချပေးပါလား မောင်တော်"

"တေး‥ မင်း ဘာတွေပြောနေတာလဲကွာ၊ သတိထားပါဦး၊ ဒီနေရာက ကြာကြာနေလို့မကောင်းဘူး"

"လုပ်ပေးပါ မောင်တော်ရယ်"

လူလည်း ခေါင်းကုတ်ပြီး ညောင်မုတ်ဆိတ်ပင်ပေါ် တက်ရတော့၏။

"ဒီဘက်ညောင်ကိုင်းမှာ ကြိုးပတ်လိမ်ထားတဲ့ပုခက် ရှိတယ်၊ ဖြုတ်ချလိုက်ရုံပဲ"

ရှိမည်ဟု လူ မထင်။ သို့ပြား အမှန်ပင် ညောင်ကိုင်းကို ပတ်လိမ်ထားသောကြိုးပုခက်ကို တအံ့တဩ တွေ့လိုက်ရ၏။

"ပစ်ချလိုက်လေ၊ ဘာကြောင်ကြည့်နေတာလဲ မောင်တော်ရဲ့"

နွယ်ကြိုးပုခက်ကို ဖြုတ်ချပေးလိုက်၏။ လူ တစ်ယောက်စီးလို့ရသော ဒန်းပုခက်ဖြစ်သွား၏။ လူ အောက်ကိုပြန်ဆင်းလာသောအခါ တေး က ဒန်းပေါ်တက်ထိုင်ကာ လွဲစီးနေတော့ဖြစ်၏။

"ဒီပုခက်ပေါ်မှာ နှမတော်လေး ထိုင်လို့ မောင်တော်က အမြဲ





တမ်း လွဲပေးခဲ့တာ၊ မှတ်မိသေးရဲ့လားဟင်"

"မမှတ်မိဘူး၊ မင်း ခဏပဲစီးနော်‥ ပြန်ရအောင်"

"ဘာမှမကြောက်ပါနဲ့ မောင်တော်ရယ်၊ ဒီနေရာလေးက နှမတော်နဲ့မောင်တော်တို့ရဲ့ ဘူမိနက်သန်နေရာလေးပါ၊ နှမတော်ကို စိုးရိမ်ရမှာက သိုက်စောင့်ဘီလူးသေလို့ လူ့ဘဝမှာ ပြန်ဝင်စားပြီး သောင်းကျန်းနေတဲ့ ဒေါင်ကြီး ဆိုတဲ့ကောင်ကိုပဲ၊ ဒီကောင်က နှမတော်လေးတို့ချစ်ခြင်းကို အရင်ဘဝကလဲ ခွဲခဲ့သလို ဒီဘဝလဲ လိုက်ခွဲနေတဲ့ကောင်ပေါ့"

လူ ကတော့ တေး ပေါက်ကရတွေပြောနေသည်ဟုသာ ယူဆနေမိ၏။ တေး က အတည်အခန့် အလေးအနက်ပြောနေခြင်းဖြစ်၏။ ဒန်းကိုလွဲစီးနေရတာကိုလည်း ပျော်နေပုံပေါက်၏။

ညနေညိုကလည်း တဖြည်းဖြည်း မှောင်လာတော့မည်။

တေး ကို ရွာရောက်အောင် ဘယ်လိုပြန်ခေါ်ရမည်မှန်း မသိတော့။

"တေး ပြောတာ အမှန်တွေပါ၊ မောင်တော် ယုံပါပြီ၊ ခုတော့ ရွာပြန်ကြရအောင်ပါကွာ"

လူ က ချော့ခေါ်၏။ တေး က ဒန်းကို အမြင့်ကြီးရောက်အောင် လွဲစီးနေပြန်၏။ နွားတွေလည်း ဘယ်ရောက်ကုန်မှန်းမသိ။ တေး ကို အပမှီနေပြီဟု လူ ထင်မိ၏။ တေး က ခေတ်ဟောင်း တေးသီချင်းလေးပင် ဆိုညည်းနေလိုက်သေး၏။

"တေး… မောင်တော့မယ်၊ ပြန်ရအောင်"

"မောင်တော် ပြန်စေချင်ရင်လဲ ပြန်ပါ့မယ်၊ ဟောဟိုမှာ သိုက်နန်းကလူတွေ ထွက်ကြည့်နေကြပြီ၊ လက်ပြခေါ်နေကြတယ်၊ သွားတွေ့ရအောင်နော်"

လူ ကျောချမ်းသွား၏။ လိုဏ်ဂူပေါက်ကိုလက်ညှိုးထိုးပြပြီး ပြောနေခြင်းဖြစ်၏။ ဒီအတိုင်းဆို မလွယ်တော့။ တေး ရဲ့ဒန်းကို အသာဆွဲရပ်လိုက်ပြီး တေးရဲ့ကုပ်ပိုးနေရာကို လက်ဝါးစောင်းနှင့် လက်ဆချိန်ပြီး ခုတ်ချလိုက်၏။

"ဒုတ်"

"အမေ့"

တေး ခွေခွေလေးလဲကျသွားတာကို အလိုက်သင့်ပွေ့ချီပြီး ချုံတောထဲက ဖြုထွက်ရတော့၏။ ချုံတောအပြင်ရောက်မှ ပင့်သက် တစ်ဝက်ကိုချနိုင်၏။ ရွာရောက်အောင် တေး ကိုထမ်းပြီးခေါ်လာရတော့၏။





"အဖြစ်အပျက်ကတော့ အဲဒါပါပဲ အန်တီမြရယ်"

ရွာထဲမှာတည်းခိုသော မယဉ်ကျေး တို့အိမ်အရောက်မှာ တေး ပြန်သတိရလာ၏။ တေး ကို ထမ်းခေါ်လာ၍ ရွာထဲကလူတွေက စပ်စု မေးမြန်းကြ၏။ လူ က လှည်းမှောက်လို့ဟုသာ တိုတိုတုတ် တုတ် ပြန်ဖြေခဲ့၏။ ရွာထဲကလူတွေ အုံလိုက်ကျင်းလိုက် သတင်း မေး ရောက်လာကြ၏။ လူ ရှင်းပြတာကိုနားထောင်ပြီး ထင်ရာ မြင်ရာ ဝေဖန်ပြောဆိုကုန်ကြ၏။

"မြောင်ဝက်ပါသိုက်က ဖမ်းစားလိုက်တာဖြစ်မယ်"

"အပမှီတာဖြစ်မှာပါရှင်"

"အဲဒီနေရာက သိပ်နတ်ကြီးတာ၊ ကံကောင်းလို့ မသေပျောက် ဘဲ ပြန်ရောက်လာတယ်"

"ပယောဂဆရာနဲ့ ပြကြည့်ပါလား"

"ဒါ သွေးရိုးသားရိုးမဖြစ်နိုင်ဘူး၊ နွားတွေကိုဆွဲခေါ်သွားတာ ဖြစ်လိမ့်မယ်"

"အဲတော့ .. နွားတွေကို ဘယ်လိုလိုက်ရှာကြမလဲ"

"လှည်းကိုရော ဘယ်သူတွေ သွားယူကြမလဲ"

ဦးသူတော် အပါအဝင် ရွာလူကြီးတွေနှင့် တိုင်ပင်ကြရတော့၏။ မှောင်လုမှောင်ခင်မှာ ရွာက ကာလသားအဖွဲ့နှစ်ဖွဲ့ခွဲပြီး နွားရှာသူ ရှာ၊ လှည်းပြန်တွန်းသူတွန်း ယူလာဖို့ ထွက်သွားကြကုန်၏။

တေး ကတော့ ပယောဂကပ်သည့်သူပမာ ဒေးတီဒေးကြောင်နှင့် ထောင့်တစ်နေရာမှာ ကျုံ့ကျုံ့လေးထိုင်ပြီး ငြိမ်နေ၏။ ဘယ်သူ့ကိုမှလည်း စကားမပြော။ အန်တီမြနှင့် သီရိဒုံတို့ရဲ့ ခေါင်းမှာ ဒဏ်ရာ ရ,မရ စစ်ဆေးတာကိုပင် အစစ်ဆေးမခံ။ လူ က တေး အကြောင်း ရှင်းပြတာကိုပင် သူမနှင့်မသက်ဆိုင်သလို ငိုင်ပြီး နားထောင်နေလိုက်သေး၏။

"ကျွန်မ တူမလေး အခြေအနေကို စိုးရိမ်ရသလား ဦးသူတော်"

"ကုတော့ ကုရမှာပဲ၊ သည်းခြေပျက်သူလိုမျိုး ဖြစ်သွားတာ၊ လှည်းပေါ်က နောက်ပက်လက်လန်လဲကျတာ အလန့်လွန်သွားတယ်"

"တူမလေးက နှလုံးရောဂါအခံလဲ ရှိတယ်၊ ပြီးတော့..."





အန်တီမြ စကားရပ်ပြီး လူတွေကြားထဲမှာ မပြောသင့်သော စကားမို့ စကားကို တိခနဲရပ်ထားလိုက်ပြန်၏။ လူတွေရှင်းသွားတော့မှ အဲတွင်းစကားကို ဦးသူတော်၊ လူ နှင့် မယဉ်ကျေး တို့ကို တီးတိုးပြောပြ၏။

"တေး မှာ စိတ်ရောဂါအခံလဲရှိတယ်၊ စိတ်ကစဉ့်ကလျားဖြစ်တတ်တဲ့ရောဂါမျိုးပေါ့၊ ယဉ်ယဉ်လေးနဲ့ရူးတယ်ဆိုတာမျိုး၊ အခန့်မသင့်တဲ့အခါကျရင် ပြန်ဖြစ်တတ်တယ်၊ ခေါင်းကို ထိခိုက်မိတာတို့ဆို ပိုဖြစ်တယ်လေ၊ အခုဟာက အပမှီတာလား၊ ခေါင်းကိုထိသွားလို့ စိတ်ရောဂါအနုစား ပြန်ဖြစ်တာလား၊ အလန့်လွန်ပြီး နှလုံးသည်းခြေ ထိခိုက်သွားတာလားဆိုတာ ခွဲခြားရခက်နေတယ်"

ဦးသူတော် က တေး ကို မမိုတ်မသုန်ကြည့်နေရင်းမှ ...

"အားလုံး အစုံဖြစ်သွားတယ်လို့သာ ယူဆရမှာပဲ၊ ပရိတ်ရေတိုက်ပြီး ဒီတစ်ညသိပ်လိုက်တော့၊ နောက်တစ်နေ့ ပြန်ကောင်းလာမှာပါ"

အန်တီမြ၊ သီရိဒုံနှင့် မယဉ်ကျေး တို့က တေး ကို ဝိုင်းပြီး ချော့သိပ်ကြ၏။ တေး က မအိပ်။

"နမတော် အိပ်စေချင်ရင် မောင်တော်ကိုယ်တိုင် သီချင်းဆိုသိပ်မှ အိပ်မယ်"

အန်တီမြ က ဟင်းချပြီး ...

"ကဲ... တို့သိပ်လို့တော့ မအိပ်ဘူး.. မော်တော် တဲ့၊ အဲလေ..

မောင်တော် တဲ့၊ လာသာချော့သိပ်လှည့်ပါတော့ကွယ်''

လူလည်း တေး ရဲ့အိပ်ရာဘေးနားကိုသွားထိုင်ရ၏။ ခေတ်ပေါ် သီချင်းတွေနှင့်ချော့သိပ်လို့မရ၊ ရွှေခြည်ငွေခြည်တန်းပါလို့ ဆိုသော ရှေးသီချင်းကိုဆိုသိပ်မှ အိပ်သွားတော့၏။

တေး အတွက် ရွာကလူတွေ စိတ်မကောင်းကြ။ လူ က ပိုလို့ပင် ဆိုးသေး၏။ သူ ပါးစပ်ဆော့ပြီးခေါ်လို့ တေး ဒီလိုဖြစ်ရတာ ဆိုပြီး သူ့ကိုယ်သူ ရိုက်သတ်ချင်စိတ်ပင် ပေါက်နေမိ၏။

မယဉ်ကျေး က…

''ဘယ်ဟုတ်မလဲဟယ်… တမင်လုပ်တာမှမဟုတ်တာ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းသာ မှတ်လိုက်ပါတော့''

သီရိဒုံ ကလည်း နှစ်သိမ့်၏။

''အကြောင်းကံဖန်လာလို့သာပဲ အောက်မေ့လိုက်ပါ၊ တေး ကိုပဲ ခုလိုဆက်စောင့်ရှောက်ပေးနော်၊ ဒါဆို တေး အတွက် ပြန်လည်ပေးဆပ်ရာလဲရောက်ပါတယ်၊ အပြစ်မပြယ်လို့ ပြန်အဖတ်ဆယ်ချင်ရင် ပြောပါတယ်''

ဒေါ်ခင်လှ တို့အိမ်ဘက်အခြမ်းမှာတော့ ဆူညံဆူညံအသံတွေ ကြားရ၏။ ဒေါင်ကြီးတို့ခံခဲ့ရတာကို ဒေါ်ခင်လှ မကျေနပ်လို့ ပွဲကြမ်းနေကြောင်း ကြားသိရ၏။

လူ တို့ဘက်ကိုတော့ လာမကြမ်းရဲ၊ ဦးသူတော်နှင့် ရွာလူကြီးတွေ ရှိနေသောကြောင့်ဖြစ်၏။





နောက်တစ်နေ့နံနက်ခင်းမှာတော့ တေး အိပ်ရာထဲကနေ ကြည်ကြည်လင်လင် နိုးထလာ၏။ ရွာဓလေ့အရ မနက်ငါးနာရီထိုးဆို ရွာသူရွာသားအများစုမှာ နိုးကုန်ကြလေပြီ။ နွားစာကျွေးသူ ကျွေး၊ လယ်ယာထဲသွားဖို့ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ကုန်ကြ၏။ မနက်ဝေလီဝေလင်းမှာ လယ်ထဲသွားသူတွေ သွားကုန်ကြ၏။ လယ်ထဲကို မနက်စာပို့ဖို့အတွက် ထမင်းဟင်းတွေလည်း ငါးနာရီလောက်ကတည်းက ချက်ပြုတ်ကုန်ကြ၏။

မယဉ်ကျေး က ထမင်းဟင်းချက်နေ၏။ မနက်(၆)နာရီခွဲမှာ အန်တီမြ၊ သီရိဒုံနှင့် တေး တို့ နိုးလာကြ၏။ လှလှ က ရွာလယ်ပိုင်းရှိ အကြော်ဆိုင်က အကြော်ပူပူလေးနှင့် ကောက်ညှင်းပေါင်းတွေ ဝယ်လာ၏။

''တေး ပြန်ကောင်းလာပြီလား အန်တီမြ''

''အေး… ဘုရားရှိခိုးနေတယ်၊ ဦးသူတော် ပရိတ်ရေတိုက်ထားလို့ စိတ်ပြန်ငြိမ်သွားပုံရတယ်''

သီရိဒုံ က မျက်နှာသစ်ထားတာကို တဘက်နှင့်သုတ်ရင်း…

''အိပ်မက်တွေယောင်မက်ပြီး ည(၂)နာရီလောက်က စူးစူးဝါးဝါးတွေ ပြောနေသေးတယ်၊ နောက်တော့ ဟင်းခနဲ သက်ပြင်းမောကြီးချပြီး တစ်ချိုးတည်း အိပ်သွားတယ်လေ''

မယဉ်ကျေး က မနက်စာစားဝိုင်းကို ပြင်ဆင်ပေး၏။ အကြော်၊ ကောက်ညှင်းပေါင်း၊ ငါးရံ့ခြောက်ဖုတ်၊ မြေပဲလက်ဖက်သုပ်၊ ရေနွေး

ကြမ်းတွေကို စားပွဲဝိုင်းလေးနှင့် သပ်သပ်ခြေခြေ ချခင်းပေးထား၏။

လူ၊ အန်တီမြ၊ သီရိဒွံတို့ ဝိုင်းထိုင်လိုက်ကြ၏။ တေး က ဘုရားရှိခိုးပြီးတော့ ဝိုင်းရှိရာကို ကြည်ကြည်သာသာအပြုံးလေးနှင့် ထ,လာ၏။

"တေး နေကောင်းသွားပြီနော်"

လူ က မေးတော့ တေး က ခေါင်းလေး ညင်သာစွာ ညိတ်ပြ၏။ ပြီးနောက် ...

"တေး ညက အိပ်မက်တွေမက်ဘယ်၊ ပြီးတော့ ရန်ကုန်မှာ နေကတည်းက မကြာခဏမက်တတ်တဲ့အိပ်မက်တွေနဲ့ ညက အိပ်မက်က ဆက်စပ်မှုရှိနေတယ်၊ အန်တီမြ ကို တေး မကြာခဏပြောပြဖူးတယ်လေ"

အန်တီမြ က ကောက်ညှင်းပေါင်းကို လုံးဆုပ်ပြီး အကြော်ပူပူကို တစ်ကိုက်ဖဲ့ဝါးနေ၏။ ပြီးနောက် ကောက်ညှင်းလုံးကိုပါ ပါးစပ်ထဲ ထည့်ဝါးလိုက်၏။

ဝါးစားနေရင်းနှင့် ...

"ဟုတ်တယ်၊ သမီးတေးမှာ သိုက်ဆက်ရှိတယ်၊ အသက်နှစ်ဆယ့်သုံးနှစ်ပြည့်ရင် သိုက်က ပြန်ခေါ်မယ်လို့ သမီးတေးကို မကြာခဏ အိပ်မက်လာလာပေးကြတယ်၊ အခု သမီးတေးရဲ့ အသက်က နှစ်ဆယ့်သုံးနှစ်ပြည့်ဖို့ ရက်ပေါင်းနှစ်ဆယ်ပဲ လိုတော့တယ်လေ"





သီရိဒွံ က အကြော်တစ်ဖဲ့ဝါးရင်း ...

"အဲဒါ ဗိုလ်တထောင်ဘုရားပရိဝုဏ်ထဲမှာရှိတဲ့ အစ်မမြနန်းနွယ်ရဲ့နန်းမှာ ပွဲထိုးပြီး အသက်သွားတိုးတောင်းပါလား၊ ဒီလိုမှမလုပ်ချင်ရင် ဆရာကောင်းကောင်းနဲ့ သိုက်ကြိုးဖြတ်ပစ်လိုက်ပေါ့"

တေး က မြေပဲကြော်တစ်စေ့ကို ယူဝါးလိုက်ပြီး ...

"သီရိ ပြောတာတောင် နောက်ကျနေသေးတယ်၊ အဲဒါတွေ သွားလုပ်ပြီးပြီ၊ ဒါပေမယ့် မရပါဘူး၊ အိပ်မက်ထပ်ပေးတယ်၊ သိုက်နန်းကို ရအောင်ပြန်ခေါ်မှာပဲတဲ့"

လူ က လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ...

"ဒါဆို တေး ဘယ်လိုလုပ်မလဲ၊ ရက်နှစ်ဆယ်ပြည့်ရင် သေရတော့မှာပေါ့၊ ဥစ္စာစောင့်တွေပြန်ခေါ်ရင် အစိမ်းသေကြတာများတယ်၊ တေး ကို အဲဒီလိုအဖြစ်မခံနိုင်ဘူး၊ ဦးသူတော် ကိုပြောပြပြီး သိုက်ကြိုးဖြတ်ပစ်မှဖြစ်မယ်"

အန်တီမြ က ...

"ဟုတ်သားပဲ၊ ဦးသူတော် ဆိုရင် စွမ်းချင်စွမ်းမှာပေါ့"

လူ က ချက်ချင်းထရပ်ပြီး ...

"ပြောနေတာ ကြာတယ်၊ အခုပဲ ဦးသူတော်ဆီကို သွားကြရအောင်"

"နေပါဦး၊ ဦးသူတော် ဘုရားတည်တဲ့ဆီမှာ ကြီးကြပ်နေတဲ့အချိန်လေ၊ နေ့ဘက် ထမင်းစားပြီးချိန်လေးသွားကြတာပေါ့"

"ကျွန်တော်ကတော့ ဒီကိစ္စ မြန်လေကောင်းလေလို့ပဲ ထင်တယ်"

တေး အတွက် ပူပန်စိုးရိမ်နေသောလူကိုကြည့်ပြီး တေး လူ့ကို အားကိုးမိသွား၏။ သိုက်ဆက်အကြောင်းနှင့်ပတ်သက်ပြီး လျှို့ဝှက်ချက်တွေရှိနေသေးတာကို ဘယ်သူ့မှမပြော။ လူ့ကိုသာပြောဖို့ တေး စိတ်ကူးမိ၏။ မနက်စာစားချိန်တစ်လျှောက်လုံး လူ့ရဲ့စိုးရိမ်ပူပန်မှုနှင့် ဂရုတစိုက်ရှိမှုကို ပေါ်ပေါ်လွင်လွင်တွေ့နေရ၍ တေး ကြည်နူးမိ၏။

"ဒီမှာ ကိုလူ ... တေးအတွက် ကျွန်မတို့ စိတ်ပူဖို့လဲ ချန်ထားပါဦး"

သီရိဒွံ က အသောဖောက်သော်လည်း လူ မရှက်နိုင်၊ မရယ်နိုင်။ တေး မျက်နှာလေးကိုသာ ထိုင်ငေးကြည့်နေမိ၏။

"တေးရဲ့ သေရေးရှင်ရေးဟာ ကျွန်တော့်ရဲ့ သေရေးရှင်ရေးလိုပါပဲ"

လူ့စကားကြောင့် တေး မျက်လုံးလေးတွေ ဝိုင်းစက်သွား၏။ အန့်တီမြ က စားသောက်ပြီးသောပန်းကန်တွေကို နောက်ဘက်ထယူသွား၏။ သီရိဒွံ က ...

"တေးသားပေမယ့် ပြောတတ်တယ်နော်"

"တေးသားလဲ အသည်းနှလုံးနဲ့ပါ မသီရိဒွံရယ်"

"အလဲ့ .. လာသေးတယ် .. သူက ..."

လူ ငြိမ်နေလိုက်မိ၏။ နေ့လယ်ဘက်မရောက်ခင်မှာ ဦးသူတော်





ဆီသွား လူ အရင်သွားတွေ့လိုက်၏။ တေး နှင့်ပတ်သက်သမျှ အကြောင်းတွေကို ရှင်းပြလိုက်၏။ ဦးသူတော်က နားထောင်ပြီး ...

"ဒီလိုအကြောင်းမျိုးဆိုတာ ဘာမှ အသေသုံးဆယ် ဆုံးဖြတ်လို့ မရဘူး၊ ဦးသူတော်တို့က လူမှုရေးကိစ္စတချို့တွေမှာ ဝိဇ္ဇာမျက်လုံး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေရဲ့အသိနဲ့ ပြောချင်တိုင်း ပြောလို့မရဘူး၊ မျာန်ရတဲ့ သူတော်စင်တွေတောင် အနေအထိုင်မတတ်ရင် ဈာန်ပြန် လျှောကျတတ်တယ်၊ ဦးသူတော်ဘာသာ ဦးသူတော် ဒီလိုအဆင့် ရောက်နေပြီလို့ ဝန်ခံတာမဟုတ်ဘူးနော်။ လူလှ ... မင်းနဲ့ပတ်သက်တဲ့ ကံကြမ္မာကို မင်းဘာသာ ဆုံးဖြတ်ပါ၊ ဦးသူတော် ဘာမှဝင် မပြောတာကို စိတ်မရှိပါနဲ့၊ တချို့ကိစ္စတွေမှာ ဝင်ပါလို့ မသင့်တော်တာတွေရှိတယ်၊ အခု ဦးသူတော်က ရွာထဲကအလှူရှင်တွေဆက်ကပ်တဲ့ နေ့ဆွမ်းကို ဘုရားမှာကပ်လှူရဦးမယ်၊ အဲဒါ ဦးသူတော်ရဲ့ အဓိကအလုပ်၊ ဦးသူတော် ပါးပါးလေးပြောပြတာကို လေးလေး နက်နက် သဘောပေါက်စမ်းပါ လူလှရယ်"

ဦးသူတော် က ပြောပြီး ကျောင်းပေါ်တက်သွား၏။ ဘုရားမှာ နေ့ဆွမ်းအမီကပ်ဖို့ သွားရောက်ပြင်ဆင်ခြင်းဖြစ်၏။

ယခင်က လူလှနှင့်လွဲထားသောတာဝန်ဖြစ်၏။ ယခုကာလ၌ လူလှနှင့်လွဲ၍မဖြစ်မှန်းသိနေ၍ ဦးသူတော်ကိုယ်တိုင် နားလည်မှုပေးကာ တာဝန်ယူနေခြင်းဖြစ်၏။ လူလှ က နောက်မှလိုက်လာပြီး ...

"ဦးသူတော်ကြီးမှမကယ်ရင် တေး သေဖွယ်ရာသာရှိတော့မှာ

ပေါ့ဗျာ"

"သတ္တဝါတစ်ခု ကံတစ်ခုစီပဲ၊ ကံတရားကို ဦးသူတော် တို့က ချယ်လှယ်လို့မရဘူး"

"ဒါဆို ကျွန်တော် သိချင်တာကို တဲ့တိုးမေးလိုက်ဗျာ၊ ကျွန်တော် စိတ်မဆိုးဘူး၊ အမှန်တရားကို လုံးဝလက်ခံတယ်၊ တေးရဲ့ နောက်ဆက်တွဲပြဿနာတွေ ဘာတွေဖြစ်လာမလဲ"

"စိတ်မကောင်းပါဘူး၊ ဦးသူတော် မပြောနဲ့ ဝါရင့်ဆရာတော်ကြီးတွေတောင် ကံ ကံ၏အကျိုးကို ယုံကြည်ကြရသေးတာပဲ"

"ကံဆိုတာ ကိုယ်ပြုသမျှ ကိုယ့်ထံပဲ့တင်ပြန်လာတာကို ဆိုလိုတာမှန်း ကျွန်တော် သဘောပေါက်ပါတယ်"

"အိမ်း.. မင်းကောင်မလေးကလဲ အရင်ဘဝဘဝတွေတုန်းက သူပြုခဲ့သမျှကံကို သူပြန်ခံစားနေရတာပဲ လူလှရဲ့"

ဦးသူတော် က ကွမ်းယာကို ဆုံထဲထည့်ထောင်းပြီး ညက်နေသောကွမ်းတွေကို ပါးစပ်ထဲ ပစ်ထည့်ကာ ငုံထားလိုက်၏။ လူလှ က ဦးသူတော် အနားမှာ ရိုကျိုးစွာထိုင်နေပြီး…

"ဦးသူတော် ကယ်နိုင်သလောက် တေး ကို ကယ်ပေးပါနော်၊ တေး က ပယောဂကပ်သလိုဖြစ်နေလို့ပါ"

"ပယောဂဆိုတာထက် စိတ်ရောဂါက ပိုဆိုးနေတယ် လူလှရဲ့၊ ကလေးမလေးမှာ… ဒီကို ဘုရားလာတည်တဲ့ ကောင်းမှုအခြေခံလေး ရှိနေလို့သာ သူ့ခမျာ ခံသာနေတာ၊ နို့မို့ဆိုရင် ရူးရင်ရူး မရူး





ရင်တောင် သေတော့မှာ"

"ဗျာ.. အဲဒီလောက်အထိ အခြေအနေဆိုးနေတယ်၊ ဒုက္ခပါပဲ၊ တေး ကို ဘယ်လိုပြန်ကယ်လို့ရနိုင်မှာလဲဟင်"

ဦးသူတော်က ကွမ်းတံတွေး ပျစ်ခနဲ ဘေးကိုထွေးလိုက်ရင်း…

"ဘုရား.. တရား.. သံဃာ ရတနာသုံးပါးကို မပြတ်တမ်းနှလုံးသွင်းပူဇော်နေမှ ဒီမိန်းကလေး အသက်ဆက်ရှင်နေလို့ရလိမ့်မယ်၊ ဒါကို ဘေးနားကလှုံ့ဆော်နေတဲ့လူ အမြဲရှိနေသင့်တယ်"

"ရတနာသုံးပါးကို အမြဲဆည်းကပ်ကိုးကွယ်နေဖို့ လှုံ့ဆော်ပေးနိုင်မယ့်လူဟာ ကျွန်တော်ပဲ ဖြစ်စေရမယ်"

"ပဋ္ဌာန်းဆက်ရှိလို့ ရေးရေစက်အကြောင်းကံဖန်လာလို့ မင်းဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတာပေါ့"

လူလှ တစ်ယောက် စေတီလေးတည်နေရာကို လှမ်းငေးမျှော်ရင်း…

"စိတ်ချ…၊ ကျွန်တော် ရှိနေသမျှ ဦးသူတော် ပြောတဲ့အတိုင်း လုပ်မယ်၊ တေး မသေစေရဘူး၊ သိုက်နန်းဆိုတာတွေ တေး ကို ရိုက်ဖမ်းခေါ်တာတောင် တေး မလိုက်သွားစေရဘူး"

လူ ရဲ့စကားကြောင့် ဦးသူတော် မိန့်မိန့်ကြီးပြုံးနေလိုက်တော့၏။

"တေး ကို ဦးသူတော်ကြီးက မကယ်နိုင်ဘူး၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို မပြတ်တမ်း ဆည်းကပ်ကိုးကွယ်နှလုံးသွင်းနေပါ၊ ရတနာမြတ်သုံးပါးကသာ တေး ကို ကယ်နိုင်မယ်၊ အဲဒီအတွက် ကျွန်တော် တေး အနားမှာအမြဲရှိနေဖို့ လိုတယ်"

လူ့ရဲ့စကားကြောင့် မယဉ်ကျေးတို့အိမ်ဘေးက ဘူးစင်တိုင်ကြီးကို မှီထိုင်နေသော တေး တစ်ယောက် တွေတွေငေးငေးလေးဖြစ်နေရာမှ ခန္ဓာကိုယ် တောင့်မတ်သွား၏။

"လူ ပြောတာကို တေး လက်ခံပါတယ်၊ တေး အနေနဲ့ လူ့ကို ပြောပြစရာတွေ အများကြီးရှိသေးတယ်၊ ဘေးလူတွေ မသိစေချင်ဘူး၊ လူနဲ့ နှစ်ယောက်တည်း အခုလိုတွေ့ရတုန်းမှာ တေး ပြောချင်တာတွေကို ပြောပြမယ်၊ လူ သေသေချာချာ နားထောင်





နော်"

လူ က ဘူးသီးနုနုလေးတစ်လုံးကို လက်နှင့်အမွေးသပ်ရင်း...

"ပြောလေ တေး၊ လူ အလေးအနက်ထားပြီး နားထောင်ပါမယ်"

တေး က လူ့မျက်နှာကို စိုက်ကြည့်လိုက်ပြီး ...

"တေးမှာ မိဘနှစ်ပါးစလုံး မရှိကြတော့ဘူး၊ အန်တီမြနဲ့ပဲ နေခဲ့ရတာ၊ တေး မိဘတွေဟာ တေး ဆယ့်ရှစ်နှစ်သမီးအရွယ်ကတည်းက ဆုံးသွားကြတာ၊ နိုင်ငံခြားမှာ အလုပ်ထွက်လုပ်ရင်း လေယာဉ်ပျက်ကျတဲ့အထဲ ပါသွားကြတာလေ၊ တေး မိဘတွေဆုံးတော့ မိဘတွေ ထားခဲ့တဲ့အမွေအနှစ်ကလေးတွေ စားသောက်ရင်းနေထိုင်လာခဲ့တာ တေး နှစ်ဆယ့်သုံးနှစ်ပြည့်ခါနီးတော့ ထားခဲ့တာလေးတွေ လုံးပါးပါးသွားခဲ့ရပြီပေါ့၊ တေး တို့ဘဝ ရှေ့ဆက်ရုန်းကန်ဖို့ ဒုက္ခရောက်နေတုန်း ဦးသူတော် ကယ်ခဲ့လို့ အသက်ရှူပြန်ချောင်လာရတယ်၊ ဒါ တေးရဲ့ ဘဝအပိုင်းအစလေးပါ၊ တေး အခုက ပြောချင်တာက..."

ပြောလက်စစကားကို ခေတ္တရပ်တန့်ပြီး ဘူးစင်မှ ဘူးရွက်စိမ်းစိမ်းလေးတွေကို လက်နှင့်ကိုင်ကြည့်နေ၏။ လူ က တေး မျက်နှာနုနုချောချောလေးကို စိုက်ငေးကြည့်ပြီး...

"ပြောပါ တေးရယ်၊ ကိုယ်က တေး အနားမှာ အမြဲရှိနေချင်တဲ့ လူ ပါ"

လူ့စကားကြောင့် တေး တစ်ယောက် လူ့ကို ဖျတ်ခနဲ မော့ကြည့်လာ၏။ မျက်ဝန်းဝိုင်းဝိုင်းကြီးတွေရဲ့အကြည့်ကြောင့် လူ့ခံမျှာ အရည်ပျော်ကျသွားမှာတောင် စိုးရ၏။ တေးရယ်·· မင်း ဘာကြောင့် ဒီလောက်တောင်လှနေရတာလဲကွယ်လို့ လူ တွေးထင်ပြီး စိတ်ထဲက ပြောလိုက်မိ၏။ တေး ကလည်း စိတ်ထဲကနေ···

လူရယ်··· ရှင် ဘာကြောင့် ယောကျ်ားပီသပြီး ခံ့ညားချောမောနေရတာလဲကွယ်··၊ ရှင့်ရဲ့ရုပ်ရည်နဲ့ ဒီလိုတောအရပ်ဒေသမှာ လာငုပ်နေရတာ နှမြောစရာကောင်းလိုက်တာ ရှင်ရယ်လို့ တေး စိတ်ထဲက ကျိတ်ပြောလိုက်မိတော့၏။

တစ်ယောက်အကြည့်ကို တစ်ယောက် နားလည်နေမိသလို တစ်ယောက်အကြည့်က တစ်ယောက်ရင်ကို ထိရှစိုးမိုးနိုင်လွန်းလှတော့သည်။ တေး ပြောမည့်စကားကို လူ က စောင့်စား၊ ငံ့လင့်နေသလို လူ့ရဲ့တုံ့ပြန်လာမည့် အမူအရာဓါင်းစုံကို တေး ကိုယ်၌ကလည်း ပြန်လည်စောင့်ကြည့်ချင်စိတ် ပေါက်နေမိ၏။

တေးနှင့် လူတို့ကြားမှာ ငြိမ်သက်ခြင်းတွေ ခေတ္တခဏ စိုးမိုးသွား၏။ တေး က သူမ ပြောချင်တာကို တစ်ဖက်လူ နားမလည်နိုင်မှာ စိုးရွံ့နေ၏။ လူ က တေး ပြောသမျှကို ဦးလည်မသုန် နာယူလိုဟန်ဖြင့် ငံ့လင့်ကာ တုံ့ပြန်ကြည့်နေရှာလေသည်။





၃

"ရှေးဘဝက ပဋ္ဌာန်းဆက်ရှိလို့သာ ဒီရွာမှာ ဘုရားလာတည်ခွင့် ရခဲ့ရတာပါ၊ မြောင်ဝကီပါသိုက်ဆိုတာ တေးနဲ့လူတို့ အရင်ဘဝဟောင်းက နေခဲ့ကြတဲ့နေရာတွေပါ၊ တေးနဲ့လူကို လူ့ဘဝမှာ သာသနာပြုဖို့ လွှတ်လိုက်တာ လူ ကတော့ သိုက်ဆက်ပြတ်တယ်၊ တေး က မပြတ်ဘူး၊ တေး ရဲ့ဘဝဟောင်းက သိုက်မောင်နှမတွေ ရှိကြတယ်၊ သူတို့က တေးနဲ့လူကို လုံးဝသဘောမတူဘူး၊ သူတို့ သဘောတူတဲ့လူက အခု ဘုရားတည်နေတဲ့နေရာမှာရှိတဲ့ ဘုရားသိုက်ကိုစောင့်ရတဲ့ သိုက်နန်းက မောင်တော်တစ်ပါးနဲ့ပေါ့"

တေး ပြောသမျှကို လူ က တအံ့တသြနားထောင်နေ၏။ ဒီစကားတွေဟာ အမှန်ဖြစ်နိုင်ရဲ့လား၊ တေးရဲ့စိတ်ရောဂါအခြေခံကြောင့် ပြောချင်ရာပြောနေတာလား၊ ယဉ်ယဉ်လေးနှင့်ရှုးနေသူမို့ ဇာတ်လမ်း

တစ်ပုဒ်လို အစီအစဉ်ကျနအောင်ပြောတတ်နေလားဆိုတာ လူ့စိတ်ထဲမှာ ဝေဖန်စဉ်းစားနေမိ၏။ ပြီးနောက် လူ သိချင်တာကို ကြားဖြတ်မေးလိုက်မိ၏။

"ခအေ…၊ သိုက်နန်းက နှစ်ခုတောင်လား"

"ဟုတ်တယ်၊ တေး တို့က ရှေးဘုရင်တွေလက်ထက်ကတည်းက မြှုပ်နှံပြီး ပိုင်ရှင်မဲ့ဖြစ်သွားခဲ့တဲ့ ဥစ္စာရတနာတွေကို စောင့်ရတဲ့ ဥစ္စာသိုက်ပေါ့၊ ဘုရားမှာကျတော့ ဘုရားအတွက် ရှေးအဆက်ဆက်က လှူဒါန်းထားခဲ့တဲ့ ဥစ္စာရတနာတွေကို မပျောက်မပျက်အောင် စောင့် ရှောက်ရတယ်၊ ဘုရားသိုက်လို့ ခေါ်တယ်၊ သိုက်နန်းချင်း အဆက်အသွယ်ရှိကြတယ်၊ တေးရဲ့အစ်ကို့အစ်မတွေက သိုက်နန်းတစ်ခုထဲသွားတဲ့ တေးနဲ့လူကို သဘောမတူတာ အကြောင်းရှိတယ်။ လူ့ရဲ့အစ်မတော်က လူသားတစ်ယောက်ကို ချစ်ကြိုက်မိပြီး သိုက်နေရာကို ဖော်ကောင်လုပ်မိလို့ သိုက်တူးဆရာတွေ သိုက်ကိုလာတူးကြတုန်းက သိုက်နန်းတစ်ခုလုံး အတိဒုက္ခရောက်ခဲ့ကြတယ်၊ ဒါကြောင့် လူ တို့အမျိုးကို အပြစ်သားအဖြစ်သတ်မှတ်ပြီး စိုင်းကြဉ်ထားကြတာ"

"ဪ… ကိုယ့်အပြစ်ကလဲ ဆိုးလိုက်တာ"

တေး က မတ်တတ်ရပ်ပြီး အိမ်ဘေးရှိ ရိုးချောင်းဘေးကို လမ်းလျှောက်သွား၏။ လူ က ဘေးနားက လိုက်လျှောက်ပြီး တေး အပြောကို နားစွင့်ထားလိုက်မိ၏။





လူ က အဲဒီအပြစ်ကို စိတ်နာပြီး လူ့ဘဝမှာ သာသနာပြုပြီး အပြစ်ဆေးကြောဖို့ သိုက်ချုပ်ဘိုးဘိုးကြီးဆီမှာ အခွင့်တောင်းခံခဲ့တယ်၊ ဘိုးဘိုးကြီးကလဲ ပေးသနားခဲ့တယ်၊ သိုက်နန်းက လူ ထွက်သွားတော့ တေး ဘယ်လိုနေတတ်မှာလဲ၊ အစ်ကိုတော်၊ အစ်မတော်တွေ သဘောတူတဲ့ ဘုရားသိုက်က မောင်တော်ဝဏ္ဏလဲ တေးကိုမှ တေး ပဲ၊ အစွဲအလမ်းကြီးနေတာလေ။ ဪ… အမှတ်ရတုန်း ပြောရဦးမယ်၊ သိုက်နန်းမှာတုန်းက လူ့ရဲ့နာမည်က မောင်တော်နန္ဒတဲ့၊ တေးရဲ့အမည်က မြနန်းနွယ်နီ တဲ့"

"ဪ… ဟုတ်လား"

လူ ကတော့ တေး ပြောသမျှကို မယုံတစ်ဝက်ယုံတစ်ဝက်နှင့် နားထောင်ပေးနေ၏။ တေး က ရိုးခြောက်လေးထဲဆင်းလိုက်ပြီး ရေစပ်စပ်ကလေးနားမှာ အသာရပ်ကာ ရေညှိရေမှော်စိမ်းတွေတက်နေသော ရိုးအိုင်ခွက်ငယ်လေးကို ကြည့်နေ၏။ ရိုးချောင်းလေး ရေခန်းသဖြင့် တင်ကျန်ခဲ့သောရေအိုင်ခွက်လေးတွေက ဟိုတစ်ကွက် ဒီတစ်ကွက် ဖြစ်နေ၏။

"အဲဒါနဲ့ ဘာတွေဆက်ဖြစ်ကြသေးလဲဟင်…"

"မောင်တော်နန္ဒ နောက်ကို တေး လိုက်ဖို့ သိုက်ချုပ်ဘိုးဘိုးဆီမှာ အခွင့်တောင်းတော့ အသက်အပိုင်းအခြားနဲ့ပဲ သွားခွင့်ရခဲ့တယ်၊ ပြီးတော့ ဘုရားတည်နိုင်တဲ့ ငွေကြေးကိုရတဲ့ အပိုင်းအခြားကာလမှ မောင်တော်နဲ့တွေ့ခွင့်ရမယ်တဲ့၊ ဘယ်လိုပဲဖြစ်ဖြစ် လူ့ဘဝမှာ

မောင်တော့်ကိုတွေ့ခွင့်ရရင် တော်ပါပြီဆိုပြီး တေး လိုက်လာခဲ့တာ၊ သိုက်နန်းကနေ လူ့ဘ၀ကိုသွားရမယ်ဆိုရင် တစ်ခုခုတော့ ပေးဆပ်ရတာပဲ။ တချို့ ပိုလီယိုလိုမျိုး၊ တချို့ အ,ထစ်သလိုမျိုး၊ တချို့ ကျပ်မပြည့်သလိုမျိုးနဲ့ ရောက်လာရတယ်။ တေးနဲ့လူက ကုသိုလ်ကံကောင်းပါတယ်၊ ဒါတောင် တွေ့စက ဘ၀အကူးမှာ မေ့ပင်အောက်ရောက်ခဲ့ကြလို့ တစ်ယောက်နဲ့တစ်ယောက် မမှတ်မိကြဘဲ ဘုဘောက်ကျခဲ့သေးတယ်လေ"

"ဩော်… ဟုတ်တယ် ဟုတ်တယ်၊ နေပါဦး… အဲဒီအရင်က ဒီအကြောင်းတွေ ဘာမှမသိခဲ့ဖူးဘဲ အခု ဒီရွာရောက်မှ သိတာလား"

"အင်း… အရင်က အိပ်မက် ပြတ်တောင်းပြတ်တောင်းလေးတွေ မက်တယ်၊ ဆက်စပ်ရခက်တယ်။ ဒီရောက်ပြီး ဘုရားတည်စမှာ ရေးတေးတေးပေါ်လာတယ်၊ မြောင်ဝက်ပါသိုက်ထဲရောက်ပြီးမှ အကုန် ပြန်မက်မိသွားတာ၊ တေး ကိုယ်တိုင် မြန်နန်းနွယ်နီအမှတ်နဲ့ကို စိတ်ဝင်စားသွားခဲ့မိတာလေ"

"ဟုတ်တယ် တေး၊ အဲဒီတုန်းက ပယောဂကပ်တယ်ထင်ပြီး အားလုံး စိတ်ပူကုန်ကြတာ၊ တော်သေးတာပေါ့၊ တေးကိုယ်တေး လက်ရှိဘ၀ကိုပြန်အမှတ်ရလာလို့…"

"နောက်ဘ၀ကိုလဲ အမှတ်ရနေပြီလေ"

တေး က ပြုံးလှဲ့တီတာလေးပြောပြီး ရှုန်းကော့မျက်ရစ်ရန်းကြီးတွေနှင့် ကြည့်လိုက်တော့ လူ့ရင်တွေ ဆွဲခါသလို လှုပ်ရှားသွားရ





တော့၏။ တစ်ကမ္ဘာလုံးမှာ နှစ်ယောက်တည်းသာ ဖြစ်လိုက်ချင်ပါတော့၏။ ဒါမှ တေးရဲ့မေးလေးကို ဆွဲမော့ပြီး တေးရဲ့ပါးပြင်နုမှာ အနမ်းတွေ ဥ,ပေးလိုက်ချင်သည်။

ရုတ်ခြည်း တေး မျက်နှာလေးက ညှိုးရော်သွား၏။

"ဘာ… ဘာဖြစ်လို့လဲ တေး"

"မောင်တော်ဝဏ္ဏနဲ့ တေးရဲ့အစ်ကိုတော်၊ အစ်မတော်တွေက တေးနဲ့ လူ လူ့ဘ၀မှာ ပေါင်းဆုံမှာကို မလိုလားကြဘူး၊ တေး ကို သိုက်နန်းပြန်ရောက်အောင် မရမက ပြန်ခေါ်ချင်နေကြတယ်၊ တေး သိုက်နန်းမပြန်ချင်ဘူး၊ အသက်တိုးတောင်းပေမယ့် မကျိန်းသေးဘူး၊ သူတို့က သိုက်နန်းကနေ အမျိုးမျိုးစီစဉ်ပြီး ရအောင်ပြန်ခေါ်ကြလိမ့်မယ်"

"စိတ်အစွဲအလမ်း မထားပါနဲ့၊ ဥပါဒါန်ထားရင် ဥပဒ်ရောက်တတ်တယ်၊ တေး ကို ခေါ်လို့မရအောင် မောင်တော်နန္ဒ… အဲလေ လူ ကာကွယ်ပေးနိုင်ပါတယ်"

တေး က လူ့ ကို အားကိုးတကြီး ပြန်ကြည့်၏။ လူ ကလည်း တေး ကို ကာကွယ်ဖက်ပွေ့ထားလိုစိတ်ဇောဖြင့် ရင်မောလှုပ်ရှားပြန်ကြည့်နေ၏။ တေး က လူ့ရင်ခွင်ထဲ အလိုက်သင့်ခိုဝင်လာ၏။ လူ က အားပါးတရ ဆွဲဖက်ထားလိုက်လေသည်။

ချစ်တယ် ဆိုတဲ့စကား …

ပြောဖို့မလိုလောက်အောင် …

မျက်လုံးချင်းခံစားပြီး နှလုံးသားနှင့် ကြားသိပြီးကုန်ကြလေပြီ။

ဒါ·· လူရဲ့တေးပါ။ ဒီလိုမှမဟုတ်ရင်လည်း တေးရဲ့လူပါ။ နှစ်ဦးသဘောတူ ချစ်သူလို့ အတွေးကိုယ်စီ သတ်မှတ်လိုက်ကြတဲ့ ခဏ···

လူချစ်တဲ့တေး (သို့မဟုတ်) တေးချစ်တဲ့လူ ဆိုတာ ဖြစ်သွားကြပါလေတော့သတည်း။

တစ်သက်မခွဲ
တစ်ရက်တည်းရှင်ရှင်
ထာဝစဉ်အချစ်နဲ့
တို့ရဲ့အချစ်တွေ
ကမ္ဘာတွင်ရစ်စေရမယ်···





"နင် သိပ်ညံ့တယ် ဒေါင်ကြီး၊ ဒီမြို့သူမကို အပိုင်မချိုင်နိုင်ဘူးလား"

ရွှေစန္ဒာ က ဥစ္စာစောင့်တွေရှုံးလောက်အောင် ရွှေတွေဝတ်စားထား၏။ ရွှေလက်ကောက်သံ တချွင်ချွင်မြည်အောင် လက်ဟန်အမူအရာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ဒေါ်ခင်လှ မင်းကတော်ဟန်ဖြင့် ဒူးထပ်ချိတ်ထိုင်ပြီး စီးကရက်ဖွာနေရာမှ···

"ဟုတ်ပါ့ ဟုတ်ပါ့ အဖြစ်ကိုမရှိဘူး"

ဒေါင်ကြီး က ဆက်တီခုံပေါ်မှာ ငုငုကြီးထိုင်နေရာက···

"တောက်·· ဦးသာခင်တို့ ဝင်ရှုပ်လို့ပေါ့ဗျာ၊ နို့မို့ဆို ဟိုကောင် လှလှ ကို အမှုန့်ကြိတ်ပြီး မြို့သူကို အပိုင်ကြံပစ်လိုက်လို့ရတယ်"

ငွေစန္ဒာ က လက်သည်းဆေးဆိုးနေရာမှ···

"အဲဒီ ဦးသာခင်ကြီးကလဲ နေရာတကာ ပါလေရော ဘုဂလန့်ကြီး၊ အကြောကိုမတည့်ဘူး… ဟွန့်…"

ရွှေစန္ဒာ က စားပွဲခုံပေါ်လက်ထောက်ပြီး အကြံထုတ်နေ၏။ ဒေါ်ခင်လှ က စီးကရက်ကို ပြာခွက်ထဲထိုးခြေလိုက်ရင်း …

"အဲဒီ သာခင်က နှာချင်နေတာ ကြာပြီ၊ လယ်ကွင်းထဲက သူ့စပါးပုံကို မီးရှို့ခံချင်နေပြီထင်တယ်"

"ဒွေးလှ အဲလိုတော့ သွားမလုပ်ကြံပါရစေနဲ့၊ မိသွားရင် ရွာက နှင်ထုတ်ခံရမှာ"

"အဲလိုလဲမခိုင်းပါဘူး၊ ငါကလဲ သဘောပြောပြတာပါ၊ နင်အဓိကလုပ်ရမှာက လူလှ ပဲ"

ရွှေစန္ဒာ က ဆတ်ခနဲ တွန့်သွား၏။ အမှန်တော့ လူလှ ကို ရွှေစန္ဒာ ရော ငွေစန္ဒာပါ သဘောကျနေခဲ့တာ ကြာပါပြီ။ လူလှ က ဆင်းရဲတော့ ငွေဂုဏ်မောက်သူတွေပီပီ အကြောလေးနှင့် အထာကိုင်ပြနေခြင်းဖြစ်၏။ လူလှ က သူမတို့ကို အောက်ကျို့မလာ၊ ချစ်ရေးမဆို၊ မသိဘာသာ နေနိုင်လွန်း၏။ သူမတို့ရဲ့စိတ်ရင်းအခံက လူလှက အချစ်သနားခံလာစေလိုသည်။ လူလှ က ယောင်လို့တောင်မဟာ၊ မယဉ်ကျေး နှင့်သာ ဘာလိုလို ညာလိုလို ရောနှောနေ၏။

နှုတ်ခမ်းပဲ့ချင်းမီးမှုတ်တာ အချိန်တန် ရွှေစန္ဒာ တို့လို ရွှေမင်းသမီးကို မျှော်မှန်းလာလိမ့်မည်ဆိုပြီး အသာလွှတ်ထားခဲ့တာ ကြာပြီ။ ခုမတော့ဖြင့် မြို့သူအချောအလှရောက်လာ၍ မြို့သူဘက် စိတ်ပါ





သွားပြီး မြို့သူဘက်ကပင် သူမတို့ကို ထိုးနှက်နေလေပြီ။

ချစ်သဝန်တိုစိတ်ဖြင့် လူလှကို အချစ်ရန်သူဟုပင် သတ်မှတ်မိလေပြီ။ မိခင်ဖြစ်သူက လူလှကို အဓိကပစ်မှတ်ထားပြီး အန္တရာယ်ပေးမည့်အရေးမှာတော့ သူမတို့ ငြင်းပယ်ကန့်ကွက်ရပေမည်။

လူလှ အပေါ် ပို၍အချစ်ပိုသော ရွှေစန္ဒာ က …

"အို… လူလှ အပေါ်ပဲ ပုံချအရေးမယူပါနဲ့ အမေရယ်၊ ဟိုမြို့သူမကိုသာ အဓိကထားစမ်းပါ"

ငွေစန္ဒာ ကလည်း လူလှ အပေါ် ကျိတ်ကြိုက်နေသူပီပီ…

"မမ ပြောတာ ဟုတ်တယ် အမေ၊ မြို့သူမကိုသာ အဆိုးဆိုရမှာ…"

ဒေါ်ခင်လှက သမီးတွေသဘောကို နောကြေနေသူပီပီ မျက်စောင်းကြီးပိတ်ထိုး၏။ ရွှေစန္ဒာ က လျှာတစ်လစ်လေးထုတ်ကာ ဇက်ပုသွား၏။ ငွေစန္ဒာ ကတော့ လက်ညှိုးကိုက်ပြီး မထုံတက်တေး အိုက်တင်နှင့်။ ဒေါ်ခင်ကြီး ကတော့ အမြီးလှန်ချုံးခံထားရသည့် မြွေဟောက်လို ပါးပျဉ်းထောင်ပြီး မြင်မြင်ရာကို ပေါက်ချင်နေသည့်ပုံစံ။

"ညည်းတို့အေ လူလှမှ ယောကျ်ားမဟုတ်ပါဘူး၊ ရွာမှာရော… ရွာနီးချုပ်စပ်မှာရော… တို့ဈေးတက်ဝယ်နေတဲ့ မြို့သာမြို့မှာရော… ယောကျ်ားတွေမှ ပေါသောနေတာပဲ၊ မြို့ကပွဲရုံပိုင်ရှင် သူဌေးတွေရဲ့သားတွေဆို ဘွဲ့ရ၊ ပညာတတ်၊ အလုပ်အကိုင်နဲ့ လူလှ လက်

ဆယ်ပြန်သာသေး၊ ဒါမျိုးတွေကိုတော့ မစဉ်းစားဘူး၊ ဒီ လူလှ အစုတ်ပလုတ်ကောင်ကို စာရင်းထဲထည့်ထားတာ အံ့ပါရဲ့အေ၊ ငါ့ အမေတစ်ယောက်လုံးက လူလှ နဲ့သဘောမတူဘူးပြောတာတောင် မရဘူး၊ ဒီအကြောင်းတွေ ဖုံးဖိထားလို့သာပေါ့၊ ဟိုကောင် လူလှ သိရင် မာန်တက်နေဦးမယ်၊ ညည်းတို့ မိန်းမကျိုတ်ပိုးဖြစ်နေတာ ငါတော့ ရှက်တယ်အေ"

"အို... အမေကလဲလေ... ဒေါင်ကြီးရှေ့မှာ ပြောသင့်၊မပြောသင့် မစဉ်းစားဘူး"

ရွှေစန္ဒာ က ခြေဆောင့်ပြီး နှုတ်ခမ်းစူပုပ်ပြောလာ၏။ ဒေါင်ကြီး က ...

"နမလင်နေ မောင်ဖင်ကျိန်းတဲ့ ငါက၊ ကိုယ့်အမျိုး ဂုဏ်သိက္ခာ အပျက်ခံပြီး လျှောက်ပြောရင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုဖြစ်သွားမှာပေါ့၊ အမှန်တော့ ဒွေးလှ ပြောတာ ဟုတ်ပါတယ်၊ လူလှ လိုကောင်မျိုးဟာ နှင်တို့မိုက်လို့ စဉ်းစားတယ်။ နို... နေစမ်းပါဦး၊ အကြီးမ,လား.. အငယ်မ,လား စဉ်းစားတယ်ဆိုတာ..."

ရွှေစန္ဒာ ရော ငွေစန္ဒာ ကပါ ဒေါင်ကြီး ကို မျက်စောင်းဝိုင်းထိုးကုန်၏။ ယောက်ျားတန်မဲ့ စပ်စုရှန်ကော ဟူသည့် သဘောနှင့်ပေါ့။ ဒေါ်ခင်လှ က...

"အမယ်လေး ပြောမပြောချင်ဘူး၊ ညီအစ်မနှစ်ယောက်လေ.. ဟို စာတ်ကုပ်ထဲကလို ရာမနဲ့လက္ခဏာစာတ်ခင်းပြီး လူလှ ကို





မံယ်သီတာ လိုသဘောထားပြီး လေးခွအမြိုင်ပစ်လုသတဲ့...၊ အငယ်မ က လက္ခဏာထုံး နှလုံးမူပြီး အလျှော့ပေးလို့ အကြီးမ ရွှေစန္ဒာ က သီတာဒေဝီကိုရတဲ့ သဘောနဲ့ လူလှကို... အိုအေ ဆက်ပြောရမှာ ငါ့နှယ် ရှက်ပါတယ်၊ ယိုသူမရှက် မြင်သူရှက်ဆိုတာ ဒါမျိုးပဲနေမှာ"

"အို.. အမေကလဲ..."

ရွှေစန္ဒာ ရှက်ရှက်နှင့် အိမ်ပေါ်လှေကားထစ်ဆီ ပြေးအတက်မှာ လှေကားပေါ်က ခြေချော်လိမ့်ကျသွား၏။

"အမယ်လေး"

"ဝုန်း... ဒုန်း..."

"ဟောတော်... အဲဒါသာကြည့်တော့... ဟွန်း ၊ ငါ့နှယ်နော်..."

ဖင်ထိုင်လျက်သားကျနေသော ရွှေစန္ဒာ ကို ငွေစန္ဒာ က ပြေးပြီးပွေ့ထူ၏။ ဒေါ်ခင်လှ က တဖျစ်တောက်တောက်။ ဒေါင်ကြီး လည်း ဝေါက်ခနဲဆို ထ,ထွက်သွား၏။

"တေးရဲ့ပြောစကားတွေက တကယ်ဖြစ်နိုင်ရဲ့လား ဦးသူတော်"

ဘုရားဌာပနာတိုက်တံခါးကို အသေအချာ အင်္ဂတေနှင့် အချော ကိုင်ပိတ်နေသော ဦးသူတော်ကို လူ က မေးလိုက်ခြင်းဖြစ်၏။

"ဟဲ့.. လူလု..၊ မင်းကွာ ဘေးနားမှာ လူကြီးတွေနဲ့ ဘာတွေ လာမေးနေတာလဲ"

ရွာလူတွေက ရှိစုမဲ့စု ရွှေလက်စွပ်၊ ရွှေလက်ကောက်၊ ရွှေ ကြယ်သီး၊ စိန်နားကပ်၊ စိန်ဆံထိုး အစရှိသဖြင့် အဖိုးတန်လက်ဝတ် ရတနာတွေကို ဘုရားစေတီလေးမှာ ဌာပနာပြီးပူဇော်ကြ၏။ တေး တို့ကလည်း ရတနာပစ္စည်းတွေ မ,တည်လှူဒါန်း၏။ ဌာပနာပိတ်ပွဲမှာ လူကြီးသူမတွေ စုံညီနေကြ၏။ တေးတို့အဖွဲ့လည်း လာကြ၏။ လူက ဦးသူတော်ကြီးကို ညကတည်းက တေးနှင့်ပတ်သက်တာတွေ





ပြောပြပြီး တေးရဲ့ဖြစ်ရပ်ဆန်းကြယ်တွေ တကယ် ဟုတ်,မဟုတ် ဆိုတာ ဝေဖန်ခိုင်းခဲ့၏။ ဦးသူတော် က ပြန်မဖြေ။ လူ လည်း သိချင်စိတ်တွေ ရှုပိုးထိုးနေတာနှင့် ဦးသူတော် ရေအိမ်တက်တာက အစ လိုက်မေးနေမိ၏။ မေးလိုက်တိုင်း တုံဏှိဘာဝေ ဆိုတော့ လူ လည်း ယခုလိုအချိန်အထိ လိုက်မေးမိနေခြင်းဖြစ်၏။

"အဲဒါဆို ဘယ်အချိန် အဖြေသိရမှာလဲ"

"မင်းတော့ ခက်ပြီ၊ ညဘက်ကျမှ ပြောမယ်ကွာ"

လာသမျှလူတွေကို အကျွေးအမွေးနှင့်ဧည့်ခံကြ၏။ မြောက် ကျောင်းဆရာတော်ကိုယ်တိုင် ကြွလာသလို မြောက်ပိုင်းကလူတွေပါ ရောက်လာကြ၏။ တောင်ပိုင်းသူ ဒေါ်ခင်လှ တို့ဆွေမျိုးတစ်သိုက် ဖြင့် ရောက်မလာကြ။ စုန်းပြူးဆိုတာ နေရာတကာမှာ ရှိတာပါပဲဟု ရွာကလူတွေက သဘောပိုက်ကုန်ကြ၏။

ဦးသူတော်ကြီးအနားက ခွာပြီး တေး တို့အနားကို လူ ရောက် လာမိ၏။ ဘုရားဖူးရင်း ထီးတော်ကိုကြည်ညိုနေသော တေး ကို ကျက်သရေရှိရှိတွေ့လိုက်ရ၏။ အန်တီမြ ကလည်း ဝမ်းသာပီတိ ဖွမ်းဆီထိနေ၏။ သီရိဒုံနှင့် မယဉ်ကျေး တို့က လာသမျှမိတ်သဟာ တွေကို ရွှေကြည်နန္ဒင်းမကင်းနှင့် လက်ဖက်သုပ်တွေ တည်ခင်း ဧည့်ခံနေ၏။

ရွာက အဒေါ်ကြီးတွေ၊ အပျိုကြီးတွေက လူလု ကို မြို့သူနား ကပ်လွှန်း၍...

'တောက်တဲ့ကြီး' ဟု စ,နောက်ခေါ်ကြ၏။ ကာလသားတွေက မြို့သူအနားမှာ ရှုပ်ပျာရှုပ်ပျာဖြစ်နေသော လူ့လှကိုကြည့်မရ၍ စိတ်အချဉ်ပေါက်ပြီး…

"မြို့သူပြန်မှ မင်းအောင်သီချင်းထဲကလို ရန်ကုန်သူ့ရယ် လွမ်းလို့ကျန်ဆိုတာမျိုး ဖြစ်ဦးမယ့်ကောင်"

"အေးကွာ‥ မြို့သူက သူ့ယူမလား၊ မိဘမရှိ တစ်ကောင်ကြွက်၊ ဦးသူတော်ကြီးနဲ့ကပ်နေရတဲ့ကောင်၊ လူနေချုံကြား စိတ်နေဘုံဖျားနဲ့ ဘယ်ချက် မြောက်တောက်ကားယား ဖြစ်ကျန်ခဲ့မလဲ မသိဘူး"

"မောင်ကြေးမုံရဲ့ 'တောကကိုရင်' တိပ်ခွေဇာတ်ထုပ်ထဲကလို မျက်ရည်လည်ရွဲ ငိုရတော့မယ့်ကောင်ပါ"

တစ်ယောက်တစ်ယောက် ဝေဖန်ပြောဆိုကုန်ကြ၏။ မကြား တကြားအပြောတွေကို လှူ က မသိကျိုးကျွန်ပြုထားလိုက်၏။ လူဆိုတာ ကိုယ့်ထက်သာမနာလိုကြ။ မြို့သူက ဒီရွာမှာ လှူ တစ်ယောက်တည်းကိုသာ အရေးပေးနေတာကိုး…။

ရွာက ကာလသမီးပျိုတွေကတော့ ပွဲလမ်းသဘင်ရှိမှသာ အိမ်ပြင်ထွက်ကြတာများ၏။ ကျန်သည့်အချိန် အိမ်မှုကိစ္စဗာဟီရနှင့် လယ်တောအလုပ်တွေသာ လုပ်နေကြတာ များ၏။ အပျိုလေးတွေမို့ တီးတိုးတီးတိုး သဖန်းပိုးသာ လုပ်ချင်လုပ်မည်၊ ကျယ်ကျယ်တော့ အတင်းမတုပ်ကြ။

တေး ဘုရားရှိခိုးပြီး၍ ထ,လာစဉ် လှူ က တေး အနားကို





ရောက်လာ၏။

"တေး မျက်နှာလေး အရမ်းလန်းဆန်းနေတယ်"

"ဒီနေ့ဟာ ဒါနကုသိုလ်ပြုရတဲ့နေ့၊ ဘုရားတည်ရတဲ့ကုသိုလ်ဆိုတာ သိပ်ကိုထူးမြတ်တာ၊ ဒါကြောင့် တေး ရင်ထဲ ကြည်ဖြူသဒ္ဓါနဲ့ ပီတိဝေဖြာနေတာပေါ့ လှူရဲ့"

"ရှေးဘဝက ကုသိုလ်ရေစက်ကြောင့် လှူနိုင်တာနော်၊ ကျုပ် တေး လို လှူချင်တယ်"

"လှူ လဲ လှူရပါတယ်၊ လုပ်အားဒါနအဖြစ် အုတ်တွေ,သဲတွေ သယ်ပေးတယ်၊ ငွေအားအဖြစ်နဲ့ လက်စွပ်မောင်းကွင်းလေး ဌာပနာ ကိုက်ထဲ ထည့်လှူခဲ့တယ်၊ တေး အမျှဝေတဲ့အခါ လှူ သာဓုခေါ်ရင် ကောင်းမှုကုသိုလ် အများကြီးရသွားတာပေါ့"

လှူ က ပြုံးပြီးနားထောင်နေ၏။ နှစ်ယောက်သား ဘုရားရင်ပြင်တော်မှဆင်းကာ ဝါးရိပ်မြိုင်နေသော ဝါးရုံတောလမ်းကျဉ်းလေးထဲ လမ်းလျှောက်လာမိ၏။ ဦးသူတော်တို့၊ ဦးသာခင်တို့က ဆက်လုပ်စရာရှိတာ ဆက်လုပ်ရင်း အလုပ်ရှုပ်နေကြ၏။ ဒီလမ်းကလေးက လူသူရှင်းလင်း တိတ်ဆိတ်နေ၏။ ဝါးရုံတောကို လေတိုးတိုက်လျှင် ဝါးရွက်ချင်းပွတ်တိုက်သံ တရှဲရှဲက ဂီတသံမျိုးပမာ ထွက်ပေါ်လာနေ၏။

"ဒီစေတီလေး တည်ထားကိုးကွယ်ပြီးရင် တေး ရန်ကုန်ပြန် တော့မှာလားဟင်"

လှူ က ရှေ့ရေးကိုတွေးပြီး ရင်လေးမောလျှစွာဖြင့် မေးလိုက်

၏။ တေး က လူ့စကားကို ယခုမှ အမှတ်ရ၍ တွေးမိပုံဖြင့် ရင်ကလေးထိတ်ဟန်ပြပြီး သူ့ကို ချာခနဲလှည့်ကြည့်လာ၏။ လူ က တေးရဲ့အဖြေကို မကြားလို၊ မနာလိုသော်လည်း သိတော့ဖြင့် သိလိုနေ၏။

"ပြန်ရမှာပေါ့၊ ဘာလဲ.. လူ က ဒီမှာ ကြာကြာဆက်မနေစေချင်လို့လား"

"မဟုတ်ရပါဘူး၊ ကျိန်ဆို အခါတစ်ထောင် ကျိန်ပြောဝံ့ပါတယ်၊ ဖြစ်နိုင်ရင်လေ တေး ကို ဒီမှာ တစ်သက်လုံးနေစေချင်တယ်၊ တစ်သက်လုံး လုပ်ကျွေးသွားနိုင်ပါတယ်"

တေး မျက်နှာလေး ပန်းရောင်သွေးသွား၏။ စဉ်းငယ်ခန့်အကြာမှာ မျက်လုံးလေးထောင့်ကပ်ကာ စဉ်းစားဟန်ပြုလိုက်ပြီး ...

"ဟူး"ခနဲ ပင့်သက်မောကို မှုတ်ထုတ်လိုက်ကာ မျက်နှာလေး ချက်ချင်း နွမ်းလျှညှိုးရော်သွားတော့၏။

"ဘာ.. ဘာဖြစ်သွားလို့လဲ တေး၊ ဘာဖြစ်သွားလို့လဲဟင်..."

လူ က သိလိုဇောဖြင့် အလောသုံးဆယ် မေးလိုက်မိ၏။ တေး က ခေါင်းလေးငုံ့သွား၏။ စဉ်းငယ်ခန့်အကြာမှာ ပြန်မော့ပြီး လူ့ကို ကြည့်လိုက်တော့ တေး ရဲ့မျက်လုံးအိမ်ထဲမှာ မျက်ရည်အိုင်နေ၏။

"ဟင်.. တေး ငိုနေတယ်၊ ဘာဖြစ်သွားလို့လဲ၊ ဖုန်ဝင်သွားလို့လား"

လူ က ပျာပျာသလဲနှင့် ဂရုစိုက်ကာမေး၏။ တေး က ခေါင်း





ခါပြပြီး...

"အကြောင်းတစ်ခုကြောင့်ပါ၊ တေး က မကြာမီရက်ပိုင်းအတွင်း သိုက်နန်းကပြန့်ခေါ်ခံရမယ့် သေလူတစ်ယောက်ပါ၊ ရန်ကုန်ကိုပြန်ဖို့ အချိန်ရတော့မယ်မထင်ဘူး၊ ဒီစေတီလေး ဘက်ပေါင်းစုံပြီးစီးသွားတဲ့နေ့မှာ တေး သေရလိမ့်မယ်နဲ့တူတယ်၊ ဒါကြောင့် တေး ဝမ်းနည်းသွားမိတာပါ"

လူ့ ရင်တွေ နင့်နင့်ကျဉ်ကျဉ်ခံစားသွားမိ၏။

"ဖြစ်ရလေတယ် တေးရယ်၊ ဒါတွေကို အစွဲအလမ်းမထားပါနဲ့၊ လူတိုင်းရဲ့သေနေ့ကို ဘုရားပဲသိတာပါ၊ တေး့သာ အဲဒီအစွဲတွေကိုဖျောက်ရင် ဘာမှဖြစ်မလာစေရဘူး၊ လူ တာဝန်ယူတယ်၊ တေး မသေရအောင် လူ ရတဲ့နည်းနဲ့ တားမြစ်မယ်"

တေး အားတင်းပြီးပြုံးသော်လည်း ပါးပြင်ပေါ် မျက်ရည်ဥတွေ လိမ့်ဆင်းလာ၏။

"အချိန်နှောင်းသွားပါပြီ လူရယ်၊ တေးကိုယ်တေး သိပြီးသားပါ၊ လူနဲ့ ရှင်ကွဲမခွဲရဘဲ သေကွဲခွဲရတဲ့အပေါ်မှာတော့ တေး အရမ်းဝမ်းနည်းတယ်၊ ဒါပေမယ့် လူတို့ရဲ့ရွာနဲ့ သိပ်မဝေးတဲ့နေရာမှာ သိုက်နန်းရှိတာဆိုတော့ တမလွန်ဘဝကနေ လူ့ ကို အခွင့်သင့်သလို စောင့်ရှောက်နိုင်ခွင့်ရလို့ ပြန်ဖြေသာနေရသေးတယ်"

တေး က အလေးအနက်ထားပြီး ပြောနေ၏။ လူ က ခေါင်းကို တွင်တွင်ခါရမ်းရင်း...

"တေး ကို အဲဒီရောက်အောင်ခေါ်မယ့်သိုက်ဆိုရင်တော့ အဲဒီ မြောင်ဝက်ပါသိုက်တောကို မီးပုံရှို့ပြီး လူ ကိုယ်တိုင် အရင်ရှင်းလင်း ပစ်မယ်၊ တေး အတွက်ဆို လူ ဘာမဆိုလုပ်ရဲတယ်"

"အို… ရေခြား မြေခြား မြစ်ခြား ချောင်းခြားစကားသာဖြစ် ပါစေ၊ အဲဒီလိုမပြောရဘူးလေ လူရဲ့၊ ဒီစကားတွေ သူတို့ကြားနိုင် စွမ်းရှိတယ်၊ တော်ကြာ လူ့ကို လာအန္တရာယ်ပေးနေမှဖြင့်…

"လူ မကြောက်ဘူး တေး၊ တေး ကို သူတို့ ဘယ်လိုနည်းနဲ့မှ ပြန်ခေါ်လို့ မရစေရဘူး၊ တေး ကို အတင်းခေါ်ရင် လူနဲ့ရန်သူပဲ၊ သေသေကျေကျေ သူတို့ကို တိုက်ခိုက်ချေမှုန်းပစ်မယ်"

လူ က အံတင်းတင်းစေ့ကြိတ်ပြီး ပြောလာ၏။ တေး က လူ့ကို မောနွမ်းနွမ်းအပြုံးလေးနှင့် တုံ့ပြန်ကြည့်ရင်း…

"တေးလဲ ဘယ်သေချင်ပါ့မလဲ လူရယ်၊ မသေခဲ့ရင် ပိုကောင်း တာပေါ့၊ လူ့ကို တေး သတိရတုန်း ပြောစရာရှိသေးတယ်"

"ဘာများလဲ တေး"

"ဒေါင်ကြီး ကိုသတိထား၊ သူက အမှမှီနေတာ၊ သိုက်နန်းက မောင်တော်ဝဏ္ဏ က သူ့ကို ဝင်စီးပူးကပ်နေတာ"

"တေးရယ် အဲဒီ ပူးကပ်တာတွေ၊ ဝင်စီးတာတွေဆိုတာ ဒီ ခေတ်ကြီးမှာ မဖြစ်နိုင်တာတွေပါ၊ ဒီနေ့ခေတ်ကြီးက ပြောင်းလဲ တိုးတက်နေပြီ၊ တေး အပြောနဲ့ပြန်ချေပရရင် လူ့ရဲ့ခန္ဓာကိုယ်က သိပ်ပူတာ၊ လူနံ့ကလဲ သိပ်ပြင်းတာ၊ အဲဒီ ဝိညာဉ်လောကသားတွေ





က နာမ်ခန္ဓာသက်သက်တွေ ကြာရှည် ဘယ်ပူးကပ်နိုင်ပါ့မလဲ"

"မဟုတ်ဘူးလေ လူရဲ့၊ ပူးလိုက်ခွာလိုက်လုပ်နေနိုင်တာကို ပြောတာ၊ ဒေါင်ကြီး ကို မောင်တော်ဝဏ္ဏ ဝင်ပူးပြီးရင် လူ့ကို အသက် အန္တရာယ် ပြုလိမ့်မယ်၊ အဲဒါတွေ တေး ကြိုတင်အိပ်မက်ရထား တယ်၊ အစစအရာရာ သတိထားပါ လူရယ်"

လူ က ခေါင်းတခါခါ ပြုလုပ်ပြလိုက်မိ၏။ တေး က မချင့် မရဲဖြင့် ထပ်မံသတိပေးလာပြန်၏။ လူ က တေးရဲ့နှုတ်ခမ်းပါးမှာ လက်ညှိုးလေးကပ်ပြီး ဆက်မပြောရန် တားလိုက်၏။ အေးစိမ့်သော လေပြည်တစ်ချက်က နှစ်ယောက်ကြားကို ဝှေ့သက်သွားစဉ် တေး ရဲ့ခန္ဓာကိုယ်လေး တုန်ခနဲဖြစ်သွား၏။ ကြက်သီးမွေးညင်း ဖြန်းသွား သော တေး ကိုကြည့်ပြီး လူ က ရင်ဘတ်ထဲ ထည့်သွင်းဖက်ပွေ့ ထားလိုက်၏။ တေး မငြင်းပါ။ အလိုက်သင့်မှေးမှီလာ၏။ လူ့ရင်ထဲ မျိုသိပ်ထားရသမျှတွေ ပွင့်အန်ထွက်ကုန်၏။

"ချစ်တယ်… သိပ်ချစ်တယ်… အရမ်းချစ်တယ်… တေးရယ်"

"အို… ကွယ်…"

တေး ထံမှ တုံ့ပြန်သံက ညှိမ့်လေးသာ။ သို့ငြား အဓိပ္ပာယ် ပေါင်း ထောင်သောင်းမက နက်ရှိုင်းကျယ်ဝန်းလှပါလေသည်။

ဝါးရုံတောဘေးဘက်ရှိ လမ်းမြောင်ကလေးမှာ ဝါးပင်ပုကလေးများဖြင့် အုပ်ဆိုင်းနေ၏။ ထိုလမ်းကလေးကို ဘာသာဖောက်လုပ်ထားခြင်းဖြစ်၏။ အခြားလူတွေ မသိရှိကြ ဒီလမ်းကလေးဘေးရှိ လျှိုချောက်ကလေးထဲကို ဖောက်ဆင်းသွားလျှင် ရိုးချောင်းသေးသေးလေး ရှိ၏။ ခုနစ်ပေခန့်သာကျယ်ဝန်းပြီး စိမ်းမြကြည်လင်သောရေတွေစီးဆင်းနေ၏။ စမ်းချောင်းလေးမှာ ဝါးရုံရိပ်ဖြင့် ပိုမို‌အေးစိမ့်နေ၏။ စမ်းချောင်းဘေးရှိ ကမ်းပါးစောက်မှာ ဂူပေါက်ကလေးတစ်ခုရှိ၏။ ထိုဂူကလေးမှာ ယခင်က လူတစ်ယောက် နေ့ခင်းနေ့လယ်ဘက်တစ်ရေးတစ်မော လာရောက်အိပ်စက် အနားယူတတ်၏။

"တေး ကို ငြိမ်းချမ်းအေးမြတဲ့နေရာလေး[illegible]မှုကို ပြမယ်၊ လူ နဲ့လိုက်ခဲ့နော်"





တေး လက်ကလေးကိုဆွဲကိုင်ပြီး ဝါးရွက်စိပ်စိပ်သိပ်သည်းနေသော လျှိုချောက်ကလေးထဲကို ထိန်းဆင်းလိုက်၏။

"အို… အမေ့…"

အတန်သင့် မတ်စောက်သောလျှိုချောက်ကမ်းပါးပေါ်မှ တေး ခြေချော်လဲကျရာ ရှေ့မှဆင်းနေသော လူ့အပေါ် ပုံလဲပစ်ကျသွား၏။

"ဟာ…"

လူ ရော တေး ပါ နှစ်ယောက်သား ပူးလိမ်ပြီး အောက်ကို ဒလိမ့်ခေါက်ကွေးပြုတ်ကျသွား၏။ တေး နာမှာစိုး၍ လူ က အောက်မှ အနာခံလိုက်၏။ နှစ်ယောက်သား ပူးလိမ်ပြီး ရိုးချောင်းကလေးထဲကို ပြုတ်ကျသွား၏။

"ဗွမ်း"

"အို့"

စိမ့်အေးသောအထိအတွေ့မှာ နှစ်ယောက်သား မေ့ခနဲဖြစ်သွား၏။ နှစ်ဦးစလုံး ရေတွေစိုရွှဲသွား၏။ အဝတ်ရေစိုဖြင့် အသားကပ်သွားသဖြင့် တေး ရဲ့ကိုယ်လုံးအလှတွေ ထင်းခနဲ ရှင်းခနဲ ပေါ်လွင်လာ၏။

"တေး‥ ဘယ်နား နာသွားသေးလဲဟင်…"

"ဟင့်အင်း‥မနာပါဘူး၊ လူ ရော ဘာဖြစ်သွားသေးလဲဟင်‥"

"ဘာမှမဖြစ်ပါဘူး"

အမှန်တော့ လူ့ခမျာ ကျောနှင့်ရင်တွေ အောင့်သွား၏။ ရေထဲ

မှာ နှစ်ယောက်သား ထ,ရပ်တော့ တေး ရဲ့ခန္ဓာဗေဒအလှက ပို၍ပေါ်လွင်ထင်းကြွလာ၏။

လူ့စိတ်တွေ ဂယောက်ဂယက်ဖြစ်ကုန်၏။ တေး ရဲ့ခါးသိမ်ကျဉ်းကျဉ်းလေးကို အသာဆွဲဖက်လိုက်တော့ တေး က မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်၏။ ရေစိုစက်လက်မျက်နှာလေးရဲ့ နှုတ်ခမ်းပါးလေးတွေ လှုပ်လှုပ်ဆတ်ဆတ် ခုန်နေတုန်နေ၏။ တစ်စုံတစ်ရာကို မှတ်သိပ်ငံ့လင့်သလိုမျိုး…။

ရင်ချင်းအပ်လိုက်စဉ်မှာ နူးညံ့သောအထိအတွေ့က လူ့အာရုံတွေကို မူးယစ်ရီဝေသွားစေ၏။ လူ့ရဲ့မျက်နှာက တေး ရဲ့နှုတ်ခမ်းပါးဆီ တိုးကပ်လာစဉ် တေး က ရေစိုစက်လက်ဆံပင်တွေကို ခါယမ်းလိုက်၏။ ဒီတော့မှ သတိလက်လွတ်ဖြစ်ချင်တာတွေ ပြန်လည်အသိဝင်လာ၏။

"လာ… တေး… အဝတ်ရေစိုတွေ လဲပစ်မှဖြစ်မယ်၊ ဟိုလိုဏ်ဂူလေးထဲမှာ ခဏသွားထိုင်ရအောင်"

"အဝတ်အစား အပိုမှမပါတာ လူရဲ့"

"ဂူလေးထဲမှာ ကျောက်ရိုးမွေ့ရာရှိတယ်၊ အဲဒီထဲမှာ အဝတ်တွေ ဝင်ချွတ်၊ ကိုယ် ဟိုဘက်လှည့်နေမယ်၊ ဒီနေရာမှာ ဘယ်သူမှ မရှိဘူး၊ ကိုယ့်ကို စိတ်ချယုံကြည်ပါ"

တေး က လူ့ကို ရှက်သွေးဖြာသောမျက်နှာဖြင့် တုံ့ပြန်ကြည့်လာ၏။ လူက သူ့အဝတ်အစားတွေ သူ ချွတ်ပြီး ဝါးပင်ပုလေးပေါ်





တင်ထား၏။

"တေး အဝတ်အစားတွေ အကုန်ချွတ်ပြီး ဂူလေးထဲ ခဏဝင်ထိုင်နေနော်"

"အို… အဲလိုကြီးတော့ မချွတ်ရဲဘူး"

ရေစိုစက်လက်နဲ့ပြန်သွားရင် ရွာထဲကလူတွေက တစ်မျိုး တစ်မည်ထင်ကုန်ကြဦးမယ်၊ ချွတ်သာချွတ်လိုက်ပါ၊ လူ့အဝတ်အစားတွေနဲ့ ဒီစမ်းပေါက်ကလေးဟိုဘက်ကို လျှောက်သွားရင် နေရောင်ပြင်းပြင်းရတဲ့ကမ်းပါးထိ ရှိတယ်၊ အဲဒီကမ်းပါးပေါ်က ကျောက်ပေါ် အဝတ်တွေ တင်လှန်းလိုက်ရင် ခဏနဲ့ခြောက်သွားရော"

တေး က ချီတုံချတုံဖြစ်နေ၏။ ပြီးမှ …

"အဲဒီကမ္ဘာဘေးနားမှာ လူနေအိမ်တွေ ရှိလား"

"မရှိဘူး၊ ဦးဘဖွား ပိုင်တဲ့ ကွမ်းခြံကျယ်ကြီးပဲရှိတယ်၊ ကွမ်းခြံဟောင်းပေါ့၊ ပြန်ဖျက်ပြီး ပြန်စိုက်ရမှာ၊ အခုတော့ မဖျက်သေးလို့ ဒီနားကို လူတွေ မရောက်သေးပါဘူး"

"ဒါဆိုလဲ တေး အဝတ်လဲလိုက်တော့မယ်နော်"

"လဲလေ…၊ လူ ဟိုဘက်ကိုပဲ ကြည့်နေမယ်"

တေးက လိုဏ်ဂူပေါက်လေးထဲဝင်ပြီး အဝတ်ရေစိုတွေ ချွတ်နေ၏။ လူ က ကမ်းပါးဘေးမှာပေါက်နေသော ငှက်ပျောပင်က ငှက်ပျောရွက်တွေ သွားခူးနေ၏။

ထိုစဉ်အခိုက် …

"အမယ်လေး… လူ… လူရေ… လုပ်ပါဦး…၊ ဒီမှာ…"

တေးရဲ့ ထိတ်လန့်တကြားအော်သံကြောင့် လူ လည်း လန့်ဖျပ်သွားပြီး တေး ရှိရာ အပြေးရောက်သွားမိ၏။

"တေး… ဘာဖြစ်လို့လဲ တေး…၊ ဘာဖြစ်လို့လဲ…"

"မြွေ… မြွေကြီး…"

"ဘယ်မှာလဲ… ဘယ်မှာလဲ မြွေ…"

"ကောက်ရိုးတွေကြားထဲက ထွက်လာတာ အကြီးကြီးပဲ"

လူ က ကောက်ရိုးတွေ ဖြဲရဲပြီးရှာကြည့်လိုက်၏။ မြွေ က လူ့သံဆူသံတွေကြောင့် လှစ်ခနဲပျောက်သွားလေပြီ။ တေး ကိုကြည့်လိုက်တော့…

"ဟာ…"

"အို…"

အဝတ်တွေ ဘေးမှာ ပုံလျက်သား။ တေးရဲ့အလှပန်းချီမှာ လူ့ရဲ့အာရုံတွေ စုတ်ချက်အသစ် ထပ်တင်လိုက်သည့်အကြည့်။ လူ ဘယ်လိုမှမချုပ်တည်းနိုင်တော့…။

"တေး… တေး ရယ်…၊ လူ လေ… တေး ကို ချစ်တယ်… အရမ်းချစ်တယ်ကွာ"

လူ က တေးကို ဆွဲဖက်ပစ်လိုက်မိ၏။ တေးကလည်း လူ့ရဲ့ လက်နှစ်ဖက်ကို မငြင်းပယ်။ ရှက်စနိုးလေးဖြင့် "အို"လို့တောင် အာမေဋိတ်သံတစ်စ မထွက်နိုင်တော့။ တေး ရဲ့အပေါ်မှာ အုပ်မိုးလာ





သည့် လူ့ရဲ့ရင်ခွင်ကျယ်ကြီးတွေအောက်မှာ တေး ရဲ့ထွက်သက်ဝင်သက်ကလေးတွေ မှောက်မှားကုန်ရပါပြီကောကွယ်။ လူ ပြုသမျှ နုရတဲ့ပန်းကလေးတစ်ပွင့်ပမာ…။

တေး ဖမ်းစားသမျှ အနမ်းများက တစ်ပွင့်ပြီးတစ်ပွင့် ကြွေကျ။ နှစ်ပေ့ါက်သားရဲ့ကြားမှာ ချစ်ခြင်းတွေ လျှပ်ပြက်သလို၊ မိုးကြိုး ထန်ပြင်းသလို၊ မုန်တိုင်းတိုက်မွှေသလို၊ မီးတောင်ပေါက်ကွဲသလို အဆင့်ဆင့် အထပ်ထပ် မွေးဖွားသွားကုန်၏။

တေးချစ်သောလူနှင့် လူချစ်သောတေးတို့ရဲ့ ချစ်ခြင်းအလင်္ကာ မတေးသွားရင်ခုန်သံစည်းချက် တူပြိုင်ညီညာသံတွေ ရိုးချောင်းနံဘေးက လိုဏ်ဂူလေးထဲမှာ ပဲ့တင်ရိုက်ခတ် ညံဝေသွားကုန်တော့၏။

အစာအစားတွေ ခြောက်သွေ့အောင်ခနလှန်းပြီးသောအခါမှ ချိုးချောင်းလေးကနေ ဝါးရိပ်မြိုင်လမ်းကလေးအပေါ် ပြန်အတက်မှာ လမ်းပေါ်မှာ ဟိုဒီလျှောက်ရှာနေသော ဒေါင်ကြီး တို့အဖွဲ့နှင့် ဘွားခနဲ ဆုံတွေ့လိုက်ရတော့၏။

"ဟင်.. လူလူ.. မင်းတို့နှစ်ယောက် ဒီလမ်းထဲဝင်ပြီး ပျောက်သွားလို့ ငါတို့ ဒေါင်းတောက်အောင်ရှာနေတာကွ၊ မင်းတို့ မြေလျှိုးပြီး မိုးပျံသွားတာလား၊ ဟင်... ဟော့ကောင် ပြောစမ်း.. ငါ့ကို..."

ဒေါင်ကြီး က လူလူ ရဲ့ရင်ဘတ်အကျီစကို ဆောင့်ဆွဲပြီး လူမိုက်ပုံစံနှင့် ခပ်ကြမ်းကြမ်းမေးလာ၏။ ဒေါင်ကြီး လက်ကို ဖြတ်ရိုက်ပြီး ရင်ဘတ်ကိုဆောင့်တွန်းလိုက်သော လူလူ ကို ဒေါင်ကြီး ရဲ့နောက်လိုက် ကျွဲပေါက်နှင့် မဲလုံးတို့က အတင်းဝင်ထိုးမည်ပြင်စဉ်...





"ဟိတ်.. ရပ်စမ်း"

တေား က မာန်ထန်ပြင်းသောလေသံဖြင့် ပိတ်ငေါက်ဟားလိုက်၍ ကျွဲပေါက်နှင့်မဲလုံးတို့လည်း ကြောင်ပြီးရပ်ကြည့်ကုန်၏။ တေား က ရင်မောက် ခါးထောက်ပြီး မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ကျွဲပေါက်နှင့် မဲလုံးကို စိုက်ကြည့်လိုက်၏။

"အရင်ဘဝက နှောင့်ယှက်ရတာ အားမရလို့ ဒီဘဝထိအောင် လိုက်နှောင့်ယှက်နေတာလား"

ကျွဲပေါက်နှင့်မဲလုံးတို့ ခေါင်းကုတ်ကုန်၏။ ဒေါင်ကြီး က...

"ဟား ဟား ဟား ဟား"

ဟု လှောင်ရယ်လေသည်။ တေား က ဒေါင်ကြီး ကို တောက်တောက်ခါးခါးကြည့်လိုက်ပြီး...

"ဝက္ကာ လူမိုက်ကောင်... ငါ့ရဲ့မောင်တော်ကို ထိရဲထိကြည့်၊ နင် သေတဲ့အထိ ငါ လုပ်ပြမယ်"

တေား က ဒေါင်ကြီး ဆီ သွက်သွက်လှမ်းသွားပြီး ဒေါင်ကြီးရဲ့ မျက်နှာကို ကုတ်ဆွဲလိုက်၏။

"အား..."

ဒေါင်ကြီး ရှူးရှူးဝါးဝါးအော်ဟစ်ကာ မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ပြီး နောက်ဆုတ်နောက်ဆုတ်သွား၏။ တေား ရဲ့လုပ်ချက်က မြန်ဆန်သွက်လက်လွန်းပြီး အမှတ်မထင်မို့ ဒေါင်ကြီး ခံလိုက်ရခြင်း ဖြစ်၏။ ဒေါင်ကြီး ခံလိုက်ရတော့ ကျန်နှစ်ယောက်လည်း ပျာယာ

ခတ်ကုန်၏။

"မှတ်ပြီလား၊ နောက်ဆို ဒီထက်နာမယ်၊ လာ‥ မောင်တော်သွားမယ်"

တေးက လူ့ရဲ့လက်ကိုဆွဲပြီး အမြန်ထွက်သွား၏။ ဒေါင်ကြီးရဲ့အော်ဟစ်သံတွေ ဆူညံပွက်လောရိုက်ကုန်၏။

"ဟော့ကောင်တွေ ဘာကြောင့်နေတာလဲ၊ အဲဒီကောင်ရော အဲဒီကောင်မကိုပါ လိုက်ထုကြလေကွာ၊ ငါ့ကို လုပ်သွားတာ မကျေနပ်ဘူး၊ လိုက်ချ…"

မဲလုံးနှင့် ကျဲပေါက်တို့ တေး တို့နောက်ကို လိုက်ကုန်၏။ လူ့ လည်း တေး လက်ကိုဆွဲပြီး ဘုရားစေတီရှိရာ အမြန်ပြေးရတော့၏။ ရွာသူရွာသားတွေ အုပ်စုလိုက်ရှိနေသောနေရာကို ရောက်တော့အမောတကောနှင့် ရှင်းပြရ၏။ ရွာသူရွာသားတွေ တုတ်တွေ၊ခဲတွေဆွဲကိုင်ပြီး နောက်ကလိုက်လာသော မဲလုံးတို့ကို ဟန့်တား ခြိမ်းခြောက်တော့ မဲလုံးတို့နှစ်ယောက်လည်း ကြောက်ပြီး ဝါးရုံတောထဲပြန်ဝင်ပြေးကုန်တော့၏။

"ဒီကောင်တွေ သိပ်တရားလွန်နေပြီ"

"ဟုတ်တယ်၊ ဒီတစ်ခါ ချသာချ‥၊ ဆော်သာဆော်ပစ်လိုက်‥၊ ညှို့သည်မိန်းကလေးကိုပါ ရန်ရှာလာပြီ"

လူကြီးတွေက ရန်မများဖို့ဝင်တားကာ စကားနည်းရန်စဲ လုပ်လိုက်ကြ၏။ ဒေါင်ကြီး ရဲ့ဒေါသအော်သံကြီးက ဝါးရုံတောထဲက





ဆူးဆူးဝါးဝါးပေါ်ထွက်လာ၏။

အာဂသတ္တိခဲမလေး တေး ခမျာ တစ်ကိုယ်လုံး တွန့်ခနဲ တုန်ခါသွား၏။ ခုနက မကြောက်၊ ယခုမှ တွေးပြီးကြောက်လန့်သွားပုံရ၏။

"တေး ခုနက အရမ်းသတ္တိရှိတယ်၊ အခု ဘာဖြစ်လို့ တွန့်တုန်သွားတာလဲဟင်…"

လူ့ က နားမလည်နိုင်၍ တီးတိုးမေးကြည့်၏။ တေး က…

"ခုနက သိုက်နန်းနဲ့နွှယ်ပြီး သတ္တိတွေပေါ်လာတာ၊ အခုတော့ သိုက်နန်းသွေး ပြန်ငုပ်သွားလို့နဲ့တူတယ်၊ ပင်ကိုမိန်းကလေးစိတ်ပြန်ကပ်မိလို့ ကြောက်သွားတာနဲ့တူရဲ့"

မျက်လုံးလေး ကလယ်ကလယ်နှင့်ပြောသော တေး ကို ဖက်ပွေ့နှစ်သိမ့်ပေးလိုသော်လည်း လူတွေကြားထဲမို့ မပေးရဲ။ တေး လက်ဖဝါးလေးကိုသာ လူတွေမမြင်အောင် ကိုင်တွယ်ပြီး ဆုပ်ထွေးအားပေးလိုက်ရတော့၏။

တေားရဲ့စိတ်ရောဂါအခြေအနေက ကောင်းချည်တစ်ခါ ဆိုးချည် တစ်လှည့်ဖြစ်၍လာ၏။ ရွာက တတ်သိနားလည်သော ခေတ်အမြင်ရှိ သည့် လူကြီးတွေက မြို့ပေါ်တက်ပြီး စိတ်ရောဂါကုဆေးရုံမှာ ပြသစေချင်၏။ အန်တီမြ က…

"သမီးလေးကို ပြသနေတဲ့ လက်စွဲဆရာဝန်ကြီးက ပြည်ပမှာ ဘွဲ့လွန်ဆိုလား၊ ပါရဂူဆိုလား‥ အဲဒါတွေ သွားတက်နေတယ်၊ ကျန်တဲ့ဆရာဝန်တွေတော့ ရှိပါတယ်၊ ရန်ကုန် ပြန်ပြတာပေါ့"

"ဟင့်အင်း… ဘုရားစေတီလေးတည်တာ အားလုံးပြီးစီးမှ တေား ပြန်မယ်၊ နို့မို့ ရန်ကုန်မပြန်ဘူး၊ တေား အိပ်မက်ထဲမှာ ရန်ကုန် ပြန်ရင် လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ကျိုးပဲ့ဒဏ်ရာရလိမ့်မယ် တဲ့"





တေား က အတင်းဝင်ရောက်ငြင်းဆန်၏။ အခြားသော ရိုးရာ အမြင်စွဲသည့်လူကြီးတွေက …

"သိုက်ကြိုးဖြတ်တဲ့ဆရာကြီးတစ်ယောက် ရှိတယ်၊ အစွမ်း ထက်တယ်၊ ဘာပယောဂမဆို နိုင်တယ်၊ ကျောင်းစုနားမှာရှိတယ်၊ အဲဒီကို သွားပြပါလား"

ရွာရဲ့ကျန်းမာရေးမှူး ကိုမြင့်ဌေး က…

"ဦးကြီးတို့ကလဲ အဲဒါတွေက စိတ်အစွဲကြီးထားလို့ဖြစ်နေတာ ပါ၊ ဒီနေ့ ဆေးပညာတွေ တိုးတက်နေတာလဲ ခေတ်နောက်ပြန် မဆွဲကြပါနဲ့၊ ရန်ကုန်မသွားရင်တောင်မှ ဒီနားနီးမှာရှိတဲ့မြို့တက်ပြီး ပြလို့ရပါတယ်၊ ကျွန်တော့်အသိ စိတ်ရောဂါကုဆရာဝန်ကြီး တစ် ယောက် ရှိတယ်၊ ဆိုင်ကယ်နဲ့သွားရင် နီးနီးလေး၊ ကျွန်တော် လိပ်စာပေးလိုက်မယ်၊ အဲဒီဆရာကြီးဆီ သွားပြ၊ သူက ဆေးမကု တော့တာ ကြာပြီ၊ ဒါပေမယ့် လာပြရင်တော့ ကုသပေးတယ်၊ လိုအပ်ရင် သူ့အသိ ပါရဂူကြီးတွေဆီ လမ်းညွှန်ပေးတယ်၊ ကျွန်တော့် ဆိုင်ကယ်ကို လူလူ မောင်းသွား၊ နှစ်ယောက်တည်းသွားပြလိုက်ပါ၊ အခြေအနေထူးလာပါလိမ့်မယ်"

ကိုမြင့်ဌေး ရဲ့စကားကို ဦးသူတော် အပါအဝင် လူကြီးတွေက ထောက်ခံကြ၏။ ဒီလိုနှင့် မနက်ဖြန်မနက်မှ တေား ကို ဆိုင်ကယ်နှင့် ခေါ်သွားဖို့ လူလူ တာဝန်ကျသွားလေသည်။

မနက်ရောက်သောအခါ လူလူ က တေား ကို ဆိုင်ကယ်နှင့်ခေါ်

ပြီး မြို့ရောက်အောင်မောင်း၏။ တေး က လူ့ရဲ့ခါးကို ပိုင်ပိုင်နိုင်နိုင် ဖက်ပွေ့ထား၏။ မနက်နှင်းတုကြားထဲမှာ ဖုန်ခိုးတွေ သိပ်မမွှန်သေး။ လူ တို့ရှေ့ကလည်း အသွားအလာရှင်းနေ၏။ မနက် (၆)နာရီခွဲအချိန် ဖြစ်၏။

ငှက်ပျောတန်းကွေ့နားရောက်သောအခါ ဘွားခနဲပေါ်လာသော လူရိပ်နှင့်အတူ ဝါးတုတ်တစ်ချောင်းက လူ ရဲ့ချိုစောင်းကို ဖြောင်းခနဲ ရိုက်ချလိုက်၏။

"ဖြောင်း.."

"အား..."

ဆိုင်ကယ်အရှိန် နှေးနှေးမို့ လူလှ ရော တေး ပါ ဆိုင်ကယ်ပေါ်က ပစ်ကျသွား၏။ လူ က မေ့သွား၏။ တေး က ဘေးတစောင်း လဲနေရာမှ နာနာကျင်ကျင် ညည်းတွားစုတ်သပ်နေ၏။

"ဟား ဟား ဟား ဟား"

"မင်း ဘယ်ပြေးမလဲ သံသာတေး၊ မင်းတို့ ဒီလိုခရီးထွက်မယ်ဆိုတာ သတင်းရလို့ မနက်လေးနာရီထိုးကတည်းက ဒီလမ်းမှာ လာစောင့်နေတာကွ၊ အခုတော့ ယုန်ထောင်ကြောင်မိ မဟုတ်တော့ဘူး၊ ကြောင်ရော ယုန်ပါ ငါ့ပိုက်ထဲမိနေပြီ၊ ဘာတတ်နိုင်သေးလဲ.. ဟား ဟား ဟား ဟား"

ဒေါင်ကြီး က မြေညီလမ်းဘေး ငှက်ပျောပင်အကွယ်ကနေ ခုန်ထွက်လာပြီး အော်ဟစ်ပြောလိုက်ခြင်းဖြစ်၏။ ဒေါင်ကြီး နောက်





က မဲလုံးနှင့် ကျဲပေါက်တို့ပါ ရောက်လာကြ၏။ တေး က နာကျင်နေသည့်ကြားမှ လူ့လဲထထိုင်ရင်း ဒေါင်ကြီး ကို လက်ညှိုးငေါက်ငေါက်ထိုးကာ..

"နင်.. လူယုတ်မာကောင်..၊ အား.. ကျွတ်.. ကျွတ်... ကျွတ်.."

ဒေါင်ကြီး က သူ့ရင်ဘတ်ကြီးကို တဘုန်းဘုန်းပုတ်ပြပြီး...

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ၊ ဒီမှာကြည့်စမ်း၊ နင် ကုတ်ဆွဲသွားလို့ ငါ့နှာခေါင်းရော နဖူးပါ ပွဲသွားပြီ၊ အဲဒီအတွက် နင့်ကို ငါ သိမ်းပိုက်မယ်၊ ဒီည နင် နာဖို့သာပြင်ထား၊ ဒေါင်ကြီး တို့က မပိုင်ရင် ခြင်တောင် မရိုက်ဘူး၊ အခု နင်တို့ ကံကောင်းနိုင်ကြသေးရဲ့လား..၊ ဟား ဟား ဟား ဟား"

ဒေါင်ကြီး အူမြူးဟားတိုက်နေတာကို တေး နှုတ်ခမ်းပြတ်ထွက်လုမတတ်ကိုက်ရင်း ကြည့်နေ၏။

မဲလုံး က ဆိုင်ကယ်ကို ငှက်ပျောတောထဲတွန်းထည့်ပြီး ကွယ်ဝှက်ထား၏။ ကျဲပေါက် က လူ့ ကို ဒရွတ်တိုက်ဆွဲခေါ်ပြီး ငှက်ပျောတောထဲမှာ ဝှက်ကွယ်နေ၏။ မဲလုံး က...

"ဒီကောင့်ကို ဒီလောက်ပဲ ဆုံးမလိုက်မှာလား ဒေါင်ကြီး"

"အေး.. ငါ့ရိုက်ချက် ငါသိတယ်၊ ဒီကောင် တော်တော်နဲ့ ပြန်သတိရမှာ မဟုတ်ဘူး၊ သေချင်တောင် သေသွားနိုင်တယ်"

"ဟာ.. အဲဒါဆို လူသတ်မှုဖြစ်ပြီပေါ့"

မဲလုံး လန့်သွားပြီး မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်ကာ လေသံတုန်တုန်ဖြင့် မေးလာ၏။ ဒေါင်ကြီး က…

"နောင်ကိစ္စ နောင်မှရှင်းကွာ၊ ဖြစ်လာသမျှ ငါ ခေါင်းခံပြီး ဒိုင်ခံရှင်းပေးမှာပေါ့၊ အခု ဒီမြို့သူမကို တို့လှည်းယာဉ်ပေါ် ပွေ့တင်လိုက်၊ ပြီးရင် ကိုတောကြီးရဲ့ထန်းတောကို မောင်း၊ အဲဒီမှာ ငါတို့ ပုန်းကွယ်နေကြမယ်၊ ဒီမြို့သူမလေးကို ငါ ခိုးပြေးသွားတယ်ပေါ့ ကွာ၊ ငါနဲ့ညားပြီးရင် ငါ့ကို မင်္ဂလာမဆောင်ပါဘူးလို့ ဒီမြို့သူမ မငြင်းရဲတော့ပါဘူး"

ကျွဲပေါက် က လက်ဖျောက်တီးပြီး ထောက်ခံ၏။ ဒေါ်ခင်လှ ထုတ်ပေးသောငွေနှင့် သုံးယောက်သား အမူးသောက်ထားပြီးကြပြီမို့ သွေးတွေက ဆူဝေနေ၏။

"အကြံပိုင်တယ် ဒေါင်ကြီးရာ"

ကျွဲပေါက် က ထောက်ခံလိုက်တော့ ဒေါင်ကြီး က ဘဝင် လေဟပ်ပြီး …

"အကြံပိုင်လို့ အပိုင်ကြံလိုက်တာပေါ့ကွာ၊ ကဲ… အချိန်မရှိဘူး၊ ဒီမြို့သူမလေးကို လှည်းပေါ်ပွေ့တင်ကြ၊ ဒီလှည်းလမ်းပေါ်မှာ ကြာ ကြာနေလို့မကောင်းဘူး၊ ဖြတ်သွားဖြတ်လာတွေ မြင်ကုန်လိမ့်မယ်"

မဲလုံးနှင့်ကျွဲပေါက်တို့ တေး ကို အတင်းချုပ်နှောင်ပြီး လှည်း ယာဉ်ပေါ် ပွေ့တင်ကုန်ကြ၏။ တေး က အားအင်ရှိသမျှ ရုန်းကန်ပြီး ငယ်သံပါအောင် အော်ဟစ်၏။ ယောကျ်ားနှစ်ယောက်အားမို့ တေး





လိုက်ပါသွားရတော့၏။

ဒေါင်ကြီး အတွေးမှာတော့ တေး ကိုလည်းရပြီ၊ လူလှ ကို လည်း ချုပြီးပြီမို့ ဒေါ်ခင်လှ ပေးကမ်းလာမည့်ဆုတော်ငွေတွေကို မြင်ယောင်နေမိ၏။ လက်ဆပြင်းသွားလို့ လူလှ သေသွားရင်တော့ ရွှေစန္ဒာ ရဲ့ပြူစုမှာနဲ့မဲ့ အပြစ်တင်ခြင်းကို လိမ့်ခံရမှာလည်း ကျော်တွန့် ရပြန်၏။ လူလှ မသေလျှင်တော့ တေးနှင့် လူလှ ကို ခွဲထုတ်ပေးနိုင် လိုက်၍ ရွှေစန္ဒာ ရဲ့အပိုဆုကြေးကို မျှော်မှန်းလို့ရနိုင်သေး၏။ လူလှ သေသွားလျှင်လည်း ဒေါ်ခင်လှ အားကိုးနှင့် ရင်ဆိုင်ဖြေရှင်းလိုက်ရုံ သာပေါ့။

"ဒေါင်ကြီး အားလုံး ပြီးပြီ၊ သွားကြမယ်ဟေ့"

"အေး…၊ လာပြီ… လာပြီ…"

ကျွဲပေါက် နဖားကြိုးနှင့် ကြိမ်လုံးကို ကိုင်ထား၏။ မဲလုံး က တေး ကိုလှည်းပေါ်ခွေခေါက်လှဲသိပ်ထားပြီး အပေါ်က တက်ဖိ ထား၏။

"ဒေါင်ကြီး ယာခင်းတွေထဲက ဖြတ်ရမှာဆိုတော့ ယာထဲ အလုပ်ဆင်းနေတဲ့လူတွေ မြင်ကုန်ရင် ဘယ့်နှယ်လုပ်မလဲ"

"မိုးကာအစိမ်းနဲ့ အပေါ်က အုပ်ကွယ်လိုက်ပေါ့ကွာ၊ မြို့သူမ လေး မမွန်းအောင်လဲ တက်ဖိထားဦး"

ဒေါင်ကြီးတို့လှည်းယာဉ်လေး ခြူသံမြိုင်မြိုင်နှင့် ထွက်ခွာ သွား၏။

လူလှ တစ်ယောက်ခမျာ ငှက်ပျောတောထဲမှာ ပက်လက်ကြီး၊ ငှက်ပျောရိုင်းတောထဲကို တစ်စုံတစ်ယောက် ရောက်လာမှသာ တွေ့ရှိ ကယ်တင်ခံရမည့်အဖြစ်··။

လူ ဆိုသည်မှာ ကံတက်ချိန်မှာ 'ဘုရင်'၊ ကံနိမ့်ချိန်မှာတော့ 'အချဉ်'ဖြစ်တတ်သောသဘာဝ··။

တေး ရဲ့ဘဝကတော့ ကျားငစဉ်းလဲတွေနှင့် နဂါးခံတွင်းထဲကို ဝင်နေရလေတော့ပြီ။





မနေ့ကတည်းက ···

တောကြီးရဲ့ထန်းတောမှာ ကြက်ဝိုင်းတစ်ခု အမြန်လုပ်ပေးဖို့ ရေနံ့အစမ်းတွင်းရှာဖွေရေးစခန်းက တောကြီးရဲ့အသိမိတ်ဆွေ ကိုရွှေကောင်း က လူကိုယ်တိုင် လာရောက်ပြောဆိုခဲ့၏။ ရှာဖွေရေးစခန်းက ကြက်ဝါသနာအိုး နိုင်ငံခြားသားမိတ်ဆွေနှစ်ယောက်နှင့် သူတို့ဇနီးတွေ က ကြက်ပွဲကို ဆာဆာလောင်လောင်ကြည့်ချင်နေကြတာမို့ စပွန်ဆာခံပြီး အမြန်လာကြည့်လိုပါသတဲ့။ တောကြီး က စီစဉ်ပေးရပြီပေါ့။

တောကြီးရဲ့ထန်းတောထဲမှာ ထန်းတဲ သုံး,လေးခုနှင့် နေအိမ်နှစ်လုံးခန့် ပတ်လည်ဝိုင်းထား၏။ ထန်းပင်တွေ စီရီမြိုင်ဆိုင်နေပြီး မြေကွက်လပ်တလင်းကျယ်ကျယ်လည်း ရှိ၏။ ယခင်ကလည်း မကြာခဏ ကြက်ဝိုင်းဖြစ်နေကျနေရာ။

ရဲတွေ လာဖမ်းတိုင်း အရှောင်အတိမ်းမြန်နေလို့သာ ချက်ကောင်း မမိသေး။ တောကြီးတစ်ယောက် တိုက်နေကျ ကြက်ဝါသနာအိုးတွေကို လှကြဲပါးပြီး မှာရပြီပေါ့။ မနက်ဖြန် ကျိုက်ဝိုင်းကြီးရှိတယ်၊ ကြိုက်ကြေးမပယ်၊ ဒီနယ်က နာမည်ကြီးတိုက်ကြက်တွေကို ခေါ်လာကြပေါ့။

ကြက်သမားတွေဆိုတာကလည်း ကြက်ဝိုင်းကို ငရဲပြည်မှာ လုပ်မယ်ဆိုရင်တောင် ဘာညာစဉ်းစားမနေဘဲ လိုက်တိုက်ချင်နေကြတာပေါ့။ ကြက်ဝါသနာအိုးတွေထဲမှာ အောင်ဘော် က အဆိုးဆုံး။ အောင်ဘော် ဆိုတာ တောကြီး တို့ ထန်းတောဘေးက လယ်ငါးဧကကို မတ်ပဲစိုက်နေတဲ့ကောင်။ တောကြီး ထန်းတောမှာ ကျင်လည်စားသောက်ပြီး ကြက်ဝိုင်းမှန်သမျှ ရှေ့ဆုံးက ဝင်ပါတတ်တဲ့ကောင်ပေါ့။

တောကြီး က ဒေါင်ကြီးတို့နဲ့လည်း လင်မယားလိုခင်တာပါပဲ။ ဒီအထူးကြက်ဝိုင်းကိုတော့ ဒေါင်ကြီးတို့လို မူးပြီးပြဿနာရှာတဲ့ကောင်တွေ မဖိတ်ဘူး၊ လူသန့်သန့် လက်ရွေးစင်တွေကို တိုးတိုးကျိတ်ကျိတ်ရွေးဖိတ်တယ်။ ဒေါင်ကြီး က တောကြီး ဆို လူနိုင်ဖြစ်နေတာကိုး"

အောင်ဘော် က တိုက်ကြက်ကောင်းတွေမွေးပြီး တိုက်ကြက်အကြောင်းသိတဲ့နေရာမှာ ဆရာတစ်ဆူပေါ့။ သူ့တိုက်ကြက်တွေ အရင်က ခေါင်ကြက်တွေချည်းပဲ။ နောက်တော့ ဘယ်လိုဖြစ်တယ် ရယ် ဂဃနဏမသိပါဘူး၊ တိုက်ကြက်တွေမျိုး ပြုတ်ကုန်တယ်။ တိုက်တိုင်းနိုင်တဲ့ကောင်တွေ တိုက်တိုင်းရှုံးကုန်တယ်။ ရှုံးတော့ ကြက်သမားတို့ ထုံးစံအတိုင်း တိုက်ကြက်ကြီးတွေကို ကိုင်ရိုက်ပြီး





ချက်စားပစ်တာပေါ့။ အောင်ဘော့်မှာ တိုက်ကြက်ကောင်း မရှိ။ လက်လွတ်နေတဲ့အချိန်မှာ ရှယ်ဝိုင်းကြီးက ပေါ်လာတယ်။

ဒီရွာနီးချုပ်စပ်မှာ နာမည်ကြီးနေတဲ့ . .

'မိုက်စံ' ဆိုတဲ့ တိုက်ကြက်ဟောင်းကြီး . . ။

'သံမဏိမိုက်ခဲ' ဆိုတဲ့ ခွပ်လက်ကောင်းတဲ့ နောက်ပေါက်တိုက်ကြက် . . ။ လတ်တလော နာမည်ဟိုးဟိုးကျော်အောင် ခြေစွာနေသည့် 'ဝမ်းဘတ်' ဆိုသည့် တိုက်ကြက်၊ ရှားခဲ၊ အထောင်ဘက်က တက်လာမည့် 'ဗိန်းမောင်း' ဆိုသည့် စတင်းဂန်းပစ်သလို ဆက်တိုက် တဖြန်းဖြန်းခွပ်သည့် တိုက်ကြက်၊ ဒီကြက်ပိုင်ရှင်တွေ ငွေအိတ်ကြီးတွေလွယ်ပြီး တက်လာကြလိမ့်မည်။

ဒီလိုပွဲကြီးပွဲကောင်းကို တိုက်ကြက်မပါဘဲနှင့် အောင်ဘော် မသွားချင်။ နဂိုကတည်းက ကြက်ကိုင်ကြက်ပိုင်ကြီးကိုး။ ခက်တာက လက်ထဲမှာလည်း ကြက်မရှိ။ တွေ့ရာကြက်ဖ ကောက်ဆွဲသွားလို့လည်း မဖြစ်။

တစ်ခုတော့တွေးမိထား၏။ အကြံကုန် ဂဠုန်ဆားချက်ရတော့မည်။ ယခင်တုန်းက ဒီနယ်တစ်ကြောမှာ ပြိုင်ဘက်မရှိအောင် ရှုံးပွဲမရှိ နိုင်ခဲ့ဖူးသော ကြက်ဖဟောင်းကြီးတစ်ကောင် ရှိ၏။ အသက်နည်းနည်းကြီးရင့်နေ၍ ပိုင်ရှင်က အငြိမ်းစား ဘေးမဲ့လွှတ်ပေးထား၏။ အဲဒီကြက်ပိုင်ရှင်က မယဉ်ကျေးတို့ရဲ့အဖေ၊ ကွယ်လွန်သွားတာ တစ်နှစ်ကျော်ရုံရှိသေး၏။ အရက်ကို အသည်းကျွတ်ထွက်အောင် သောက်ပြီး သေသွားခဲ့လေပြီ။ ဒီတိုက်ကြက်ကြီးရဲ့အမည်က

'ကျုန်ကျောင်း'တဲ့။

ပြည်သူ့တရားရှင်ထဲက ကျုန်ကျောင်းလို တိုက်တိုင်းအောင်၊ ပွဲတိုင်းနိုင်ရမည်ဆိုသည့်အဓိပ္ပာယ်နှင့် မယဉ်ကျေးရဲ့အဖေ၊ ဒေါ်လပုံရဲ့ယောက်ျား ဦးကျော်ခေါင်ကြီးက အမည်ပေးခဲ့ခြင်းဖြစ်၏။ မယဉ်ကျေးနှင့် အောင်ဘော် က မောင်နှမဝမ်းကွဲတော်စပ်၏။ ဦးကျော်ခေါင်နှင့် အောင်ဘော်က တူဝရီးတွေ။ ဦးကျော်ခေါင်ရဲ့နှမက အောင်ဘော့်မိခင်။ တစ်ရွာတည်းနေ တစ်ရေတည်းသောက်တွေပေါ့။ ကြက်တိုက်ဝါသနာပါအောင် ဦးကျော်ခေါင်ကြီးက အောင်ဘော့်ကို လက်ဆင့်ကမ်း အမွေပေးခဲ့ခြင်းဖြစ်၏။ ဦးကျော်ခေါင်ကြီးရှိစဉ်က ကြက်ဝိုင်းတိုင်းကို အောင်ဘော် လိုက်ပြီး ကျုန်ကျောင်းကို ကြက်ကိုင်ပေးနေကျပေါ့။ ပွဲတိုင်းနိုင်ခဲ့တာချည်းပင်။ ဦးကျော်ခေါင်ကြီးက တိုက်ကြက်အမွေးကောင်း၏။ ထိုပညာကို အောင်ဘော် အမွေရပြီး တိုက်ကြက်တွေမွေးခဲ့ရာမှာ အောင်မြင်ခဲ့၏။

ယခုဖြင့် အောင်ဘော့်မှာ တိုက်ကြက်ကောင်းတွေ လက်ထဲမရှိ။ 'မိုက်စံ'တို့၊ 'သံမဏိမိုက်ခဲ'တို့၊ 'ဝမ်းဘတ်'တို့၊ 'ဗိန်းမောင်း' တို့ကို တန်းယှဉ်ဖိုက်နိုင်မည့် တိုက်ကြက်ဆိုလို့ ကျုန်ကျောင်း ကိုသာ အောင်ဘော် မြင်နေ၏။

ဦးကျော်ခေါင်ကြီး ရှိစဉ်က ကျုန်ကျောင်းကို ကြက်သမားတွေ ငွေသိန်းချီပေးပြီး လာဝယ်ကြ၏။ ဦးကျော်ခေါင် ကူ မရောင်း။ သူ့ရဲ့ကျုန်ကျောင်းကြီးက အကျိုးပေး၍ အမြဲသ,ထား၏။ သူ





သေခါနီးတော့ မယဉ်ကျေးနှင့် ဒေါ်လပုံကို သေချာမှာသွား၏။

ကျုန်ကျောင်း ကို လုံးဝ မရောင်းရ။ ကျုန်ကျောင်းတစ်သက် အိမ်ဝင်းထဲမှာ အငြိမ်းစားနေစေ။ ဘယ်သူ့ကိုမှလည်း အခကြေးငွေယူပြီး ကျုန်ကျောင်း ကို ခိုင်းစားတာမျိုး မလုပ်ရဟု အမိန့်ထုတ်သွား၏။

သို့ဖြင့် ကျုန်ကျောင်းကြီးမှာ ပွဲတိုင်းကျော်ကြီးဖြစ်ပြီး ယခုကာလမှာတော့ ကြက်မတွေကြား ကိုယိုးစွံကြီးဖြစ်နေပြီး ခွပ်လက်ခွပ်သားလေ့ကျင့်မှုတွေလျော့ပါးပြီး အဆီရစ်ချင်ချင်ဖြစ်နေလေပြီ။ ဒါတွေ အကြောင်းမဟုတ်။ အောင်ဘော် က မှန်းမှုတ်ပြီး ကျုန်ကျောင်းရဲ့သတ္တိဗီဇကောင်းကို အရောင်တင်ပေးလိုက်လျှင် နာမည်ကြီး နောက်တက်တွေလောက်တော့ ကျုန်ကျောင်းက ပြောင်းသတ်အောင် ခွပ်ပြပါလိမ့်မယ်။

နွားပျိုသန် နွားအိုပေါင်ကျိုးသလောက်သာပေါ့။

အောင်ဘော် တစ်ယောက် ယခင်ကတည်းက ကျုန်ကျောင်းကို မယဉ်ကျေးတို့ထံမှ နည်းမျိုးစုံနှင့် တောင်းခံဝယ်ယူဖူး၏။ မယဉ်ကျေး ကှာ သူ့အဖေစကားကို မြေဝယ်မကျနားထောင်၏။ လုံးဝ မရောင်း။ ခဏာတောင်းငှားလည်း မရ။

ဒီတော့ အောင်ဘော် အကြံထုတ်ရလေပြီ။ ရှယ်ကြက်ဝိုင်းကို ကျုန်ကျောင်းကြီးနှင့်နွဲဖို့ ကျုန်ကျောင်းကို အလစ်သုတ်မဖို့ အကြံပေါက်သွားတော့၏။ ထို့ကြောင့်…။

ဒီနေ့မနက် ရှစ်နာရီလောက်မှာ ကြက်ဝိုင်း စ,ကြမှာဖြစ်၏။ ဒီနေ့မနက်ဆိုတာ လူနှင့် ဓားတို့ ခရီးထွက်လာရင်း ရိုက်လုခံရသော မနက်စောပိုင်းဖြစ်၏။ အောင်ဘော် က မနက်ငါးနာရီလောက်ကတည်းက မယဉ်ကျေးတို့အိမ်မှာ အိပ်တန်းတက်နေသည့် ကျွန်ကျောင်းကြီးကို နိုးပြီး ရွာကအမြန်သုတ်ခြေတင်ဖို့အပြင် ...

ဒေါ်လပုံကြီး နိုးထလာတာနှင့် တန်းတိုးပြီး သူနိုးလူမီ ဖြစ်ရတော့၏။

"ဟော့..ဟော့.. ဟဲ့.. ဟဲ့.. အောင်ဘော်..၊ ငါ့ယောက်ျား ကြက်ကြီး နှင် ဘာလုပ်လိုက်တာလဲ၊ အခု ပြန်လွှတ်ပေးစမ်း၊ *အဲဒါ ဘာအောက်မေ့နေလဲ၊ ငါ့ယောက်ျားက အဲဒီကြက်ရဲ့ဝမ်းထဲမှာ* ဝင်စားနေတာဟဲ့"





ဒေါ်လပုံ က စိတ်အစိုးမရသူ။ အကောင်းမှတ်လို့နားထောင်နေရာမှ ပြောရင်း စိတ်ဖောက်တာတွေ ဖြစ်ဖြစ်လာ၏။

"ဒေါ်ကြီးပုံကလဲ ဒါ ကြက်ဖကြီးဗျ၊ ဘယ်လိုလုပ် ကြက်ဥဥမှာလဲ၊ ဦးလေးကလဲ သေလို့ ကျွတ်လွတ်သွားပါပြီဗျာ"

"ဟဲ့.. ဘာပဲဖြစ်ဖြစ် ငါ့ကြက်ကြီး ပြန်ထားခဲ့"

"ခဏလေးပါ၊ ကြက်ပွဲပြီးရင် ပြန်လာပို့မှာပေါ့"

"မရဘူး ဟော့ကောင်၊ ငါ အော်လိုက်မှာနော်"

"မအော်ပါနဲ့ဗျာ၊ ဒေါ်ကြီးပုံ က လိမ္မာပါတယ်၊ ဒေါ်ကြီးပုံ ဦးလေးကျော်ခေါင်ကို အမှတ်မရဘူးလား"

"ရတာပေါ့ဟဲ့.. ငါ့ယောက်ျားပဲဟာ.."

"ဦးလေးကျော်ခေါင် က တောကြီးရဲ့မိန်းမ မကျင်စန်း ဗိုက်ထဲမှာ ဝင်စားနေတာဗျ၊ မကျင်စန်း မွေးပြီးတာ လပိုင်းလေးပဲ ရှိသေးတယ်၊ ကလေးကဗျ ဦးလေးကျော်ခေါင် မှ ဦးလေးကျော်ခေါင်ပဲ၊ ချွတ်စွပ်နိုးပါးကိုတူတာ၊ အဲဒါ ဒေါ်လေးပုံ လိုက်ကြည့်မလား"

"ဟော..."

ဒေါ်လပုံ စဉ်းစားသွား၏။ သူ့ယောက်ျား သေတာလောက်ကို သိ၏။ ဝင်စားတာ မဝင်စားတာလောက်ကိုလည်း သဘောပေါက်၏။

"နင် တကယ်ပြောတာလား အောင်ဘော်"

*အောင်ဘော့် အမည်ကိုလည်း မှတ်မိ၏။* ကျန်တာတွေ ဆက်တွေး ဆက်ပြောလျှင် ချော်တောငေါ့ကုန်တော့၏။

"တကယ်ပေါ့ ဒေါ်ကြီးလဗုံရ"

"အဲဒါဆို ငါ လိုက်မယ်"

"ဒီကြက်ကြီးပါ ခေါ်သွားမယ်၊ သူ့ကြက်ကို သူက သိပ်တွေ့ချင်နေတာဗျ"

"အေးပေါ့.. ဟုတ်တာပေါ့"

အောင်ဘော့မှာ လော်ဂျားဆိုင်ကယ်အစုတ်ကလေးတစ်စီးရှိ၏။ အဲဒီဆိုင်ကယ်လေးနှင့် ကြက်ဝိုင်းကို လစ်မည်ပေါ့။ ဒေါ်လပုံကြီးကို တင်ခေါ်မသွားချင်။ အမျိုးမျိုး ချော့မော့ကြည့်၏ မရ။ သို့နှင့် ဒေါ်လပုံကြီးကို တင်ခေါ်လာရတော့၏။ မယဉ်ကျေး ပင်မသိလိုက်။ မယဉ်ကျေးတို့က လူနှင့်တေားတို့ ခရီးထွက်ဖို့ အိမ်ရှေ့ဘက်မှာ ပြင်ဆင်ပေးနေကြ၏။ အောင်ဘော်တို့က အိမ်နောက်ဘက်ပေ(၆၀)ကွာဝေးသော ခြံနောက်ပိုင်းမှာ ပြောဆိုနေခြင်းဖြစ်၏။ ရွာနောက်ဘက်လမ်းကနေ ကြက်ဖကြီးကိုရော ဒေါ်လပုံကိုပါ ဆိုင်ကယ်နှင့်တင်ခေါ်လာရတော့၏။ လူနှင့်တေားတို့ထက် အရင် ငှက်ပျောတောလမ်းခွဲကိုဖြတ်သန်းပြီး တောကြီးရဲ့ထန်းတောကို ရောက်လာကြခြင်းပင်။

ထန်းတောရောက်တော့ ဘယ်အချိန်ကတည်းက ဝီရိယကောင်းပြီးထလာကြလဲမသိ။ လူအတော်စုံအောင်ရောက်နေလေပြီ။- နိုင်ငံခြားသား လင်မယားစုံတွဲနှစ်တွဲက လင့်ရှိဗာကားလေးနှင့် ရောက်လာကြ၏။ ဂါဝန်ဖားဖားကြီးနှင့် ဘိုမကြီးတွေက ကင်မရာ





ကိုယ်စီနှင့်။ ထောင်ထောင်မောင်းမောင်း ဘိုဖြူကြီးတွေက ဗီဒီယိုကင်မရာတွေနှင့်။ ကြက်ဝိုင်းက ကြေးတင်ထပ်လောင်းပြီး ကြက်တွေ ဆိုင်ထားပြီးပြီ။ ဒါမျိုးဆို လူ့သတင်း လူချင်းဆောင်တာက မြန်လွန်း၏။ ဘေးဘီက လောင်းဖို့ရောက်လာကြသည့် ဝါသနာအိုးတွေနှင့်ပါဆို လူအယောက်ငါးဆယ်လောက် ရှိပေလိမ့်မည်။

ကြက်ဝိုင်း စတည်ချိန် မနက်(၈)နာရီလောက်မှာ ဒေါင်ကြီးတို့ အုပ်စုလည်း လှည်းယာဉ်လေးနှင့်ရောက်ချလာ၏။

"ဟ.. ဒေါင်ကြီး ကြက်ဝိုင်းနဲ့တန်းတိုးနေပါလား"

"အေးကွ.. ဒီနေ့ ဝိုင်းရှိမှန်း ငါတောင် မသိလိုက်ရဘူး"

"အဲဒါမှ ပြဿနာ၊ မြို့သူမကိုခေါ်လာတဲ့ကိစ္စ ဘယ့်လိုလုပ်ကြမလဲ"

"လူတွေထဲရောနှောပြီး တောကြီးရဲ့အိမ်ထဲကို အသာခေါ်သွင်းသွားကြတာပေါ့၊ ကြက်ဝိုင်းပြီးမှ တောကြီးတို့လင်မယားကို ငါပြောပြီး ရှောင်ခိုင်းမယ်၊ ဒီလင်မယားကို ငါ အသေပိုင်တယ်"

"ကြက်ဝိုင်းက မိုးချုပ်ချင်ချုပ်မှာနော်"

မဲလုံး က အထွန့်တက်ပြော၏။ ဒေါင်ကြီး က...

"ချုပ်ချုပ်ကွာ"

ကျွဲပေါက် က စိုးရိမ်သောမျက်နှာနှင့်...

"ဒီကောင်မလေးကို ဒီအတိုင်းကြီး ခေါ်သွင်းလို့မဖြစ်မလား၊ လာကြည့်တဲ့အထဲမှာ ကိုယ့်ရွာကလူတွေပါရင် ဘယ့်နှယ်လုပ်မလဲ"

ဒေါင်ကြီး က ကျွဲပေါက် ကို နှားပန်ရှုပ်တီးလိုက်ပြီး ...

"အေး.. ငတုံး၊ အဲဒါတွေ ဂရုစိုက်မနေနဲ့၊ ဒီကိစ္စဆိုတာ ဟိုကောင် လူလှကြောင့်လဲ အနေးနဲ့အမြန် ပေါ်မှာပဲ၊ ငါ့ဘက်က လက်ဦးမှုရဖို့ပဲ အရေးကြီးတယ်၊ ဒီမှာ တစ်ညပဲနားခိုမှာပါ၊ ပြီးမှ ဒီထက်လုံခြုံတဲ့ မြစ်ထဲမှာ လွန်းတင်နေတဲ့ စိန်ဝင်းမောင် မော်တော်ဆီ ပြောင်းနေကြမယ်၊ အဓိကကတော့ ဒီမြို့သူမကို ငါ အပိုင်မြန်မြန် ကြံလိုက်ဖို့ပဲ၊ ဟဲ..ဟဲ..ဟဲ..ဟဲ..."

ဒေါင်ကြီး က မုတ်ဆိတ်မွေးသပ်ပြီး အမြင်ကတတ်စရာကောင်းလောက်အောင် ဟီလာတိုက်နေ၏။ လှည်းလမ်းက ရိုးချောင်းခံနေ၍ ဂိတ်ဆုံးနေပြီ။ ရိုးချောင်းတံတားလေးကို ခြေကျင်လျှောက်ပြီး ဖြတ်ကျော်မှ တောကြီးတို့ဘက်ကို ရောက်မည်။

ရိုးချောင်း ဒီဘက်မှာ လင့်ရှိဘာကား၊ ဂွန်ဒေါင်း နှစ်စီး၊ ဆိုင်ကယ် ငါးစီး၊ လှည်း လေး,ငါးစီးခန့် ရပ်ထား၏။ နွားတွေကို လှည်းတွေက ဖြုတ်ပြီး စားကျက်လွှန်ထားကြ၏။ မဲလုံးနှင့် ကျွဲပေါက်တို့လည်း လှည်းယာဉ်ကနွားတွေဖြုတ်ကာ နွားနှစ်ကောင်ကို ခပ်လှမ်းလှမ်းရှိ သဖန်း ပင်မှာ သွားချည်ထားလိုက်ကြ၏။

ဒေါင်ကြီး က တေးရဲ့လက်တွေကို ပြုတ်တူနှင့်ညှပ်ထားသည့် အလား ချုပ်ကိုင်ထား၏။ တေး က ရုန်းကန်ပြီး ပါးစပ်နှင့် ဒေါင်ကြီး ရဲ့ လက်တွေကို လိုက်ကိုက်နေ၏။ ဒေါင်ကြီးက အသာရှောင်ဖယ်ပြီး တေး ကို ကျီစယ်ဟားတိုက်နေပြန်၏။





"နင်.. ငါ့ကိုလွှတ်နော်၊ အယုတ်တမာကောင် နင် ငါ့ကိုလုပ်ချင်တိုင်းလုပ်လို့ရမယ် ထင်နေသလား၊ ကောင်စုတ်.. ငါ့ဘဝကို ဖျက်ဆီးတာနဲ့ နင်လဲ ငရဲမီးနဲ့တွေ့မယ်"

"ကြိုက်တာနဲ့တွေ့.. မင်းလို နုနုထွတ်ထွတ်လေးနဲ့ ပျော်ပါးရရင် ဒေါင်ကြီး သေပျော်ပြီ၊ မင်းလေးနဲ့သာ ကျုပ် လိုက်ရရင် အခါတစ်ထပ် အသားတစ်ထပ်မှ သွားကြားတောင်ညပ်မှန်း သိလိုက်ရမှာမဟုတ်ဘူး၊ ရွှေး... နိုပ်ဟ"

မဲလုံးနှင့်ကျွဲပေါက်တို့က ဒေါင်ကြီး အောင်သေအောင်သားစားရမည့်အရေးကို ဝိုင်းပြီး အူမြူးချင်ကြသော်လည်း နောက်ဆက်တွဲ တက်လာမည့်ပြဿနာတွေကို တွေးမိပြီး ရင်လေးနေကြတာမို့ သိပ်ပြီး အူမမြူးနိုင်။

ရိုးချောင်းတံတားလေးပေါ် ဖြတ်လျှောက်လာကြစဉ်...

ထိုအချိန်နှင့်တစ်ပြိုင်နက်...

ကြက်ဝိုင်း စတင်ချိန် မိုက်စံ နှင့် သံမဏိမိုက်ခဲတို့ကို လွှတ်ပေးပြီး တစ်အောင့်ကြာရုံရှိသေး၏။ တောကြီးရဲ့တပည့် ကြက်ဝိုင်းကို ကင်းချထားသော တုတ်ကြီးတစ်ယောက် ချောင်းမဘက်ကနေ အူယားဖားယား ပြေးဝင်လာ၏။

"ဆရာတော.. ဆရာတော ချောင်းမဘက်ကနေ စက်လှေနဲ့ ရဲတွေရောက်လာကြပြီ၊ ကြက်ဝိုင်းကို အငိုက်ဖမ်းဖို့ ဒီဘက်ကုန်းလမ်းကမလာဘဲ ရေလမ်းကနေ စက်သပ်ပြီး တက်မတွေနဲ့လှော်ပြီး

ကမ်းကပ်လာကြပြီ''

''ဘာ… ရဲ.. ရဲတွေ လာပြီ''

ဘာပြောကောင်းမလဲ.. ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ်ကို ခိုးလုပ်နေကြတဲ့ လောင်းကစားသမားတွေဆိုတော့ ရဲ ဆိုတဲ့အသံကြားတာနဲ့ ငှက်အုပ်ကို လေးခွနဲ့ပစ်လိုက်သလို (ခိုအုပ်ကြားကို ကားနဲ့ ဖြတ်ဝင်လိုက်သလို) ဝုန်းခနဲ ထခုန်ပြေးကုန်ကြတော့တာပေါ့။

ရေလမ်းဘက်က ရဲတွေလာနေတာဆိုတော့ ကုန်းလမ်းဘက်က ရိုးချောင်းတံတားကို စုပြုံပြေးကုန်ကြရော။ ပုဆိုးမနိုင်၊ ပဝါမနိုင်၊ ဖိနပ်တွေကျွတ်ထွက်၊ သူ့လူကိုယ်ဆွဲ၊ ကိုယ့်လူ သူဆွဲနဲ့ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်ကြပါလေရော။

''ပိုက်ဆံထုပ် ကျန်ခဲ့ပြီ''

''ကြက်ကြီးကို သေချာကိုင်ထားကြဟေ့''

''ငါ့မျက်မှန်ရော…''

''ဘယ်သီမလဲ၊ လွတ်အောင်ပြေး.. နင့်ပထွေးတွေက အမိဖမ်းမှာ''

''မွေးမေ့လေ.. တက်နင်းတယ်၊ နာလိုက်တာ''

''ဟိုဘက်.. ဟိုဘက်ပြေး''

''တံတားက ဒီဘက်မှာဟ''

ဒေါင်ကြီးတို့အုပ်စုနဲ့ ဝရုန်းသုန်းကားထွက်ပြေးလာတဲ့ လူအုပ်ကြီး တံတားဟိုဘက်ထိပ်မှာ စုခံလုံးတိုက်ကုန်ပါလေရော။ သေရေး





ရှင်ရေး၊ သွေးရှူးသွေးတန်းတွေဆိုတော့ ဘယ်သူ့ကိုမှ ညှာမနေ၊ ရှောင်မနေကြတော့ဘူး၊ အတင်းဝင်တိုက် တိုးနင်းပြေးကုန်လို့..။

ဒေါင်ကြီး၊ မဲလုံး၊ ကျွဲပေါက်တို့ တွန်းတိုက်ပြိုလဲကာ ကိုးရိုးကားရား လဲပြိုကုန်ပါလေရော။ တောခမျာ ဒေါင်ကြီးလက်ကို အတင်းကုန်းကိုက်ပြီး နီးရာထန်းပင်အကွယ်နောက်ကို အမြန်ကပ်နေလိုက်လို့ သက်သာရာရသွားတော့တယ်။

ဖြစ်ချင်တော့ ပြေးလာတဲ့လူအုပ်ထဲမှာ အောင်ဘော်နဲ့ ဒေါ်လပုံတို့လည်း ပါတယ်။ အောင်ဘော် က ကျန်ကျောင်းဆိုတဲ့ကြက်ဖကြီးကိုပိုက်ပြီး ပုဆိုးကွင်းသိုင်းနဲ့ထွက်ပြေးလာတာ ဘောင်းဘီအတိုပဲခါးမှာကပ်တော့တယ်။ ဒေါ်လပုံ ကလည်း သူ့ယောကျ်ား ဝင်စားတဲ့ ကနေလေးကို ကြည့်တောင်မကြည့်လိုက်ရပါဘူး။ သူ့ယောကျ်ား မြတ်နိုးတဲ့ကြက်ကြီးကို အောင်ဘော် အပျောက်ရိုက်ပြီး တစ်ခုခုလုပ်မှာစိုးလို့ နောက်ကနေ ထက်ကြပ်မကွာ ပြေးလိုက်လာနေတာမှ ထဘီကြီး စွန်တောင်ဆွဲလျက်သား..။

တော လည်း ရွာကို ဘယ်လိုပြန်ရမှန်းမသိဘူး။ ဒီလမ်းတွေလည်း ကျွမ်းကျင်တာမဟုတ်ဘူး။ လူ့ကိုလည်း ရွာကလူတွေအကြောင်းကြားပြီး သွားကယ်ချင်သေးတယ်။ ပြေးလာတဲ့အုပ်စုထဲမှာ ဒေါ်လပုံ နဲ့ ရွာကကာလသား အောင်ဘော့်ကို တွေ့လိုက်ရတော့ဝမ်းသာအားရ ဖြစ်သွားတယ်။

''ဒေါ်ပုံ.. ဒေါ်ပုံ..၊ အောင်ဘော်.. အောင်ဘော်..''

"ဟာ… ဟင်… မမြို့သူ…"

အောင်ဘော် တေး ကိုတွေ့တော့ အရှိန်တန့်လိုက်၏။ ဒေါ်လပ့်ကတော့ အူလယ်ကြောင်တောင် တန့်ကြည့်နေ၏။

"ဟာ… လာ… အမြန်… တံတားဟိုဘက်ထိပ်မှာ ကျုပ်ဆိုင်ကယ် ပါတယ်၊ ကြက်ဝိုင်းကို ရဲဖမ်းလို့ ပြေးလာတာ၊ ကျုပ်နောက်ကသာ အမြန်လိုက်ခဲ့"

"ဟုတ်"

အောင်ဘော့်နောက်က တေး အမြန်လိုက်ရတော့၏။ တံတားထိပ်မှာ လူတွေ စုပြုံတိုးတက်နေ၏။ တံတားလေးက လူနှစ်ယောက်ရှောင်သာ‌ရုံလေးကျယ်၏။ လူအယောက်လေးဆယ်ကျော် စုပြုံတက်နေတော့ ပိတ်ဆို့ပြီး ဂျမ်းဖြစ်ကုန်၏။ စိတ်မရှည်နိုင်သူ၊ အစိုးရိမ်ကြီးသူတွေက ရိုးချောင်းတံတားပေါ်က ခုန်ချပြီး ရိုးချောင်းထဲကနေတစ်ဖက်ကမ်းကို ဖြတ်ကူးကုန်ကြ၏။

အိမ်ရှင် တောကြီးကလည်း အကြောက်လွန်ပြီး ဘိုမကြီးကိုဘူ့မိန်းမ ကျင်စန်းအမှတ်နှင့် လက်ဆွဲပြေးလာ၏။ ဘိုမကြီးလည်းဘာဖြစ်မှန်းမသိ။ တောကြီး ဆောင့်ဆွဲခေါ်ရာ ကိုးရိုးကားရား စကတ်ကြီး ဖားဖားလန်လန်နှင့် ကော့ကန်ကန်ကြီး လိုက်ပါလာရရှာ၏။ တံတားထိပ်ရောက်မှ လူမှားမှန်းသိပြီး တောကြီး ဒေါကန်ပါလေရော။

အမှန်တော့ အိမ်ရှင် တောကြီး ထွက်ပြေးလှည့်း အပိုသာတည်း။ ကြောက်လန့်ပြီး စွတ်ပြေးကာမှ မိန်းမ ကျန်ရစ်ခဲ့လေပြီ။





ဒေါင်ကြီးတို့တစ်တွေလည်း တွန်းတိုက်ပြုလဲတက်နင်းခံလိုက်ရ၍ ခွေခေါက်ဒူးထောက်ကာ တအားအား တအင်းအင်းနှင့် ဘွန်းလိမ်ညည်းညူနေကြရှာ၏။

ဘိုမကြီးခမျာလည်း ကမ္ဘာပျက်လို့ ထွက်ပြေးကုန်သလားမှတ်ပြီး သူ့ရဲ့ဘိုကြီးတွေကို တံတားထိပ်ကနေ ဘိုလိုကျူးအော်ခေါ်နေ၏။ အောင်ဘော် က ဘိုမကြီးကို မရောက်တာဆ ဝင်တိုက်မိ၍ ဘိုမကြီးလည်း ရိုးချောင်းချောက်ထဲ ကိုးရိုးကားရားကြီး ပြုတ်ကျသွားတော့၏။

အောင်ဘော် နောက်က တေး၊ တေး နောက်က ဒေါ်လပ့်တို့ပြေးလိုက်ကုန်ကြ၏။ ရဲတွေ ကြက်ဝိုင်းဆီရောက်တော့ ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မတွေ့ရတော့။ ဖိနပ်တွေ၊ မျက်မှန်တွေ၊ ခေါင်းပေါင်းတွေ၊ ပိုက်ဆံအိတ်တွေ၊ ဦးထုပ်တွေသာ ပြန့်ကျဲလျက်သားတွေ့ရတော့၏။ တခြားရဲတွေက ပြေးသူတွေနောက်ကို လူစုခွဲပြီးလိုက်ဖမ်းကုန်ကြ၏။

ရိုးချောင်းတစ်ဖက်ထိပ်ရောက်တော့ အောင်ဘော် က ဆိုင်ကယ်ပေါ်အရင်တက်ပြီး စက်နှိုးထား၏။ တေး က နောက်မှခွတက်၏။ ခွတက်တော့ ထဘီက ဟိုဘက်တစ်ဝက်၊ ဒီဘက်တစ်ဝက် အစတွေထွက်။ ဟိုဘက်ဖုံးတော့ ဒီဘက်ပေါ်၊ ဒီဘက်ဖုံးတော့ ဟိုဘက်ဒူးခေါင်းတွေပေါ်လို့။

ဒေါ်လပ့်က နောက်ဆုံးက ခွတက်၏။ အရှုံးပါ။ ခွတက်ခါနီးမှာ ထဘီကို ခါးတောင်းမြှောင်အောင်ကျိုက်လိုက်သေး၏။ ပြီးမှ

ကျားခနဲ အော်ကာ ဖက်တက်၏။

"ရပြီလား ကျေးဇူးရှင်တို့ရဲ့…၊ မြန်မြန်တက်ပါဟဲ့‥ ဟိုမှာ နင်တို့ဘိုးအေရဲ့တွေ လိုက်လာနေပြီ"

"မောင်းတော့လေ‥ ရနေပြီ"

ဝူးခနဲ ဆိုင်ကယ်ဆောင့်ထွက်တော့ တေး လည်း အောင်ဘော်ရဲ့လည်ပင်းကို ဆောင့်ဖက်လိုက်မိရာ အောင်ဘော်လည်း ဂစ်ခနဲ မျက်လုံးပြူးထွက်ပြီး အောင်မယ်လေး၊ အဘလေး တ,အော်ကာ ခါးနေရာကို ပြောင်းဖက်ခိုင်းတော့၏။

ဆိုင်ကယ်ဆောင့်ထွက်၍ ဒေါ်လပုံလည်း နောက်ကို ပစ်လဲလန် မလိုဖြစ်ရာ တေး ခါးကို အချိန်မီဖက်ထားလိုက်နိုင်၍ ပြုတ်မကျ။ ဆိုင်ကယ်က လှည်းလမ်းတစ်လျှောက် မြွေလိမ်မြွေကောက်ထွက် သွားပြီးမှ လမ်းကြောင်းမှန်အောင် မောင်းသွားနိုင်တော့၏။ ဝရုန်းသုန်းကား ပြေးကုန်ကြသည့် လူအုပ်ကြီးကတော့ ခြေဦးတည့်ရာ ကစဉ့်ကလျား ထွက်ပြေးကုန်ကြလေပြီ။

တေး ဘဝရဲ့အမှတ်တရ ထိတ်လန့်ဖွယ်ရာအဖြစ်ကို ကြုံတွေ့ လိုက်ရခြင်းပါပဲ။ ဒီထက်ပိုပြီး ထိတ်လန့်သည်းဖိုတွေ ထပ်တွေ့ရ မယ်ဆိုတာ တေး ဆက်ပြီးမတွေးမိသေး။ ဘဝမှာ တစ်ခါတလေ ဒါမျိုးတွေလည်း ဖြစ်တတ်ဆိုတတ်ပါသည်လေ‥။





အောင်ဘော်တို့ဆိုင်ကယ် ဝါးနက်ချောင်းရွာဘက်ကို ပြန်မောင်းလာစဉ် လှည်းလမ်းနှင့် ကိုက်နှစ်ရာခန့်ဝေးသော မြောင်ဝက်ပါသိုက်အနားသို့ အရောက်မှာ…

လှည်းလမ်းဘေး ကမူထစ်နှင့်ဆိုင်ကယ်ရှေ့ဘီး ဆောင့်မိပြီး ဟန်ချက်ပျက်ကာ ဆိုင်ကယ်လည်း မှောက်သွား၏။

"ဝူး… ဘူး…"

လက်တစ်ဖက်က ကြက်ကိုပိုက်၊ ကျန်လက်တစ်ဖက်က ဆိုင်ကယ်လီဗာကိုဆွဲရသော အောင်ဘော့ခများလည်း မှောက်မှ လီဗာကို ဘရိတ်နှင့် အမှတ်မှားကာ ဆွဲမိသဖြင့် ဆိုင်ကယ်မှာ ဘေးစောင်းကြီး ပဲခင်းထဲကို ဆွဲချသွား၏။

"အောင်မယ်လေး‥ သေပါပြီနော်"

"အား… အမေတို့ရေ… ကယ်ပါဦး"

အရှိန်သိပ်မများဘဲမှောက်၍သာ တော်တော့၏။ အောင်ဘော်ရော ဆိုင်ကယ်ပါ ပဲခင်းထဲ ရစ်ထွေးပြီး ရပ်တန့်သွား၏။ နောက်မှ လိုက်လာသော တေးနှင့် ဒေါ်လပုံတို့လည်း ပဲခင်းထဲ ပိုးလို့ပက်လက် တွေ လဲကုန်၏။ ဒေါ်လပုံက ပုံပျက်ပန်းပျက် ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်ပြီး အသံကုန်အော်ဟစ်နေ၏။ တေး ကတော့ ခွေခွေ လေးပေါ့။ အရှိန်နည်းနည်းနှင့်မှောက်လဲ၍ အနည်းငယ် ထိခိုက်ပွန်းပဲ့ တာကလွဲလျှင် ကြီးကြီးမားမားဒဏ်ရာတွေ မရကြ။

"ဟာ… သွားပြီ… လုပ်ကြပါဦး"

အောင်ဘော် က အရင်ကုန်းထပြီး အလန့်တကြား ထအော်၏။ တေး လည်း လူးလဲထ,လိုက်ပြီး…

"ရှင်ကလဲ သေချာမမောင်းဘူး၊ ကံကောင်းလို့ မသေတာယ်၊ အဲဒီကြက်ကြီး ဘာလို့ပိုက်မောင်းတာလဲ"

"ဟာဗျာ… အဲဒါ တိုက်ကြက်ကြီး၊ တန်ဖိုးသိပ်ကြီးတာ၊ အခု လက်ထဲကလွတ်သွားပြီ၊ ဟောဟိုမှာ ပြေးနေပြီ၊ ဆိုင်ကယ်မှောက်တာ လန့်ပြီး ကြက်ဖကြီး စွတ်ပြေးနေပြီ၊ အဲဗျာ… မြောင်ဝက်ပါ သိုက်မြုံတွေဘက်ကို ပြေးပြီ၊ အဲဒီမရောက်ခင် လိုက်ဖမ်းမှ…"

ကန်သင်းရိုးတွေ၊ ပဲခင်းတွေရှိနေ၍ ဆိုင်ကယ်နှင့်လိုက်ဖမ်း၍ မရ။ အောင်ဘော်တစ်ယောက် သုတ်ခြေတင်ပြီး ပြေးလိုက်သွားတော့၏။

"အမယ်လေး… အရိုးတွေကျိုးကုန်ပါပြီ၊ အသားတွေကြေ





ကုန်ပါပြီ၊ ကယ်ကြပါဦး… အဘတို့၊ အဘိုးတို့ရေ…"

ခါးတစ်ခြမ်းစောင်းနှိပ်ပြီး ထထိုင်ကာ အော်ဟစ်နေသော ဒေါ်လပုံ ကို တေး သွားထူရ၏။ ဒေါ်လပုံ က ကော့ကော်ကန်ကား နှင့် ထ,ရပ်လာ၏။

"နင် ဘယ်သူလဲဆိုတာ ငါ အခုမှသတိရပြီ၊ သိုက်နန်းရှင်သခင်မ လေး မဟုတ်လား"

"ရှင်… ဒေါ်ကြီးပုံက ကျွန်မရဲ့ဘဝဟောင်းကို သိနေတယ်"

"သိပ်သိတာပေါ့အေ၊ ဟောဟိုးရှေ့က မြောင်ဝက်ပါသိုက်နန်း မှာ သခင်မလေး နေသွားခဲ့တာ"

"အို… ဟုတ်တယ်"

စိတ်ကျန်းမာရေးဝေဒနာရှင်နှစ်ယောက် အတိုင်အဖောက်တွေ ညီကုန်သည့်အလား…။

"တေး ရဲ့ဘဝဟောင်းအကြောင်းကို ပြောပြတာ လူတွေက မယုံကြဘူး၊ ဒေါ်ကြီးပုံက ယုံတယ်နော်"

"ယုံတာပေါ့၊ လူတွေက ဘာနားလည်လို့လဲ၊ သိုက်နန်းက ထွက်လာရင် လူကောင်းပုံစံနဲ့ သိပ်ပေးမလွှတ်ကြဘူး၊ ရူးနေတာ လိုလို၊ ကျပ်မပြည့်တာလိုလို၊ ပိုလီယိုလိုလိုနဲ့ အ,အလိုလိုနဲ့ ပေးလွှတ် ကြတယ်၊ ဒါမှ သိုက်နန်းအကြောင်းတွေ ပြန်မပြောမှာလေ၊ ပြန်ပြော ရင် ဘနဖူး သိုက်တူးတဲ့ သိုက်ဆရာတွေက သိုက်လာတူးကုန်ကြ မှာပေါ့"

"ဒေါ်ကြီးပုံ အခုလိုပြောတော့လဲ လူကောင်းလိုပဲ"

"အားလုံး ရူးနေကြတာပဲ၊ ဟဲ့… ဒါနဲ့ ငါ့ယောက်ျားရဲ့ ကြက်ဖကြီးကော…၊ အဲဒီကြက်ဖကြီးကို စိတ်မချလို့ ငါ ဘကောက်ကောက်လိုက်နေရတာ၊ အောင်ဘော်ရော အောင်ဘော်… ကြက်ဖကြီးကော ကြက်ဖကြီး.."

"ဟိုးမှာ ကြက်ဖကြီးထွက်ပြေးလို့ အောင်ဘော် လိုက်ဖမ်းနေတယ်၊ မီမှာမဟုတ်ပါဘူး၊ ကြက်တွေက လူထက် အပြေးသန်ကြတာပဲ"

"ဟာ… ဟုတ်ပ၊ မဖြစ်ဘူး.. ငါပါလိုက်ဖမ်းမှဖြစ်မယ်၊ နင်ကော လိုက်မလား၊ မြောင်ဝက်ပါဘက်ပြေးနေကြတာ၊ ရောက်တုန်းရောက်ခိုက် ကိုယ့်သိုက်ကို အလည်လိုက်ကြည့်ဦးပေါ့"

"အင်း…တေး လဲ အဲဒီလိုစိတ်ကူးရတယ်၊ လိုက်ကြည့်မယ်လေ"

နှစ်ယောက်သား ကြက်ဖကြီးနှင့် အောင်ဘော်တို့နောက်ကို လိုက်သွားကြ၏။

မြောင်ဝက်ပါထဲ ကြက်ဖကြီးဝင်ပြေးသောအခါ အောင်ဘော်တစ်ယောက် ရှေ့ဆက်မလိုက်ရဲတော့။ မနက်ကိုးနာရီဝန်းကျင်သာရှိသေးသော်လည်း တစ်ယောက်တည်း ဝက်ပါထဲကို မဝင်ရဲရှာ။ ဘေးနားကသာ …

"ဒီးဒီး.. ဒီးဒီး.. လာ လာ လာ လာ… ကစ်ကစ် ကစ်… ဒီး ဒီး ဒီး ဒီး"





ကြက်ဖကြီးကို အသံပေးပြီး ပြန်ခေါ်နေ၏။ ဒေါ်လပုံနှင့် တေး တို့ အနားရောက်လာသောအခါ …

"ဟဲ့.. အောင်ဘော်၊ ကြက်ဖကြီးကော.."

"ဒီထဲဝင်ပြေးပြီဗျ၊ ဘယ်လိုပြန်ခေါ်လို့မှမရဘူး"

"နင် ဘာလုပ်နေတာလဲ၊ ဝင်လိုက်ရှာလေ"

"ကျုပ် မဝင်ရဲဘူး၊ ဒီနေရာက ကြမ်းတယ်"

"နင် မဝင်ရင် ငါတို့ဝင်မယ်"

"ဟာ.. အန္တရာယ်များတယ်၊ မြွေဆိုးကွေ့ပေါ်တယ်၊ မဝင်နဲ့"

အောင်ဘော် က အမျိုးမျိုးတားသော်လည်း မရ။ ဒေါ်လပုံနှင့် တေး တို့ ချုံတွေကိုဖြဲပြီး မြောင်ဝက်ပါသိုက်ထဲ ဝင်သွားကုန်ကြ၏။ အောင်ဘော်လည်း မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ဆိုင်ကယ်ဆီ အမြန်ပြန်ပြေးလာ၏။

ရွာကို အမြန်ပြန်ပြီး အကြောင်းကြားမှဖြစ်မည်။ ညည်းသည်မလေးနှင့် ဒေါ်ကြီးပုံတို့ အန္တရာယ်တစ်ခုခုဖြစ်ပါက သူ့ပယောဂလည်း မကင်း။

ဆိုင်ကယ် စက်နှိုးပြီး တဗျင်းဗျင်းလီဗာပုတ်ကာ ဂီယာထည့်နင်းပြီး အပြင်းမောင်းနှင်ကာ ရွာရောက်အောင်မောင်းရလေတော့၏။

ဒေါင်ကြီး၊ မဲလုံးနှင့် ကျွဲပေါက်တို့ကို ရဲက ဖမ်းမိသွား၏။ တခြားသော ကြက်ဝိုင်းလာသူတချို့လည်း ဖမ်းမိကုန်ကြ၏။ ဒေါင်ကြီး တို့ခမျာ ယုန်ထောင်ကြောင်မိခံရသည့်အဖြစ်ကို မချိတင်ကဲ၊ ရင်ထုမနာ ဖြစ်ကုန်ကြ၏။ နိုင်ငံခြားသားတွေကိုတော့ ပိုင်ရာဆိုင်ရာက ဖြေရှင်းပြီး ဒဏ်ကြေး ဆောင်နိုင်းလိမ့်မည်ထင်သည်။

လူလု တစ်ယောက် သတိပြန်ရလာပြီး ချုံစောင်းဖြတ်ရိုက်ခံလိုက်ရ၍ နားထင်စောင်းမှာ ဖူးရောင်ကိုင်းနေ၏။ ဆိုင်ကယ်စီးဦးထုပ်ကို ရှေ့ခြင်းထဲထည့်ပြီး မြို့ရောက်မှဆောင်းမည်ဟု ပေါ့လျော့မိခဲ့ခြင်းကြောင့် အရိုက်ခံယီတာ ပြင်းသွားခြင်းဖြစ်သည်။ ဟဲ(လ်)မက်သာ ဆောင်းထားပါက ထိချက်ပြင်းမည်မဟုတ်။

"အား... အင်း... ကျွတ် ကျွတ် ကျွတ်..."





သတိရရချင်း တော ကို အမှတ်ရ၏။ လှူးလဲထလိုက်တော့ ခေါင်းထဲ မူးခနဲ၊ မိုက်ခနဲ။ အနီးအပါးလိုက်ရှာကြည့်တော့ တစ်ယောက်မှမရှိ။ ငှက်ပျောတောထဲလေတိုး၍ ငှက်ပျောရွက်တွေ လှုပ်ခတ်သံ ကြားနေရ၏။ ဒေါင်ကြီးတို့လည်း ပျောက်နေ၏။

ဒေါင်ကြီးတို့ကိုတွေးမိတော့ ဒေါသအမျက် ဖျင်းခနဲထွက်မိ၏။ အနီးဝန်းကျင်လိုက်ရှာကြည့်တော့ ဆိုင်ကယ်ကို ပြန်တွေ့၏။ ဆိုင်ကယ်ပေါ်တက်စီးပြီး ရွာဆီပြန်လာလိုက်၏။ သက်ဆိုင်ရာလူကြီးတွေနှင့် ရဲကင်းကို သွားတိုင်ရမည်။ တောကို ပြန်ပေးဆွဲသွားကြတာ၊ အကြမ်းဖက်ခေါ်ဆောင်သွားကြတာဖြစ်မည်။ တော အတွက် အလွန်အမင်း စိတ်ပူနေမိ၏။

အောင်ဘော် တစ်ယောက် ရွာထဲရောက်တော့ ရွာကလူကြီးစုံရာ အမြန်ခေါ်ပြီး ဖြစ်ကြောင်းကုန်စင်ရှင်းပြရ၏။ မယဉ်ကျေးတစ်ယောက် သူမအမေအတွက် စိတ်ပူပြီး ပျာလောင်ခတ်သွား၏။ အန်တီမြနှင့် သီရိဒွံ တို့လည်း ရင်ဘတ်တွေဖိပြီး ဘုရားတ,ကုန်၏။

ဦးသူတော် က, ...

"ဒီလိုဆို မဖြစ်ချေဘူး၊ မြောင်ဝက်ပါသိုက်ထဲ ငါ ရှေ့ဆုံးက ဝင်မယ်၊ ဒေါ်ပုံနဲ့ ဇည့်သည်ကလေးမကို ပြန်ရှာခေါ်လာမှဖြစ်မယ်"

လှည်း သုံး,လေးစီးတောက်ပြီး ဦးသူတော် အပါအဝင် ရွာလူကြီး, လူငယ်တွေ လိုက်ပါလာကြ၏။ မယဉ်ကျေး၊ အန်တီမြ၊ သီရိဒွံနှင့် အောင်ဘော် တို့က လှည်းတစ်စီးဖြင့် လိုက်ကြ၏။

လမ်းမှာ လူလှ နှင့် သွားဆုံကြ၏။

"ဟော့… လူလှ…၊ မင်း ဘယ်လိုဖြစ်ရတာတုံး၊ မြို့ကလေးမက မင်းနဲ့ ဘယ်လိုကွဲသွားရတာတုံး"

ဦးသူတော်က လှမ်းမေး၏။ လူလှက သူ့ဒဏ်ရာကိုပြပြီး…

"ဒေါင်ကြီးတို့လက်ချက်ပေါ့၊ လှစ်ခနဲ ဖြတ်ရိုက်တုန်းက ဒီကောင့်မျက်နှာကို ဖျတ်ခနဲတွေ့လိုက်ရတယ်၊ ဒီကောင် တောကို အပိုင်သိမ်းဖို့ ယုတ်မာတဲ့အကြံနဲ့ လုပ်သွားတာ"

လူလှ က ဂဃနဏ ရှင်းပြလိုက်တော့ ရွာလူကြီးတွေလည်း တက်တခေါက်ခေါက်ဖြစ်ကုန်၏။ အန်ကီမြ ဆိုတာ ငိုကြီးချက်မကို ဖြစ်ပါလေရော။

"ကျွန်မတူမလေး ဘဝဆုံးပြီနဲ့တူပါရဲ့၊ မြန်မြန်ကယ်ပေးကြပါရှင်၊ ကယ်ပေးကြပါ"

"ဘာမှစိတ်မပူပါနဲ့၊ ကျုပ်တို့ရွာသား အဲဒီကောင်ကို အမိဖမ်းပြီး ရွာက နှင်ထုတ်ပစ်ပါ့မယ်"

ဦးသူတော်က ထောင့်စေ့အောင် စဉ်းစားလိုက်ရင်း …

"အောင်ဘော်‥ မင်းပြောတော့ သံသာတေးနဲ့ ဒေါလပုံတို့ နှစ်ယောက်တည်း သွားကြတာဆို၊ သံသာတေး ကို မင်း ဘယ်မှာ တွေ့ခဲ့တာလဲ"

"ကြက်ဝိုင်းမှာဗျ၊ ကြက်ဝိုင်းကို ရဲဖမ်းလို့ထွက်ပြေးကြတုန်းက သူ အဲဒီကိုရောက်နေတာပဲ။ ဧကန္တ ဒေါင်ကြီးတို့ တောကြီးရဲ့





ထန်းတဲကို ခေါ်လာကြတာဖြစ်လိမ့်မယ်၊ လူတွေ ဝရုန်းသုန်းကား ဖြစ်နေတုန်း အဲဒီ မြို့သူလေး လူကွဲထွက်လာတာပဲဖြစ်ရမယ်"

လူလှ က အောင်ဘော့်စကားကို သေချာစဉ်းစားလိုက်ပြီး…

"ဒါဆို တော နောက်ကို အမြန်လိုက်ကြမယ်၊ ဒေါင်ကြီးကိစ္စ နောက်မှရှင်းကြတာပေါ့"

"အေး‥၊ ဟော့ဒီလမ်းကနေ ပဲခင်းတွေထဲ ဖြတ်ချိုးပြီး မြောင်ဝက်ပါကိုသွားရင် ပိုနီးတယ်၊ သွားကြစို့"

ဖြတ်လမ်းကနေ ချီတက်ကုန်ကြ၏။ ဒေါင်ကြီးတို့လက်ထဲ ပါသွားတာထက်စာလျှင် မြောင်ဝက်ပါရောက်သွားတာကမှ တော်ဦးမည်ဟု လူ တွေးမိ၏။

"တောရေ..၊ တော.. တောရေ..."

"တူမလေးရေ..၊ သံသာတော.. တူမရေ ..."

လူ နှင့်အန်တီမြတို့က ဝက်ပါသိုက်ချုံတွေဘေးကနေ အော်ခေါ်ကြည့်၏။ ဘာမှ ပြန်ထူးသံမကြားရ။ မြောင်ဝက်ပါသိုက်နေရာက ဆယ်ကေပတ်လည်မက ကျယ်ဝန်း၏။ မယဉ်ကျေး ကလည်း သနားစဖွယ် အသံလေးဖြင့်...

"မေမေရေ.. မေမေ.. သမီးတို့ရောက်နေတယ်၊ ပြန်လာခဲ့ပါ မေမေရယ်... မေမေ မရှိရင် သမီး မနေတတ်လို့ပါ"

တုံ့ပြန်ထူးသံ မကြားရ။ ဦးသူတော် က စတင်ပြီး ဝက်ပါသိုက်တောထဲကို ဝင်ရောက်သွား၏။ လူသွားလမ်းပေါက်ရယ်လို့ မရှိ။ နေ့လယ်ဆယ့်တစ်နာရီခွဲအချိန်ဖြစ်သော်လည်း သစ်ပင်ကြီးတွေ





မြိုင်နေအောင်ပေါက်နေသဖြင့် အထဲမှာ စိမ်းညို့နေ၏။ တချို့နေရာတွေက အရွက်သိပ်သိပ်စိပ်စိပ်မိုးနေ၍ နေပြောက်ပင်မထိုးနိုင်။

ဦးသာခင် တို့ ကြိမ်လုံးတွေကိုင်ပြီး မြွေအန္တရာယ်ကင်းအောင် ချုံတွေကို လိုက်ရိုက်နေ၏။ ကပ်စေးနှဲတောထဲအဖြတ်မှာ လူတိုင်းရဲ့ ပုဆိုး၊ ထဘီတွေ ကပ်စေးနှဲသီးတွေ ကပ်ကုန်၏။

"ဟော.. အသံတိတ်ပြီး နားထောင်ကြည့်စမ်း"

လူ က နားပါးပါးစွင့်ထားရာက အားလုံးငြိမ်ဖို့ပြောလိုက်၏။ လူတွေအားလုံး ငြိမ်ပြီးနားစွင့်လိုက်သောအခါ...

ရှေးခေတ်ပောင်းသီချင်းကြီးတစ်ပုဒ်ကို ဆိုနေသံ၊ ဒန်းပုခက်လွှဲသံတွေ သဲ့သဲ့ကြားလိုက်ရ၏။

ဦးသူတော် က မျက်လုံးစုံမှိတ်ပြီး မေတ္တာပို့သနေ၏။ ဦးသာခင် တို့အဖွဲ့က ချုံတွေကို တုတ်နှင့်ထိုးပြီး မြွေဆိုးတွေကို အဝေးရောက်အောင် ခြောက်လှန့်နေ၏။ လူလှက ရှေ့ဆက်တိုးဝင်သွား၏။

"ဟီး ဟီး ဟီး... ဟား ဟား ဟား ဟား"

ကြောက်လန့်ဖွယ်ရာအသံသြကြီးနှင့် ရယ်မောဟားတိုက်သံကို ကြားလိုက်ရ၏။

"ဘာ.. ဘာသံကြီးလဲ"

အန်တီမြ က မယဉ်ကျေးရဲ့လက်ကို ဆုပ်ကိုင်ပြီး အသံတုန်တုန်ဖြင့် မေးလာ၏။ လူ က...

"ဘာမှမကြောက်နဲ့..၊ ရှေ့ဆက်သွားမယ်"

မြောင်ဝက်ပါအုတ်ဖိုကြီးဘေးက ပတ်ထွက်လိုက်စဉ်…

"ရှူး… ရှူး"

"ဟာ…"

"အမယ်လေး"

"မွ… မြွေ… မြွေကြီး…"

စပါးအုံးမြွေကြီးက ချုံနွယ်တွေကိုပတ်လိပ်ပြီး နှာမှုတ်သံပေးနေ၏။ ပေါင်လုံးနီးပါးတုတ်ပြီး ဆယ်ပေမကရှည်လျားကာ အကွက်အပြောက်တွေ ဖိတ်ဖိတ်တောက်နေ၏။ ရွာသားတွေက တုတ်တွေနှင့် ဝိုင်းရိုက်ဖို့အပြင် ဦးသူတော် က…

"မသတ်နဲ့…၊ သိုက်မြွေတွေ… မလုပ်ကောင်းဘူး၊ ရှောင်သွား"

သို့နှင့် မြွေကြီးကို အသည်းတယားယားနှင့်ရှောင်သွားရ၏။ လူ က အောင့်မထားနိုင်တော့…။

"တေး… တေးရေ… တေး…"

"တူမလေး သံသာတေး…"

"မေမေ… မေမေရေ…"

အသံစုံပေးခေါ်လိုက်ပြီး ချုံတွေဖြဲကာ ရှေ့ဆက် တိုးဝင်လိုက်စဉ်…

"ဟာ…"

"ဟင်…"

"ဟယ်…"





နွယ်ကြိုးဒန်းပုခက်ကြီး လေထဲမှာ လွဲနေ၏။ ဒန်းပုခက်ပေါ်ထိုင်စီးသူ မရှိတော့။ တောတိုးသံ ကြားလိုက်ရပြီး ငြိမ်ကျသွား၏။ လူလှ တို့ ဒန်းပုခက်နားရောက်တော့ လူရိပ်လူယောင် ဘာမှမမြင်ရတော့။

လိုဏ်ဂူပေါက်မှာ ပိတ်စွယ်တောကြီး ဖြဲဟထား၏။ အထဲကိုလှုဝင်ထားပုံရ၏။ တေးနှင့် ဒေါ်လပုံတို့သာ အထဲဝင်လျှင် ပြန်မထွက်တတ်က ဒုက္ခ။

လူ က လိုဏ်ဂူပေါက်ဝကိုဖြဲပြီး အထဲဝင်ဖို့အပြင် ဦးသူတော် က…

"မဝင်နဲ့… သူတို့ အထဲမှာရှိတယ်၊ အတွင်းထဲမရောက်သေးဘူး၊ အဝနားမှာတင် ပုန်းကွယ်နေကြတယ်၊ အပြင်ကနေ ချော့ခေါ်ကြ"

လူ တို့လည်း အပြင်ကနေ အသနားခံသံလေးတွေနှင့် ချော့ခေါ်ရတော့၏။ ရိုးရိုးခေါ်ရင် မရ၊ ဉာဏ်ကူရတော့၏။

"တေး… ပြန်ထွက်လာပါကွာ၊ မောင်တော် လိုက်ခေါ်တာပါ၊ တေး သာ ထွက်မလာရင် မောင်တော် ဒီကနေ အဝေးကို ထွက်သွားတော့မယ်"

လိုဏ်ဂူထဲက လှုပ်ရှားသံတွေကြားရ၏။ စကားတိုးတိုးကြိတ်ကြိတ်ပြောသံတွေလည်း ကြားရပြန်၏။

"တူမလေး… တူမလေး ထွက်မလာရင် အန်တီမြ ရင်ကွဲသေရပါတော့မယ်၊ ပြန်ထွက်လာပါကွယ်၊ အန်တီမြ စိတ်ဆင်းရဲ

လွန်းလို့ လဲသေချင်စိတ်တောင် ပေါက်နေပါပြီ”

လိုဏ်ဂူထဲမှ ခပ်ကြမ်းကြမ်းလှုပ်ရှားဆွဲလွဲသံတွေ ကြားရ၏။ ဒီနောက် ...

“သွားမယ်.. မတားနဲ့..၊ လွှတ်ပါ..”

တေး ရဲ့အသံလေး ပေါ်လာ၏။ နောက်ဆက်တွဲ...

“မသွားရဘူး၊ သိုက်နန်းကို လာပြီးရင် ပြန်လို့မရဘူး၊ ဒါ ငါ့အမိန့်၊ တိတ်စမ်း.. ငြိမ်စမ်း..”

အသံသြနက်နက်ကြီး ပေါ်လာ၏။ မယဉ်ကျေး က...

“ဒါ မေမေ့အသံပဲ၊ မေမေ.. မေမေရေ.. ပြန်ထွက်လာပါ၊ သမီး တောင်းပန်ပါတယ် မေမေရယ်၊ မေမေ ဒီလိုလုပ်နေတာ သမီးကို ရှင်လျက်နဲ့ သေအောင်လုပ်နေတာနဲ့ အတူတူပါပဲ၊ ဧည့်သည် ကို ဒီလိုလုပ်ထားလို့ ဧည့်သည် တစ်ခုခုဖြစ်သွားရင် သမီး လူပုံ အလယ်မှာ ဘယ်လို မျက်နှာပြရမှာလဲ၊ တစ်သက်လုံး ဗိုင်းလက်ညှိုး ထိုးပြီး အပြစ်ပြောကြတာ ခံရတော့မယ်၊ မေမေ သမီးကို မသနား တော့ဘူးလား...၊ ဘာလို့ အဲဒီ မကောင်းတဲ့အယူအစွဲတွေ ထားနေ ရတာလဲ...၊ မေမေ မရှိလို့ သမီး မဖြစ်ဘူး၊ သမီး မရှိရင် မေမေ နေလို့ဖြစ်သလား...၊ အဲဒါဆို သမီးကိုသာ အရင်ထွက်သတ်လိုက် ပါတော့”

မယဉ်ကျေး ခမျာ သနားဖွယ်ရာ ငိုရှိုက်ရင်း ပြောရှာ၏။ လိုဏ်ဂူ ထဲမှာ အသံငြိမ်ကျသွား၏။ ခဏအတွင်းမှာ ချုံနွယ်တွေကိုဖြဲပြီး





တေး ပြေးထွက်လာ၏။ လူ က အလိုက်သင့် ဆီးကြိုပွေ့ဖက်ထား လိုက်၏။

“အို.. တေး.. မသေကောင်းမပျောက်ကောင်းကွာ”

“လူ.. လူ.. ရှင် ဘာမှမဖြစ်ဘူးနော်၊ တေး မှာလေ ရှင့် အတွက် စိတ်ပူလိုက်ရတာ...”

“ဘာမှမဖြစ်ဘူး၊ ဟိုကောင်တွေကို ရဲတွေဖမ်းသွားပြီ သိလား”

“ဟုတ်လား”

တေး က တအံ့တသြနှင့်ပြန်မော့ကြည့်ရင်း ပြောလာ၏။ အန်တီမြ က တေး ကို ဖက်ပွေ့ပြီး...

“ငါ့တူမလေး.. ကံကြီးလို့သာပေါ့..၊ အဟင့်ဟင့်... ဘာလို့ မိုက်ချင်ရတာလဲကွယ်.. အန်တီမြကို ရင်ကွဲအောင်မလုပ်ပါနဲ့”

တေး က လူ့ ရင်ခွင်ထဲက ခွာပြီး အန်တီမြ ကို ဖက်ပွေ့ကာ ကျောသပ်နှစ်သိမ့်ပေးရှာ၏။ ထိုစဉ်မှာပင် ဂူထဲကနေ ကြောက်စရာ ရုပ်သွင် ဆံပင်ဖားလျား၊ မျက်လုံးကြောင်တောင်နှင့် ကားကားကြီး ထွက်လာသော ဒေါ်လပုံ ကို တွေ့လိုက်ရ၏။

ရွာသားတွေ လန့်ကုန်၏။ ဒေါ်လပုံ က ရန်ပြုမည့်အသွင် အပမီထားသည့်အသွင်နှင့်မို့ ဦးသာခင် က...

“အားလုံး နောက်ဆုတ်၊ မြန်မြန်ဆုတ်”

နောက်ကို ဆုတ်ရှဲကုန်၏။ မယဉ်ကျေး တစ်ယောက်သာ မူလရပ်နေရာမှ သူ့အမေဆီကို ပြေးဝင်ပွေ့ဖက်လေသည်။

"မေမေ.. မေမေရယ်..."

ဒေါ်လပုံ က မယဉ်ကျေး ကို ဘာမှမလုပ်သော်လည်း ဝိုင်းထားသောရွာသားတွေကို မျက်ထောင့်နီကြီးနှင့် မကျေမချမ်း ကြည့်နေ၏။ ဦးသူတော် က ဒေါ်လပုံ အနားကိုကပ်သွားပြီး ဒေါ်လပုံရဲ့ နဖူးမှာ စိပ်ပုတီးကပ်ပေးပြီး ဘုရားစာတွေရွတ်ဖတ်ပေးလိုက်သည့်ခဏ...

"အင်း ဟင်း ဟင်း"

ဒေါ်လပုံ ပင့်သက်မောကြီး မှုဉ်းချပြီး ပျော့ခွေလဲကျသွားတော့၏။

"ဝိုင်းပွေ့ထမ်းကြပါကွ"

ဦးသူတော် အော်ပြောလိုက်၍ ရွာသားတွေလဲ ကြောက်တွန့်လန့်ရွံ့ဖြင့် ဒေါ်လပုံ ကို ဝိုင်းပွေ့ထမ်းကုန်ကြ၏။

"ဒီနေရာက မြန်မြန်ထွက်ကြတော့"

ဦးသူတော် ပြောလိုက်၍ အားလုံး သူ့ထက်ငါ ရှေ့ရောက်အောင် သုတ်ခြေတင်ပြီး ဝက်ပါသိုက်မြုံကြားထဲက ပြန်ထွက်ကုန်ကြ၏။

"ဝေါ.. ဝေါ.. ဖရော..."

သစ်ပင်ကြီးတွေကို လေကြမ်းဖြင့် မွှေ့တိုက်သံကို ကြက်သီးထဖွယ်ရာ ကြားလိုက်ရ၏။ တိမ်ညိုတွေ ဖုံးအုပ်လိုက်၍ အလင်းရောင်တွေ ပိမှောင်သွား၏။

"ရှူး.. ရှူး... ဖူး.. ဖူး..."





မြေနှာမှုတ်သံ၊ မြွေတွန်သံတွေ သံပြိုင်လိုလို ပေါ်ထွက်လာ၏။ မမြင်အပ်သောအရာတွေနှင့် မမြင်အပ်သောအန္တရာယ်သံတွေ ထွက်ပေါ်လာ၏။ နောက်ဆုံးကနေ ဦးသူတော် က မေတ္တာပို့သပြီး လိုက်လာ၏။

မြောင်ဝက်ပါသိုက်အပြင်ကို ရောက်ကုန်ကြတော့မှပဲ တိမ်ညိုတွေ လွင့်ပါးပြီး အလင်းရောင် လင်းရှင်းသွား၏။ လူနှင့် တေးအပါအဝင် ရွာသားတွေလည်း သူ့ထက်ငါ ပြိုင်ဆိုင်သလို သက်ပြင်းမောကြီးတွေ ချကုန်ကြမိတော့၏။

ဦးသူတော်က မေတ္တာပို့ပြီး ရေမန်းဖြင့် ကုသပေးသောကြောင့် တောရော ခေါလပုံပါ မူလအခြေအနေပြန်ဖြစ်သွားကြ၏။ ရွာထဲမှာ လည်း ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ကုန်ကြ၏။

ခေါင်ကြီးတို့ကို တိုင်ချက်ဖွင့်ဖို့ ဦးသာခင်၊ ဦးထွန်းမြိုင်တို့က တိုက်တွန်းကြ၏။ ဦးသူတော် က မေတ္တာထားဖို့ ပြော၏။ လူ ကတော့…

"သူ့စရိုက်နဲ့သူ သွားပါစေတော့၊ ခုခုလဲ ကြက်ဝိုင်းမှာမိတဲ့ အပြစ်နဲ့ ဒဏ်ခံရတော့မှာပါ"

ဦးသာခင် က…

"မိခင်လှတို့အသိုက်ကတော့ မကျေနပ်လို့ ပွစိပွစိလာရိုက်နေ တာပဲဟေ့"





"သူ့စေတနာ သူ အကျိုးပေးပါလိမ့်မယ်"

လို့သာ လူ ပြန်ပြောလိုက်မိ၏။ ခေါ်ခင်လှတို့အိမ်မှာလည်း ခေါင်ကြီးကို လိုက်ကယ်ဖို့ ပြင်ဆင်လှုပ်ရှားနေကြ၏။ ရွာတောင်ပိုင်း က လူတွေက ခေါ်ခင်လှတို့ ဆွေမျိုးအုပ်စုကို မုန်းကြ၍ အာမခံ လိုက်မပေးကြ။ ရွာမြောက်ပိုင်းကလူတွေကိုသာ ခေါ်သွားကြ၏။

ဦးထွန်းမြိုင် က…

"ဒီကောင် ပြန်ထွက်လာရင် အထိမနာသေးလို့ လက်ရဲဇက်ရဲနဲ့ ပြန်သောင်းကျန်းဦးမှာ၊ ဒါကြောင့် ပြစ်ဒဏ်ပိုထိပြီး နောင်တရသွား အောင် လူလှတို့ကိစ္စကို ရဲစခန်းတက်တိုင်ပြီး အမှုဖွင့်သင့်တယ်ဗျာ"

သွေးထွက်အောင်မှန်တဲ့စကားမို့ လူကြီးတွေကလည်း ပြောင်း လဲ စဉ်းစားရတော့၏။ ဦးသူတော် ဝင်မပါတော့။ ခပ်မဆိတ်သာနေ လိုက်တော့၏။

"နောက်ဆို လူလှနဲ့ မြို့သူမလေးကို အသက်အန္တရာယ်ပေးတဲ့ အထိ ရန်ရှာတော့မှာနော်၊ မဖြစ်ခင်က ကြိုတင်ကာကွယ်ထားတာ ကောင်းတယ်၊ ခေါင်ကြီးတို့ဆိုတာ မိမနိုင်၊ ဖမနိုင်တွေ၊ သူတို့ အထိနာအောင်ဆုံးမနိုင်တာ တရားဥပဒေပဲရှိတယ်၊ မိခင်လှက သူ့ မှာ ငွေရှိတယ်ဆိုပြီး ဥပဒေကို လက်တစ်လုံးခြားလှည့်ချင်နေတာ၊ မိခင်လှ လှည့်လို့မရအောင် ကျုပ်တို့ဘက်က ဦးနှိမ်ချိုးပစ်မှဖြစ် မယ်"

ဦးသာခင် က ကြိုမျှော်တွေးဆပြီးပြောလာသောစကားကြောင့်

ရွာသူရွာသားတွေလည်း ဟုတ်တယ်၊ မှန်တယ် ဖြစ်ကုန်ကြတော့၏။ သို့ဖြင့်…

လူနှင့် တေး တို့အပြင် ရွာလူကြီးတွေအပါအဝင် မြို့တက်ပြီး ရုံးခန်းမှာ တိုင်ချက်ဖွင့်ရတော့၏။ ကြက်ပိုင်းအမှုကြောင့် အာမခံရပြီး ပြန်ထွက်အုံဆဲဆဲ ဒေါင်ကြီးတို့ကို နောက်အမှုတွေ ထပ်စွဲတင်ခံလိုက်ရပြန်၏။ ရိုက်မှု၊ ကာယန္တြေပျက်ပြားအောင် လုပ်ဆောင်မှု၊ ပြန်ပေးဆွဲ၊ အစရှိတာတွေ ပုဒ်မတပ်စွဲလိုက်သောအခါ ဒေါင်ကြီးတို့တစ်တွေ လွတ်လမ်းမရှိ အချုပ်ခန်းထဲ ပြန်အောင်းရတော့၏။

ဒေါ်ခင်လှဆိုတာ ဘီလူးမ ငြောင့်စူးခံရသည့်မျက်နှာနှင့် ဆွေဆွေကို ခုန်နေတော့၏။ ဘယ်လိုမှလိုက်၍မရသဖြင့် လက်လျှော့ပြီး ရွာပြန်သွားတော့၏။

တရားရုံးကိုစွဲတင်ပြီး တရားရင်ဆိုင်ဆဲကာလတွေအတွင်းမှာ ဒေါ်ခင်လှတို့ဘက်က အတင်းစကားတွေနှင့် ထိုးနှက်တိုက်ခိုက်လာ၏။ လူနှင့် တေး အပါအဝင် ရွာကလူကြီးတွေကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး အပြစ်ရှာတိုင်တန်းဖို့ ပြင်ဆင်ကြ၏။ ဦးသူတော်ကိုပင် ဘုန်းကြီးကျောင်းက သံဃာပိုင်ပစ္စည်းတွေ အလွဲသုံးစားလုပ်သည်ဆိုပြီး အထက်ကိုတိုင်တန်း၏။ အထက်က လာရောက်စစ်ဆေးသောအခါ သာသနာပိုင်ဝတ္ထုကမြေကွက်အပို၊ လယ်ကွက်ကိုပဲစိုက်ခင်းအငှားချသည့်ကိစ္စတွေ ရှိကုန်ကြ၏။ အမှန်တော့ ရွာ်ရမ်းခငွေကြေးကို ကျောင်းရဲ့ ဝေယျာဝစ္စလုပ်ငန်းတွေမှာ အကျိုးရှိရှိ သုံးစွဲ





ကြောင်း စာရင်းနှင့်တကွ သက်သေတင်ပြနိုင်၍ ဦးသူတော် ပြစ်ဒဏ်မထိ။

ဒေါ်ခင်လှတို့ရင်ထဲ ကလိကလိဖြစ်ကုန်တော့၏။ နောက်ဆုံးတရားရင်ဆိုင်ပြီးသောအခါ ဒေါင်ကြီးတို့အဖွဲ့ ထောင်သုံးနှစ်ကျကုန်ကြ၏။

ဒေါ်ခင်လှတစ်ယောက် ဆွေ့ဆွေ့ခုန်မေါက်ပြီး ရွာတောင်ပိုင်းတစ်ပိုင်းလုံးကို ကျိန်သတ်နေတော့၏။

မိစ္ဆာကျိန်စာတို့မည်သည် သူတော်ကောင်းမဟုတ်သေးသော်လည်း သူယုတ်မာစိတ်ထားမရှိသောသူတို့ကို လုံးဝမထိ။

ဒေါ်ခင်လှသာ ပါးတစ်ခြမ်းလေရိုက်ပြီး အာရွဲ့သွားလေသည်။ ရွှေစန္ဒာ၊ ငွေစန္ဒာ တို့ရင်ထဲ အမုန်းအငြိုးတရားကြီး ဘဝင်ခိုက်ပြီး အာရုံမူးမိုက်အောင် စွဲကပ်သွားစေလေပြီ။

"မြို့သူမ ပိုးဟပ်ဖြူ… နင်ဟာ ဒီနေ့ကစပြီး ငါ့ရဲ့အမုန်းဆုံးရန်သူပဲ၊ နင် မိုးကောင်းတုန်းရွာထား၊ ငါ မိုးပြန်ကောင်းမှ နင့်ကို မိုးကြိုးပစ်ချပစ်မယ် မြို့သူမစုတ်ရေ…"

ရွှေစန္ဒာ ရဲ့ကြိမ်းဝါးသံက သံသာတေး နားပေါက်တဲ့အထိ ပြန်ကြားပါ၏။ ငွေစန္ဒာ ကလည်း…

"အဲဒီတောင်ပိုင်းသားနဲ့ မြို့သူမတို့ရဲ့ အသည်းအညာက လူလှပဲ၊ လူလှ ကို အပိုင်ချိုးနိုင်ရင်… အားလုံး မာန်ထောင်ရန်ဆောင်ဟန်ဆောင် ပြန်လှောင်နေတာတွေ စမုံတုံးကုန်လိမ့်မယ်၊ ဒီတစ်ခါ

တို့ညီအစ်မကိုယ်တိုင် ထွက်တိုက်ရတော့မယ်၊ မာယာပရိယာယ် ကြွယ်ဝပါးနပ်ဖို့ လိုတယ်၊ ဒါကြောင့် လူကြံ့ရင် ဘာခံနိုင်မှာလဲ၊ သင်းတို့ကို အနိုင်ရဖို့ နေ့နေ့ညည အချိန်ရှိသရွေ့ ဒါပဲကြံနေမယ်၊ တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲဆိုသလို တစ်နေ့ အကြံပေါ်တာနဲ့ အသကုန် ပြန်ဆော်ကြမယ် မမရေ…”

ဟု ဘေးလူကြားပြီး လူလှ တို့နားပေါက်အောင် အော်ကြီးဟစ် ကျယ်စကားဖွယ်တွေ ဟစ်နေတော့၏။

ဒါကြောင့် လူနှင့် ဘေး မှာ သွားသတိ၊ စားသတိ၊ လာသတိ၊ နေသတိ၊ ထိုင်သတိတွေ ထားနေရတော့၏။ ရွာအရပ်မို့ မကျေနပ် လျှင် အောက်လမ်းနှင့်လုပ်တတ်တယ်ဆိုတာမျိုးတွေကလည်း အယူ ရှိနေကြတော့…

တိုက်မြွေလွှတ်မလား၊ တိုက်ကင်းတွေနဲ့ ဆော်မလား၊ သရဲ တစ္ဆေ၊ အစိမ်း၊ ကဝေတို့ အသည်းအူနှုတ်ခြောက်လှန့်သတ်လေ မလားတွေ အမျိုးမျိုးစိုးရိမ်ပူပန်ကုန်ကြ၏။ အန်တီမြကတော့ ဘုရား သာ ဖိရှိခိုးနေ၏။ သီရိဒုံလည်း ဘုရားရှိခိုးပြီး မေတ္တာပို့နေ၏။ ဦးသူတော်ကတော့ ဘေး ကို ဝိပဿနာရှုမှတ်ခိုင်း၏။ မယဉ်ကျေး ကတော့ အခန်းထဲကည့်ပိတ်ထားရသည့် သူ့အမေကို အနီးကပ် ပြုစုစောင့်ရှောက်နေရ၏။

လူ ကတော့ ကျန်းမာရေးမှူး ကိုမြင့်ငွေနှင့် တိုင်ပင်ပြီး ရန်ကုန် က စိတ်ရောဂါကုသမားတော်ကြီးကို ပြသဖို့ တိုင်ပင်နေရ၏။





နောက်တစ်နေ့ ရန်ကုန်သွားဖို့ စီစဉ်အပြီးမှာ လူ လည်း ပင်ပန်းသွား သမျှကို အေးအေးလူလူ တစ်ရေးတစ်မောအိပ်စက်ဖို့ ဝါးရိုပ်မြိုင် လိုဏ်ဂူလေးဆီအလာ ရွာမြောက်ပိုင်းက ဒုံးပေဆိုသော ကောင်လေး တစ်ယောက်က စာတစ်စောင် လာပေး၏။

“ဘာစာလဲကွ၊ ဘယ်သူပေးခိုင်းလိုက်တာလဲ”

“မကြီးရွှေစန္ဒာ ပေးခိုင်းလိုက်တာ”

“ဘာအကြောင်းတွေ ရေးထားတာလဲ”

“ကျုပ်မှစာမတတ်ဘဲ သိချင်ရင် ဖတ်ကြည့်ပေါ့ဗျ”

ဒုံးပေက ခွေလှိမ့်ပြီး ပြေးထွက်သွား၏။ လူ လည်း စာခေါက် ကို ဖြန့်ဖြန့်ပြီး ဖတ်ကြည့်လိုက်၏။

*လူလှ…*

*ငါတို့မိသားစု နှင့်အပေါ် ကောင်းခဲ့တဲ့ကျေးဇူးတွေ ရှိခဲ့ တယ်၊ နင် အလုပ်မရှိတုန်းက ဆိုင်ကယ်ကယ်ရီဆွဲဖို့ ပေးခဲ့ တယ်၊ အဲဒီလိုဖြစ်အောင် အမေ့ကို ငါ တိုက်တွန်းပေးခဲ့တာ၊ ငါ့ကျေးဇူးကို သိတတ်ရင် ဒီစာရရချင်း ငါတို့အိမ်ကို လာတွေ့ ပါ၊ ငါ ဆက်ဆက်စောင့်နေမယ်၊ နင်နဲ့ငါသာ သိဖို့ကောင်းတဲ့ အရေးတကြီးကိစ္စတစ်ခုကို ပြောချင်လို့ နင် လာမတွေ့ရင်တော့ ကျေးဇူးမသိတတ်ဘူးလို့ပဲ ငါ အောက်မေ့လိုက်တော့မယ်။*

*ရွှေစန္ဒာ*

စာကိုပြန်ခေါက်ပြီး လူ တွေဝေသွားမိ၏။ တွေ့ရကောင်းနိုးနိုး၊

မတွေ့ရကောင်းနိုးနိုးနှင့်ပေါ့။ မတွေ့ပြန်လျှင်လည်း ကျေးဇူးကန်းသူအဖြစ်ကိုရောက်သွားဦးမည်။ သွားတွေ့လိုက်လျှင် ရွှေစန္ဒာ ပြောမည့်အရေးတကြီးကိစ္စဆိုတာ ဘာလဲ သိရမည်၊ သွားတွေ့လိုက်တာမှ တစ်ခုခု သိရဦးမည်။

လူ ရဲခြေလှမ်းတွေ ရွှေစန္ဒာတို့အိမ်ဘက်ဆီသို့ ဦးတည်လိုက်၏။





ရွှေစန္ဒာ တို့ပိုင်ဆိုင်သော တိုက်ခံနှစ်ထပ်အိမ်ကြီးရှေ့သို့ ရောက်လာ၏။ ခြံတံခါးကို အသင့်ဖွင့်ထား၏။ ခြံထဲလှမ်းဝင်ပြီး အိမ်ပေါက်ဝရှေ့ရပ်သည့်တိုင်အောင် လူရိပ်လူယောင် မတွေ့ရ။ ခြံဝင်းကျယ်ကြီးထဲက အိမ်ကြီးရခိုင်မို့ ယခင်ကဆိုလျှင် ဝင်ထွက်သွားလာသူတွေနှင့် စည်ကားနေတတ်၏။ ငွေတိုးချေးစားသောအိမ်မို့ ရွာမြောက်ပိုင်းကလူတွေနှင့် အဆက်အသွယ်များ၏။ ယခင်ကလာလျှင် ကျေးလက်သဘာဝ ခင်မင်ရင်းနှီးပြီးသားအိမ်မို့ အိမ်ထဲဝင်ထိုင်ပြီး ဘယ်သူဘယ်ဝါ အော်ခေါ်လိုက်ရုံသာ...။

ဟိုးယခင်က စားအိမ်သောက်အိမ်ဖြစ်ခဲ့ဖူးသည်မို့ လူ လည်း အိမ်ထဲဝင်ပြီး...

"ဒွေးလှ... အကြီးမ... အငယ်မရေ..."

ဟု အော်ခေါ်လိုက်၏။ ရွှေစန္ဒာ ကို အကြီးမဟုခေါ်ပြီး ငွေစန္ဒာ ကို အငယ်မ ဟု လူအတော်များများက အလွယ်ခေါ်ကြ၏။ ရွှေစန္ဒာ လူ့အပေါ် အတော်ကလေးဂရုစိုက်ပြီး ချက်ပြုတ်ကျွေးမွေးတတ်တာ လေးတွေ ပြန်အမှတ်ရ၏။ ငွေစန္ဒာ ကလည်း အရေးပေးတတ်ဖူးပါ သည်။ သို့ငြား အကြီးမက ဝင်ဖျက် ဝင်နှောင့်၍ အငယ်မရဲ့အရေး ပေးမှုတွေ အရာမထင်တတ်ခဲ့။

"အကြီးမရေ…"

"ဝူး"

အကြီးမရဲ့ထူးသံ။ ဒီလို 'ဝူး' ခနဲ့ထူးတတ်တာ ရွှေစန္ဒာ ပဲရှိ၏။

"နင် ဘယ်မှာလဲ၊ အသံကြားပြီး လူလဲမတွေ့ပါလား၊ ဒီမှာ ငါ ရောက်နေပြီလေ"

"ဩော်… အေး လူလူရေ… အိမ်ပေါ်တက်ခဲ့ပါလား၊ ငါ ဒီမှာ ရေချိုးပြီးခါစ ထဘီရင်လျားကြီးနဲ့မို့ပါ"

"ဖြစ်ပါ့မလား၊ နင် အဝတ်အစားလဲပြီးမှ အောက်ကို လာတွေ့ လေ"

"အမယ်လေး အဖြစ်သည်းနေလိုက်တာ၊ တို့တွေ အရင်ကလဲ မောင်လို့နှမလိုနေနေကျပဲဟာ၊ ငါက တက်ခဲ့ဆို တက်ခဲ့စမ်းပါ ဟာ"

"ကျန်တဲ့သူတွေကော မတွေ့ပါလား"

"အမေနဲ့ အငယ်မက ဟိုဘက်ရွာက အမျိုးတွေဆီသွားတယ်၊





သားချင်းတစ်ယောက် ပိုးထိပြီးဆုံးလို့၊ အဲဒါ အိမ်နီးနားချင်း တို့အမျိုး တွေပါ လိုက်သွားကြတာလေ"

"နင်နဲ့ငါနဲ့ နှစ်ယောက်တည်း တွေ့လို့ သင့်တော်ပါ့မလား"

"မသာကောင်… အရင်တုန်းကဆို ငါ့အင်္ကျီနောက်ကျောက ဇစ်ကိုတောင် ဆွဲပေးခဲ့သေးတာပဲ၊ အခုမှ… ဟွန့် မပြောလိုက်ချင် ဘူး"

"အဲဒါက နင့်မှာ ရှင်မီးအင်္ကျီဝတ်ထားတယ်လေဟာ"

"ဟဲ့… အခုဟာကလဲ နင့်ကို ဘော်ဒီအင်္ကျီချိတ် ချိတ်ခိုင်းဖို့ ခေါ်နေတာမဟုတ်ပါဘူး၊ စကားပြောမလို့ပါ၊ နင့်ကို အရေးကြီးတာ ပြစရာရှိလို့ဟ၊ အခုမှ ကိုသမာဓိကြီး လုပ်မနေနဲ့"

"ကဲ… ဒါဆိုလဲ လာပြီဟေ့"

လူ လည်း အိမ်ပေါ်တက်သည့်လှေကားအတိုင်း နင်းလျှောက် တက်သွားရတော့၏။ အိမ်အပေါ်ထပ် လှျာထိုးပြင့်ခင်းတွေကို ဖိတ် ဖိတ်လက်အောင် ကြမ်းတိုက်ထား၏။ ပိုက်ဆံရှိသလို အနေအထိုင် သပ်သပ်ခြေခြေရှိ၏။ မာန်တက်ပြီး တစ်ပါးသူနှိမ့်ချတာမျိုး၊ ငွေတိုး သိမ်းလျှင် ချစ်တီးထက် ပိုးဆိုးတာမျိုး၊ အငြိုးထားလျှင် ကျားနာခဲ ခဲတတ်တာမျိုး စသည့်အကျင့်ဆိုးတွေ ဖယ်ထုတ်လိုက်လျှင် ဒီ မိသားစုရဲ့ အလေ့စရိုက်မှာ ချစ်ခင်နှစ်လိုဖွယ်ရာ။

"ငါ အိမ်ပေါ်ရောက်ပြီ"

"ဩော်… အေး… ခဏလေးနော်၊ ငါ ထွက်လာခဲ့မယ်၊

အဝတ်အစားလဲနေလို့”

“အေး·· အေး”

အိမ်ထောင်ပရိဘောဂတွေဖြစ်သော ရှိုးကေ့စ်၊ အဖိုးတန်ပစ္စည်းတွေ လိုက်ငေးကြည့်နေမိ၏။ ဘုရားစင်လေးက သပ္ပာယ်ကြည်ညိုဖွယ်ရာ···။

ထိုစဉ်မှာပင်···

“အား··၊ အမယ်လေး···”

“ဟာ·· အကြီးမ ဘာဖြစ်တာလဲ”

“လှူလှုရေ·· လာပါဦး၊ ငါ့ကို ကယ်ပါဦး၊ အိပ်ခန်းထဲမှာ မြွေ ရောက်နေလို့·· အကြီးကြီးပဲ၊ ငန်းစောင်းကြီး·· ငန်းစောင်းကြီး၊ ငါ့ခြေထောက်ပေါ် ဖြတ်နေတယ်”

ရွှေစန္ဒာ ရဲ့ ထိတ်လန့်ဖွယ်ရာအခြေအနေကြောင့် လှူလှု လည်း ထွေလီကာလီ ဘာမှစဉ်းစားမနေတော့ဘဲ အခန်းထဲကို စွတ်ဝင်သွားလိုက်၏။ ကယ်တင်လိုစောဖြင့်ဝင်သွားလိုက်ရာ အထဲမှာ ကပိုကရိနှင့် ပေါလွင်ဖွေးရွနေသော ရွှေစန္ဒာ ကို အံ့အားတသင့် တွေ့လိုက်ရ၏။

မြင်လိုက်ရသည်က တဏှာရမ္မက် ဖျတ်ခနဲနိုးကြွဖွယ်ရာ လှုံ့ဆော်ထားစေနိုင်သည့်မြင်ကွင်း···။

“အကြီးမ ဘယ်မှာလဲ မြွေ”

“ဒီမှာလေ ငါ့လုံချည်ကြားထဲကနေ လျှောဆင်းနေတယ်”





“နေ·· အသာငြိမ်နေ၊ မလှုပ်နဲ့နော်၊ ငန်းစောင်းတွေက တော်ရုံကိုက်ခဲတယ်၊ နင် လှုပ်ရှားလိုက်လို့ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူး”

“အေးပါဟယ်၊ ငါ့ကို မြန်မြန်ကယ်ပါ၊ ငါ ကြောက်လွန်းလို့ နှလုံးသွေးရပ်သေသွားမှာတောင် စိုးရတယ်”

“ရှူး·· တိတ်တိတ် ငြိမ်ငြိမ်နေ”

မြွေကိုတော့ မမြင်ရ။ ထဘီစွန်တောင်စွဲပြီး ရပ်နေသော ရွှေစန္ဒာ့ အနားကို ခပ်ဖြည်းဖြည်း တိုးကပ်သွားလိုက်၏။ ထဘီက တစ်ထည် ချွတ်ချပြီး တစ်ထည်ကို လဲလှယ်နေခိုက်ဖြစ်၏။

ချွတ်ချထားသောထဘီမှာလည်း နီညိုကွက်ကျားမို့ မြွေလော၊ ထဘီအဝတ်စ,လောဆိုတာ သေချာခွဲလို့မရ။

“ခြေထောက်ကို အသာလေးကြွပြီး ဒီဘက်ကိုလာခဲ့”

“ဟင့်အင်း ·· မလှုပ်ရဲဘူး၊ လုပ်ပါဦး လှူလှု ရယ်··၊ ငါ အကြောက်လွန်ပြီး သေတော့မယ်”

ရွှေစန္ဒာ က တစ်ကိုယ်လုံး တုန်ဆတ်ဟန်ဖြင့် ပြောလိုက်သောကြောင့် လှူလှု လည်း စိတ်ပူပန်သွားပြီး ရွှေစန္ဒာ့ အနားကို တိုးကပ်သွားလိုက်၏။ အနားရောက်သည့် လှူလှု ကို ရွှေစန္ဒာ က အသေအချာကြည့်ပြီး···

“အား··· အမယ်လေး ···”

မြွေပေါက်ခံလိုက်ရဟန်ဖြင့် အော်ဟစ်ပြီး အလန့်လွန်မေ့မြော

ဟန်ဖြင့် မျက်ဖြူလန်ပြီး ပျော့ခွေလဲကျအခိုက် လူလှ က ရွှေစန္ဒာ ကို ဖမ်းဖက်ပြီး ထိန်းထားလိုက်၏။

"အကြီးမ… အကြီးမ… ဘာဖြစ်သွားလို့လဲဟင်"

ရင်ခွင်ထဲမှိုလဲ့နေသည့် ရွှေစန္ဒာ ကို အိပ်ရာပေါ်အသာပွေ့တင် လိုက်စဉ် အခန်းထဲဝင်လာသော အသံဗလံတွေကြောင့် လှည့်ကြည့် လိုက်မိ၏။

ဒီရွာမှာ အတင်းအပြောဆုံး ဒေါ်ဘုတ်နှင့် မငွေစံတို့ကို အပေါက် ဝမှာ ဘွားခနဲ တွေ့လိုက်ရ၏။

"ဟယ်…"

"ဟော့တော်…"

လူလှ က ရွှေစန္ဒာ ကို ခုတင်ပေါ်ပစ်ချလိုက်စဉ် ရွှေစန္ဒာ က သူမ အင်္ကျီကြယ်သီးတွေ ဆွဲဖြုတ်ပစ်၏။ ထဘီစွန်တောင်စွဲနှင့် အတင်း ထ,ထိုင်တွန်းထိုးရင်း…

"လူလှ… နင် ငါ့ကို ဒီလိုမဟုတ်မတရားနဲ့နော်၊ နင်… နင် ငါ့ကို မတော်မတရားစော်ကားဖို့ ကြံစည်တယ်၊ နင်… ငါ့ကို… ငါ့ကို…"

"မဟုတ်ဘူး၊ အကြီးမ… နင် ဘယ်လိုပြောလိုက်တာလဲ၊ ငါ အဲဒီလို မဟုတ်ဘူး"

လူလှ က ပြူးကျယ်ထိတ်လန့်ပြီး ပြန်ပြော၏။ ရွှေစန္ဒာ က အတင်းအကျပ် မဖွယ်မရာပြုခြင်းခံရသော မိန်းမအသွင်ဖြင့် …

"ဘာမဟုတ်တာလဲ၊ အိမ်မှာ ဘယ်သူမှမရှိဘူးဆိုပြီး ငါ့အခန်း





ထဲ အတင်းဝင်ပြီး ငါ့ကိုစော်ကားတာလေ… နင်…"

ရွှေစန္ဒာ ဆက်ပြောဖို့ပြင်ပြီးမှ အိခနဲငိုချလိုက်၏။ လူလှ လည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့။ ထောင်ချောက်ထဲဝင်မိမှန်း သိ လိုက်ပြီ။ ကျောချမှ မားပြမှန်း သိရသည့်အဖြစ်။ တုံးလိုက်သည့် တုံးကောင်။ လူလှ ကိုယ့်ပါးကိုသာ ဘယ်ပြန်ညာပြန် ရိုက်ပစ်ချင် စိတ် ပေါက်သွား၏။

"ဟဲ့… လူလှ… ကိုယ့်တစ်ရွာတည်းသားချင်း နင် ဒီလိုလုပ် ရက်သလား၊ နင့်နှယ် နမချင်း ကိုယ်ချင်းမစာဟယ်… အကြံပက် စက် ဆန်ကောလောက်မှ စောက်မနက်တဲ့ကောင်"

ဒေါ်ဘုတ်က လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြစ်တင်မာန်မဲ၏။ လူလှ က လက်တကာကာဖြင့်…

"ဒေါ်ကြီးဘုတ် အထင်မလွဲနဲ့၊ ကျွန်တော် မဟုတ်ဘူး။ အကြီးမ ကို ကျွန်တော် မဟုတ်တာမလုပ်ဘူး၊ သူ့အခန်းထဲ သူ ခေါ်လိုက် တာ၊ မြွေတွေ့တယ်ဆိုလို့ မြွေကိုဖယ်ရှားပေးဖို့ လာတာပါဗျာ"

"ဘာမြွေလဲ၊ ဘယ်မှာလဲ မြွေ"

ဒေါ်ဘုတ် ခပ်ဆတ်ဆတ်မေးလာ၏။ လူလှ က ငိုနေသော ရွှေစန္ဒာ ကို…

"အကြီးမ… နင်ပြောတော့ မြွေရှိတယ်ဆို… နင့်ကို ပေါက် တော့မှာဆို… ဘယ်မှာလဲ မြွေတဲ့… ဟိုမှာ မေးနေပြီ"

"ဘာမြွေတွေ လာပြောနေတာလဲ၊ နင် ငါ့ကို မဖွယ်မရာပြုချင်

လို့ ဝင်လာပြီး အိပ်ရာပေါ် အတင်းဆွဲလှဲနေတာ… တော်သေးတာပေါ့၊ ဒေါ်ဘုတ်နဲ့ မငွေစံ ရောက်လာလို့၊ နို့မို့ဆို ငါ့ဘဝ ရေတိမ်နစ်တော့မလို့…၊ အဟင့်…ဟင့်… ရှီး…ဟီးဟီးဟီး”

“နင် မဟုတ်တာလုပ်ကြံမပြောနဲ့ အကြီးမ”

လှလှ ပိတ်အော်ပစ်လိုက်၏။ ရွှေစန္ဒာ က မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကွယ်ပြီး ရှိုက်ငိုနေ၏။ မငွေစံ က…

“လက်ပူးလက်ကြပ်မိနေတာတောင် မြောင်ငြင်းချင်သေးတယ် ဟဲ့… လှလှ…၊ နင် ယောကျ်ားမဟုတ်ဘူးလား၊ နင့်မှာ နှမ မရှိတော့ ဘယ်ကိုယ်ချင်းစာတတ်မလဲ၊ နင့်ကို စခန်းတိုင်ခိုင်းမယ်၊ ငါတို့ မျက်မြင်သက်သေ ရှိတယ်”

လှလှ ရင်တွေ ဗလောင်ဆူဝေသွားတော့၏။ မိန်းမမာယာ သဲကိုးဖြာရဲ့ကျော့ကွင်းမှာ ကောင်းကောင်းကြီး လည်စင်းပေးရတော့သည်။

ထို့ကြောင့်…

“အကြီးမရယ်.. ငါ့ကို အဲဒီလိုနည်းနဲ့တော့ မလုပ်ကြံပါနဲ့၊ ငါ တောင်းပန်ပါတယ်၊ နင်လိုချင်တာ ဘာမဆို ငါ ပြန်ပေးဆပ်ပါရစေ၊ ငါ့ကိုတော့ ထောင်ထဲအရောက်မပို့ပါနဲ့ဟာ၊ အရင်တုန်းက ခင်မင်ခဲ့တာတွေ ထောက်ထားပြီး ငါ နင့်ကို စိတ်နဲ့တောင်မပြစ်မှားဘူးဆိုတာ အမှန်အတိုင်း ပြောပြပေးပါဟာ”

လှလှ က လက်အုပ်ချီပြီး တောင်းပန်ပြော၏။ ရွှေစန္ဒာ က…





“သွားစမ်းပါ၊ လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့၊ လုပ်ချင်တာလုပ်ပြီး လာတောင်းပန်မနေနဲ့၊ သူခိုး ခိုးပါတယ်ဝန်ခံရင် ထောင်တောင်မဆံ့တော့ဘူး”

လှလှ က အတန်တန်ငြင်းလေ သူတို့သုံးယောက်ပေါင်းပြီး ဝိုင်းဖိ စွပ်စွဲလေပင်။ နောက်ဆုံး ဘေးလူတွေ ရောက်လာပြီး ရိုက်မောင်းပုတ်မောင်းတွေ ဖြစ်လာတော့မှာ လှလှ ကြိုသိနေ၍ အိမ်ပေါ်က အမြန်ဆင်းပြီး လစ်ခဲ့တော့၏။

“နင် ဘယ်လောက်ပြေးပြေး လွတ်မယ်ထင်နေသလား၊ လွတ်မယ်ထင်ရင် သွားလေ၊ ငါကတော့ သက်သေတွေနဲ့ ရဲစခန်းသွားတိုင်မှာပဲ”

လှလှ ဘာမှ တုံ့ပြန်မပြောခဲ့။ စကားလုံးတွေနဲ့ ခြောက်လှန့်တာတွေ လေထဲမှာ ပျောက်ကွယ်ကျန်ခဲ့ပြီပေါ့။ မကျန်ခဲ့တာက ပြဿနာ။ လုပ်ကြံထားသည့်ပြဿနာကြီးက ရှင်းရခက်လှ၏။

ဒေါ်ဘုတ်နှင့်မငွေစံတို့ပါ ကြံရာပါတွေဖြစ်မည်။ စည်းဝါးရိုက်ဓာတ်တိုက်ပြီး လှလှ ကို အမိဖမ်းလိုက်ခြင်းဟု လှလှ ယူဆအောက်မေ့မိ၏။ နောက်ဆုံးတော့ လှ့ဘဝမှာ အားကိုးအားထားရာ ရတနာသုံးပါးပဲ ရှိတော့၏။ ရတနာသုံးပါးကသာ အမှန်တရားအတွက် ကူညီစောင့်ရှောက်ပေးမည့်ပုဂ္ဂိုလ်တွေဆီ လမ်းညွှန်ပေးနိုင်၏။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေရဲ့ စောင့်ရှောက်ကာယ်တင်မှုကို ခံယူရရှိနိုင်စေ၏။ ထို့ကြောင့် လှလှ ရဲ့စိတ်ထဲမှာ…

ဗုဒ္ဓမြတ်စွာ ကယ်တော်မူပါ…။

ဓမ္မတရားတော် ကယ်တော်မူပါ။

သံဃာတော်အရှင်သူမြတ်ဘုရားတို့ ကယ်တော်မူပါဟုသာ အခါခါ ရွတ်ဆိုမြည်တမ်းနေမိတော့၏။





"ဖြစ်သမျှအကြောင်း အကောင်းချည်းသာ မှတ်လိုက်ပါတော့ ကွာ"

ဦးသူတော်က တရားနှင့်ဖြေသိမ့်၏။ လူလူ ကတော့ သူ့ တုံးအ သမျှ သူ့ဘာသာ အပြစ်ဖိတင်နေမိ၏။ တော ကို ဆေးခန်းသွားပြ မည့်အရေးလည်း နှောင့်နှေးကြန့်ကြာရပြန်ပြီ။ ဦးသာခင် တို့လူကြီး တွေကတော့ လူလူ ကို ယုံကြ၏။

"တမင်လုပ်ကြံတာကွ၊ မိန်းမလည်တွေ.. ရှင်းမနေနဲ့၊ သူ့ဘာ သာ တိုင်ချင်ရာတိုင်.. ငါတို့လူကြီးတွေ မင်းဘက်က ထောက်ခံ ရှင်းပြမယ်"

ကျွန်းမာရေးမှူး ကိုမြင့်ငွေက ဆွေးခေါ်စဉ်းစားတတ်သူပီပီ…

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ ဦးကြီးရ…၊ ဟိုဘက်က မိန်းမတွေ၊ ဒီခေတ်ကြီးမှာ မိန်းမနဲ့ယောကျ်ားဖြစ်ကြပြီဆိုရင် မှားမှားမှန်မှန် ယောကျ်ားဘက်က တစ်ပန်းကိုရှုံးနေပြီ။ ဥပမာ ရွှေစန္ဒာ တို့အိမ်မှာ…၊ ပြီးတော့… ရွှေစန္ဒာရဲ့အိပ်ခန်းထဲမှာ မိတာ၊ မျက်မြင်သက်သေကလဲ အခိုင်အမာရှိတယ်၊ ငြင်းလို့ ဘယ်လွယ်မလဲ၊ ရဲစခန်းရောက်ရင် လူလှ ကို တန်းဖမ်းမှာ၊ ပြီးရင် တရားစီရင်ခံရမယ်၊ အဲဒီအတိုင်း ဆက်ရှင်းရင် လူလှ ထောင်ကျဖို့များတယ်၊ အကောင်းဆုံးဖြေရှင်းရမယ့်နည်းကတော့ ရွှေစန္ဒာ ကျေနပ်တဲ့အထိ သွားတောင်းပန်လိုက်တာ အကောင်းဆုံးပဲ"

"ဒီအကြောင်းတွေ ပတ်ဝန်းကျင်လဲ သိကုန်ပြီ၊ ရွှေစန္ဒာ က သူ့အရှက်ကွဲသိက္ခာကျရလို့ လွယ်လွယ်နဲ့ကျေနပ်ပါ့မလား"

ဦးသာခင် က ဝင်ထောက်မေးလာ၏။ အန်တီမြ က …

"ဘာမှလဲဖြစ်လိုက်ကြတာမှ မဟုတ်တာ၊ ကျွန်မအထင် လူလှ ကို အပိုင်ချည်ချင်လို့ဖြစ်မယ်၊ လူလှ ဆီက တစ်ခုခုကို လိုချင်လို့ ဒီလိုလုပ်တာပဲ၊ ကျွန်မတူမလေးဘက်လှည့်ပြီး ဒုက္ခပေးလို့မရတော့ လူလှ ဘက် လှည့်ဒုက္ခပေးသွားတာပဲ"

သီရိဒွံ က ငြိမ်နားထောင်နေရာမှ…

"အခု ရွှေစန္ဒာ တို့ ရဲစခန်းသွားတိုင်ကြပြီလား"

"သူ့အမေပြန်လာမှ သွားတိုင်လိမ့်မယ်လို့ အသံကြား[illegible]ဘာပဲ"

ဦးသာခင် ရဲ့တူ စိုးမောင် က ဝင်ပြောလာ၏။ တေး ကို ဒီ





အကြောင်းတွေ ပေးမသိ။ ပိုပြီး စိတ်ရှုပ်ထွေးမှာစိုး၍ မယဉ်ကျေးတို့ အိမ်ရှေ့ကွပ်ပျစ်နှင့်တန်းလျားပေါ်မှာ ဝိုင်းဖွဲ့ ပြောနေကြခြင်းဖြစ်၏။ ဖြစ်ချင်တော့…

"အားလုံးပြောတာတွေ တေး အကုန်ကြားပြီးပါပြီ။ ရွှေစန္ဒာဆိုတာ အရင်ဘဝကတည်းက တေးနဲ့လူ ရဲ့မဟာရန်သူတော်ကြီးပါ၊ လူ့ အပေါ် ရွှေစန္ဒာ ချစ်နေတယ်၊ သူချစ်တဲ့အချစ်က ဒေသဂီရိလိုအချစ်မျိုး၊ ဒေသလိုအချစ်ကြမ်းတဲ့မိန်းမပေါ့၊ မရရတဲ့နည်းနဲ့ အချစ်ကိုရယူတဲ့ မိန်းမ"

တေး က အိမ်ပေါ်ကဆင်းလာပြီး တည်ငြိမ်စွာဖြင့် ပြောလာ၍ အားလုံး ပါးစပ်ဟောင်းလောင်းဖြင့် ပြူးကြည့်မိကုန်ကြ၏။ လူ က- ပြူးပြူးပျာပျာဟန်ဖြင့်…

"တေး… လူ့ကို ယုံပါ၊ လူ မမှားခဲ့ဘူး၊ ရွှေစန္ဒာ ဆိုတဲ့ အကြီးမက ထောင်ချောက်ဆင်ပြီး…"

လူရဲ့စကားမဆုံးခင်မှာ တေး က လက်ကာတားလိုက်ပြီး…

"လူ့ကို အကြွင်းမဲ့ယုံပါတယ်၊ ဒီအချိန်မှာ လူ လုပ်သင့်တာက ပြဿနာမကြီးထွားစေဖို့ပဲ။ ရွှေစန္ဒာ ဘက်က ဘာတွေတောင်းဆိုချင်တာလဲ၊ ဒါကိုသိဖို့ မျှောလိုက်သွားသင့်တယ်၊ လူ့ရဲ့အချစ်ကို လိုချင်တယ်၊ နောက်ဆုံး မင်္ဂလာဆောင်ချင်တယ်ဆိုရင်တောင် လူ့ဘက်က ပိုက်လျှော့ပေးသင့်တယ်"

"တေး… မင်း ဘယ်လိုပြောလိုက်တာလဲ"

လှူရှင်ထဲ လိုက်ခဲ့ နှင့်ကျဉ်သွား၍ အလေးသုံးဆယ် ပြန်မေးလိုက်၏။ တေး က တည်တည်ငြိမ်ငြိမ်လေးနှင့် တုံ့ပြန်ပြောလာသည်က…

"လုပ်သင့်လုပ်ထိုက်တာကို တေး ပြောနေတာပါ"

"ဒါ·· ဒါဆို…"

"တစ်ကောင်ကျွေးပြီး နှစ်ကောင်ရိုက်တဲ့ ကျားထိုးနည်းမျိုးနဲ့ လူ ပြန်ပြီး အနိုင်ယူသင့်တယ်လေ"

အားလုံး ငြိမ်တွေပြီး နားထောင်နေကြ၏။ လူ က…

"အဲဒီနည်းကို တေး ပြောပြနိုင်မလား၊ လူ က တစ်ခါတလေ တုံးမှိုလို့ပါ၊ ကျားထိုးတဲ့လူ အတွေးများနေရင် သေးကထိုင်ကြည့်တဲ့လူက ပိုအကွက်မြင်တတ်တယ်လေ၊ တေး သာ လူ့ကို နည်းလမ်းပေးပါ၊ လူ လိုက်လုပ်မယ်"

စိတ်ကျန်းမာရေးချို့တဲ့သူထံက အကြံဉာဏ်ပြန်တောင်းခံနေရသည့်အဖြစ်။ တေး က မပွင့်တပွင့်လေးပြုံးလိုက်ပြီး လူ့ကို လက်ညှိုးလေးလှုပ်ပြကာ အနားခေါ်လိုက်၏။ လူ အနားရောက်လာသောအခါ လူ့ရဲ့နားအပေါ်မှာ တီးတိုးကပ်ပြော၏။ ဦးသာခင် က…

"တို့တွေလဲသိရအောင် ပွင့်ပွင့်လင်းလင်းပြောပါ ကလေးမရဲ"

"ဒီထဲမှာ နှစ်ဖက်ချွန် သုံးဖက်ချွန်တွေရှိရင် ဒီလျှို့ဝှက်စကားပေါက်ကြားသွားမှာပေါ့၊ ဒါကြောင့် သိသင့်တဲ့လူကိုပဲ တီးတိုးပြောရတာပါ ဦးလေး"

"သြော်… အေး… ဒါလဲ ဟုတ်တာပဲလေ"





လူနှင့်တေး တို့ တီးတိုးပြောဆိုနေကြပြန်၏။ ဦးသူတော်ကတော့ သူ့ခေါင်းပြောင်ကိုပွတ်သပ်ပြီး ရှုပ်ထွေးပွေလီသောလောကီရေးတွေကို ကျောခိုင်းထားရခဲ့ကာ ကျောင်းကိုပြန်သွား၏။ မယဉ်ကျေး ခမျာလည်း တစ်ခါတစ်ရံ ထကြွသောင်းကျန်းတတ်သော ဒေါလပုံကို ထိန်းပြီး ပြုစုနေရရှာ၏။

တေး ပေးသောအကြံမှာ …

ဒသသလို ရွှေစန္ဒာ နောက်ကို သီတာဒေဝီလို လူလှ က လိုက်သွားပါ။ ရာမလို တေး က လာကယ်တင်ပါ့မယ်။ ဟာနုမာန်လို စစ်ကူတစ်ယောက်လိုတယ်၊ အဲဒီလိုတဲ့တစ်ယောက်ဆိုတာ··။

"ဒေါ်ဘုတ်ိုနဲ့တွေ့ချင်လို့ ကျွန်မ လာတာ"

"ယဉ်ကျေး·· မလာစဖူး အလာထူးလို့၊ ငါ့အိမ်လို တဲစုတ်ကို များ···၊ ကဲ·· ဆို·· ဘာကိစ္စတွေ့ချင်ရတာလဲ"

မယဉ်ကျေး က ဒေါ်ဘုတို့ရဲ့အိမ်စုတ်ကလေးရှေ့က ဝါး လှေကားထစ်မှာ တင်ပါးလွှဲဝင်ထိုင်လိုက်၏။ ဒေါ်ဘုတို က စပါးဆုံ ထောင်းနေ၏။ ဆုံခွက်ထဲက စပါးတွေ ဆန်တစ်ဝက်၊ စပါးခွဲ တစ်ဝက် ဖြစ်နေလေပြီ။

"အကြောင်းကတော့ ဟိုဘက်ရွာကလာရောင်းတဲ့ ဝက်သားခွဲ နှစ်ကောင်ကို ဒေါ်ဘုတို ဆီ မွေးဖက်ပေးချင်လို့၊ ဒေါ်ဘုတို့ က ကျွေးမွေးပေါ့၊ အိမ်မှာ ထမင်းနဲ့ စားကြွင်းစားကျန်တွေ လာယူ၊





ကျွန်မကတော့ ဝက်နှစ်ကောင် စိုက်ထည့်တယ်၊ အကောင်ကြီးလာ လို့ ဝက်ပြန်ရောင်းရင် တစ်ယောက်တစ်ဝက်ခွဲယူကြမယ်လေ"

မယဉ်ကျေး စကားကြောင့် မောင်းထောင်းတာရပ်ပြီး ဆုံထဲက ဆန်ဖြူ,မဖြူကို လက်ဖြင့်ထိုးကော်ကြည့်နေသော ဒေါ်ဘုတို က···

"ဖြစ်တယ်လေ·· လုပ်ကြတာပေါ့၊ ငါနဲ့ဝက်က အကျိုးပေး တော့ မွေးဖက်တွေလာပေးကြတယ်၊ ဟိုတစ်လောက ဝက်တုပ်ကွေး ဆိုလား·· အဲဒါကြောင့် အကုန်ရောင်းပစ်လိုက်တာ၊ ငါ့နယ်အေ·· ရသမျှငွေ တစ်နှစ်လုံးချေးစားထားသမျှ ပြန်ပေးဆပ်လိုက်ရတာနဲ့ ကုန်ရော၊ အိမ်ကလေး ပြင်ဆောက်မယ်စိတ်ကူးပါတယ်·· ဝေလာ ဝေး၊ ခုတောင် ငါ့ယောက်ျား ဖိုးတေရဲ့ဖဲကြွေး,သောက်ကြွေးတွေက ဆပ်လို့ရယ်တဲ့ ဘယ်မကုန် ဖြစ်နေပြီ။ ငါ့မလဲ ချမ်းသာမလားလို့ အားကိုးရှာပါတယ် ယောက်ျားတွေသာ အဖတ်တင်ပြီး ဒုံရင်းက ဒုံရင်းပါပဲအေ"

ဒေါ်ဘုတို ခမျာ ယောက်ျားလေးယောက်အထိ ယူခဲ့ပြီးပြီ။ ပထမယောက်ျားနှင့်ကွဲပြီး နောက်ယောက်ျားနှင့်လက်ထပ်ကာမှ ယောက်ျားက လေဖြတ်သွား၏။ နောက်ထပ် ယောက်ျားယူတော့ အိမ်မီးလောင်ပြီး ယောက်ျား ရူးသွား၏။ နောက်ဆုံးယောက်ျား ဖိုးတေနဲ့ညားကာမှ ဖိုးတေ က သူပိုင်သမျှ အနီထောင်ထိုးပစ်လိုက် ၍ တက်တက်ပြောင်ကာ ဒေါ်ဘုတို ဆီမှာ သောင်တင်နေ၏။ ပထမ ဆုံးယောက်ျားကြီးကလည်း မပြေလည်၊ ဖိုးတေ နှင့်ပုလင်းတူဘူးဆို့

သူငယ်ချင်းတွေမို့ အိမ်မှာ လာကပ်နေ၏။ ဒေါ်ဘုတို က အဖိုမမို့ ကလေးမမွေး၍သာ တော်တော့၏။

ပထမယောက်ျား အရက်သမားရယ်၊ လေဖြတ်ထားလို့ အိပ်ရာထဲလဲနေတဲ့လူမမာရယ်၊ သွားချင်ရာသွား စားချင်ရာစားပြီး အိမ်ပြန်အိပ်တတ်တဲ့အရူးရယ်၊ အလုပ်မရှိအကိုင်မရှိ သောက်စားမူးရူးပြီး အိမ်ကမိန်းမနှင့် အမြဲတစေ ရန်ဖြစ်ချင်နေသည့် ဖိုးတေရယ်… ဒီမောင်တွေကို ဒေါ်ဘုတို ပဲ လုပ်ကျွေးပြုစုနေရ၏။ ဘယ်ဘဝက ဝဋ်ကြွေးလဲ မသိဟု ဒေါ်ဘုတို ညည်းညူလျှင် ရွာထဲကလူတွေက ညည်းဘာသာ အားအားယားယား လက်ခံခေါ်တင်ထားပြီး လာမညည်းနဲ့အေဟု ဝိုင်းအပြစ်ပြောကြသေး၏။

“ဒေါ်ဘုတိုကြီးမှာ လက်ကျန်အကြွေးတင်ခံနေရတာ ဘယ်လောက်ရှိလို့လဲ”

“ရှိသပေါ့အေ…၊ ရွှေစန္ဒာ တို့ကြွေးကတော့ ကျေသွားပြီ၊ ရွာမြောက်ပိုင်းက ကုန်စုံဆိုင်ကြွေးကတော့ မကျေသေးဘူး”

“ဘယ်လောက်တောင်ကျန်လို့လဲ”

“နှစ်သိန်းကျော်မယ်”

“အဲဒီကြွေးတွေကို တစ်ယောက်ယောက်က အလကား ဆပ်ပေးမယ်ဆိုရင် ဒေါ်ဘုတို လက်ခံမလား”

ဒေါ်ဘုတို မျက်လုံးတွေ ပုစွန်မျက်လုံးဖြစ်သွား၏။ ပါးစပ်ကဖားပါးစပ်ကြီးကို ဖြစ်လို့…။





“ကျွန်မ တကယ်ပြောနေတာပါ၊ ဆပ်ပေးမယ့်သူရှိတယ်၊ မြို့က ညှို့သည်မလေးလေ သူက သိပ်ရက်ရောတာ၊ သူများအပေါ် သိပ်သဒ္ဒါတာ”

“နားရှိလို့သာကြားရတယ်၊ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်ဟယ်”

“တကယ်ပြောတာပါဆိုမှ…၊ ပြောရတာ လက်ပေါက်ကပ်လိုက်တာ၊ အဲဒီလိုဆပ်ပေးစေချင်ရင် ဒေါ်ဘုတို က အဲဒီမြို့သူလေးကို တစ်ခုပဲ ပြန်ကူညီပေး”

“ဘာကူညီပေးရမှာလဲ”

“ပါးစပ်ကလေး စိုက်ရုံပါပဲ၊ လှလှ နဲ့ ရွှေစန္ဒာ ကိစ္စမှာ ရွှေစန္ဒာ ထောင်ချောက်ဆင်တာ၊ ဒေါ်ဘုတို ကိုပါ စည်းရုံးသိမ်းသွင်းပြီး လုပ်ကြံတာ… အဲဒါ…”

“အလိုလေး… ယဉ်ကျေး… ညည်းက နတ်မျက်စိရထားလေရော့သလား၊ ဒါတွေ ဘယ်ကသိတာလဲ”

တောသူတောင်သား ရိုးသားကြသူတွေပီပီ ဟန်ဆောင်လိမ်လည်ပါသော်လည်း အစ်အောက် ဟစ်ဟောက်မေးပါက စ,တာနှင့် ပေါ်တော့၏။

“မငွေစံ ဖွင့်ပြောပြလို့သိတာပေါ့”

“ဟင်… ကြည့်စမ်း…၊ ရွှေစန္ဒာ ရှေ့မှာပြောတော့ ပါးစပ်လုံပါ့မယ်ဆိုပြီး ခုတော့ ငွေစံမက စ,ဖွဲဖောက်ပြီး ဖွင့်ပြောလိုက်ပြီပေါ့”

"ဟုတ်တယ်၊ မငွေစံက ရွှေစန္ဒာ လုပ်ကြံတယ်ဆိုတာကို တရားရုံးတက်တိုင်ခဲ့ရင် အမှန်အတိုင်းပြောမယ်တဲ့၊ ရွှေစန္ဒာ ဘက်က မှားနေတာနော်၊ ဒေါ်ဘုတို က ရွှေစန္ဒာ ဘက်က မျက်စိစုံမှိတ်ပြီး မှန်တယ်ပြောနေရင် ဒေါ်ဘုတို ပါ ကြံရာပါအနေနဲ့ တရားစွဲဆို အပြစ်ပေးခံရနိုင်တယ်"

ဒေါ်ဘုတို လျှာကြီးတစ်လစ်ထွက်ကျသွား၏။ ကြောက်လန့် တုန်လှုပ်သွား၏။

"အမယ်လေးလေး... နေရင်းထိုင်ရင်း အမှုတော့အပတ်မခံ ပါရစေနဲ့၊ ဟုတ်ပါတယ်၊ ရွှေစန္ဒာ က မဟုတ်တမ်းတရမ်း ကြံစည် လိုက်တာပါ၊ အဲဒီလို မျက်မြင်သက်သေလိုက်လုပ်ပေးရင် ငါ့မှာရှိတဲ့ သူ့ရဲ့အကြွေး ခြောက်သောင်းခွဲကို ပြန်မယူတော့ဘူးဆိုလို့ ငါလဲ လိုက်လုပ်မိတာပါဟယ်"

မယဉ်ကျေး ပြုံးသွား၏။ လူလူ ကိုကယ်တင်ဖို့ အခွင့်အရေး ရလေပြီ။ လူလူ အတွက် မယဉ်ကျေး ကြိုးစားရကျိုးနပ်လေပြီ။ မယဉ်ကျေး ကိုယ်၌ကလည်း လူလူ ကို ကျိတ်ကြိုက်နေခဲ့တာ ကြာပါပြီ၊ သူ့ခမျာ မိန်းမသားမို့ တိတ်တခိုးနှင့် ကျိတ်ပိုးဆွေးပြီး လူလူ ရဲ့ချစ်ရေးဆိုမှုကို စောင့်စားမျှော်လင့်နေခဲ့တာလည်း ကြာရှည်။ လူလူ ကလည်း မယဉ်ကျေးကို စိတ်ဝင်တစားရှိခဲ့လေသည်။ မြို့သူမ လေး ရောက်လာမှ လူလူ ရဲ့စိတ်အာရုံတွေ ပြောင်းရွှေ့သွားတော့ ၏။ သံသာဖေား မှ သံသာဖေား ဖြစ်သွား.ရတော့၏။ ဒီအတွက်





မယဉ်ကျေး ဝမ်းနည်းဝမ်းသာဖြင့် ဖြေသိမ့်ယူနေရ၏။

"ဒေါ်ဘုတို အနေနဲ့ ရွှေစန္ဒာ ဘက်က မျက်မြင်သက်သေ မလိုက်ပေးနဲ့၊ လိုက်ပေးခဲ့ရင်လဲ ရွှေစန္ဒာ လုပ်ကြံတာပါဆိုတာ တရားရုံးမှာ ဖွင့်ပြောလိုက်၊ အဲဒီလိုလုပ်ပေးရင် ကုန်စုံဆိုင်က အကြွေးတွေရော၊ ရွှေစန္ဒာ ရဲ့အကြွေးတွေကိုပါ မြို့သူမလေးက ဆပ်ပေးလိမ့်မယ်၊ ကျွန်မ အာမခံတယ်"

ဒေါ်ဘုတို မျက်နှာ လန်းဖြာသွား၏။ မယဉ်ကျေး ကို မယုံရဲရဲ ပြန်ကြည့်ရင်းက ...

"အဲဒီလိုဆပ်ပေးရင် အမှန်အတိုင်းဖွင့်ပြောမယ်.. စိတ်ချအေ"

မယဉ်ကျေး ခေါင်းတညိတ်ညိတ်လုပ်ကာ ပြုံးလိုက်၏။ ဒေါ်ဘု တို က သူမအသားကို သူမ ပြန်ဆွဲဆိတ်နေ၏။ မှန်တာလေးပြော လိုက်ရုံနှင့် နစ်ချီစားလာတဲ့ အကြွေးနှစ်သိန်းကျော်ကြီး ကျေရော ဆိုတာ အတော်ယုံရခက်တဲ့ကိစ္စ။ အသားနာမှ အိပ်မက်မဟုတ်မှန်း ယုံသွားပြီး ကွမ်းချေးတက်နေသော သွားမည်းကြီးတွေနှင့် အားရ ပါးရ ပြန်ပြုံးပြတော့၏။

အောင်ဘော် က မငွေစံ ကို မသိမသာနည်းနှင့် သွားစည်းရုံးကြည့်၏။ မအောင်မြင်။

ရွှေစန္ဒာ က မငွေစံရဲ့လူရင်းပမာ တွင်တွင်ခါခါငြင်းနေ၏။ မက်လုံး၊ ခြောက်လုံးတွေပေးလို့လည်း မရ။

အတော်ခေါင်းကြောမာသော ငွေစံမ ဟု ပြန်ရောက်လာပြီး ပြောပြ၏။

ရွှေစန္ဒာ ဘက်က ငွေစံ အခိုင်အမာရှိနေပြန်ပြီမို့ လူလှ ကို အဖက်ခံသယ်နိုင်ခွင့်က ငါးဆယ်ရာခိုင်နှုန်းပင် မပြည့်ချင်သေး။ တစ်ဖက်က မိန်းမသား၊ အားနည်းချက်တွေများစွာနှင့် တရားဥပဒေရဲ့ စာနာထောက်ထား စောင့်ရှောက်မှုကို အပြည့်အဝရရှိထားသူတွေ ဖြစ်နေသောကြောင့်ပင်။





"ဒါ လွယ်ပါတယ်၊ ဒေါ်ဘုတို က အကုန်လုံးကိုဖွင့်ပြောလိုက်ရင်လဲ ပွဲပြီးတာပဲ၊ မျက်မြင်သက်သေက နှစ်ယောက်တည်းဟာကို တစ်ယောက်ကဖောက်နေရင် သူတို့စွပ်စွဲချက်တွေ မခိုင်မာတော့ဘူးလေ"

ရွာကျောင်းမှာ တာဝန်ကျနေသော ကျောင်းဆရာ ကိုဘကျော် က ဥပဒေနှင့်ဘွဲ့ရပြီးသူပီပီ ဝင်ရှင်းပြ၏။ ဒီတော့မှ ခေါင်းတွေ တညိတ်ညိတ်လုပ်ကုန်ကြ၏။ ကိုဘကျော် က…

"မငွေစံ ကို ဘာမှ ထပ်စည်းရုံးမနေနဲ့တော့၊ လူလှ လုပ်ရမှာက နံပါတ်တစ် ရွှေစန္ဒာ နဲ့ ညှိနှိုင်းကြည့်လိုက်၊ မအောင်မြင်ရင် သူ့ဘက်က တရားစွဲပါစေ၊ နောက်ကလိုက်ရှင်း၊ အမှန်တရားဆိုတာ အကြံကစားတဲ့နည်းနဲ့ တာရှည်ဖုံးကွယ်လို့မရပါဘူး"

ဒီတော့မှ လူလှတို့လည်း အပူလုံးကြီး ရင်ထဲပြန်လျှောကျသွားတော့၏။

နောက်တစ်နေ့ ဒေါ်ခင်လှနှင့် ငွေစန္ဒာ.တို့ ပြန်ရောက်လာသော အခါ ရွှေစန္ဒာ ဖွင့်ပြောပြလိုက်၍ အကြောင်းစုံသိပြီး ယမ်းပုံမီးကျ ဒေါသတွေ ထွက်ကုန်တော့၏။ ထဘီစွန်တောင်မပြီး လှလှ ကို ရန်တွေ့ဖို့ ချီတက်လာ၏။

"လှလှ.. ဟေ့ လှလှ...၊ အယုတ်တမာကောင်၊ ငါ့သမီးကို များ ရာရာစစ အနှလက်နဲ့ ရွှေခွက်ကောက်နှိုက်ချင်သေးတယ်၊ တွေ့မယ်.. နင်နဲ့ငါ၊ ခွေးကျင့်ခွေးကြံ ကြံတဲ့ကောင်"

တစ်လမ်းလုံး ဆဲနည်းပေါင်းစုံနှင့် ပါးစပ်ထဲက အာငွေ့ထောင်း ထောင်းထအောင် အော်ဟစ်လာ၏။ ရွာထဲကလူတွေက ဝိုင်းထွက် ကြည့်ကုန်၏။ ကလေး၊ လူရွယ်၊ လူကြီး၊ အိုမှ မကျန် ပွဲကြီး ပွဲကောင်း ကြည့်ရပြီထင်ပြီး လိုက်ကြည့်ကြကုန်၏။





ဘုန်းကြီးကျောင်းအဝင်ဝမှာ ဦးသူတော်နှင့် ရွာလူကြီးတွေ ရပ်စောင့်နေကြ၏။ လူအုပ်ကို လှမ်းတွေ့လိုက်တော့ ဒေါ်ခင်လှ အရှိန် တန့်သွား၏။

တစ်ရွာလုံးနှင့်တစ်ယောက်ဖြစ်နေပြီး ဒေါ်ခင်လှ ရဲ့အမျိုးတွေ အပေါ်မှာလည်း ဒေါ်ခင်လှ က မောက်မာကြောမောထား၍ အမျိုး တွေကလည်း မလိုက်။ ဒေါင်ကြီး တို့ကလည်း မရှိ။

ဒီအတိုင်း လှည့်ပြန်သွားရင်လဲ ရွာလူအုပ်ကို လန့်လို့ဆိုတာမျိုး ထင်သွားဦးမည်။ တစ်သက်လုံး သူတစ်ပါးအပေါ် ဗိုလ်ကျလာသည့် ဒေါ်ခင်လှ..။

ဘာမဟုတ်တဲ့ လှလှ နဲ့ကျမှ နုပ်ပစ်ခံရကိန်းဆိုက်မှာမျိုးကို အဖြစ်မခံနိုင်။

တန့်နေရာက ဒေါင်းတင်မောင်းတင်ချီတက်လိုက်၏။ ဟန် ကိုယ်ဖို့ဆိုတာမျိုး ဟန်နှင့် တင်လျှောက်လာလိုက်၏။

"လှလှ..၊ လှလှ.. ဘယ်မှာလဲ.."

လူအုပ်ရှေ့မှာရပ်ပြီး ဒေါ်ခင်လှ က ခါးထောက်မေးလိုက်၏။

ဦးသူတော် က ...

"ဒေါသကိုပယ်၊ မေတ္တာလွှယ်၊ ဖြူအောင်စိတ်ထား.. ခင်လှ ရေ..၊ ဘာမဆို မေတ္တာရှေ့ထားပြီး ဖြေရှင်းကွယ့်"

"ဦးသူတော် အသာနေပါ၊ ကျွန်မ လှလှနဲ့တွေ့ချင်တယ်၊ ဦးသူတော်တို့အားလုံးလဲ ကြားပြီးမှာပေါ့။ ကျွန်မက သမီးရှင်၊

ဘယ်လောက် အရှက်ကွဲအကျိုးနည်းရသလဲ၊ လှလှ ကို ကျွန်မ ပြင်းပြင်းထန်ထန် အပြစ်ပေးရမှ ကျေနပ်မယ်၊ ဟင်း.. တောက်.."

ဒီမှာတင် ဦးသာခင် က...

"ခင်လှ.. ကြီးတဲ့အမှုကို သေးအောင်လုပ်စမ်းပါ၊ ကိုယ့်တစ်ရွာတည်းသားချင်းတွေပဲ၊ ခုကိစ္စက အမှန်အကန် စော်ကားတာ မဟုတ်ဘူး၊ အမှန်အကန်စော်ကားတာမှန်ရင် လှလှ ကို ငါတို့ကိုယ်တိုင် ဖမ်းချုပ်ပြီး စခန်းပို့မယ်"

ဒေါ်ခင်လှ ဆွေ့ဆွေ့ခုန်သွား၏။ ဦးသာခင် ကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး...

"သားသမီးချင်း ကိုယ်ချင်းမစာဘူး၊ ရှင်မို့လို့ ပြောထွက်တယ်၊ ကျုပ်သမီးကပဲ ကူလီကူမာလုပ်နေတယ်ပေါ့လေ၊ ရှင် လူစကား ပြော.."

ဦးသာခင်နှင့် ဒေါ်ခင်လှ တို့ ငြိကုန်ကြ၍ ဒေါသလှုတွေ ဝိုင်းဖျန်ဖြေရတော့၏။

လှလှ ကိုယ်တိုင် လူအုပ်ကြားထဲ ငုပ်နေရာက ထွက်တော်းပန်သောအခါ ဒေါ်ခင်လှက လှလှ ကို အတင်းရိုက်ပုတ် ကန်ကျောက်၏။

လှလှက ပေခံသော်လည်း သံသာတေး က ကျားသစ်မလေး အသွင် လှလှ ရှေ့မှ ရဲရဲရင့်ရင့် ဝင်ရောက်ကာကွယ်၏။

"ဟဲ့.. မြို့သူမ..၊ ဖယ်စမ်း ရှေ့က...၊ ဒီလိုကောင်မျိုးဘက်က လိုက်ရင် နင်လဲ အဲဒီအတန်းအစားဖြစ်သွားပြီပေါ့"





"ဒေါ်ကြီး လူကြီးဖြစ်ပြီး လူကြီးစကားပြောပါ"

"ပြောနေတာပဲလေ၊ နင်သာ နားမလည်တာ"

ဒီမှာတင် ငြိမ်ငြိမ်အေးအေးလေးနေတတ်သော အန်တီမြ က သံသာတေး ရဲ့ရှေ့မှာ ဝိတ်ကွယ်လိုက်ပြီး...

"တောသူမ.. ငါ့တူမကိုမထိနဲ့၊ နင်နဲ့ငါ အသက်အရွယ်ချင်းလဲ မကွာဘူး၊ လယ်ဗယ်ပဲ၊ ဒီတော့ မကျေနပ်တာရှိရင် တွဲခွဲမယ်"

"အံမယ်.. ပိုးဟပ်ဖြူမက ဆံဖြူမှ အစွယ်ထနေသေးတယ်၊ တောသူလက်ဝါး တစ်ချက်မြည်းရင် နပ်ချေးအတောင့်လိုက်ထွက်သွားမယ်ပေါ့"

"အံမယ်မယ် .. လာသေးတယ်၊ အသက်ကြီးပေမယ့် မဖျက်စီးသေးတဲ့အရွယ်တင် မြို့သူပါ၊ နင်မှ စွမ်းတာမဟုတ်ဘူး၊ မြို့သူ လက်သီးတစ်ချက်မြည်းရင် မျက်ချေးယိုးဒယားက,သွားမယ်"

ဒေါ်ခင်လှ ဒေါထပြီး အတင်းဝင်လုံးတော့၏။ အန်တီမြ က လည်း ခံလုံး၏။

မိန်းမကြီးတွေ နပန်းသတ်ကုန်တော့ ဒေါသလှုတွေ ဝိုင်းဆွဲကုန်ရ၏။

ဒေါ်ခင်လှရဲ့သမီးနှင့် အမျိုးတချို့ လိုက်လာပြီး ဒေါ်ခင်လှ ကို ပြန်ဆွဲကြ၏။

မေတ္တာရှေ့ထားသော ဦးသူတော် တစ်ယောက် စိတ်မထိန်းနိုင်ဘဲ ကြိမ်လုံးကောက်ဆွဲကိုင်မှ ဒေါ်ခင်လှ လည်း လစ်တော့၏။

ဒေါ်ခင်လှ ခေါင်းတွေမူးပြီး ဆံပင်ဆောင့်ဆွဲခံလိုက်ရ၍ ဦးရေပြားတွေ ကျိန်းစပ်သွား၏။ အန္တီမြ ခများတော့ တောသူလက်သီးတစ်ချက် ခံလိုက်ရ၍ နှပ်ချေးမထွက်သော်လည်း မျက်ကွင်းကြီးတစ်ဖက် ညိုမည်းလို့နေရှာတော့၏။





ဒေါ်ဘုတို ကတစ်ဆင့် ရွှေစန္ဒာနှင့်တွေ့ဆုံဖို့ လှလှ က အမှာပါးလိုက်၏။ ရွှေစန္ဒာ နှင့် နှစ်ယောက်တည်း တွေ့ဆုံဆွေးနွေးလိုသည်မို့ ရွာဦးစေတီသစ်ကလေးဆီ အရောက်လာဖို့ ခေါ်သော်လည်း ရွှေစန္ဒာ က မလာ။ တွေ့ဆုံလိုပါက မြောက်ပိုင်းဘုန်းကြီးကျောင်းဘေးရှိ ခရေပင်ကြီးအောက်ကို လာခဲ့ဖို့ အကြောင်းပြန်၏။

ခရေပင်ကြီးဘေးဘက်အနားမှာ ဒေါ်ခင်လှရဲ့အမျိုးအဆွေတွေ အိမ်တန်းရှိ၏။ လုံခြုံသောနေရာမှာသာ တွေ့ဆုံလိုခြင်း ဖြစ်၏။ နောက်တစ်ကြိမ် ထောင်ချောက်မိခံရမှာကို သတိထားဖို့ သံသာတေး က သတိ အကြိမ်ကြိမ်ပေး၏။ ဆိတ်ကွယ်ရာမဟုတ်သော ရေကန်ကြီးဘေး ခရေပင်ကြီးအောက်မို့ သွားတွေ့ဖို့ လှလှ သဘောတူလိုက်၏။

နေ့လယ် တစ်နာရီခန့်မှာ ခရေပင်ကြီးအောက်ကို လှလှ အရင် ရောက်သွား၏။

တစ်အောင့်လောက်အကြာမှာ ထီးကလေးဆောင်းပြီး ဆင်မယဉ်သာဟန်လေးနှင့် ရွှေစန္ဒာ ရောက်လာ၏။ အကျင့်ကလေး မကောင်းတာကလွဲလျှင် ရုပ်ရည်လေးလှပသော ရွှေစန္ဒာ ကို လှလှ အသေအချာ စိုက်ကြည့်နေမိ၏။

အလှဆုံးပြင်ဆင်လာသော ရွှေစန္ဒာ က ခရေပင်ရိပ်အောက် ရောက်သည်နှင့် ထီးကိုပိတ်ပြီး လက်ကိုင်ပဝါဖြင့် နဖူးစပ်ကချွေးတွေကို သုတ်၏။

အမှန်တော့ ဆောင်းကာလ နေ့လယ်ခင်းမှ နေရောင်ရှိသော်လည်း အရိပ်အောက်မှ လေပြည်သုတ်ဖြူး၍ ချမ်းစိမ့်စိမ့် နေကောင်းရုံလေးဖြစ်နေ၏။ စိတ်တွင်းအပူရှိနေ၍သာ ချွေးချွေးလေးတွေထွက်နေခြင်းသာ ဖြစ်နိုင်၏။

"နင် ဘာပြောစရာရှိလို့လဲ လှလှ"

လှလှ က ဂျာကင်အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး အိတ်ထဲက တစ်စုံတစ်ရာကို ခလုတ်နှိပ်လိုက်ပြီးမှ…

"နင့်ကို ငါ ဘာမဟုတ်တာမှ မလုပ်ခဲ့တာ နင် အသိဆုံးပါ၊ အိပ်ခန်းထဲကို နင်ခေါ်လို့ ငါ လာရတယ်၊ နင်က ထဘီလဲနေရင်း မြွေတွေ့သယောင် ဟန်ဆောင်လန့်အော်ပြီး ငါ့ကို အတင်းခေါ်လို့ ငါကလဲ တကယ်မြွေမှတ်ပြီး နင် အန္တရာယ်ဖြစ်မှာစိုးလို့ နင့်အနား





အမြန်ကပ်ပြီး မြွေရှာမိတုန်း နင်က နင့်အင်္ကျီ အတင်းဆွဲဖြဲပြီး နင့်ကို ဗလက္ကာယလုပ်ပါတယ်လို့ ငါ့ကို လုပ်ကြံတယ်"

ပြောရင်း လှလှ နာကျင်ခံခက်ကာ လည်ချောင်းဝမှာ စကားလုံးတွေ တစ်ဆို့ကုန်၏။

ရွှေစန္ဒာ က မထီမဲ့မြင်ဟန်ကလေးပေးပြီး နားထောင်နေရာက…

"ဟုတ်တယ်လေ… အဲဒါ ဘာဖြစ်လဲ၊ နင့်ကို ငါ လုပ်ကြံတယ်၊ နင်က ငါ့အစ်ကိုဝမ်းကွဲ ဒေါင်ကြီးကို လုပ်ကြံတယ်၊ အပြန်အလှန်ပေါ့၊ ဒါ ဘာဆန်းသလဲ"

"ဒေါင်ကြီးကို ငါ မလုပ်ကြံဘူး၊ သူ့အကုသိုလ် သူ့စရိုက်နဲ့သူ သွားတာ၊ တကယ်ဆို နင့်အပေါ် တကယ်ကူညီတဲ့ငါ့ကို အဲဒီလို မလုပ်သင့်ပါဘူး၊ ကိုယ့်တစ်ရွာတည်းသားချင်းဟာ…၊ နင် ဒီလို အတတ်တွေ အရင်က မတတ်ပါဘူး၊ အခု ဘယ်ကတတ်လာတာလဲ"

ရွှေစန္ဒာ တဟင်းဟင်းနှင့် ခပ်မျှင်းမျှင်းရယ်လိုက်ပြီး…

"ဗီဒီယိုဇာတ်ကားတွေထဲက ဇာတ်လမ်းပေါင်းစုံကြည့်နေတာပဲဟာ၊ ဒါမျိုးတွေလောက်ကတော့ သာသာလေးရယ်။ ဒီမှာ လှလှ… ငါ အဲဒီလိုလုပ်ကြံရတာလဲ ဘာကြောင့်ဆိုတာ နင် သိလား"

"နင်ပြောတော့ ဒေါင်ကြီးကြောင့်ဆို…"

"အဲဒါက တစ်ကြောင်း၊ နောက်တစ်ကြောင်းက…"

ရွှေစန္ဒာ ဆက်မပြောဘဲ စကားကိုတန့်ထားလိုက်၏။ သူမ မျက်နှာမှာ ပန်းသွေးရောင်ယှက်ဖြာသွား၏။ လူလှ က…

"ဘာလဲ.. နောက်တစ်ကြောင်းက…"

"နင်..၊ နင့်ကို မြို့သူမလက်ထဲ ပါသွားမှာစိုးလို့…"

ပြောပြီး ရွှေစန္ဒာ ရဲ့မျက်နှာ တစ်ဖက်ကို ချာခနဲလွှဲသွား၏။ အရှက်ကြီးရှက်သွားပုံရ၏။ ရှေ့မျက်နှာနောက်ထားပြီး အရဲစွန့် ပြောလိုက်ရပုံ ပေါ်၏။ လူလှ က…

"မြို့သူမလက်ထဲ ဘာလို့ ပါမှာစိုးနေရတာလဲ"

ရွှေစန္ဒာ ပြောရခက်နေ၏။ မိန်းမသားမို့ ရှက်စိတ်ကလည်း ရှိနေ၏။ ရင်ထဲရှိတာ ဖွင့်ပြောလို့မဖြစ်ပြန်။

"နင် သိပ်အ,တာပဲ လူလှရယ်"

"ငါက တောသားလေ..၊ တုတ်ထိုးအိုးပေါက်ပြောတာကို သဘောကျတယ်"

ရွှေစန္ဒာ က မျက်စောင်းလှလှကြီး ပစ်ထိုး၏။ မျက်တောင်ကော့ညွတ်ညွတ်ကြီးတွေက သာမန်ယောကျ်ားဆို ကြွေဆင်းသွားလောက်၏။ ဖွံ့ထွားစွင့်ကားနေသော ခန္ဓာဗေဒကောက်ကြောင်းကလည်း သာမန်လူသာဆို ဒူးထောက်တောင်းဆိုချင်စရာ။

ရှိုက်ဖိုကြီးငယ်အသွယ်သွယ်နှင့် ရွှေစန္ဒာ ကို ဟိုးယခင်က လူလှ စိတ်ဝင်စားခဲ့ဖူး၏။

အဲဒီတုန်းက ရွှေစန္ဒာ မာန်မောက် ဂုဏ်ထောင်လွန်းလှ၏။ သူမ





ကိုယ်သူမ အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး ဆိုပြီး လူလှ ကို လျစ်လျူရှုဖူး၏။ သူမ စိတ်ရင်းအမှန်ကတော့ လူလှ ကို အမှန်လိုလား၏။ ချစ်ချင်နေ၏။

အိတ်ထဲကဖား ဘယ်အချိန်ရိုက်ချက်စားစား ရတယ်ဆိုပြီး မာန်နှင့်မှုက မတူမတန်သလို ကလူကျီစယ်ထားခဲ့၏။ ခုအနေဖြင့် အိတ်ထဲကဖား ခုန်ထွက်သွားပြီး တစ်ပါးသူလက်ထဲပါသွားတော့မှာ နှမြောတသပြီး အတင်းလိုက်လုနေရသည့်ပုံ ပေါက်နေရတော့၏။

"ငါက ဒသသလိုမိန်းမပါ လူလှရယ်၊ ဒသသဂီရိက မယ်သီတာကို လိုချင်တော့ ရွှေသမင်နဲ့မျှားရတယ်လေ၊ နင်က မယ်သီတာလို ယောကျ်ား၊ မြို့သူမက ရာမမင်းသား၊ အဲဒီလိုအဖြစ်မျိုး ရောက်နေရပြီလေ"

လူလှ အံ့ဩသွား၏။ ဒီလိုစကားမျိုး သံသာတေး ကလည်း ပြောဆိုဖူး၏။

တိုက်ဆိုင်သွားတာလား၊ စိတ်မနှောချင်း ဆက်သွယ်မှုလား၊ အရင်ဘဝရေစက်ကြောင့်လား… လားပေါင်းများစွာဖြင့် လူလှ တွေဝေသွား၏။

"ငါက မိန်းမသားမို့ ဒီလောက်ပဲ ပြောလို့ရလိမ့်မယ်၊ ဒီလောက်ဆို နင် သဘောပေါက်ပါတယ်၊ မဖြစ်သာလို့ ကြံမိကြံရာ ကြံလိုက်ရတာ၊ နင် မြို့သူမလက်ထဲပါသွားမှာစိုးလို့ပါ။ ပဝါဖြူကို ကြက်သားထုပ်ရင် စွန်းတတ်တယ်တဲ့၊ တစ်ရွာသူကို ရည်းစားလုပ်ရင်

လွမ်းတတ်တယ် လူလှ ရဲ့၊ နင်နဲ့ငါနဲ့က တစ်ရွာတည်းသားတွေ၊ နင် မလွမ်းချင်ရင်…၊ ဒီလောက်ဆို နင် သဘောပေါက်ပါတယ်၊ နင် အဲဒီလောက်မတုံးအ,ပါဘူး"

ရွှေစန္ဒာ က ရေကန်ဘက်ကို မျက်နှာမူပြီး ရှက်မျက်နှာထား လေးနှင့် ပြောရှာ၏။ လူလှ က…

"ငါ သဘောပေါက်ပါတယ်၊ နင် ငါ့ကိုချစ်နေတယ်ဆိုတာ ငါ အခုမှ သေချာသိသွားပြီ။ ဟိုးအရင်တုန်းကဆိုရင် ငါလဲ နင့်ကို ချစ်နေတာမို့ နင်နဲ့ငါ အိမ်ထောင်ကျပြီး ကလေးတွေတောင် တစ်ပြုံကြီးမွေးနေလောက်ပြီ၊ အဲဒီတုန်းက နင်က ငါ့ကို မတူမတန်သလိုနဲ့ ဆက်ဆံတော့ နင် ငါ့ကိုမချစ်ဘူးထင်လို့ မကြာခင်ကတွေ့ရတဲ့မြို့သူ ကို ငါ ချစ်တယ်၊ ဒါ ငါ့အပြစ်မဟုတ်ဘူး၊ နင် ငါ့ကို ခွင့်လွှတ် နားလည်သင့်တာပေါ့ဟာ"

ရွှေစန္ဒာ က လူလှ ကို ဆတ်ခနဲကြည့်၏။ နာလိုခံခက်အကြည့်၊ လက်လွှတ်ဆုံးရှုံးမခံနိုင်သည့်အကြည့်၊ အချစ်ချင်းတူရင် စစ်ခင်းယူမည်ဆိုသော အကြည့်…။

"နားလည်မပေးနိုင်ဘူး၊ နောက်မှပေါက်တဲ့ရွှေကြာပင်ကို နေရာတင်မပေးနိုင်ဘူး၊ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး၊ ငါက လိုချင်တာကို ရအောင်ယူတတ်တဲ့မိန်းမ၊ အို… အဓိကကျတဲ့လိုရင်း ကိုပဲ ငါပြောမယ်၊ နင် ငါနဲ့လက်ထပ်မလား ဒါမှမဟုတ် တရားရင်ဆိုင်မလား၊ ဒီနှစ်ခုထဲက ကြိုက်တာတစ်ခုရွေး"





အရှက်မရှိတဲ့မိန်းမ၊ မ,ချစ်မွှန်သွားတော့ ဒသသလိုမိန်းမ ဖြစ်သွားလေပြီ။

လက်ထပ်လိုက်လျှင် အမှုမလုပ်တော့။ လက်မထပ်လျှင် သူမကို ဗလက္ကာယလုပ်မှုဖြင့် တိုင်တန်းတရားစွဲကာ အမှုလုပ်မည်ပေါ့။ လူလှ ကျစ်ခနဲ စုတ်သပ်လိုက်ပြီး…

"နင်နဲ့ငါနဲ့ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

လူလှ စကားကြောင့် ရွှေစန္ဒာ ရဲ့မျက်နှာ ဖြတ်ရိုက်ခံရသလို နာကျင်နီမြန်းသွား၏။

"နင်… နင်က အမှုလုပ်ဖို့ စိန်ခေါ်လိုက်ပြီပေါ့… ဟုတ်လား လူလှ"

"ငါ့ရင်ထဲမှာ သံသာတေး ပဲရှိတော့တယ်၊ ရာမနဲ့ သီတာဒေဝီ သာ နောက်ဆုံးမှာ ပေါင်းဖက်ရတာပါ။ ဒသရဲ့ဘဝကတော့ ဇာတ်သိမ်းမလှပါဘူး အကြီးမရယ်"

ရွှေစန္ဒာ တစ်ကိုယ်လုံး နတ်ပူးသလို တုန်ဆတ်သွား၏။ လူလှ က ကျာကင်အင်္ကျီအိတ်ထဲက အသံဖမ်းကက်ဆက်လေးကို ထုတ်ပြီး ပြန်ရစ်ကာ အသံဖမ်းထားသမျှကို ပြန်ဖွင့်ပြလိုက်၏။ ခုနလေးတင် လူလှနှင့် ရွှေစန္ဒာ တို့ ပြောဆိုသမျှ ဖမ်းထားသောအသံတွေ ကက်ဆက်လေးထဲက ပြန်ပေါ်လာ၏။ အသံတွေကိုနားထောင်ရင်း ရွှေစန္ဒာ ခွေ့ခွေ့ခုန်သွား၏။

"နင်… ယုတ်မာတယ် လူလှ၊ နင် လူလည်ကောင်… နင့်ကို

မကျေနပ်ဘူး၊ နင့်ကို မချစ်တော့ဘူး၊ အရမ်းမုန်းသွားပြီ၊ သတ်ပစ်ချင်လောက်အောင်မုန်းတယ်၊ အသေမုန်းတယ်"

ရွှေစန္ဒာ က လူလှကို ကုပ်ဆွဲထုရိုက်ဖို့အပြင်မှာ နေရာက လူလှ သုတ်ခနဲ ပြန်လစ်ပြေးလာတော့၏။ ရွှေစန္ဒာ ရဲ့အော်ဟစ်ကျိန်ဆဲသံတွေ ခရေပင်ကြီးအောက်မှာ ဆူညံ လွှင်းပေါ်ကျန်နေရစ်တော့၏။





"တော ဘယ်ရောက်သွားလဲ မယဉ်ကျေး"

ချောင်းတဟွတ်ဟွတ်ဆိုးနေသော မယဉ်ကျေး ကို လူ က အလောသုံးဆယ် မေးလိုက်မိ၏။ ဒေါ်ခင်လှ ရဲ့ရန်ကို စိုးရိမ်နေရ၍ တော ကို မျက်စိအောက်က အပျောက်မခံလို။ ဒေါ်ခင်လှ ငွေရှိ၏။ ဘာမဆို လူမိုက်ငှားပြီး လုပ်ကြံနိုင်၏။ ဦးသူတော် စေခိုင်းသော ကိစ္စတွေ လုပ်နေရခိုက်မှာ မယဉ်ကျေး အား တော ကိုစောင့်ကြည့်ခိုင်းထားတတ်၏။ အန်တီမြ နှင့် သီရိဒုံ က မြို့သူတွေပီပီ အအိပ်မက်၊ အစားမက်တတ်ကြ၏။ မယဉ်ကျေး လောက် စိတ်မချရ။

"ခုနလေးတင် ဝါးရုံတောလမ်းလေးထဲ လမ်းလျှောက်ချင်လို့ ဆိုပြီး ထွက်သွားတယ်"

"ဟာ.. ယဉ်ကျေး ဘာလို့လိုက်မသွားတာလဲ"

"အဟွတ် အဟွတ် အဟွတ်… ငါ… ပန်းနာရင်ကျပ်ရောဂါ ပြန်ထနေလို့ပါဟယ်"

"အဲဒါ ကျန်းမာရေးမူးနဲ့ မပြဘူးလား"

"ပြပြီးပြီ၊ ဆေးသောက်ထားတယ်၊ အအေးမိခံလို့မဖြစ်ဘူးဆိုလို့ အိမ်မှာပဲနေခဲ့တာ။ ဒီနှစ်ဆောင်းက အရမ်းအေးတာ၊ ရေဒီယိုက ကြေညာတယ်လေ၊ အအေးလှိုင်း ခုနစ်ရက်ဖြတ်မယ်ဆိုလားပဲ၊ အဲဒါကြောင့် မလိုက်သွားနိုင်တာပါ"

မယဉ်ကျေး ကိုကြည့်ရတာ ဖြူဖပ်ဖြူရော်နှင့်…။

"ကိုယ့်ဘာသာကိုယ် ဂရုစိုက်ဦး၊ တေး နောက်ကို ငါ လိုက်သွားလိုက်ဦးမယ်"

ပြောပြီး လှလှ လှစ်ခနဲ ပြေးထွက်သွား၏။ ဒီအချိန်တွေမှာ တေး ကို လှလှ ဂရုစိုက်နေရ၏။ ရွှေစန္ဒာ နှင့်တွေ့ဆုံခဲ့ပြီး အသံဖမ်းတိပ်ခွေဖြင့် ခြိမ်းခြောက်ထားနိုင်၍ ရွှေစန္ဒာတို့ဘက်က အမှုမလုပ်ရဲ၊ အသာငြိမ်နေကြတာ ဆယ်ရက်ကျော်ကြာ၏။ ဒေါ်ခင်လှလည်း အိမ်မကပ်။ ဟိုခရီးထွက်၊ ဒီခရီးထွက်နှင့်။ ဘာတွေကျိတ်ကြံနေသလဲ မသိ။ ရွှေစန္ဒာ က အိမ်ထဲက အိမ်ပြင်မထွက်။

ရွာလူကြီးအများစုကတော့ ရွှေစန္ဒာ တို့သားအမိတွေ သူ့သဘောနှင့်သူ အရှက်ရပြီး ငြိမ်ကျသွားပြီဟု အထင်ရောက်နေကြ၏။ လှလှ တစ်ယောက်မှာ ဘုရားစေတီအနေကဇာတင်ပွဲအတွက် သံသာတေး တို့နှင့် အလုပ်ရှုပ်နေမိ၏။





ဘုရားစေတီ အနေကဇာတင်ပွဲကို သံဃာတော်အရှင်သူမြတ်များ၊ ဧည့်ပရိသတ်များဖြင့် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပူဇော်နိုင်ခဲ့၏။

ဦးသူတော်မှာလည်း ကျောင်းထိုင်ဆရာတော်ပင့်နိုင်ရေးအတွက် မြို့နယ်သံဃာ့နာယကအသင်းအဖွဲ့ထံ ဆက်သွယ်ဆောင်ရွက်နေတာနှင့် အလုပ်ရှုပ်နေ၏။ လိုအပ်တာရှိလျှင် လှလှကို ခေါ်ခေါ်ခိုင်းတတ်၏။

သံသာတေးရဲ့စိတ်ရောဂါအစွဲဟု ခေါ်မလား…

သိုက်နန်းက သက်တမ်းပေးထားသည့် ကုန်ဆုံးရက်ဟု ဆိုရမလား မသိသော သံသာတေး ရဲ့အသက်နှစ်ဆယ့်သုံးနှစ်မှာ သိုက်နန်းကပြန်ခေါ်မည်။ စေတီတော်လေး ဘက်ပေါင်းစုံ ပြီးစီးသွားသည့်နေ့ကလည်း လေးရက်ခန့်သာလိုတော့၏။ စေတီတော်လေးရဲ့ အောက်ခြေမှာ ထုံးသင်္ကန်းတစ်ရစ် ကပ်လှူထားတာကို ပြန်ဖျက်ပြီး စင်ကာပူရွှေသင်္ကန်း ကပ်လှူဖို့ ဆေးကို ဦးသူတော် က ဦးသာခင်ကိုလွှတ်ပြီး သွားဝယ်ခိုင်းနေ၏။ ဆေးသာ နောက်လေးရက်အတွင်း ရောက်လာလျှင် တေး ရဲ့အသက်နှစ်ဆယ့်သုံးနှစ်ပြည့်နှင့် တိုက်ဆိုင်သွားပြီ။

အလွန်အံ့သြဖွယ်ကောင်းသောတိုက်ဆိုင်မှုတွေလို့ ဆိုရမလား။ ဇော်ကြီးပြောပြထားခဲ့သလို တေး ရဲ့သေနေ့များဖြစ်နေတော့မလား။ လှ့ရင်ထဲ ပူပန်သောကကဲပြီး ဝါးရုံတောလမ်းကို အပြေးလှမ်းတော့၏။

ပြေးထွက်သွားသော လှ ရဲ့ကျောပြင်ကိုကြည့်ပြီး မယဉ်ကျေး

ချင်ထဲ လှိုက်ခနဲဝမ်းနည်းသွားမိ၏။ ဟိုးယခင်ကဆိုလျှင် မယဉ်ကျေး နာစေး၊ ချောင်းဆိုး ဖြစ်ရုံလောက်နှင့်တင် လူ့မှာ ပျာယာခတ်ပြီး ဦးသုတော် ဆီ ဆေးပြေးတောင်းရ၊ ကျွန်းမာရေးမှူးဆီ ဆေးပြေးယူရ နှင့် ဂရုတစိုက်ရှိတတ်၏။ ယခုဖြင့် ဝတ်ကျေတန်းကျေလေးပြောပြီး ကျောခိုင်းထွက်သွားလေပြီ။

လူ့ဆီက အမြဲတမ်းရနေကျ ကြင်နာဂရုတစိုက်ရှိမှုတွေ လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အဖြစ်။ မိန်းကလေးမို့ လူ့ကို ကျိတ်ချစ်နေခဲ့သည့် ခံစားမှုတွေ ယခုအခါ ဝေဒနာအသွင် ပြောင်းလဲ နာကျင်ခံရလေပြီ။

ဟိုးအရင်ကာလက…

အလှူမင်္ဂလာပွဲတွေရှိတိုင်း မယဉ်ကျေး သေးမှာ စနေနာနိုင်မယန်းနိုင် စောင့်ရှောက်ဂရုစိုက်ခဲ့သော လူလှ…။

ရှာနီးချုပ်စပ်က ဘုရားပွဲတွေကို လှည်းနှင့်လိုက်ပို့ပေးပြီး ပွဲအတူတူကြည့်ခဲ့ကြတာလည်း အမှတ်တရ…။

နေပြည်မြို့ ကျိုက္ကလွန်ဖွန်းစေတီတော်မြတ်ကြီးရဲ့ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဂွန်ဒေါင်းနှင့်သွားခဲ့ကြပုံတွေကို အဆားစီတာ ပြန်အမှတ်ရမိ၏။

ဘုန်းတန်ခိုးတော်ကြီးမြတ်တော်မူသော ကျိုက္ကလွန်ဖွန်းစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပြီး အတူယှဉ်တွဲ ပူဇော်ကန်တော့ဖြစ်ကြ၏။





"ယဉ်ကျေး ဘာဆုတွေတောင်းနေတာလဲဟင် …"

"ဥမ္မာဒန္တီမင်းသမီးလေးလို ရုပ်ဆင်းရူပကာ လှပချောမောပြီး ဘုရားစေတီတော်တွေ တည်ထားကိုးကွယ်နိုင်ပါလို၏လို့ ဆုတောင်းတာပေါ့"

"ဒါပဲလား"

"အင်းပေါ့"

"ချစ်သူရည်းစားကောင်းကောင်းလေး ရပါစေလို့ကော ဆု မတောင်းဘူးလား"

"တောင်းပါဘူး"

"ငါတော့ တောင်းတယ်၊ နင့်ကို ရပါလို၏လို့…"

"ဟယ် .. ကောင်စုတ်၊ နင်နော် .. တစ်ရွာတည်းသားချင်း စည်းမဖောက်နဲ့"

"နင် ငါ့ကို ပြန်မချစ်နိုင်ဘူးလား"

"ချစ်ပါဘူး"

ယဉ်ကျေး ရင်ထဲမှာ ကြည်နူးချမ်းမြေ့သော်လည်း မိန်းကလေး ပီပီ ဟန်ဆောင်ကာမူပိုနေလိုက်မိ၏။ ဒါကို လူလှ က သူ့ကို မကြိုက်ဘူးထင်ပြီး မျက်နှာလေးညှိုးနွမ်းသွားမိ၏။ မိုးလုံလေလုံ ဇာတ်ရုံမှာ ဇာတ်ပွဲဝင်ကြည့်တော့ မယဉ်ကျေးတို့ ကာလသမီး တစ်သိုက်နှင့်အတူ မကြည့်တော့။ ပွဲကြည့်စင်မှာ သပ်သပ်သွားကြည့်၏။

ပွဲဈေးတန်းလျှောက်တော့ မယဉ်ကျေးအတွက် စတီးဆွဲကြိုးလေးတစ်ကုံး လက်ဆောင်ဝယ်ပေး၏။ မယဉ်ကျေး က လက်ကိုင်ပဝါတစ်ထည် ပြန်ဝယ်ပေးပြီး ကျီစယ်မိ၏။

"နင် ငါ့အချစ်ကိုမရလို့ ဝမ်းနည်းပြီး ငိုတဲ့အခါ မျက်ရည်သုတ်ရအောင်လို့ ဝယ်ပေးတာ"

လှလှ တကယ်ယုံသွား၏။ ထိုကတည်းက မယဉ်ကျေး ကို ရင်မဖွင့်တော့။ မရိုးမသား ရင်ခုန်ခံစားနေတာတွေလည်း မပြတော့။ တကယ့်မောင်နှမအသွင် စိတ်သွင်းထားလိုက်ပုံရ၏။ မယဉ်ကျေး ခများတော့ ကိုယ့်အတာတ်ကိုယ်စူးပြီး ရေလာမြောင်းပေးတွေလုပ်ပြသော်လည်း လှလှ က တေ့ုးအေ,အသွင် ရင်ဖွင့်ဖို့ အရိပ်အယောင်ပင် မပြ၊ မဟ,တော့..။

"ခြော်... လှလှရယ်... တို့များက မိန်းမသားဆိုတော့ အရိပ်ပြလို့ပဲရတယ်၊ နင်က အကောင်မမြင်နိုင်တော့ နင့်အပေါ်ထားတဲ့ တို့အချစ်တွေ နေမြင့်လေ အရှုးရင့်လေဖြစ်ပြီး ရင်ထဲမှာ ခံစားပေါက်ကွဲနေရပါပြီဟာယ်။ သံသာတေးတို့ ရောက်လာတော့ နင့်ရဲ့ အချစ်တွေ လှမ့်နေရာမှန်ဖြစ်သွားတာကို ငါ မုဒိတာပွားပြီး ဝမ်းသာရသလို ငါ့ကိုယ်ငါ ခုခေတ်စကားနဲ့ ပဲများပြီး ဟန်ဆောင်မှုပိုမိလို့ အပြစ်ဖိတင်ပြီး ယူကျုံးမရ ဝမ်းနည်းနေရတော့တယ်။ ငါ့အတွက်တော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်း မဟုတ်တော့ပါဘူး စွန့်လွှတ်အနစ်နာခံခြင်းပါ။ နင့်အတွက်ဆို ဘာမဆို ငါလေ စွန့်လွှတ်အနစ်နာ





ခံခြင်းနဲ့ နင့်အပေါ် ငါ့အသက်လောက်ချစ်တယ်ဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန် အခွင့်အရေးရရင် သက်သေပြပါ့မယ်"

မယဉ်ကျေး ရင်ထဲကစကားတွေ လည်ချောင်းထဲပြန်မျိုကျသွားပြီး ပါးပြင်ပေါ်စီးကျလာသော မျက်ရည်တွေကို လက်ခုံဖြင့်တို့သုတ်ပစ်လိုက်၏။

အိမ်ပေါ်ထပ်မှာအိပ်နေသော မိခင်ကြီးကို ကျန်းမာရေးမှူး ပေးထားသောဆေးတိုက်ဖို့ အချိန်ရောက်ပြီမို့ ဆေးနှင့်ရေယူပြီး ဆေးတိုက်ဖို့အလာ ...

"ဟင်.. မေမေ.. မေမေ ဘယ်ရောက်သွားလဲ၊ မေမေရေ... မေမေ..."

အိပ်ရာထဲမှာ မိခင်ကြီး မရှိတော့။ မယဉ်ကျေး ချက်ပြုတ်နေတုန်း၊ ရေအိမ်ခဏတက်နေတုန်း၊ အလုပ်တစ်ခုခုလုပ်နေတုန်းမှာ အသာလစ်ထွက်သွားခြင်း ဖြစ်လိမ့်မည်။

မယဉ်ကျေး တစ်ယောက် အိမ်ပေါ်ကအမြန်ဆင်းပြီး ခြံဝင်းထဲအနှံ၊ ရွာထဲအနှံ့လိုက်အော်ခေါ် ရှာဖွေနေမိတော့၏။

ဝါးရုံတောလမ်း လူ ရောက်သွား၏။ လူသွားလူလာမရှိ ရှင်းလင်းနေ၏။ လူ အနားယူတတ်ရာ လှိုဏ်ချောက်ထဲက လိုဏ်ဂူလေးကို ဆင်းကြည့်မိ၏။ တေး ကိုမတွေ့၊ လူ ပို၍စိတ်ပူသွားမိ၏။

"တေးရေ..၊ တေး.. တေး.. ဘယ်မှာလဲ"

တကြော်ကြော်အော်ခေါ်ရင်း လိုက်ရှာ၏။ ရွာဘက်ကိုကွေ့ဝင်သောလမ်းအတိုင်း လိုက်ရှာကြည့်ပြန်သည်။ လမ်းမှာတွေ့သမျှလူတွေကို မေးစမ်းကြည့်၏။ မတွေ့ဘူး၊ မမြင်ဘူးဟုသာ ပြောကြ၏။

ဒေါ်ခင်လှ တို့အိမ်ဘက်ကို အပြေးသွားကြည့်မိ၏။ အိမ်တံခါးကြီး ပိတ်ထား၏။ ယခင်ကဆိုလျှင် အိမ်ကို ဘယ်တော့မှပိတ်လေ့မရှိ။ ဒီအိမ်ကြီးမှာ ဆိုင်ကယ်ကယ်ရီဆွဲစဉ်က ဝင်ထွက်သွားလာဖူး၍ အကြောင်းသိနေ၏။ ဒေါ်ခင်လှတို့သားအမိတွေမရှိလျှင် ဆွေမျိုး





သားချင်းတစ်ဦးတလေကို အစောင့်အဖြစ် ထားခဲ့တတ်၏။ ယခုမူ အိမ်တံခါးသော့ခတ်သွားလေပြီ။ မရှိးသားဟု လူ ထင်၏။

တေး ဘယ်ကိုသွားတတ်သလဲ..။

သိုက်စွဲရှူးရှူးနေသူမို့ သူမ သွားတတ်ရာတစ်နေရာကို ပြေးအမှတ်ရ၏။

အန္တရာယ်ဖုံ..။

မြောင်ဝက်ပါသိုက်..။

လူ တစ်ချိုးတည်း ရွာပြင်ပြေးထွက်၏။ မြောင်ဝက်ပါသိုက်ရှိရာ ဒလမန်းကြမ်း ပြေးထွက်သွား၏။

စိတ်ပူလိုက်တာ တေးရယ်...

မင်းသာ တစ်ခုခုဖြစ်ရင်...

ငါ ရင်ကျိုးပြီး တကယ်သေလိမ့်မယ်။

လူ ပြေးလာရင်း လယ်ကွင်းထဲမှာ စပါးနယ်နေကြသူတွေကို လှမ်းတွေ့၏။ ရှေ့ဆက်ပြေးလာသောအခါ ရေတိမ်သော ချိုင့်ဟောင်းနေရာကိုရောက်လာ၏။ ဟိုမှာဘက်တောတန်းမှာ မြောင်ဝက်ပါသိုက်နေရာရှိ၏။ ချိုင့်ဟောင်းပြန့်နေရာကို ဖြတ်ပြေးစဉ် အနီးအပါးမှာ ဒေါ်ခင်လှ ရဲ့လယ်တွေ ရှိ၏။

ရိတ်သိမ်းပြီးသောစပါးတွေကို မြေတလင်းမှာပုံပြီး ငွန်ဒေါင်းဖြင့် စပါးနယ်နေ၏။ ကေနှစ်ဆယ်ခန့်ကျယ်သော လယ်ကြီးမှာ ငွန်ဒေါင်းရေးစီးခန့်ဖြင့် စပါးနယ်နေကြ၏။

ကောက်လှိုင်းတွေ တောင်လိုပုံထားသောဘေးမှာ ယာယီတဲ လေးထိုးထား၏။ ဒေါ်ခင်လှနှင့် အလုပ်သမားတချို့ ထိုင်နေ၏။

ဒေါ်ခင်လှ က သူ့ရင်းငှားတွေကို အော်ဟစ်ကာ ခိုင်းစေနေ၏။ ဒေါ်ခင်လှကိုတွေ့လိုက်ရ၍ ဖားအတွက် စိတ်ပူနေတာတွေ တစ်ဝက် သက်သာသွား၏။

ပြေးနေသော လူလှ ကို ဒေါ်ခင်လှ တွေ့သွား၏။

"ခွေးကောင်.. လူယုတ်မာ ငလှ..၊ နင့်ကို အခုမှ တည့်တည့် တွေ့ရတယ်၊ သေဖို့သာပြင်ထား၊ ဟေ့.. ငကျော်.. နင့်ခွန်ခေါင်း ရုပ်စမ်း၊ ငါ တက်လိုက်မယ်"

ငကျော် က စပါးနယ်နေသောခွန်ခေါင်းကို ဒေါ်ခင်လှ ဘေး ထိုးရပ်လိုက်၏။ အလုပ်သမားတွေအတွက် ရေနွေးကြမ်းနှင့်မုန့် ပြင်ဆင်နေသော ရွှေစန္ဒာနှင့် ငွေစန္ဒာတို့ ပြေးထွက်လာပြီး...

"အမေ.. အမေ.. ဘာလုပ်မလို့လဲ"

"အဲဒီ လူလှ ကို ခွန်ခေါင်းနဲ့ လိုက်ကျိတ်သတ်မလို့"

"အို.. အမေကလဲ..."

"တိတ်စမ်း၊ ဟေ့.. ငကျော်.. စက်ကုန်တင်ပြီး လိုက်တိုက်စမ်း"

ငကျော် က ပြုံးလန့်သွားပြီး ...

"ဖြစ်ပါ့မလား ခွေးလှရဲ့..."

"ဖြစ်တယ်၊ ငါ ခိုင်းတာလုပ်၊ ဖြစ်လာသမျှ အားလုံး ငါ





ခိုင်ခံရှင်းမယ်၊ လိုက်တိုက်ဆို လိုက်တိုက်"

ငကျော် လည်း မူးမူးတွေတွေရှိနေတာမို့ ဒေါ်ခင်လှ အားကိုး နှင့် မိုက်တော့၏။ ခွန်ခေါင်းကို စက်ကုန်တင်ပြီး ရေခြောက်နေသော အိုင်ပြန့်ချောက်တိမ်တိမ်လေးထဲ ဖွဲ့ဆင်းကာ လူလှ နောက်ကို နှင်း လိုက်တော့၏။

ခွန်ခေါင်းနှင့်လိုက်လာ၍ လူလှ လည်း သဘောပေါက်ကာ ခြေကုန်သုတ်ပြေးတော့၏။

လူနှင့်စက်မို့ ခွန်ခေါင်းက ခဏအတွင်း မီလာပြီး လူလှ ကို တိုက်ကြိတ်၏။ ပြေးနေရင်းက တစ်ဖက်ကိုငပ်ထိုး လှဲရှောင်လိုက်၍ လူလှ လွတ်သွား၏။

ခွန်ခေါင်းက နောက်တစ်ပတ်ပြန်ကွေ့လာစဉ် လူလှ လည်း ခွန်ခေါင်းကို အမြန်ဖြတ်ကျော်ကာ ဝက်ပါသိုက်ရောက်အောင် အားသွန်ပြေးတော့၏။

နောက်တစ်ကြိမ်..။

မြောင်ဝက်ပါသိုက်နားရောက်ဖို့ ဆယ်ပေခန့်အလို...၊ လူလှ ကို ခွန်ခေါင်းတိုက်မိဖို့ ဆယ်ပေခန့်အကွာ...

ခွန်ခေါင်းစက်သံက သေမင်းအော်သံပမာ ပြေးဝင်လာ၏။ လူလှ လည်း ဝက်ပါသိုက်ချုံထဲ ဖြစ်ချင်ရာဖြစ် သဘောပိုက်ကာ ဒိုင်ဗင်မစ် ထိုးခင်လိုက်၏။

ခွန်ခေါင်းမောင်းသမား ငကျော် က လူလှ ကို မတိုက်မိ၍

ဝက်ပါသိုက်ချုံနှင့် ဝင်မဆောင့်ရန် ငွန်ဒေါင်းကို ကျင်လည်စွာ ကွေ့လှည့်သွား၏။

ဒေါ်ခင်လှ က ငွန်ဒေါင်းသံတိုင်ကိုကိုင်ပြီး ခံပြင်း တောက်ခေါက်နေ၏။

ချုံထဲကနေ ဖြဲရဲထစဥ် လူလှ ရဲ့ပခုံးပေါ်မှာ ငန်းမြွေကြီးတွဲလောင်းပါလာ၍ လူလှ လည်း လန့်ပြီးခါချပစ်လိုက်ရ၏။ ချုံထဲကနေ အမြန် ခုန်ဆွဝင်ပြေးရတော့၏။

ဝက်ပါအုတ်လိုဏ်ဂူနား အရောက်မှာ…

"တေးရေ..၊ တေး.. တေး…"

ငယ်သံပါအောင် အော်ခေါ်လိုက်စဥ် လိုဏ်ထဲမှ…

"လူရေ..၊ လူ.. တေး ဒီမှာ"

တေးရဲ့အသံနှင့်အတူ လိုဏ်ဂူပေါက်ထဲက တေး ပြေးထွက်လာ၏။ ဆံပင်ဖားလျားကြီးနှင့် အူယားဖားယား ပြေးထွက်လာ၏။ လူ က စိတ်ပူပန်ခြင်းကြီးစွာဖြင့် တေး ကို အလိုက်သင့် ဆီးပွေ့ဖက်လိုက်၏။

လိုဏ်ဂူပေါက်မှ နောက်ထပ် လှုပ်ရှားသံနှင့်အတူ ဆံပင်စုတ်ဖွားနှင့်ပြေးထွက်လာသူကြောင့် လူလှ လန့်ပြီး ဘုရားတ,မိလိုက်၏။

"ဟား ဟား ဟား..၊ ဟီး ဟီး ဟီး ဟီး"

"ဟင်.. ဒေါ်လပုံ…"

မယဉ်ကျေးရဲ့မိခင် ဒေါ်လပုံဖြစ်နေ၏။ လက်ထဲမှာ တင်းပုတ်





တစ်ခုနှင့် ငုတ်ချွန်တစ်ခုကို တစ်ဖက်တစ်ချက်စီ ကိုင်တွယ်ထား၏။

"အဆုံးအဖြတ်ပေးတော့မယ့်နေ့ကို ရောက်တော့မယ်ဟေ့… ဟောဒီသိုက်နန်းရှင်ကလေးအတွက် ငါက စီရင်ပေးရမယ့်သူပဲ၊ ဒီကလေးမလေးရဲ့အသက်ဓာတ်ကို နုတ်ယူဖို့ သိုက်ချုပ်ဘိုးဘိုးက ငါ့ကို လွှဲပေးလိုက်ပြီ၊ နားလည်ရဲ့လား ငမိုက်သားရဲ့"

ဒေါ်လပုံက ပယောဂပူးကပ်သလိုလို၊ စိတ်ဖောက်ရူးနှမ်းသလိုလိုနှင့် အသံသြနက်ကြီးဖြင့် ပြောလာ၏။ တေး က လူ့ရင်ခွင်ထဲမှာ ဆတ်ဆတ်တုန်အောင် ကြောက်ရွံ့နေရှာလေသည်။

"ဒေါ်လပုံ.. ခင်ဗျား တေး ကို ဘာလုပ်လိုက်တာလဲ"

"ငါလုပ်တာ မဟုတ်ဘူး၊ သူ့တရားကို သူစီရင်ဖို့ ငါက ကူညီမေးရမှာ၊ နောက် လေးရက်မြောက်ဟာ သူ့သေနေ့ပဲ၊ သူ့ကို မွေးတဲ့ နောက်လေးရက်မြောက် သောကြာနေ့မနက် ခြောက်နာရီတိတိမှာ သူဟာ တစ်နည်းနည်းနဲ့သေကို သေစေရမယ်၊ သိုက်နန်းက ခွင့်ပြုထားတဲ့ သူ့သက်တမ်းကုန်ပြီ"

လူ အံ့သြသွား၏။ ဒေါ်လပုံက စိတ်ဖောက်နေသူ။ ဒီအကြောင်းတွေကို ဘယ်လိုသိနေပါလိမ့်။ အပမှီစီးပြီး ပြောနေလေရော့သလား။ ဒါမှမဟုတ်..။

တေး ကလည်း ယဉ်ယဉ်လေးနှင့် စိတ်ကျန်းမာရေးချို့တဲ့သူ…

ဒေါ်ပုံက စိတ်ကျန်းမာရေးမကောင်းသူမို့ အကြောင်းတူပြီး တိုက်ဆိုင်မှုတွေ လာဖြစ်ပေါ်နေလေရော့သလား။ လူ စဉ်းစားရ

ကျပ်တည်းသွားမိ၏။ သို့ပြား မဖြစ်သင့်တာတွေ မဖြစ်ဖို့ တားဆီးရမည်။

ဒေါ်ခင်လှ တို့မိသားစုရန်ကလည်း ရှိသေး၏၊

ရွှေစန္ဒာ ရဲ့ထောင်ချောက်ဆင်ဖမ်းမှုကို အသံဖမ်းကက်ဆက်၊ လူသက်သေ(ဒေါ်ဘုတို)တို့နှင့် ချေဖျက်လိုက်နိုင်၍ ရွှေစန္ဒာ တို့ဘက်က လုံးဝမကျေနပ်။ ခုတော့ အမေသသတ်ဖို့ ပေါ်တင်လုပ်ကြံလာကုန်ကြပြီ။

"ဒေါ်ပုံ ပေါက်ကရတွေ မပြောနဲ့၊ ခင်ဗျားလဲ ပြန်လိုက်ခဲ့၊ ဒီနေရာမှာ ကြာကြာနေလို့ မကောင်းဘူး၊ တေး ကို ပြန်ခေါ်သွားမယ်"

"အေး… ခေါ်သွား ခေါ်သွား၊ နင် လာနှောင့်ယှက်မယ်ဆိုတာ သိုက်နန်းကလဲ ကြိုသိနေတယ်၊ ဒါကြောင့် စီရင်ဖို့ အသက်ခံတတ်တွေ ငါ့ကိုအပ်လိုက်တယ်၊ လာ… ပြန်ကြမယ်၊ ငါ့အိမ်ကျမှ ငါကိုယ်တိုင် စီရင်ပြမယ်ဟေ့"

အရှုးစကားမို့ ပြောချင်ရာပြောပါစေ။ အသာတကြည် ပြန်လိုက်မယ်ဆို၍ ဝမ်းသာရတော့၏။ ဒေါ်လပုံ က ရှေ့က ခုန်ပေါက်ထွက်သွား၏။

"တေး… ဘာလို့ ဒီကိုလာရတာလဲကွာ"

"ဒေါ်… ဒေါ်ပုံ အတင်းခေါ်လာလို့"

"သူက ရူးနေတာ၊ ဘာလို့ ခေါ်တိုင်းလိုက်ရမှာလဲ"





"မသိဘူး၊ တေး ကို တစ်စုံတစ်ယောက်က အတင်းဖိအားပေးပြီး လိုက်သွားခိုင်းနေတာနဲ့ လိုက်လာမိတာ"

"ခက်တော့တာပဲ ငတေး ရယ်"

ရင်ခွင်ထဲမှာ မျက်နှာအပ်ထားရာက မျက်လုံးလေး ကလယ်ကလယ်နှင့် တေး ပြန်ပြောလာ၏။ တေးကို အသာပွေ့ဖက်ပြီး မြွေဆိုးအန္တရာယ်နှင့် အခြားရန်စွယ်တွေကို သတိကြီးကြီးထားကာ ချုံတွေဖြဲပြီး ပြန်ထွက်လာလိုက်၏။

"ဝေါ… ဖရော…"

"အမယ်လေး"

"အား…"

ချုံထဲကို တောဝက်လိုအကောင်မည်းမည်းကြီးတစ်မျိုး လျှင်မြန်သောအဟုန်ဖြင့် တောတိုးဖြတ်ပြေးသွား၍ တေးရော လူပါ ခေါင်းနပန်းကြီးပြီး ကြက်သီးဖြန်းဖြန်းထကာ လန့်ဖျပ်အော်ဟစ်မိကုန်၏။

"ကြောက်တယ် လူရယ်…၊ တေး ကြောက်တယ်"

"မကြောက်နဲ့… ဘာမှမဟုတ်ဘူး၊ လာ… သွားကြမယ်"

တေး ကို တင်းတင်းဖက်ပွေ့ပြီး ရှေ့ဆက်သွားတော့ လူ့ခြေထောက်မှာ အရည်တစိုစိုဖြစ်သွား၏။

တေး အကြောက်လွန်ပြီး ရှူးဖလားဝါးတွေ ထွက်ကုန်ခြင်းဖြစ်၏။

ဖြစ်ရလေ တေးရယ်…၊

သနားလိုက်တာ…၊

မင်းလေးအစား ကိုယ်သာ အသေခံရင်ဆိုင်ပစ်လိုက်ချင်တယ်။ လူ့ စိတ်ထဲ ဒေါကန်သွားတာနှင့်…

"ဘာလို့ ငါ့ရဲ့တေးကို ပြုစားဖမ်းစားချင်နေတာလဲဟေ့..၊ မင်းတို့ဘာသာ မြောင်ဝက်ပါသိုက်နန်းမကလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ ငါ့ရဲ့တေးကို ထိလို့ကတော့ အကုန် မီးပွင့်ကုန်မယ်မှတ်"

လူ ရဲ့ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်ကြိမ်းဝါးလိုက်သံက မြောင်ဝက်ပါသိုက်အနှံ့ ပဲ့တင်ရိုက်ခတ်သွားတော့၏။





မြောင်ဝက်ပါသိုက်အပြင် ရောက်သည်နှင့် ဒေါ်ပုံ က ရှေ့ကနေ ကဆုန်ပေါက်ပြီး ရေတိမ်ကွင်းခြောက်အတိုင်း ပြေးထွက်သွား၏။ တေး ကိုတွဲပြီး လူလှ ချုံထဲကထွက်ပေါ်လာသောအခါ ငွန်ဒေါင်းစက်နှိုးသံ ဆူညံစွာကြားလိုက်ရ၏။

"အဲဒီကောင်နဲ့ ကောင်မကို အသေတိုက်သတ်၊ နောက်က လိုက်တိုက်သတ်"

ဒေါ်ခင်လှ ၏အသံဆိုးကြီးကို ထိတ်လန့်ဖွယ်ရာ ကြားလိုက်ရ၏။ လူ လည်း အန္တရာယ်ကိုရှောင်ရှားဖို့ လယ်ကန်သင်းရိုးတွေဆီရောက်အောင် တေး ကိုတွဲကူပြေးရတော့၏။

"တေး အမြန်ပြေး..၊ ဒေါ်ခင်လှ ဘီလူးစီးပြီး လူနဲ့တေးကို ထော်လာဂျီနဲ့ လိုက်တိုက်သတ်တော့မယ်"

"ဟင်.. ဟုတ်လား"

"လာ..၊ ပြေး…"

"အို…"

တေး လက်ကိုဆွဲပြီး လူ ပြေး၏။ ငွန်ဒေါင်းက အသင့်စောင့်နေရာက ကွေ့ပတ်ပြီး မောင်းလိုက်လာ၏။ ကိုက်တစ်ရာခန့်လှမ်းသောနေရာမှ ရပ်ကြည့်နေသော ရွှေစန္ဒာ နှင့် ငွေစန္ဒာ တို့ကလည်း လူနှင့်တေး တွဲပြေးနေတာကို လှမ်းမြင်သွား၏။

"မမ ဟိုကောင်မ..ဟိုကောင်မ တွေ့လား၊ ဒီအတိုင်း လွှတ်ထားလို့မရဘူး၊ လူလှ က အဲဒီကောင်မကိုမှ အသေစွဲနေပြီ၊ မမကို

ကောင်းကျိုးမပြုဘဲ အရှက်ခွဲတဲ့ လူလှ ကို မမ သက်ညှာမနေနဲ့တော့၊ အခွင့်အရေးရတုန်း လယ်ပြင်မှာ အဒေ့လိုပဲ ငွန်ဒေါင်းနဲ့လိုက်တိုက်သတ်ပစ်ရအောင်"

ရွှေစန္ဒာ အံကြိတ်ပြီး လူနှင့်တေးကို လှမ်းကြည့်နေရာက တောက်ခေါက်၏။ ပြီးနောက် စပါးနယ်နေသော မောင်တစ်ဝမ်းကွဲတော်စပ်သူ လက်ပွား ကို လှမ်းအော်ခေါ်လိုက်၏။ လက်ပွား က ငွန်ဒေါင်းဖြင့် အနားရောက်လာ၏။

"လက်ပွား.. ငါ့အရှက်ကိုခွဲထားတဲ့ လူလှ တို့ကို တွေ့လား"

"တွေ့တယ်၊ ကျုပ် ဘာလုပ်ပေးရမလဲ အစ်မကြီး၊ ခွေးလေးလှ လို လိုက်ပွဲကြမ်းပေးရမလား"

"အေး.. လိုက်တိုက်သတ်.. ငါရှင်းမယ်၊ တိုက်သတ်နိုင်ရင်နင့်ကို အိမ်တစ်လုံးဆောက်ပေးမယ်၊ သွပ်မိုးပျဉ်ကာနော်"

လက်ပွား မျက်နှာဝင်းလက်သွား၏။ ရွှေစန္ဒာ နှင့် ငွေစန္ဒာ က လက်ပွား ရဲ့တစ်ဖက်တစ်ချက်မှာ တက်ထိုင်လိုက်၏။ လက်ပွား က...

"စိတ်ချ.. နှစ်လောင်းပြိုင်ဖြစ်သွားစေရမယ်၊ လာပြီ.. ပြေးနိုင်မှ လွတ်မယ်ဟေ့"

လက်ပွား ဂီယာထိုးပြီး လီဗာဖိနင်းကာ ဆောင့်ထွက်ပြီး ဒုန်းမောင်းလိုက်တော့၏။ ငွန်ဒေါင်းနှစ်စီး ရေခြောက်နေသော ကွင်းထဲမှာ ပြေးနေသည့် လူနှင့်တေးနောက်ကို ဒုန်းမောင်းလိုက်နေ၏။





"လူ လုပ်ပါဦး၊ ဟိုဘက်မှာလဲ တစ်စီး လိုက်တိုက်ဖို့ လာနေပြီ"

ရှေ့ဘက်ကလာနေသောငွန်ဒေါင်းကြောင့် လူလှ လည်း ဘေးဘက်ကို ဖောက်ထွက်ပြေးရတော့၏။

နောက်ဘက်ကလိုက်လာသော တစ်စီးက လူလှ တို့ပြေးရာတောင်ဘက်ကို ကွေ့ချိုးလိုက်၏။

ရှေ့ဘက်ကလာနေသော ရွှေစန္ဒာ တို့ ငွန်ဒေါင်းကလည်း တောင်ဘက်ကိုထောင်တက်ပြီး မောင်းလိုက်၏။

လူလှ တို့ရှေ့မှာ ကန်သင်းရိုးနှင့် မီးရှို့ပြာချထားသော ရိုးပြတ်ကွင်းသာ ရှိတော့၏။

ကန်သင်းရိုးပေါ် ရောက်ခါနီးမှာ...




ဖြစ်စဉ်အခြေအနေပြပုံကြမ်း

ဥက်ဒေါင်းနှစ်စီးရဲ့ ဂီယာကုန်တင်၊ လီဗာကုန်ဖိနင်းသံနှစ်ခုနှင့် အတူ…

တေးနှင့်လူတို့ ကန်သင်းရိုးပေါ်အရောက် မြေပြင်ကို ဟပ်ထိုးလဲပြီး ကန်သင်းရိုးအကွယ်တစ်ဖက်ကို အမှောက်…

အရှိန်မထိန်းနိုင်သော ဥက်ဒေါင်းနှစ်စင်းရဲ့တိုက်မိသံ…

"ဝုန်း… ဒုန်း… ဂလုန်း…"

"အောင်မယ်လေး…"

"အား…"

ငရဲပွက်သံအလား ပွက်လောရိုက်ကာ တုန်ဟည်းသွား၏။ ဒေါ်ခင်လှ ရဲ့ဥက်ဒေါင်းက ကန်သင်းရိုးပေါ်ကျော်လွန်ပြီး ခပ်လှမ်းလှမ်းမှာ တုံးလုံးပက်လက် ခေါက်လဲသွား၏။

ဒေါ်ခင်လှ က လွင့်စဉ်ပြီး မြေပေါ် ဒရွတ်တိုက်ပါသွား၏။ ဥက်ဒေါင်းမောင်းသမား ငကျော် မှာ ဥက်ဒေါင်းလက်ကိုင်ဘီး ကြားညပ်ပြီး မေ့နေ၏။

ရွှေစန္ဒာ နှင့် ငွေစန္ဒာ တို့လည်း ရေခြောက်ကွင်း ပတ်ကြားအက်တွေပေါ် လွင့်စဉ်ကျကာ မေ့ကုန်ကြ၏။ လက်ပွား ခမျာ ဥက်ဒေါင်းသံတိုင်နှင့် ရိုက်မိပြီး ခေါင်းဟက်တက်ကွဲကာ မြေပေါ်မှာ လူးလိမ့်အော်ဟစ်နေ၏။

တေးနှင့်လူက ဘာမှမဖြစ်။ အနိဋ္ဌာရုံမြင်ကွင်းဆိုးကိုကြည့်ပြီး





စဉ်းငယ်ခန့်အကြာမှာ သတိဝင်လာပြီး…

"လာ… တေး လယ်ထဲကနီးရာလူတွေကို အကြောင်းကြားပြီး သူတို့ကို ဆေးရုံအမြန်တင်လို့ရအောင်၊ ဒီအတိုင်းထားရင် သူတို့ သေကုန်လိမ့်မယ်"

"အို… သူတို့အကုသိုလ်နဲ့ သူတို့ဖြစ်တာပဲဟာ၊ တေး တို့နဲ့ ဘာဆိုင်လို့လဲ၊ သူတို့က တေး တို့ကို လိုက်သတ်တဲ့လူတွေလေ"

"မေတ္တာထားပြီး ခွင့်လွှတ်လိုက်ပါတော့ တေးရယ်… ကုသိုလ်ရပါတယ်"

တေး က လူ့ ကိုကြည့်ပြီး ခေါင်းလေးအသာညိတ်ပြ၏။ နှစ်ယောက်သား ရွာမြောက်ဘက်ဆီ ပြေးထွက်သွားကြ၏။

လယ်ထဲကလူတွေကို အော်ဟစ်ပြောကြားသွားသလို ရွာထဲရောက်တော့ ရွာကလူတွေကို အမြန်သွားကယ်ဖို့ အော်ဟစ်ခေါ်ညရတော့၏။

"လယ်ထဲမှာ မတော်တဆ ဥက်ဒေါင်းချင်း တိုက်မိကြတာပါ၊ ဒေါ်ခင်လှတို့မိသားစုကို အမြန်သွားကယ်ကြပါ။ ရွှေစန္ဒာ၊ ငွေစန္ဒာ၊ လက်ပွားနဲ့ ငကျော်တို့လဲ အကုန်မေ့နေကြတယ်၊ မြန်မြန်သွားကယ်ကြပါ"

ရွာကလူတွေ ဝရုန်းသုန်းကား ပြေးလွှားကယ်ကြကုန်၏။ ဘယ်လောက်ပင်မုန်းသော်လည်း ကိုယ့်တစ်ရွာတည်းသား၊ တစ်ရွာတည်းသူတွေ အရေးအကြောင်းဖြစ်ပြီဆိုတော့လည်း ဘယ်သူမှ

ဥပေက္ခာပြုမနေနိုင်ကြ။

တေးနှင့်လူ ကတော့ ဒေါ်လပုံကြီးနှင့် ဆက်လက်နှစ်ပါးသွားရင်း ငွန်ဒေါင်းတိုက်မိသည့်သတင်းကို အသာနားစွင့်ထောင်နေလိုက်ရတော့၏။





"ဟောဒီအပင်ကြီးကို ကြည့်လိုက်စမ်း"

ဒေါ်လပုံက မယဉ်ကျေး တို့အိမ်ခြေရင်းက ကျွန်းပင်ပေါက်ကို လက်ညှိုးညွှန်ပြလိုက်၏။ ဆယ့်လေးပေခန့်မြင့်သော ကျွန်းပင်ပေါက်က နွေရာသီ မဟုတ်ပါဘဲနှင့် သစ်ရွက်တွေ အကြွေများနေ၏။ မြောက်ပြန်လေကြောင်းမိသောနေရာမို့ သစ်ရွက်တွေ အကြွေစောလေ့ရှိသလားမသိ။

"ဒါ ကျွန်းပင်ကြီးလေ.. ဘာထူးဆန်းလို့လဲ ဒေါ်ကြီးပုံရဲ့"

လူ က မေးလိုက်၏။ မယဉ်ကျေး က သူမအမေ ပြန်ရောက်လာ၍ ဝမ်းသာနေသော်လည်း ရင်တထိတ်ထိတ်တော့ ဖြစ်နေချေသေး၏။ မြောင်ဝက်ပါသိုက်ကို သွားရဲသေးသည့်အပြင် အိမ်မှာလည်း ဘာမဟုတ်ကဟုတ်ကတွေလုပ်ပြဦးမလဲမသိ။ သံသာတေး

ခမျာ ဒေါ်လပုံ လုပ်ကိုင်သမျှကို မျက်နှာငယ်လေးနှင့် မမှိတ်မသုန် ကြည့်နေရှာ၏။

“ကျွန်းပင်ဆိုတာ မှန်တယ်၊ သစ်ရွက်တွေကို လိုက်ရေတွက် ကြည့်စမ်း”

လူလှ လည်း ခေါင်းကုတ်ပြီး အရူးစိတ်ချမ်းသာ ရွာအေးချမ်း တယ် သဘောပိုက်ကာ…

“တစ်၊ နှစ်၊ သုံး၊ လေး… အင်း… အရွက်ဆယ်ရွယ်လောက် ရှိမယ်”

ဒေါ်လပုံ က မျက်လှည့်ဆရာမကြီးလိုလို၊ စုန်းမကြီးလိုလို မိန့်မိန့်ကြီးပြုံး၏။ လက်ထဲမှာလည်း သစ်သားငုတ်ချွန်တစ်ဖက်၊ ဘယ်က ရလာမှန်းမသိသော ကြေးစည်ထုသည့်ဘုလို တင်းပုတ်တို တစ်ဖက် ကိုင်လို့…

“အေး… အရွက်တွေ မှတ်ထားပြီနော်၊ ပြီးရင် သိုက်နန်းက သိုက်ချုပ်ဘိုးတော်ပေးလိုက်တဲ့ အသက်ဓာတ်တွေ ငါကိုယ်တိုင် ဟောဒီအပင်မှာ အပ်လိုက်တော့မယ်၊ သေချာကြည့်ကြ”

လူလှ ခမျာ စိတ်သောကတွေ ဗျာပွေနေရ၏။ ဒေါ်ခင်လှတို့ အားလုံးကို ဝွန်ဒေါင်းနှင့် မြို့ဆေးရုံပို့လိုက်ကြတာပဲ သတင်းကြား ရ၏။ အခြေအနေတွေ သေချာမသိရသေး။ ညဘက် ရွာကလူတချို့ ပြန်ရောက်မှသာ သတင်းသိသင့်သလောက် သိရပေလိမ့်မည်။

ဒေါ်လပုံ က ကျွန်းပင်ပေါက်ရဲ့ပင်စည်မှာ သစ်သားငုတ်ချွန်





စိုက်ပြီး တင်းပုတ်တိုနှင့် ရိုက်သွင်းနေ၏။ သစ်သားငုတ်တိုတစ်ဝက် မန့် ဝင်သွားသောအခါ…

“အောင်ပြီ… အောင်ပြီ… အောင်ပြီဟေ့…၊ ဒီအပင်မှာ ဟောဒီ ကလေးမရဲ့ လူ့ဘဝအသက်ဓာတ်ကို သွင်းပြီးသွားပြီ၊ သေချာ ကြည့်”

ဒေါ်လပုံ ငုတ်ရိုက်ဒဏ်ကြောင့် သစ်ရွက်တချို့ ကြွေကျကုန် ၏။ မြောက်ပြန်လေပြင်းမိထား၍ အရည်တည်ဖြစ်နေသော အညှာ တွေ ပြုတ်ကြွေကုန်ကြခြင်းပင်။ အရူးလုပ်ပြရာ လိုက်ကြည့်နေသည် ဟု ထင်ရာရောက်နိုင်၏။ သို့ပြား လူကောင်းပမာ လုပ်ဆောင်ချက် တွေက အဓိပ္ပာယ်ရှိရှိလာနေ၏။ ကြည့်လေ…

“ဒီအပင်မှာ ဒီကောင်မလေးရဲ့အသက်ဓာတ်ကို ငုတ်စိုက်သွင်း လိုက်တော့ သစ်ရွက် ဘယ်နှစ်ရွက်ကျန်သေးလဲဟေ့”

လူလှ အသေအချာရေတွက်ကြည့်လိုက်မိ၏။ မယဉ်ကျေး လည်း သူ့အမေကို အတင်းမတားသာ။ သံသာတေး ကတော့ ပြုံးမည့်မိုးနှယ်၊ ငိုမည့်အချိုးနှယ်သောမျက်နှာထားလေးနှင့် မျက် တောင်ကော့ညွတ်ကြီးတွေ ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်နေရှာ ဆဲ…။

“တစ်ရွက်… နှစ်ရွက်… သုံးရွက်… လေးရွက်…၊ အားလုံး ပေါင်း လေးရွက်ကျန်သေးတယ် ဒေါ်ပုံ”

ဒေါ်ပုံ က မိန့်မိန့်ကြီးပြုံးကာ ခေါင်းတညိတ်ညိတ် လုပ်

လိုက်ပြီး…

"အေး‥ အဲဒါပဲ၊ တစ်ရွက်ကို တစ်ရက်မှဲ့…၊ ဟောဒီ ကလေးမလေး သိုက်နန်းကိုပြန်ဖို့ တစ်ရက်ကို ဟောဒီသစ်ရွက် တစ်ရွက် ကြွေလိမ့်မယ်၊ မယုံရင် စောင့်သာကြည့်ပေတော့"

လူ နှင့် မယဉ်ကျေး တို့ အံ့သြပြီး အကြည့်ချင်းဆုံတိုက်သွားမိကုန်၏။ တေး ကတော့ ဆေးမိထားသူပမာ‥ မလှုပ်မယှက် ငြိမ်သက် တွေဝေနေရှာ၏။ ထိုစဉ်မှာပင် နေ့လယ်ဘက် တရေးတမော အိပ်နေရာက နိုးထလာသော အန်တီမြနှင့် သီရိဒွံတို့ ရောက်လာကြ၏။ ဘာတွေဖြစ်နေတာလဲဆိုတာကို မယဉ်ကျေး အား တီးတိုး မေးကြ၏။ မယဉ်ကျေး ကလည်း တိုးတိုးတိတ်တိတ်ပြန်ရှင်းပြ၏။ အကြောင်းစုံသိရမှ အန်တီမြရော သီရိဒွံပါ ရင်ဘတ်တွေဖိပြီး ဘုရားတ,ကုန်ကြ၏။

"ဒီသစ်ပင်က နောက်ဆုံးသစ်ရွက်ကြွေတဲ့အချိန် ဟောဒီ ကလေးမလေးရဲ့ လူ့သက်တမ်းကုန်ပြီ၊ သေပြီ၊ ပြီးရင် သိုက်နန်းကို မြန်းပြီး သိုက်နန်းရှင်မ ပြန်ဖြစ်ရတော့မယ်"

ဒေါ်လပုံ က အတည်အခန့်ပြောနေ၏။ ရှူးသွပ်နေသူတစ်ယောက် ဇာတ်လမ်းတစ်ပုဒ်ပမာ အစီအစဉ်တကျပြောနေခြင်းမှာ အတော်ယုံရ ခက်သောကိစ္စဖြစ်၏။ အပမှီနေလေရော့သလား‥၊ အလွန်အမင်း အံ့သြဖို့ကောင်းသောတိုက်ဆိုင်မှုတွေကြွှင့်လား‥။

"အမယ်လေး‥ ကျွန်မတူမလေး မသေကောင်း မပျောက်





ကောင်း‥၊ ငွေနဲ့ခေါင်းနဲ့တောင် လိုက်အတိုက်ခံရသေးတယ်၊ ဘုရားကယ်လို့ တော်သေးတာပေါ့"

အန်တီမြက တေး ကိုပွေ့ဖက်ပြီး တတွတ်တွတ်ပြောရှာ၏။ သီရိဒွံ ကလည်း …

"ဒီနေရာမှာ ဒီလောက်ဇာတ်ရှုပ်နေရင် ဆက်မနေတော့တာဘဲကောင်းပါတယ်၊ တို့ ရောက်နေတာလဲ ကြာပြီ၊ ရန်ကုန်ပြန်ကြရအောင်ပါဟယ်"

တေး က ခေါင်းခါပြ၏။

"စင်ကာပူရွှေ တစ်ရက်စာကပ်လှူဖို့ ကျန်သေးတယ် သီရိရဲ့၊ အန်တီလဲ စိတ်မပူပါနဲ့၊ တေး သွားရမယ့်လမ်းကို တေး သိပါတယ်၊ ဒေါ်ပုံ ပြောတာ အားလုံးမှန်တယ်၊ ဝက်ပါသိုက်နန်းက တေး ကို အမိန့်ချမှတ်လိုက်ပြီ၊ ဒီကျွန်းပင်က နောက်ဆုံးသစ်ရွက်ကြွေတဲ့အချိန် ဘုရားစေတီရဲ့ အောက်ဆုံးအရစ်မှာ စင်ကာပူရွှေလဲ ကပ်လှူပြီးနေတဲ့ အချိန်ပေါ့၊ အဲဒီအချိန်မှာ တေး သေရမှာ ကျိန်းသေတယ်"

"အို…"

"ဟယ်…"

"ဟာ‥ မဖြစ်နိုင်တာ…"

"မဖြစ်နိုင်ဘူးထင်ရင် စောင့်ကြည့်လိုက်ပါ လူ ရယ်၊ ဟောဒီ သစ်ရွက်တွေ တစ်နေ့တစ်ရွက် ကြွေကျပြလိမ့်မယ်"

"မယုံဘူး ‥ လူ ကိုယ်တိုင် စောင့်ကြည့်မယ်၊ တကယ်လို့

နောက်ဆုံးသစ်ရွက်ဟာ လေးရက်မြောက်ကဲ့နေ့အထိ မကြွေခဲ့ဘူး ဆိုရင် တေး မသေနိုင်တော့ဘူးပေါ့၊ အဲဒီလိုပဲ သတ်မှတ်ရတော့မှာ ပေါ့၊ ဟုတ်လား တေး…၊ ဟုတ်လား ဒေါ်ပုံ…”

တေး မဖြေခင် ဒေါ်ပုံ က အေးစက်စက်စိမ်းကားကားအကြည့် ကြီးနှင့်…

'အေး'ဟု ပြောကာ အိမ်ထဲကို ခပ်တည်တည်နှင့်လျှောက်ဝင် သွား၏။ တေး ကတော့ လူ့ကို အကြင်နာအံ့ကြည့်တွေနှင့်တုံ့ပြန် ကြည့်ရင်း အသာအယာ ခေါင်းညိတ်ပြ၏။ မယဉ်ကျေး က လူနှင့် တေး ကို စိုက်စိုက်စူးစူး နင့်နင့်ကျင်ကျင်လေးကြည့်ကာ မျက်ရည်ဝဲစို နေရှာလေသည်။

လူ က အံတင်းတင်းစေ့ကြိတ်ပြီး…

“စိတ်ချ… နောက်ဆုံးသစ်ရွက်လဲ မကြွေစေရသလို တေး လဲ မသေစေရဘူး၊ လူ အနားက တစ်ဖဝါးမခွာဘဲ စောင့်ရှောက်ပြ မယ်”

တေး က လူ့ကို အားကိုးတကြီး လှန်မော့ကြည့်၏။ လူ က တေး ကို ဖက်ပွေ့ပစ်လိုက်၏။ အနားမှာ ဘယ်သူရှိရှိ ဂရုမထားမိနိုင် တော့။ သိပ်ချစ်တဲ့ ချစ်သူနှစ်ဦးရဲ့ သေရေးရှင်ရေးအခြေအနေက မကြာခင် ဆိုက်ရောက်လာတော့မည်လေ။

အန်တီမြနှင့် သီရိဒုံ တို့က နားလည်မှုရှိစွာနှင့် ဘာမှမဖြေဘဲ တိမ်းရှောင်ပေးကြ၏။ မယဉ်ကျေး ခများလည်း ချစ်သူနှစ်ဦးရဲ့အဖြစ်





ကို စိတ်မကောင်းစွာကြည့်နေရင်း မှိုခင်ကြီးအတွက်၊ ညနေစာ အတွက် ချက်ပြုတ်ဖို့အရေး အိမ်ထဲကို ပြန်ဝင်ပြေးရပြန်လေသည်။

မထူးဆန်းဘူးလား…

အရူးတစ်ယောက်ရဲ့စကား…

သစ်ရွက်လေးရွက်ပဲ ကျန်နေရစ်ခဲ့တာ…

လေးရက်စာအတွက် လေးရွက်သာ…

တစ်နေ့တစ်ရွက် ကြွေမတဲ့။ မှန်,မမှန်၊ ဟုတ်,မဟုတ် စောင့် ကြည့်ဖို့ကလွဲရင် တေး ကိုသာ ချစ်ဇနီးလေးပမာ ကြင်နာယုယနေ လိုက်ချင်တော့တာက လူ့ ရဲ့ဆန္ဒအမှန်ဖြစ်၏။

"ဟာ…"

"ဟင်…"

"ဟယ်…"

"အလို…"

နောက်တစ်နေ့မနက် အိမ်ခြေရင်းဘက် ပြတင်းပေါက်ကို တေးဖွင့်ကြည့်လိုက်စဉ် မနေ့ကပြောခဲ့သော ဒေါ်ပုံ စကားကို အမှတ်ရ၍ တေး၊ လူ၊ အန့်တီမြ၊ မယဉ်ကျေးနှင့် သီရိဒုံတို့ မနက်စာဝိုင်းစားနေရာက ကျွန်းပင်ပေါ်ကို လှမ်းကြည့်လိုက်၏။

သစ်ရွက်သုံးရွက်သာ ရှိတော့၏။ တစ်ရွက် ဘယ်အချိန်ကြွေသွားသလဲ မသိ။

"အံ့ဩစရာတော့ သိပ်ကောင်းနေပြီ မောင်လူလှရယ်"





"ဟုတ်တယ် အန့်တီမြ၊ ဒါပေမယ့် ဆက်စောင့်ကြည့်ပါဦးလေ"

ဒေါ်လပုံ ကတော့ အိပ်ရာကမထပေ။ ညက အခန်းထဲမှာ ဝူးဝူးဝါးဝါးတွေ ပြောဆိုအော်ဟစ်ပြီး ညသန်းခေါင်ကျော်မှ အိပ်သွားရာ၍ မနက် မထနိုင်တော့တာ ဖြစ်မည်။

"ဒေါ်ခင်လှတို့သတင်း ဘာကြားသေးလဲ ကိုလူ"

သီရိဒုံက ကြားဖြတ်မေးလာ၏။ လူလှ က…

"မနက်ငါးနာရီထိုးမှ ရွာကလူတွေ ပြန်ရောက်လာတယ်၊ ဒေါ်ခင်လှ က နံရိုးနှစ်ချောင်းကျိုးသွားတယ်၊ ရွှေစန္ဒာ က သွားသုံးချောင်းကျိုးပြီး ဒူးအဆစ်လွဲသွားတယ်၊ ငွေစန္ဒာ က ခေါင်းထိသွားတာ ဓာတ်မှန်ရိုက်ကြည့်ရဦးမယ်၊ သိပ်တော့စိုးရိမ်စရာမရှိဘူးတဲ့၊ ငကျော် ကတော့ ဒဏ်ရာပြင်းတယ်၊ ညှပ်ရိုးကျိုးပြီး ခေါင်းကွဲလို့ ခြောက်ချက်ချုပ်လိုက်ရတယ်၊ လက်ပွား ကလဲ ခေါင်းကွဲလို့ ဆယ်ချက်ချုပ်ရတယ်၊ လက်ဆစ်လွဲသွားတယ်၊ ဒီလောက်ပါပဲ..၊ အသက်အန္တရာယ်တော့ မရှိပါဘူး၊ ဒေါ်ခင်လှတို့လဲ အထိနာသွားမှ သူတို့မိုက်ပြစ်ကို သူတို့သာသိပြီး နောင်တရကုန်ကြပါပြီ၊ ဒီဘက်က အမှုလုပ်မှာကိုတောင် လန့်နေကြတယ်၊ အဲဒါ ကိုအောင်ဘော်နဲ့ ပြန်ပြောခိုင်းလိုက်တယ်၊ ဘာအမှုမှ မလုပ်ပါနဲ့၊ နောက်နောင် ရန်မရှာရင်ပြီးတာပါပဲလို့ အခြေအနေတွေက အားလုံး ကျေအေးသွားလောက်ပါပြီ"

အန်တီမြ က ပင့်သက်မော့ချပြီး…

“ဒီလိုကောင်းတဲ့စကားပဲ ကြားချင်ပါတယ်၊ ရန့်မလိုဘဲ ရန့်ပြို တာ အေးပါတယ်ကွယ်”

မယဉ်ကျေးတစ်ယောက် မနက်အစောဂိုင်း နေ့တိုင်းထပြီးချက် ပြုတ်ပြင်ဆင်ရသောကြောင့် မူလခေတ်ခံ ပန်းနာရင်ကျပ်ရောဂါ ပြန်ထပြီး ချောင်းတွေတဟွတ်ဟွတ် ထ,ဆိုးနေ၏။

မယဉ်ကျေး ခမျာ အအေးဒဏ်သိပ်ခံလို့မရ။ လေးဖက်နာ ရောဂါ ကလည်း ရှိသေး၏။ ယခုလို အအေးလှိုင်းဖြတ်သောကာလ မှာ ရွာထဲကရော ရွာနီးချုပ်စပ်ကလူကြီးသူမတွေ လေဖြတ်ကြ၏၊ သေကုန်ကြ၏။ အရက်သမားအတော်များများ ဆုံးကုန်ကြသည့် သတင်းတွေ မကြာခဏကြားနေရ၏။ နမိုးနီးယားလို အအေးဒဏ် ပြင်းပြင်း အမိခံရ၍ သေဆုံးသောလူတချို့လည်း ရှိကြသေး၏။

တောနှင့် အသက်ခေတ်သွင်းထားသည်ဆိုသော ကျွန်းပင်သစ် ရွက်ကိစ္စကို ဦးသူတော် နှင့်တိုင်ပင်ဖို့ လူလှ သွားတွေ့ဖြစ်၏။ ခုတလော တော အတွက်စိတ်ပူ၍ ကျောင်းမှာ ပြန်မအိပ်။ မယဉ်ကျေး တို့အိမ်ရှေ့ ကလဖျင်းအောက်မှ ကွပ်ပျစ်ကလေးမှာသာ လူလှ အိပ် ဖြစ်၏။ တော ကို စောင့်ရှောက်ဖို့ အကြောင်းပြဖြစ်၏။

ကျောင်းရောက်သွားသောအခါ ဦးသူတော် မရှိတော့။ ဦးသူ တော် က သူ ခေတ်ကျလျှင် ခေတ်ကျရာကို ဘယ်သူ့မှအသိမပေးဘဲ ထွက်ထွက်သွားတတ်၏။ ယခုလည်း ဘယ်အရပ်ဆီထွက်သွားမှန်း





မသိ။ ကူကယ်ရာမဲ့ပြီမို့ တော ကို အနီးကပ်စောင့်ရှောက်ဖို့ လူလှ ဆုံးဖြတ်လိုက်၏။

နောက်တစ်နေ့မနက်ရောက်ပြန်တော့ မနက်အစောကြီး ထ ချက်ပြုတ်နေသော မယဉ်ကျေး ခမျာ ချောင်းတဟွတ်ဟွတ် ဆက် တိုက်ဆိုးပြီး နှင်းမှုန်ဝေဝါးကြားက ခေတ်မီးနှင့်ထိုးပြီး ကျွန်းပင်ကို ထ,ကြည့်၏။ လူလှနှင့် တံည့်တည့်သွားတိုး၏။

“ဟယ်… လူလှ… သစ်ရွက်နှစ်ရွက်ပဲ ကျန်တော့တယ် တော်”

“အေးဟာ… အံ့သြစရာပဲ၊ တော နေရမယ့်ရက်ကလဲ နှစ်ရက် ပဲ ကျန်တော့တယ်”

“အဟွတ် အဟွတ် အဟွတ်”

“ယဉ်ကျေး အပြင်မှာ သိပ်အေးတယ်၊ နင် အထဲဝင်တော့လေ၊ နင့်ကိုယ်နင် ဂရုစိုက်ပါဦးဟာ”

“ရပါတယ်ဟယ်၊ အဟွတ်… အဟွတ်… ငါ့အမေကတော့ သူ ပြောခဲ့တာတွေ အကုန်မေ့သွားပြန်ပြီ၊ ဒီသစ်ရွက်ကြွေတဲ့ကိစ္စတွေ ဘာမေးမေး သူ မသိတော့ဘူး”

နှင်းမှုန်မြူခိုးတွေကြားမှာ နှစ်ယောက်သား အိမ်ထဲပြန်ဝင်လာ ဖြစ်ကြ၏။

“အဲဒီလိုမသိတော့ မပြောတော့တာဘဲ ကောင်းပါတယ်ဟာ၊ နို့မို့ တောရဲ့ အဲဒီအကြောင်းကြီးက ခြောက်လှန့်နေဦးမှာ၊ ခုဆို

တေး ခမျာ သစ်ရွက်ကြွေသလို သူသေရတော့မယ်ဆိုတဲ့ ဥပါဒါန် အစွဲကြီး စွဲနေရှာတာ။ ဒီအစွဲကြောင့် ဥပါဒ်ရောက်ပြီး တေး သေသွားမှာ ငါ အရမ်းကြောက်တယ် ယဉ်ကျေးရာ"

"နင်… တေးကို သိပ်ချစ်တာပဲနော်"

"ဘယ်လိုပြောလိုက်တာလဲဟာ၊ ပြောမပြတတ်အောင်ကို ချစ်တာပေါ့"

"သြော်… အေး… ကောင်းပါတယ်၊ နင်တို့နှစ်ယောက် ဘယ်တော့မှမခွဲရအောင် ငါ လုပ်ပေးချင်လိုက်တာဟယ်၊ နင့်အတွက်တော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲ ဖြစ်သင့်တယ်၊ ငါ့အတွက်တော့ အချစ်ဆိုတာ စွန့်လွှတ်အနစ်နာခံခြင်းပဲ… အဟွတ် အဟွတ်"—

မယဉ်ကျေးရဲ့ ဖြူဖပ်ဖြူရော်မျက်နှာလေးကို ကြည့်ပြီး…

"နင် သိပ်ချမ်းနေတယ်၊ ချောင်းလဲ အရမ်းဆိုးနေတယ်၊ နင့်ကြည့်ရတာ သိပ်အားနည်းနေတယ်၊ အပုင်ပန်း သိပ်မခံနဲ့၊ အနားယူပါဦးဟာ"

"ဘယ်ဖြစ်မလဲဟာယ်၊ ဧည့်သည်တွေအတွက် တာဝန်ကျေမှ ဖြစ်မှာပေါ့၊ ငါ့ကိုယ်ငါ သိနေသလိုပဲ၊ ဒီနှစ် ရောဂါဖောက်တာ ပိုပိုဆိုးလာတယ် သိလား၊ တကယ်လို့လေ… ငါသာ တစ်ခုခုဖြစ်သွားခဲ့ရင် ငါ့အမေကို နင့်အမေလိုသဘောထားပြီး တစ်သက်လုံး စောင့်ရှောက်ပေးပါနော်"

ယဉ်ကျေး က အတည်ပေါက်ပြောလာ၏။ ဝမ်းနည်းအားလျော့





မျက်နှာထားလေးနှင့်…

"ဖွဟဲ့ … ဖယ်ပါစေ လွဲပါစေ၊ နင် ဘာတွေပြောနေတာလဲ ယဉ်ကျေးရယ်၊ အဓိပ္ပာယ်မရှိတာတွေ၊ ဧည့်သည်တွေအတွက် နင် သိပ်ပင်ပန်းနေပြီ၊ ဒီနေ့ကစပြီး နင့်ဘေးမှာ ငါ ကူလုပ်ပေးရင်းနဲ့ တေး ကို စောင့်ရှောက်မယ်… ဟုတ်ပြီလား"

မယဉ်ကျေး က ခပ်ဖျော့ဖျော့လေးပြုံး၏။

"သဘောပြောတာပါ လှလှ ရယ်၊ ဘာပဲဖြစ်ဖြစ် နင် ငါ့ကို ကတိတစ်ခုပေးစမ်းပါ၊ လူဆိုတာ သေမျိုးတွေပါ၊ ဘယ်သူမှ ဘယ်အချိန်အခါ သေမယ်ဆိုတာ အတပ်မပြောနိုင်ကြဘူး၊ ဒါကြောင့် ငါသေသွားရင် တစ်ယောက်တည်းကျန်ခဲ့မယ့် ငါ့အမေကို နင် စောင့်ရှောက်ဖို့ ကတိပေးနိုင်မလား၊ ငါ့အမျိုးတွေထက် နင့်ကို ပိုယုံကြည်လို့ နင့်ကို အပ်ချင်တာပါဟယ်"

"အရွးမ… ပေါက်ကရတွေပြောတယ်၊ စိတ်ချ… နင့်အမေကို ငါ့အမေလို တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်သွားမယ်၊ ကဲ… စိတ်ချမ်းသာပြီလား"

မယဉ်ကျေး ချောင်းတဟွတ်ဟွတ်ဆိုးသည့်ကြားက မျက်ရည်စ,လေးများဖြင့် ကြိုးစားပြုံးပြီး ခေါင်းညိတ်ပြရှာ၏။ လှလှ ရင်ထဲနင့်ကျဉ်သွားစေသောအပြုံး…။

"မနက်စာတွေကျက်ပြီ၊ ဝိုင်းခင်းဖို့ ငါ သွားပြင်လိုက်ဦးမယ်"

မယဉ်ကျေး ပြောပြီး အိမ်နောက် မီးဖိုဆောင်ထဲ ဝင်သွား၏။

အပေါ်ဘက် ပြတင်းတံခါးဖွင့်သံ ကြားလိုက်ရ၏။ တောနီးထထချင်း သစ်ရွက်ကြွေ၊မကြွေကို လှမ်းကြည့်ဟန်တူ၏။

ရွက်ကျန်နှစ်ရွက်ကို မြင်ပြီး တောရဲ့ ဘုရားတ,သံသဲ့သဲ့လေးကို ကြားလိုက်ရ၏။





ဒေါ်ခင်လှတို့တစ်သိုက် အခြေအနေ ကောင်းမွန်သွား၏။ အောင်ဘော်နှင့်အမှာပါးလိုက်သည့်စကားကြောင့် ဆေးရုံကဆင်းလာကြတော့မှ ဝန်ချတောင်းပန်မည့်အကြောင်း ဒေါ်ခင်လှကိုယ်တိုင်က အောင်ဘော်နှင့် အမှာပြန်ပါး၏။

မလိုပါဘူးလို့သာ လှုလှ ပြန်အမှာပါးလိုက်မိ၏။ မြို့ကို ဆေးသွားဝယ်သော ဦးသာခင် လည်း ပြန်ရောက်လာသဖြင့် ရွာဦးစေတီလေးရဲ့ အောက်ခြေတော်မှာ စင်ကာပူရွှေသင်္ကန်း အမြန်ဆေးသုတ်ကပ်လိုက်လေပြီ။

ရွာဦးစေတီလေး အစစအရာရာ ပြီးဆုံးအောင်မြင်သွားလေပြီ။ တော ရဲ့အသက်နှစ်ဆယ့်သုံးနှစ်ပြည့်ဖို့ နာရီပိုင်းသာလိုတော့၏။ ဒီတစ်ညအိပ်ပြီး မနက်ခြောက်နာရီထိုးလျှင် တောရဲ့အသက် နှစ်ဆယ့်သုံးနှစ်ပြည့်ပြီ ...။

ဒီညကို မိုးလင်းသွားမှာ အလွန် စိုးရိမ်ကြောင့်ကြနေမိကုန်ကြ၏။

လူ က အန်တီမြ ကို ပြော၏။

"ဒီည သိပ်အရေးကြီးလို့ တေး ကို အနီးကပ်စောင့်ရှောက်ပါရစေ"

တေး ခမျာလည်း သေရမှာ အလွန်ကြောက်ပြီး သိမ်ငယ်စိုးရွံ့ လန့်ထိတ်နေရှာ၏။

"အန်တီမြ ခွင့်ပြုပါတယ်ကွယ်၊ မင်းကို ယုံပါတယ်၊ တေး က မင်းရင်ခွင်ထဲမှာနေရရင် အားအင်တွေ ပြန်ရှိလာပုံပေါက်တယ်"

မယဉ်ကျေး ရဲ့ရောဂါက မသက်သာ။ ကျန်းမာရေးမှူးကိုယ်တိုင် ညနေက လာကြည့်ပြီး ဆေးထိုး၊ ဆေးသောက် လုပ်ပေးသွားသော်လည်း မရ။ ဒေါ်ပုံ ကလည်း ဒွန့်သမီးကို မမှတ်မိချင်ဘဲ ရောဂါသည်တစ်ဦးအမှတ်နှင့် အနှိပ်ဆရာမ လုပ်ကာ နှိပ်နယ်ပေးနေ၏။ ညရောက်တော့ ဝူးဝူးဝါးဝါးတွေ ထ,အော်နေ၍ သိရီဒုံ က အိပ်ဆေးတိုက်ကာ ဒေါ်ပုံ ကို သိပ်ထားလိုက်ရတော့၏။

မယဉ်ကျေး လည်း အအေးဒဏ်ပိပြီး သူမအိပ်ခန်းထဲ စောစောဝင်ကာ လှဲနေရှာ၏။

အအေးဒဏ်ကလည်း အရိုးကွဲမတတ်ကို အေးလွန်းလာ၏။ မယဉ်ကျေး နှင့် ဒေါ်လပုံ၊ အန်တီမြနှင့် သိရီဒုံတို့ အောက်ထပ်မှာ အိပ်ကြ၏။





လူ နှင့် တေး က အပေါ်ထပ်အခန်းလေးထဲမှာထိုင်ပြီး ပွေ့ဖက်မှေးမှိတ်ထားကြ၏။ တေး ခမျာ အသားထဲ အရိုးထဲ နာကျင်ကိုက်ခဲပြီး ညည်းတွားနေသည်မှာ သနားစရာ။

"တေး ရဲ့ နောက်ဆုံးအချိန်ကိုရောက်နေပါပြီ လူရယ်၊ နောက်ဘဝမှ ပြန်ဆုံတွေ့ကြတာပေါ့နော်"

"မပြောနဲ့ တေး၊ ကိုယ် မကြိုက်ဘူးကွ"

"ဒါဆိုလဲ ပြတင်းပေါက်လေး တစ်ညလုံးဖွင့်ပေးထားစမ်းပါ လူ ရယ်၊ နောက်ဆုံးသစ်ရွက်ကလေးကြွေကျသွားတာကို ထိုင်ကြည့်နေချင်လို့ပါကွယ်"

လူလည်း တေး ဆန္ဒကို လိုက်လျောပြီး ပြတင်းတံခါးလေးဖွင့်ပေးထားလိုက်၏။ အပြင်ဘက်မှာတော့ ထူပိန်းနေအောင်ကျဆင်းနေသည့် နှင်းထုကိုပင် မမြင်ရအောင် ပိန်းပိတ်နေသည့် အမှောင်တွေသာ ကြီးစိုးနေ၏။ သစ်ရွက်ကိုမြင်ရဖို့ နေနေသာသာ သစ်ပင်ကိုပင် မမြင်ရ။ လေတဟူးဟူးတိုးဝင်တိုက်နေ၍ လူ နှင့် တေး ခမျာ အသားချင်းမြုပ်ဝင်မတတ် ပူးကပ် ဖက်ပွေ့ထားကုန်ကြ၏။

"မင်း မသေရဘူး တေး၊ မင်းကို ဘယ်သိုက်နန်းကမှလဲ ပြန်ခေါ်လို့မရဘူး၊ သူတို့အမိန့်ထက် လူ့ရဲ့နှလုံးသားအမိန့်က ပိုပြီးပြင်းထန်တယ်၊ သူတို့ ခေါ်ရဲခေါ်ကြည့်.. လူ နဲ့တွေ့မယ်၊ ရခဲလှတဲ့လူ့ဘဝကို ဘာမဟုတ်တာတွေကမှ လာခြယ်လှယ်အမိန့်ပေးလို့ပရဘူး"

"ဒီလိုပြောလို့မရဘူး လူ ရဲ့"

"ရတယ်၊ အချစ်ရဲ့ဆွဲအားနဲ့ မင်းရဲ့အသက်လိပ်ပြာကို ချည်နှောင်ထားလိုက်ပြီ၊ မယုံရင် စောင့်ကြည့်၊ အဲဒီသစ်ရွက် မကြွေစေရသလို မင်းလဲ မသေစေရဘူး"

"လူရယ်.. တေး ကို အရမ်းချစ်တာပဲနော်"

"အသက်မကချစ်တယ် တေးရယ်..."

တေး က လူ့ရဲ့လည်တိုင်ကို နမ်းမွှေး၏။ လူ က တေးရဲ့ ပါးပြင်ကို မွှေးနမ်း၏။

ချစ်ခြင်းစွမ်းအားတွေ ဖြစ်ပေါ်လာ၏။ တေးရဲ့အပေါ် လူ့ရဲ့ရင်ငွေ့တွေ အုပ်မိုးလွှမ်းခြုံသွား၏။ တေး က...

"လူ့အတွက် နောက်ဆုံးလက်ဆောင်အဖြစ် တေး ပေးခဲ့ချင်တယ်၊ ဒါကြောင့်..."

တေး ရဲ့လက်နှစ်ဖက်က လူရဲ့လည်ပင်းကို သိုင်းဖက်လိုက်၏။

ဆောင်းလေကြမ်းက တစ္ဆေသရဲလက်များပမာ ကုတ်ဆွဲရမ်းကားစွာ တိုက်ခတ်စမ်းပါစေ။

ချစ်သူနှစ်ဦးရဲ့အချစ်ပန်းတွေ ပွင့်ဝေနေသမျှ ဆောင်းလေသရမ်းကို ငွေ့ငွေ့လေးပင် သတိမရကြတော့။

သိုက်နန်းက မောင်တော်ဝဏ္ဏ မကလို့ မောင်တော်လဒကြီးတွေပဲ လာရောက်ဆွဲခေါ်စမ်းပါစေ အချစ်သံကွန်ချာနှစ်ထပ် အုပ်မိုးကာကွယ်ထားသော တေး ကို ဘယ်လိုမှ ခေါ်ငင်မရစေရ။





သိုက်ချုပ်ဘိုးတော်မကလို့ သိုက်ချုပ်ဘေးတော်ကြီးတွေပဲ ကြိမ်စကြာရိုက်ခေါ်စမ်းပါစေ... အချစ်နဲ့ခြေတဲ့အနမ်းတွေရဲ့ ဖမ်းစားမှုအောက်မှာ ရောက်နေတဲ့တေး ကို ရွေးတစ်စေ့၊ မှဲ့တစ်ပေါက်စွန်းအောင် မလုပ်နိုင်စေရ။

နာရီလက်တံတွေက တရွေ့ရွေ့ လှုပ်ရှားသွားလာကုန်လွန်လာကြ၏။ လင်းကြက်တွန်သံကြားရပြီး မောမောနွမ်းနွမ်းလေးအိပ်ပျော်နေရှာသော တေး ခမျာ လူ့ရင်ခွင်ထဲက ရှုပ်ရှားလူးလွန့်လာပြီး ညည်းတွား တုန်ခိုက်လာ၏။

လာပြီ...

အပတွေလား...

ပယောဂတွေလား...

မမြင်အပ်တဲ့လောကသားတွေလား...

တေးကို အတင်းအဓမ္မ လာခေါ်နေကြတာလား...

လူ က မလွှတ်တမ်းဖက်ပွေ့ထားပြီး (၂၄)ပဋ္ဌာန်းဒေသနာတော်ကို နှာနှာဖီရွတ်နေတော့၏။ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်စည်းချပြီးသောအခါ သမ္ဗုဒ္ဓေဂါထာတော်ကို ကိုးခေါက် ရွတ်၏။ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပြီး အရာအားလုံးကို မေတ္တာပို့လွှတ်နေလိုက်သည်။

ရှေးဟောင်းတိုင်ကပ်နာရီက ငါးနာရီထိုးသံကိုပေးပြီးမှာ တချပ်ချပ်နှင့် စက္ကန့်တံတွေ လှုပ်ရှားသွားနေ၏။ မကြာခင်မှာ ခြောက်နာရီထိုးတော့မည်။

တေး ကို လာခေါ်တော့မည်။ အိမ်အမိုးသွပ်ပြားတွေ ဝုန်းဒိုင်း မြည်ကုန်၏။ လေပြင်းတိုး၍လား၊ ဗရလောကသားတွေက သောင်း ကျန်းပြီး တေး ကို ခေါ်တာလားမသိ။

သစ်ရွက်လည်း… ကြွေ…

တေး လဲ… သေ… ဆိုသလို ဖြစ်ရင်တော့မည်။ တေး ရဲ့ ခေါင်းပေါ်ကို လက်နှင့်သပ်ပြီး ဗုဒ္ဓဘုရားရှင်အပေါင်းတို့ကို စိတ် အာရုံဖြင့် ဦးနိုက်မြင်ယောင်ကာ…

ဘုရားစာတွေရွတ်ပွား သရဇ္ဈာယ်နေလိုက်၏။ ဝုန်းဝုန်းဒိုင်းဒိုင်း လှုပ်လှုပ်ရှားရှားအရိပ်အယောင် ဆူညံသံတွေ လိုက်နှောင့်ယှက်နေ သမျှ တဖြည်းဖြည်း ငြိမ်ကျသွားတော့၏။

"ဒေါင်… ဒင်… ဒေါင်… ဒင်"

ခြောက်နာရီထိုးသံထွက်ပေါ်လာ၏။ ပြတင်းပေါက်ကနေ သစ် ပင်ကို လှမ်းကြည့်လိုက်၏။ ထူပိန်းနေသော နှင်းမှုန်ဝေဝါးကြားမှာ ဆယ်ပေခန့်အကွာလောက်တော့ မြင်သာသေး၏။

ရင်ခွင်ထဲမှာ ငှက်ဖျားတက်သလို တုန်ဆတ်နေသော တေး ကို လူ က ဝမ်းသာအားရဖြင့်…

"တေး… ဟိုမှာကြည့်စမ်း… ဟိုမှာ ထကြည့်လိုက်စမ်း… သစ်ရွက်လေ… နောက်ဆုံးသစ်ရွက်… တေး ရဲ့အသက်နဲ့အတူတူပဲ ဆိုတဲ့ နောက်ဆုံးသစ်ရွက်ပေါ့… လေပြင်း ဘယ်လောက်တိုက် တိုက် မကြွေတော့ဘူး၊ လုံးဝ မကြွေတော့ဘူး"





လူ့ရင်ခွင်ထဲကနေ တေး လူးလွန့်ပြီး ထ,ကြည့်၏။

"အို… မကြွေ… မကြွေတော့ဘူး"

"ဟုတ်တယ်၊ ဒါကြောင့် တေး… တေး မသေတော့ဘူး"

"လူ ရယ်… ဝမ်းသာလိုက်တာ… တေး တကယ်ကို မသေ တော့ဘူးနော်"

"တကယ်ပေါ့ တေး ရယ်၊ သိုက်နန်းနဲ့ပတ်သက်တယ်ဆိုတဲ့ တေး ရဲ့ဇာတ်လမ်းလဲ ပြတ်သွားပြီ၊ ဘာမှမသက်ဆိုင်တော့ဘူး၊ တေး ဟာ လူ ရဲ့တေးဖြစ်သွားပြီ။ လူ ချစ်တဲ့ တေး၊ တေး ချစ်တဲ့ လူ ဖြစ်သွားပြီကွ"

လူ က အားရဝမ်းသာ ဟစ်ကြွေးကြုံးဝါးပစ်လိုက်၏။ ပြီးနောက် နှစ်ယောက်သား အားပါးတရ ရယ်မောဖက်ပွေ့လိုက်ကြလေတော့ သည်။

"မနက်ငါးနာရီမှာ သီရိ အပေါ့အပါးထ,သွားချင်တာနဲ့ နိုးလာတယ်၊ မယဉ်ကျေး က ငါးနာရီလောက်ကတည်းက နိုးနေတာ၊ ထမင်းအိုး၊ ရေနွေးအိုးတွေ တည်ပြီးပြီ၊ ညက ဟင်းကျန်တွေလဲ ပြန်နွေးပြီးပြီ၊ သူ့ကြည့်ရတာ တစ်ကိုယ်လုံး တုန်ဆတ်ပြီး ဖြူဖပ်ဖြူရော်နဲ့၊ သီရိလဲ ရေအိမ်ကပြန်လာတော့ မီးဖိုထဲမှာ မယဉ်ကျေး မရှိတော့ဘူး၊ ဘယ်ရောက်သွားလဲဆိုပြီး သီရိ လိုက်ကြည့်တော့ အမှောင်ထဲမှာ အိမ်ဘေးက ကျွန်းပင်ကြီးအပေါ် ဝါးလှေကားလေး ထောင်ပြီး အပေါ်တက်နေတယ်၊ ဘာလုပ်ပါလိမ့်လို့ အသေအချာ ကြည့်နေတော့.. ပြန်ဆင်းလာပြီး ဝါးလှေကားကို အိမ်အောက်ထဲ ပြန်သွင်းတော့ သီရိလဲ မယဉ်ကျေး ဘာလုပ်နေတာလဲလို့ သွားမေးမိတယ်၊ ခိုက်ခိုက်တုန်နေတဲ့လေသံနဲ့ မယဉ်ကျေး ကပြန်ရှင်းပြတယ်၊





တေး တစ်ယောက် သစ်ရွက်ကြွေရင် တေး သေမှာပဲဆိုပြီး စိတ်အစွဲကြီး စွဲနေတယ်၊ ဒီသစ်ရွက်ကလဲ အရက်ဦးလေပြင်းဒဏ် မခံနိုင်ဘဲ ကြွေတော့မှာမို့ အဲဒီ နောက်ဆုံးသစ်ရွက်ကလေး မကြွေရအောင် သစ်ရွက်အညှာကိုဖြုတ်ခြွေပြီး သစ်ကိုင်းဖျားမှာ နိုင်လွန်ကြိုးနဲ့ သေသေချာချာ တက်ချည်လိုက်တာတဲ့၊ ဒါမှ သစ်ရွက်မကြွေနိုင်တော့မှာလေ၊ သစ်ရွက်မကြွေမှန်းသိရင် တေး လဲ သေမှာ မဟုတ်တော့ဘူး၊ တေးနဲ့ လူနဲ့ ပေါင်းဖက်ကြဖို့ သူ တတ်နိုင်သမျှ ပါရမီဖြည့်ဆည်း စွမ်းဆောင်ပေးလိုက်တာဆိုတာကို ပြောပြီး သူ့အိပ်ရာထဲ ပြန်ဝင်သွားတယ်၊ မနက်ခြောက်နာရီခွဲတော့ တစ်ရေးပြန်နှပ်နေတဲ့ သီရိလဲ နိုးလာတာနဲ့ မနက်စာဝိုင်းပြင်ဖို့ မယဉ်ကျေး ကို သွားနှိုးတာ ခေါ်လို့မရတော့ဘူး၊ အဟင့်… သိပ်သနားဖို့ကောင်းတဲ့ မယဉ်ကျေး လေးပါ"

သီရိ က ကြေကွဲဝမ်းနည်းလေသံဖြင့် ရှင်းပြရင်းရှိုက်ကြီးတငင် ငိုချလိုက်တော့၏။ မနက်ခြောက်နာရီခွဲကျော်ကျော်မှာ သီရိရဲ့ အလန့်တကြားအော်သံကြောင့် အပေါ်ထပ်က လူနှင့် တေးတို့ ဆင်းပြေးလာမိကြ၏။

မယဉ်ကျေး ကို ဘယ်လိုမှ လှုပ်နိုးမရ၍ လူ ကိုယ်တိုင် ကျွန်းမာရေးမှူးကို ပြေးခေါ်ရ၏။ ကိုမြင့်ဌေး ရောက်လာပြီး စစ်ဆေးကြည့်တော့ မယဉ်ကျေး အအေးအမိလွန်ပြီး အဆုတ်ရောဂါ (နမိုးနီးယား)ဖြင့် အသက်ဆုံးသွားပြီဖြစ်ကြောင်း သိလိုက်ရ၏။ တေးရော

လူ ပါ ရှိက်ငိုမိ၏။ အန့်တီမြ၊ သီရိဒွံနှင့် မယဉ်ကျေးရဲ့အမျိုးအဆွေတွေပါ ရောက်လာပြီး ငိုင်းငိုကြ၏။

တေး ရဲ့နောက်ဆုံးညမှာ ဝင့်ရှုပ်တာမျိုးမဖြစ်ရအောင် မိခင်ကြီးကို အိပ်ဆေးတိုက်သိပ်ပေးထားခဲ့၏။ ကျန်းမာရေးမှူး ကိုမြင့်ငွေနှင့် တိုင်ပင်ပြီး အိပ်ဆေးတောင်းယူခဲ့ခြင်း ဖြစ်၏။

သမီးဖြစ်သူ ဆုံးတာကို ဒေါ်လပုံ မသိရှာသေး။ အိပ်ရာကနိုးထလာချိန်မှာ မယဉ်ကျေး ရဲ့ ရုပ်အလောင်းကို ပြင်ဆင်ထားတာကိုကြည့်ပြီး သမီးမှန်း မသိ၊ မမှတ်မိရှာ။

"ဘယ်ကနတ်သမီးလေး လာအိပ်ပျော်နေတာလဲဟဲ့" ဆိုပြီး အပြင်ထွက်ထိုင်နေ၏။ လူနှင့်တေးက လိုက်ချော့ပြီး မနက်စာချော့ကျွေးရ၏။

"စိတ်ချပါ ယဉ်ကျေးရယ်... နင့်အမေကို ငါ တစ်သက်လုံး မိခင်အရင်းလို ကျွေးမွေးစောင့်ရှောက်သွားပါမယ်၊ နင် ကောင်းရာ သုဂတိ လားပါစေ"

မယဉ်ကျေး ရဲ့ရုပ်အလောင်းကိုကြည့်ပြီး လူ့ စိတ်ထဲက ဆို့နင့်ကြေကွဲစွာ ပြောလိုက်မိ၏။ တေး ခမျာလည်း သိုက်ပယောဂတွေ ကင်းစင်သွားမှ ယခင်ကလို လူကောင်းပကတိအသွင် ပြန်ဖြစ်လာ၏။ အများသူငါ ပုထုဇဉ်တွေအားလုံးကို ယဉ်ယဉ်လေးရှုးတာ လောက်သာ ရှိတော့၏။

မယဉ်ကျေး ရဲ့နောက်ဆုံးရေချိုးပေးကို ကောင်းမွန်စွာ သင်္ဂြိုဟ်





ပြီးစီးသွားသောအခါ လူနှင့် တေးတို့ ဒီရွာလေးမှာ တစ်သက်လုံး ပေါင်းသင်းနေထိုင်သွားဖို့ အုတ်ဂူရှေ့မှာ ကတိသစ္စာပြုလိုက်ကြတော့၏။ သီရိဒွံ တစ်ယောက်တည်းသာ နှုတ်ဆက်ပြီး မြို့ပြန်သွားလေသည်။

ရက်လည်ဆွမ်းသွတ်ပြီးစီးသည့် နောက်ဆုံးညက ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာဖြင့် မယဉ်ကျေး ရောက်လာပြီး နှုတ်ဆက်သွားတာကို လူရော တေးပါ အိပ်မက်မြင်မက်ကြရ၏။

စိတ်နှလုံးကောင်းဖြူစင်ပြီး အနစ်နာခံကူညီတတ်သူ မယဉ်ကျေး ခမျာ ဘဝကူးကောင်းရှာခဲ့လေပြီ။

လူနှင့်တေးတို့ မယဉ်ကျေး အိမ်မှာနေထိုင်ပြီး မင်္ဂလာဆောင်ဖြစ်ကြ၏။ ဒေါ်လပုံ ကို စိတ်ကျန်းမာရေးဆေးရုံတင်ပြီး ကုသပေးခဲ့ရာ အတော်အတန်ပြန်ကောင်းလာခဲ့၏။ ဒေါ်လပုံ နှင့် အန့်တီမြတို့ရာသက်ပန် တရားအားထုတ်ဖို့ ဆုံးဖြတ်ပြီး စစ်ကိုင်းတောင်ရိုးသို့ ထွက်သွားခဲ့ကြလေသည်။

လူ နှင့် တေးတို့ ချစ်ခင်ကြင်နာစွာဖြင့် ပေါင်းသင်းနေထိုင်လာသည့်ကာလတစ်လျှောက်မှာ ရန်အနှောင့်အယှက်တွေ မရှိတော့။ ဒေါ်ခင်လှတို့နှင့် မိတ်ဆွေပြန်ဖြစ်ခဲ့သလို ထောင်ကထွက်လာသော ဒေါင်ကြီး တို့နှင့်လည်း ဒေါ်ခင်လှက ပြန်လည်စေ့စပ်ပြေငြိမ်းပေး၍ မိတ်ဆွေပြန်ဖြစ်ကုန်ကြ၏။ ရွာရဲ့အကျိုးကို ဝိုင်းဝန်းသယ်ပိုးရင်း ပျော်ရွှင်ချစ်ခင်စွာ နေထိုင်ခဲ့ကြလေသည်။

တစ်နှစ်ခွဲခန့်အကြာမှာ တေး ရင်သွေးလေးမွေးဖွားခဲ့၏။ တည်ငြိမ်အေးဆေးပြီး မိဘကို ဒုက္ခမပေးသောမိန်းကလေးကို မွေး၏။

မယဉ်ကျေး နှင့် ရုပ်ရည်ကလည်း ချွတ်စွပ်နီးပါးတူ၏။ ထို့ကြောင့် ထိုမိန်းကလေးကို မယဉ်ကျေး ဝင်စားသည်ဟု အစွဲပြုကာ မယဉ်ကျေး ဟု အမည်ပေးလိုက်ကြလေသည်။

ထို့ကြောင့် ရွာသူရွာသားအပေါင်းက တပေါင်လိုလို၊ စာချိုးလိုလိုနှင့် နောက်ပြောင်ပြောဆိုကြသည်မှာ…

လူ နှင့် တေး
မွေးသည့်ကလေး
မယဉ်ကျေး ဟုခေါ်သည်…
ဟူသတည်း။ ။

**The End**

*စာဖတ်ပရိသတ်ကြီးအားလုံး*
*ဘေးကင်းရန်ကွာ*
*ကြီးပွားချမ်းသာ*
*လိုတရ ပျော်ရွှင်ပါစေသတည်း။*
*ရှိတ်*